
ယောဂီ...
အားလျော့နေသလား?
သာမဏေကျော်
Design
Aung Ra
ယောဂီ . . . အားလျော့နေသလား?
သာမဏေကျော်
ယောဂီ...
အားလျော့နေသလား?
သာမဏေကျော်

http://www.dhammadownload.com

# ယောဂီ... အားလျှော့နေသလား

သာမဏေကျော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ● ၃၂၀၄၈၈၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၄၅၀၀၉၀၉

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၁၅၀၀

ပုံနှိပ်ခြင်း ● ၂၀၀၉-ခုနှစ်၊ ပထမအကြိမ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ရွှေနိုင်ငံပုံနှိပ်တိုက်၊ ဦးမောင်မောင်လှ (မြ-၀၅၇၄၅) အမှတ်(၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးအောင်ကြည်(ခ)ဦးသစ်လွင် (၀၉၄၈)၊ ကံ့ကော်မြိုင်စာပေ အမှတ်(၁၁၃)၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတ။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

### ဖြန့်ချိရေး

**သာမဏေကျော်**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

(လှော်ကားဥယျာဉ်အနီး)

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၇၀၉၆၈၀

သာမဏေကျော် ၂၉၄.၃

ယောဂီအားလျော့နေသလား/သာမဏေကျော် - ရန်ကုန်။

ကံ့ကော်မြိုင်စာပေ ၊ ၂၀၀၉။

၂၃၆ - စာ ၊ ၁၂.၅ x ၁၈.၅ စင်တီ။

(၁) ယောဂီအားလျော့နေသလား

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အသင် ကြိုးစားပါ | ၁ |
| ၂။ | အဝီစိမြင်ရခြင်းရဲ့ ရလဒ် | ၁၀ |
| ၃။ | ကျားပါးစပ်ထဲက ပန်း (၈) ပွင့် | ၁၅ |
| ၄။ | အမြင့်မြတ်ဆုံး အောင်ပွဲ | ၂၀ |
| ၅။ | တကယ့်အာဇာနည် သူရဲကောင်းများ | ၂၄ |
| ၆။ | ကြက်တူရွေးထက်တော့ သာသင့်ပါတယ် | ၃၁ |
| ၇။ | ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း | ၃၅ |
| ၈။ | အချိန်ကို တန်ဖိုးရှိရှိ အသုံးချတဲ့ မထေရ်များ | ၄၁ |
| ၉။ | စိတ်ထိန်းရာမှာ စံတင်စရာ | ၄၃ |
| ၁၀။ | မော်မကြည့်တဲ့ မထေရ် | ၄၅ |
| ၁၁။ | ညည်းတွားသံကြောင့် | ၅၀ |
| ၁၂။ | အဆင်းရဲဆုံး လူတစ်ဦး | ၅၂ |
| ၁၃။ | အုံ့ဩဖွယ် ယောကျ်ား | ၅၆ |
| ၁၄။ | အဆင့်မြင့်တဲ့ အဓိဋ္ဌာန် | ၆၁ |
| ၁၅။ | မထဘဲ အားထုတ်မယ် | ၆၅ |
| ၁၆။ | ငါ အောင်ပြီ | ၇၄ |
| ၁၇။ | သည်းခံနိုင်လွန်းသူ | ၇၉ |

http://www.dhammadownload.com

၁၈။ သူ့လောက်နီးနီး ၈၅
၁၉။ သည်းခံကြတဲ့ မထေရ်များ ၉၀
၂၀။ အပြတ် ဖြတ်နိုင်ကြပါတယ် ၉၃
၂၁။ တကယ့်လူလည် ၉၇
၂၂။ အစားထိုးမျက်စိ ၁၀၀
၂၃။ အောင့်နိုင်လျှင် အကျိုးရှိ ၁၀၆
၂၄။ ဖြည်ရခက်တဲ့ ကြိုး ၁၁၅
၂၅။ လက်နှီးစုတ်လေး ဖြူချင်ရင် ၁၁၉
၂၆။ အကျိုးဆောင် ၁၂၃
၂၇။ အရှုံး အနိုင် ၁၂၇
၂၈။ လူတိုင်း ဖြေရမယ့် စာမေးပွဲ ၁၃၀
၂၉။ ဘုရားနဲ့ တရား ၁၃၄
၃၀။ အဆင်ပြေချင်ရင် ၁၃၈
၃၁။ လှိုင်းကြီး လှေအောက် ၁၄၂
၃၂။ သူ မပါ ဘယ်ဟာ မပြီး ၁၄၆
၃၃။ ရှာမှ ရှားသူ ၁၅၀
၃၄။ အကောင်းဆုံး ဆေးတစ်ခွက် ၁၅၄
၃၅။ သူစိမ်းလို သဘောထားရင် ၁၅၈
၃၆။ တိုက်တွန်းပေးကြပါ ၁၆၂
၃၇။ မြတ်တဲ့ အသက်ရှင်ခြင်း ၁၆၆
၃၈။ ချမ်းသာသူ ၁၇၀
၃၉။ ဘုရားရှင့်အကြိုက် ၁၇၄
၄၀။ ကူညီပေးရပါတယ် ၁၇၈

http://www.dhammadownload.com

၄၁။ အလျှင်အမြန် ၁၈၀
၄၂။ ရှေ့သို့ တက်လှမ်း ၁၈၃
၄၃။ (၅) မိနစ် ၁၈၇
၄၄။ စာမေးပွဲ ဖြေရမယ် ၁၉၀
၄၅။ အနှေး အမြန် ၁၉၂
၄၆။ ဝိပဿနာ ၁၉၄
၄၇။ ၉၉၉၉ ၁၉၆
၄၈။ ရွှေ ကျောက်၊ စိန် ၂၀၀
၄၉။ ဝိပဿနာအတွက် ဆေးပြား ၂၀၂
၅၀။ အကြွေး မရပါ ၂၀၄
၅၁။ ခေါင်းဆောင် ၂၀၆
၅၂။ ခပ်ဆတ်ဆတ်လေး ၂၀၈
၅၃။ ဂိုးများများ သွင်းနိုင်အောင် ၂၁၁
၅၄။ ဓမ္မရတနာ ၂၁၄
၅၅။ ဆရာဝန် (၂) ယောက် ၂၁၆
၅၆။ မိတ်ဆွေတစ်ဝက် ရန်သူတစ်ဝက် ၂၁၈
၅၇။ သူတို့စကားကို နာခံရတယ် ၂၂၀
၅၈။ သူတော်ကောင်းတို့ သဘော ၂၂၂
၅၉။ ကြားတယ် ကြားတယ် ၂၂၅
၆၀။ မှန် (၄) ချပ် ၂၂၇
၆၁။ ရှက်ဖွယ် ၂၂၉
၆၂။ ပျားရည်နဲ့ ပုရွက်ဆိတ် ၂၃၁
၆၃။ အမှိုက်နဲ့ ရွှေ ၂၃၄

http://www.dhammadownload.com

# အသင် ကြိုးစားပါ

## အပါယ်ဘေးကို ဆင်ခြင်ပါ

ငရဲ၌ ဖြစ်ရသော သတ္တဝါတို့၏ ကိုယ်သည် ၃ ဂါဝုတ် ပမာဏရှိ၏။ မြန်မာတိုင်အားဖြင့် ၄ တိုင်နှင့် တာ ၈၀၀ ရှိ၏။ ငရဲထိန်းတို့သည် ထိုမျှကိုယ်ခန္ဓာကြီးမားသော ငရဲသားကို အလျှံတပြောင်ပြောင် မီးစွဲလောင်သော သံမြေပြင်ပေါ်၌ ပက်လက်အိပ်စေကုန်၏။ ထို့နောက် ညာဘက်လက်ဝါး၌ ထန်းလုံးခန့်ရှိ ရဲရဲတောက်သော သံစို့ကြီးကို ရိုက်နှက်သွင်းကုန်၏။ ဘယ်ဘက်လက်ဝါး၌လည်း နည်းတူပင် ရိုက်နှက်သွင်းကုန်၏။ ညာဘက်ခြေ၊ ဘယ်ဘက်ခြေ၊ ခါးလယ်တို့၌လည်း နည်းတူပင် ရိုက်နှက်သွင်းကုန်၏။ ထို့အတူ မှောက်လျက် အိပ်စေ၍လည်းကောင်း၊ စောင်းလျက် အိပ်စေ၍လည်းကောင်း ငါးပါးသော ဌာနတို့၌ သံစို့ကြီးများကို ရိုက်နှက်၍ ညှဉ်းဆဲနှိပ်စက်ကုန်၏။ အကုသိုလ်ကံ မကုန်သေးမချင်း ငရဲသားကား မသေနိုင်၊ ဤသို့ အညှဉ်းဆဲခံရသော ငရဲသားသည် ရဲရဲတောက်သော သံမြေပြင်ကို မြင်ရုံမျှဖြင့်လည်း များစွာ စိတ်ဆင်းရဲရ၏။ အလွန်ကြမ်းတမ်းရက်စက်စွာ ကြိမ်းမောင်းပြောဆိုသော ငရဲထိန်းတို့၏အသံကို ကြားရ၍လည်း စိတ်ဆင်းရဲရ၏။ သံမြေပြင်ပေါ်၌ အတင်းတွန်းလှဲ၍ သိပ်ခြင်း၊ မီးလောင်ခြင်း၊ သံစို့ကြီးများဖြင့် ရိုက်နှက်မည်ကို မြင်ရခြင်း၊ ရက်စက်စွာ သံစို့ရိုက်နှက်ခံရခြင်းတို့ကြောင့်

http://www.dhammadownload.com



လည်း အတိုင်းမသိ ကြီးစွာသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ခံစားရ၏။ ထိုသို့သော ကာလ၌ ကယ်ပါ၊ သနားပါ၊ ချမ်းသာပေးပါ စသည်ဖြင့် မျက်ရည်စီးယို ငိုကြွေးမြည်တမ်းလျက် တောင်းပန်သော်လည်း မည်သူမျှ မကယ်၊ မသနား၊ ချမ်းသာမပေးချေ၊ မိမဲ့၊ ဖမဲ့၊ ဆွေမျိုးမဲ့၊ အဆွေခင်ပွန်းမဲ့၍ တစ်ကိုယ်တည်းသာ ဖြစ်လျက် ညှိုးငယ်စွာနှင့် အလွန်ကြီးမားသော ဆင်းရဲတွေကို အော်မြည်ယောင်ယမ်းလျက် မိနစ်၊ စက္ကန့်မျှ မခြားဘဲ ခံစား၍ နေရရှာလေတော့၏။ ထိုသို့သော ကာလ၌ ဝိပဿနာကို အားထုတ်ခွင့် မရနိုင်တော့ချေ။

ထို့ပြင် သံစို့ ငါးချက်နှက်၍ မသေရသေးသော ငရဲသားကို ငရဲထိန်းတို့သည် အိမ်မိုးတစ်ဖက်ခန့်ရှိသော တစည်း၊ ပေါက်ပြားကြီးတို့ဖြင့် ရှစ်မြှောင့်ပုံ၊ ခြောက်မြှောက်ပုံ စသည် ဖြစ်အောင် မျဉ်းပစ်၍ ရွေခုတ်ကြပြန်၏။ သွေးတို့သည် မြစ်ဖြစ်၍ စီးလေကုန်၏။ ထိုသွေးတို့မှ မီးတောက် ထပြန်၍ ရွေခုတ်ရာ ကိုယ်၌ စွဲလောင်လေ၏။ အတိုင်းမသိသော ဆင်းရဲကို ခံစားရလေ၏။ ထိုစဉ်အခါ၌ ဝိပဿနာကို အားထုတ်ခွင့် မရနိုင်တော့ချေ။ ထိုမှဖြင့် မသေသေးလျှင် ခြေထောက်ထိုး ဆွဲထား၍ ဗန်းကြီးခန့်ရှိ ပဲခွပ်တို့ဖြင့် ပါးပါး ပါးပါးလွှာလျက် ရွေခုတ်ကြပြန်၏။ ထိုမှဖြင့် မသေသေးလျှင် မီးလျှံရဲရဲတောက်သော သံရထား၌ နွား၊ မြင်းတို့ကဲ့သို့ တပ်၍ မီးကျီးခဲတောင်ပေါ်သို့ တက်စေကုန်၏။ မတက်ဘဲ နေလျှင် ရဲရဲတောက်သော သံတုတ်ကြီးများဖြင့် အပြင်းရိုက်၍ တက်စေကုန်၏။ တောင်ထိပ်သို့ ရောက်လျှင် တစ်ဖန် ဆင်းစေကုန်၏။ ဤသို့ တက်ချည် ဆင်းချည် ပြုစေကုန်၏။ ထိုမှဖြင့် မသေသေးလျှင် ကျိုက်ကျိုက်ဆူပွက်လျက် ရဲရဲတောက်သော **လောဟကုမ္ဘီ**ခေါ် သံရည်ပွက်အိုးကြီးထဲသို့ ပစ်ချလိုက်ကုန်၏။ ထိုငရဲသားသည် သံရည်ပွက်ထဲ၌ ရှဲခနဲကျ၍

http://www.dhammadownload.com



အမြှုပ်တစီစီထလျက် နစ်မြုပ်သွားရာလေ၏။ အနှစ်သုံးသောင်းကြာမှ ငရဲအိုး၏ အထက်နှုတ်ခမ်းဝသို့ရောက်လျက် ပေါ်လာ၏။ ဘေးအရပ်မျက်နှာသို့လည်း ဖီလာသွား၏။ ထမင်းအိုး ပွက်သောအခါ၌ ဆန်စေ့ကလေးများကဲ့သို့ပင်တည်း။ အတိုင်းမသိသော ဆင်းရဲနှင့် ရင်ဆိုင်တွေ့နေရလေ၏။ တရား အားထုတ်ခွင့်ကိုကား ထိုအခါ၌ မရနိုင်တော့ချေ။

ကံမကုန်၍ ထိုမျှဖြင့် မသေပြန်လျှင် သံရည်ပွက်ထဲမှ ငရဲသားကိုယူ၍ ငရဲထိန်းတို့သည် မီးတဟုန်းဟုန်း အမြဲတောက်လောင်လျက်ရှိသော ငရဲကြီးထဲသို့ ပစ်သွင်းလိုက်ကြပြန်၏။ ထိုငရဲကြီးသည်ကား အလျား၊ အနံ၊ အမြင့် ယူဇနာတစ်ရာစီ ရှိ၏။ လေးထောင့်ညီသော သံသေတ္တာကြီးနှင့် တူ၏။ အရှေ့ဘက်နံရံမှ မီးအလျှံသည် အနောက်နံရံကို ဖောက်ပြီးလျှင် အပြင်ဘက် ယူဇနာတစ်ရာတိုင်အောင် ပူလောင်၏။ အနောက်နံရံ၊ တောင်နံရံ၊ မြောက်နံရံ၊ အထက်သံမိုး၊ အောက်သံမြေပြင်တို့မှ မီးလျှံတို့သည်လည်း နည်းတူချည်းသာတည်း။ ထိုငရဲကြီးအတွင်း၌ ထိုမှ ဤမှ ပြေးလွှားလူးလိမ့် ဟစ်အော် မြည်တမ်းလျက် ဆင်းရဲကြီးစွာကို ခံစားရလေ၏။ နှစ်ပေါင်းများစွာ ကြာသော် တစ်ခါတစ်ရံ၌ ထိုငရဲကြီး၏ တံခါးတစ်ခုခုသည် ပွင့်၏။ ထိုအခါ၌ ငရဲသားတို့သည် ထွက်ရန် ထိုတံခါးဆီသို့ အတင်းပြေးကြ၏။ အချို့မှာ လမ်းခရီးတွင်ပင် မောပန်း လူးလိမ့်လျက်ရှိကုန်၏။ အချို့မှာ တံခါးဝသို့ ရောက်ကုန်၏။ အချို့မှာ အပြင်သို့ ရောက်ကုန်၏။ အနှစ်သိန်းပေါင်း များစွာကြာလျှင် ထိုတံခါးကြီးသည် ပိတ်သွားလေ၏။ ထွက်နိုင်သော သူသည်လည်း အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ဘင်ပုပ်ငရဲထဲသို့ ကျသွားလေ၏။ မစင် ပုပ်ထဲ၌ နစ်မြုပ်နေစဉ် ဆင်၏ လည်ပင်းခန့်၊ လှေလုံးခန့်ရှိသော ပိုးလောက်တို့က ကိုက်စားကြလေ၏။

http://www.dhammadownload.com



ထိုငရဲမှ လွတ်ပြန်လျှင် ပြာပူငရဲသို့ ကျရောက်သွားပြန်၏။ ထိုငရဲ၌ အိမ်ထွတ်ခန့်ရှိသော မီးကျီးခဲ၊ ရဲရဲတောက်သော ပြာပူတို့ဖြင့် လောင်ကျွမ်း၍ ဆင်းရဲကြီးစွာကို ခံစားရပြန်၏။ ထိုငရဲမှ လွတ်ပြန်လျှင် လက်ပံတောငရဲသို့ ရောက်ပြန်၏။ လက်ပံပင်တို့သည် (၁၆) လက်မရှည်သော ဆူး ရှိကုန်၏။ မီးလျှံရဲရဲတောက်လျက် ရှိကုန်၏။ ငရဲထိန်းတို့က ရိုက်နှက်၍ ထိုလက်ပံပင်တို့၌ တက်ချည် ဆင်းချည် ပြုစေကုန်၏။ တက်သောအခါ၌ လက်ပံဆူးတို့သည် အောက်သို့ လှည့်၍ နေကုန်၏။ ဆင်းသောအခါ၌ အထက်သို့ လှည့်၍ နေကုန်၏။ ကြောက်လန့်တကြားလျှင်စွာ တက်ရ ဆင်းရသော ငရဲသား၏ ကိုယ်သည် ထိုလက်ပံဆူးတို့ဖြင့် စုတ်ပြတ်ပေါက်ပြဲလျက် ရှိလေ၏။ ထိုငရဲမှ လွတ်ပြန်လျှင် သန်လျက်ရွက်တောငရဲသို့ ရောက်ပြန်လေ၏။ ရောက်သည်နှင့် တစ်ပြိုင်နက် သန်လျက်နှင့် တူစွာ နှစ်ဖက်သွားရှိသော အရွက်တို့သည် ကြွေ၍ ငရဲသား၏ ကိုယ်၌ ကျကုန်၏။ လက်၊ ခြေ၊ နား၊ နှာခေါင်း၊ ကိုယ်အင်္ဂါတို့သည် အပိုင်းပိုင်း ပြတ်လေကုန်၏။ ထ၍ပြေးလျှင် သံမြေပြင်၌ သင်တုန်းသွားတို့သည် ထွက်ပေါ်လျက် ရှိကုန်၏။ ရှေ့မှ သံတံတိုင်းလည်း ကာရန်လျက် ရှိလေ၏။

ထိုငရဲမှ လွတ်ပြန်လျှင် **ဝေတ္တရဏီ**မည်သော ကြိမ်ချောင်းငရဲသို့ ကျရောက်ပြန်လေ၏။ ထိုငရဲသည် ကျိုက်ကျိုက်ဆူသော သံရည်အတိပြည့်၏။ သင်တုန်းသွားနှင့် တူသော နွယ်များ၊ ကြာရွက်များ ရှိ၏။ အောက်မြေပြင်၌ သင်တုန်းသွား ခင်းလျက် ရှိ၏။ ကမ်းပါးတို့၌ သင်တုန်းသွားကဲ့သို့ထက်သော ကြိမ်နွယ်များ၊ သမန်းမြက်များ ရှိကြ၏။ ငရဲသားသည် ထိုချောင်းကို ဆင်းမိလျှင် မြေပြင်မှ သင်တုန်းသွား ရှသောကြောင့်လည်းကောင်း၊ သံရည်ပူဖြင့် လောင်ခြင်း စပ်ခြင်းကြောင့်လည်းကောင်း

http://www.dhammadownload.com



ဗိုင်းခနဲ လဲရှာလေ၏။ လဲလျှင် ကျိုက်ကျိုက်ဆူလျက် ပူစပ်သော သံရည်ထဲ၌ စုန်ချည် ဆန်ချည် မျောသွားလေ၏။ ကမ်းပါး၌ ရှိသော ကြိမ်၊ သမန်းမြက်တို့ဖြင့်လည်း ရှ၏။ ချောင်းတွင်း၌ ရှိသော နွယ်၊ ကြာရွက်တို့ဖြင့်လည်း ရှ၏။ ငရဲသား၏ကိုယ်သည် အစုတ်စုတ် အပြတ်ပြတ် ဖြစ်လေ၏။ ထိုစဉ်အခါ၌ တရားအားထုတ်ခွင့်ကို မရနိုင်တော့ချေ။

စုန်ချည် ဆန်ချည် မျောလျက် အတိဒုက္ခရောက်၍နေသော ထိုငရဲသားကို ငရဲထိန်းတို့ တွေ့လျှင် သံငါးမျှားချိတ်ကြီးဖြင့် ဆယ်တင်၍ ဘာ အလိုရှိသလဲဟု မေးကုန်၏။ ထမင်းဆာသည်ဟု ဆိုလျှင် ရဲရဲတောက်သော သံတုံးသံခဲတို့ဖြင့် ပြည့်သော သံခြင်းတောင်းကြီးကို ယူလာကုန်၏။ ငရဲသားသည် ကြောက်လှသောကြောင့် ပါးစပ်ကို အတင်းပိတ်၍ ထားရှာလေ၏။ ထိုအခါ ငရဲထိန်းတစ်ယောက်က ပေါက်ချွန်းကြီးဖြင့် အတင်းပေါက်၍ ပါးစပ်ကို ဖွင့်၏။ အခြားတစ်ယောက်ကလည်း နည်းတူပင် တစ်ဖက်မှ ပေါက်၍ ဖွင့်၏။ ထိုသို့ ဖွင့်၍ ပါးစပ် ဟင်းလင်းပွင့်နေသောအခါ၌ ရဲရဲတောက်သော ထိုသံတုံး သံခဲတို့ကို တစ်ခုပြီးတစ်ခု ပစ်ထည့်၍ ကျွေးကြလေ၏။ ထိုသံတုံး သံခဲတို့သည် နှုတ်ခမ်း၊ လျှာ၊ အာခေါင်၊ လည်ချောင်း၊ အူတို့ကို လောင်ကြပြီးလျှင် အောက်ဒွါရမှ ထွက်သွားကုန်၏။ ရေငတ်သည်ဟု ဆိုပြန်လျှင် ကျိုက်ကျိုက်ဆူပွက်သော သံရည်တို့ကို လောင်းထည့်၍ ပေးကုန်၏။ ထိုသံရည်ပူတို့သည်လည်း နည်းတူပင် လောင်၍ အောက်ဒွါရမှ ထွက်သွားကုန်၏။ ငရဲသားသည် မလှုပ်နိုင်ဘဲ ဆင်းရဲကြီးစွာကို ခံစားရရှာလေ၏။ ကံမကုန်၍ မသေသေးပြန်လျှင် ထိုငရဲသားကို ငရဲကြီးထဲသို့ တစ်ဖန် ပစ်သွင်းလိုက်ကြပြန်၏။ ဤငရဲဒုက္ခတို့သည် ဗာလပဏ္ဍိတသုတ်၊ ဒေဝဒူတသုတ်စသည်တို့၌ ကျယ်ဝန်းစွာ လာကုန်၏။ ထိုသုတ်တို့မှ ယူ၍ ဤ၌ အကျဉ်း

http://www.dhammadownload.com



ပြဆိုခြင်းပေတည်း။ ဤသို့ ငရဲ၌ ဖြစ်၍ ဆင်းရဲကြီးစွာတို့နှင့် ရင်ဆိုင်တွေ့နေရသောသူသည် ဝိပဿနာအားထုတ်ခွင့်ကို မရနိုင်ရှာချေ။ သို့ဖြစ်၍ ဤသို့ ဆုံးမအားပေးအပ်၏။

ဝိပဿနာ ရှုမှတ်၍နေသော အို သူတော်ကောင်း၊ သင် မမေ့နဲ့၊ မပျင်းနဲ့၊ မေ့လျော့ပျင်းရိနေလျှင် သံသရာမှ သင် မထွက်မြောက်နိုင်၊ မထွက်မြောက်နိုင်လျှင် တစ်ရံတစ်ခါ၌ ငရဲသို့ ကျရောက်လိမ့်မည်။ ကြီးစွာသော ဆင်းရဲတွေကို သင် ခံစားရလိမ့်မည်။ ရှေးကလည်း ခံစားခဲ့ရလေပြီ။ ငရဲဒုက္ခနှင့် ကြုံတွေ့နေစဉ်မှာ မျက်ရည်ကြီးငယ် ကျ၍ ဘယ်လိုပင် ငိုကြွေးတောင့်တနေသော်လည်း သင်သည် ဤဝိပဿနာအလုပ်ကို အားထုတ်ခွင့် ရမည် မဟုတ်ပေ။ ယခုလို အခါသည်သာလျှင် အားထုတ်ခွင့်ရသော အခါပေတည်း။ သို့ဖြစ်၍ သင် မပျင်းပါနဲ့၊ မမေ့ပါနဲ့၊ ဝိပဿနာအလုပ်ကို ထက်သန်စွာ အားထုတ်ပါလော့။ ဤသို့သော အဓိပ္ပာယ်ကိုပင် ရည်၍ ပေးတော်မူခဲ့သော အောက်ပါ ဘုရားအဆုံးအမတော်ကို ရိုသေစွာ လိုက်နာပါလော့။

ဈာယ (တုဝံ) ဘိက္ခု မာ ပမာဒေါ၊
မာ တေ ကာမဂုဏေ ရမေဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလီ ပမတ္တော၊
မာ 'ကန္ဒိ ဒုက္ခ' မိဒန္တိ ဒယှမာနော။

**(ဓမ္မပဒ ၃၇၁-ဂါထာ၊ ဩပစ္ဆန္ဒသိကာ လက္ခဏာနှင့် ညီ၏။)**

ဘိက္ခု - ရဟန်း၊ တုဝံ - သင်သည်၊ ဈာယ - မနားမဆုတ် အားထုတ်ညီညာ ရှုမှတ်ပါလော၊ မာ ပမာဒေ - မေ့၍ မနေလင့်၊ တေ စိတ္တံ - သင်၏ စိတ်ကို၊ ကာမဂုဏေ - ငါးပါးအာရုံ ကာမဂုဏ်ထဲ၌၊ မာ ရမေဿု - မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်၍ မနေစေလင့်၊ ပမတ္တော - မေ့မေ့လျော့

http://www.dhammadownload.com



လျော့ ပေါ့တော့တော့ နေမိသောကြောင့်၊ နိရယ ပတ္တာ - တစ်ရံတစ်ခါ ငရဲရွာသို့ ရောက်လတ်၍၊ လောဟကုမ္ဘီ - မီးလျှံတဟုန်းဟုန်းနှင့် သံတုံး သံခဲကို၊ မာ ဂိလီ - အလိုမကျဘဲ မမျိုရမိပါစေလင့်၊ ဒယှမာနော - ငရဲမီး တပြောင်ပြောင် အပူလောင်ခံရသည်ဖြစ်၍၊ ကန္ဒ ဒုက္ခန္တိ - ဒီဟာက ဆင်းရဲလှပါတကားဟူ၍၊ မာ ကန္ဒိ - ဟစ်အော် ယောင်ယမ်းလျက် မမြည်တမ်း မငိုကြွေးရပါစေလင့်။

တိရစ္ဆာန်ဘုံတွင် ပိုက်ကွန်မြှူး စသည်၌ မိနေစဉ် ကာလတွင်လည်း အားထုတ်ခွင့် မရနိုင်။ အဖျား၌ သံချွန်တပ်သော နှင်တံ၊ ရိုးရိုးနှင်တံတို့ဖြင့် ထိုးဆွရိုက်နှက်ခံရလျက် ရထားဝန်၊ လှည်းဝန်တို့ကို ရုန်းဆောင်နေရသော မြင်း၊ နွား၊ ကျွဲ ဖြစ်စဉ်၌လည်း အားထုတ်ခွင့် မရနိုင်။ ပြိတ္တာဘုံတွင် အနှစ်သိန်းပေါင်းများစွာ ကာလပတ်လုံး ဘုရားနှစ်ဆူ၊ သုံးဆူ၊ လေးဆူတို့၏အကြား ကာလပတ်လုံး ဆာလောင်ငတ်မွတ်နေစဉ်၌လည်း အားထုတ်ခွင့် မရနိုင်။ ကာလကဉ္စိက အသုရကာယ်ဘုံတွင် အရိုးအရေမျှဖြင့် အတောင်ခုနစ်ဆယ် ရှစ်ဆယ် ပမာဏ ခန္ဓာကိုယ်ရှိလျက် မစားရ မသောက်ရဘဲ လေ၊ နေပူ စသည်တို့ဖြင့် ပင်ပန်းဆင်းရဲနေစဉ်၌လည်း အားထုတ်ခွင့် မရနိုင်။ ထိုတိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့သည် အားထုတ်သော်လည်း ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ကို မရနိုင်ကုန်။ အို သူတော်ကောင်း၊ လူဖြစ်စဉ် ယခုအခါသည်သာလျှင် ဝိပဿနာကို အားထုတ်နိုင်တဲ့ အခါပေတည်း။ သို့ဖြစ်၍ သင် မပျင်းနဲ့၊ မမေ့နဲ့၊ အားထုတ်ပါလော့။ ဤကား အပါယ်ဘေးကို ဆင်ခြင်၍ အားပေးချီးမြှောက်ပုံတည်း။

http://www.dhammadownload.com



## အကျိုးကို ဆင်ခြင်ပါ

ဤဝိပဿနာအလုပ်ဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရ၏။ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်ကင်းထွက်မြောက်၏။ ဤမျှကြီးကျယ်သော အကျိုးကို ပေါ့လျော့ပျင်းရိစွာ အားထုတ်၍ ဘယ်မှာ ရနိုင်ပါမည်နည်း။ လောက၌ ငွေတစ်ရာ၊ တစ်ထောင်၊ တစ်သောင်းရဖို့ ဆိုလျှင်ပင် ခဲယဉ်းစွာ အားထုတ်ရသည် မဟုတ်ပါလော။ ၇ ရက်၊ ၁၅ ရက်၊ တစ်လ စသည်ဖြင့် ပြည့်စုံစွာ အားထုတ်၍ ဆင်းရဲခပ်သိမ်းကင်းငြိမ်းမည့် လုပ်ငန်းကို အဘယ်ကြောင့် အားတက်သရော မလုပ်နိုင်ပါသနည်း။ တစ်နေ့ အပန်းခံ၍ လုပ်သည့်အတွက် တစ်နှစ်လုံး ချမ်းသာမည်ဆိုလျှင် ထိုအလုပ်ကို စိတ်ပါလက်ပါ လုပ်ထိုက်၏။ တစ်လ အပန်းခံ၍ တစ်သက်လုံး ချမ်းသာမည်ဆိုလျှင် သာ၍ပင် စိတ်ပါလက်ပါ လုပ်ထိုက်၏။ ၁၅ ရက်၊ တစ်လ၊ နှစ်လ စသည် အပန်းခံ၍ အားထုတ်ခြင်းဖြင့် သံသရာတစ်လျှောက်လုံး တွေ့ကြုံသွားရမည့် ဆင်းရဲဟူသမျှမှ လွတ်ကင်း ထွက်မြောက်စေနိုင်သည့် ဝိပဿနာအလုပ်ကို အဘယ်ကြောင့် လောကီအလုပ်ထက် အပန်းခံ၍ အားမထုတ်နိုင်ဘဲ ရှိအံ့နည်း။ အို သူတော်ကောင်း၊ မဂ် ဖိုလ် နိဗ္ဗာန် ဟူသော အလွန်ကြီးမားတဲ့ အကျိုးကို ရစေနိုင်တဲ့ ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်ပါလော့။ (အကျိုးကို ဆင်ခြင်၍ အားပေးပုံ။)

## အကျင့်လမ်းကို ဆင်ခြင်ပါ

ဤဝိပဿနာသည် သာမန်ပုဂ္ဂိုလ်တို့ သွားနိုင်သော လမ်းခရီး မဟုတ်ပေ။ ခပ်သိမ်းသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝကတို့သာ သွားအပ်သော လမ်းပေတည်း။ ပျင်းရိသော လူညံ့တို့သည် ဤ

http://www.dhammadownload.com



လမ်းကို မသွားနိုင်ကုန်။ ဤလမ်းကို သွားသောသူသည် ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ အရိယာတို့၏ ဂုဏ်ထူး အကျင့်ထူးနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ပြည့်စုံ၍ နေပေ၏။ အို သူတော်ကောင်း၊ ဘုရား စသော ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်အကျင့်ကို ယူရာ၌ အဘယ်ကြောင့် ပေါ့လျော့နေပါသနည်း။ ထိုပုဂ္ဂိုလ်မွန်တို့၏ သွားရိုးလမ်းကို ခရီးတွင်အောင် အားထုတ်၍သာ သွားပါလော့။ (သွားရိုးလမ်းဖြင့် အားပေးပုံ။)

**(မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း၊ ပ၊ ၁၅၅)**

## လင်္ကာ

၁။ ငရဲရောက်စဉ်, ရှုမှတ်ချင်, အသင် မရပါ။
၂။ တိရစ္ဆာန်ဖြစ်စဉ်, ရှုမှတ်ချင်, အသင် မရပါ။
၃။ ပြိတ္တာဖြစ်စဉ်, ရှုမှတ်ချင်, အသင် မရပါ။
၄။ အသုရကာယ်ဖြစ်စဉ်, ရှုမှတ်ချင်, အသင် မရပါ။
၅။ သင့်ဘဝတွင်, ရှုမှတ်ချင်, ခုပင် ရနေပါ။
၆။ ရှုမှတ်ခွင့်ရ, သင့်ဘဝ, အရ တော်လှပါ။
၇။ မဂ်ဖိုလ်ဆိုတာ, ပျင်းသူဟာ, ဘယ်ခါ မရပါ။
၈။ နိဗ္ဗာန်ဆိုတာ, ပျင်းသူဟာ, ဘယ်ခါ မရပါ။
၉။ ကြိုးကြိုးစားစား, ရှုမှတ်ပွား, သူကား ရနိုင်ပါ။
၁၀။ မဂ်ဖိုလ်ရချင်, ယခုပင်, အသင် ကြိုးစားပါ။
၁၁။ နိဗ္ဗာန်ရချင်, ယခုပင်, အသင် ကြိုးစားပါ။
၁၂။ ကြိုးစားမှတ်က, မဂ်ဖိုလ်က, မုချ သင့်ထံ ဆိုက်ရောက်မှာ။
၁၃။ ကြိုးစားမှတ်က, နိဗ္ဗာန်က, မုချ သင့်ထံ ဆိုက်ရောက်မှာ။
၁၄။ မဂ်ဖိုလ်ရမှ, အပါယ်က, လုံးဝ လွတ်မြောက်ပါ။
၁၅။ နိဗ္ဗာန်ရမှ, အပါယ်က, လုံးဝ လွတ်မြောက်ပါ။

http://www.dhammadownload.com

# အစိစိမြင်ရခြင်းရဲ့ ရလဒ်

မိလကထေရ်ဟာ လူ့ဘဝတုန်းက သူတစ်ပါးအသက်ကို သတ်ကာ အသက်မွေးခဲ့တယ်။ တောထဲမှာ ကျော့ကွင်း ၁၀၀ နဲ့ ဘိ (ထောင်ချောက်) ၁၀၀ ကို ထောင်ခဲ့တယ်။ တစ်နေ့မှာ မီးကျီးနဲ့ ဖုတ်ကင်ထားတဲ့ အသား ကို စားပြီး ကျော့ကွင်းထောင်ထားတဲ့ နေရာတွေမှာ လှည့်လည်တယ်။ ရေဆာလို့ တောကျောင်းနေ မထေရ်တစ်ပါးရဲ့ ကျောင်းကို သွားတယ်။ စကြံလျှောက်နေတဲ့ မထေရ်ရဲ့အနီးမှာ တည်ရှိတဲ့ သောက်ရေအိုးကို ဖွင့်လိုက်တယ်။ လက်စိုစွတ်ရုံလောက် ရေကိုတောင် မတွေ့ရ။ မိလက က စိတ်ဆိုးပြီး "ရဟန်း၊ သင်ဟာ ဒကာ ဒကာမတွေ လှူတဲ့ဆွမ်းကို စား စားပြီး အိပ်နေတယ်။ သောက်ရေအိုးမှာ တစ်လက်အုပ်လောက် ရေကို တောင် ထည့်မထားဘူး။ အဲဒါဟာ မသင့်တော်ဘူး" လို့ ပြောတယ်။

တောကျောင်းနေ မထေရ်က "ငါဟာ သောက်ရေအိုးကို အပြည့် ထားတယ်၊ အဲဒါဟာ ဘာလဲ" လို့ သွားပြီး ကြည့်တဲ့အခါ ရေပြည့်အိုးကို မြင်ရလို့ ခရုသင်းနဲ့ သောက်ရေထည့်ပြီး ပေးတယ်။ မိလကဟာ ခရုသင်း နဲ့ ရေအပြည့် ၂ ခါ၊ ၃ ခါ သောက်ပြီးတဲ့အခါ "ဒီရေပြည့်အိုးဟာ ငါရဲ့ကံ ကို အကြောင်းပြုပြီး အိုးကင်းပုလို ဖြစ်သွားတယ်။ နောင်ဘဝမှာ ဘယ်လို ဖြစ်လေမလဲ" လို့ တွေးပြီး ထိတ်လန့်တုန်လှုပ်သွားတယ်။ လေးကို စွန့်

http://www.dhammadownload.com



ပစ်ကာ "အရှင်ဘုရား၊ တပည့်တော်ကို ကိုရင် ဝတ်ပေးတော်မူပါ" လို့ လျှောက်တယ်။ မထေရ်က တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပြီး မိလက ကို ကိုရင်ဝတ်ပေးလိုက်တယ်။

ကိုရင်မိလကဟာ ကိလေသာ ငြိမ်းကြောင်းတရားကို အားထုတ် တဲ့အခါ သားကောင်များစွာ၊ ဝက်များစွာကို သတ်ခဲ့တဲ့နေရာ၊ ကျော့ ကွင်းနဲ့ ဘိထောင်ခဲ့တဲ့ နေရာတွေ စိတ်ထဲမှာ ထင်ပေါ်လာတယ်။ အဲဒီ အာရုံကို အဖန်ဖန် အမှတ်ရနေလို့ ခန္ဓာကိုယ်မှာ ပူလောင်လာတယ်။ ကမ္မဋ္ဌာန်းကလည်း ကောက်ကျစ်တဲ့ နွားလိုပဲ လမ်းကြောင်းပေါ်ကို မရောက် ဘဲ "ငါဟာ ဒီအဝတ်နဲ့ ဘာလုပ်မှာလဲ" လို့ တွေးပြီး မပျော်လို့ မထေရ်ထံ သွားတယ်၊ ရှိခိုးပြီး "တပည့်တော်ဟာ ကိလေသာငြိမ်းကြောင်း အကျင့် ကို မကျင့်နိုင်ပါ" လို့ လျှောက်တယ်။

အဲဒီအခါ မထေရ်က "သင်ဟာ လက်နဲ့လုပ်ရမယ့် အလုပ်ကို လုပ်" လို့ ပြောတယ်။ မိလကက "ကောင်းပါပြီဘုရား" လို့ လျှောက်ပြီး သဖန်း ပင် စတဲ့ သစ်ပင်အစိုတွေကို ဖြတ်ကာ အပုံကြီးပုံပြီး "အခု တပည့်တော် ဘာလုပ်ရမှာလဲ"လို့ မေးတယ်။ "အဲဒီသစ်သားစိုပုံကြီးကို မီးရှို့" လို့ မထေရ်က မိန့်တယ်။ မိလက က အရပ်လေးမျက်နှာက မီးရှို့ပေမယ့် မီးလောင်အောင် မတတ်နိုင်လို့ "အရှင်ဘုရား၊ တပည့်တော် မတတ်နိုင် ပါ" လို့ လျှောက်တယ်။ မထေရ်က "ဒီလိုဆိုရင် ဘေးဖယ်စမ်း"လို့ ပြော ပြီး မြေကြီးကို နှစ်ပိုင်းခွကာ အဝီစိငရဲမှ ပိုးစုန်းကြူးလောက်မီးကို ဆောင်ယူပြီး အဲဒီသစ်သားအစိုပုံကြီးပေါ် ပစ်တင်လိုက်တယ်။ အဲဒီ ငရဲမီးဟာ အဲဒီလောက်ကြီးမားတဲ့ သစ်သားအစိုပုံကြီးကို သစ်ရွက် ခြောက်လေးပမာ တစ်ခဏချင်း လောင်မြိုက်ပစ်လိုက်တယ်။

http://www.dhammadownload.com



အဲဒီအခါ မိလကအား မထေရ်က အဝီစိငရဲကို ပြပြီး "သင် လူထွက်ရင် အဲဒီအဝီစိငရဲမှာ ကျက်ရလိမ့်မယ်" လို့ ပြောကာ ထိတ်လန့်မှုသံဝေဂကို ဖြစ်စေပါတယ်။ မိလကဟာ အဝီစိငရဲကို မြင်ရတဲ့အချိန်ကစပြီး တုန်လှုပ်သွားတယ်။ "အရှင်ဘုရား၊ မြတ်စွာဘုရား သာသနာတော်ဟာ ဆင်းရဲမှ ထုတ်ဆောင်ပေးပါသလား" လို့ မေးလို့ "အေး၊ ပေးတယ်" လို့ မထေရ်က ဖြေပါတယ်။ "အရှင်ဘုရား၊ ဗုဒ္ဓသာသနာဟာ ဆင်းရဲမှ ထုတ်ဆောင်ပေးတယ်ဆိုရင် မိလကဟာ ကိုယ့်ကိုယ်ကို ဆင်းရဲမှ လွတ်အောင် လုပ်ပါမယ်။ အရှင်ဘုရား တွေးပူမနေပါနဲ့" လို့ လျှောက်ကာ အဲဒီအချိန်ကစပြီး ကိလေသာငြိမ်းကြောင်း တရားကို မိလကဟာ အားထုတ်တော့တယ်။

အဲဒီမထေရ်ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ပေးတယ်။ ငိုက်မျဉ်းမှုရဲ့ နှိပ်စက်တာကိုခံရတဲ့အခါ ကောက်ရိုးရေစိုကို ဦးခေါင်းပေါ် တင်ထားပြီး ခြေထောက်တွေကို ရေအိုင်ထဲမှာ ချထားကာ ထိုင်နေပါတယ်။ တစ်နေ့မှာ မိလကဟာ သောက်ရေကို ရေစစ်ပြီး ရေအိုးကို ပေါင်ပေါ် တင်ထားကာ ရေအိုးကြီးတွေရဲ့ ရေအပြွတ်ကို စောင့်ရင်း ရပ်နေတယ်။ အဲဒီအခါ မထေရ်က သာမဏေအား ဂါထာတစ်ပုဒ် ပေးတယ်။ မိလက က အဲဒီဂါထာရဲ့အဓိပ္ပာယ်အရ သူ့ကိုယ်ကို ဒီလို တွေးပါတယ်။

"ဝီရိယရှိသူဆိုတာ ငါ့လို ဖြစ်ရမယ်၊ သတိရှိသူဆိုတာလည်း ငါ့လို ဖြစ်ရမယ်။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု စင်ကြယ်သူဆိုတာလည်း ငါ့လိုပဲ ဖြစ်ရမယ်။ စူးစမ်းပြီး ပြုလုပ်လေ့ရှိသူဆိုတာလည်း ငါ့လိုပဲ ဖြစ်ရမယ်။ စောင့်စည်းသူဆိုတာလည်း ငါ့လိုပဲ ဖြစ်ရမယ်။ တရားသဖြင့် အသက်မွေးသူဆိုတာလည်း ငါ့လိုပဲ ဖြစ်ရမယ်။ မမေ့မလျော့သူဆိုတာလည်း ငါ့လိုပဲ ဖြစ်ရမယ်။"

http://www.dhammadownload.com



အဲဒီလို တွေးပြီး တရားအားထုတ်လိုက်ရာ အနာဂါမ် ဖြစ်သွားပါတယ်။ (သံယုတ်၊ ၄၊ ဒု၊ ၂၅၁)

အနာဂါမ်မှာ နှစ်သက်ဖွယ် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဆိုတဲ့ ကာမဂုဏ်အာရုံအပေါ် သာယာနှစ်သက် တပ်မက်မှု မရှိတော့ပါ။ စိတ်ဆိုးတာ, စိတ်ပျက်တာ, နှလုံးမသာတာ, ဝမ်းနည်းတာ, စိုးရိမ်တာ, စိတ်ပူတာ, ကြောက်တာ, စက်ဆုပ်ရွံရှာတာတွေလည်း မရှိတော့ပါ။

အဝီစိငရဲရဲ့ အပူဆိုတာ ယူဇနာ ၁၀၀ ဝေးတဲ့ အရပ်မှာ ရပ်တည်ပြီး ကြည့်နေသူရဲ့ မျက်စိတွေကို ပေါက်ကွဲစေနိုင်လောက်အောင် ပူလောင်ပါသတဲ့။ အိမ်လုံးလောက်ရှိတဲ့ ကျောက်တုံးကြီးကို ငရဲမီးထဲ ပစ်ထည့်လိုက်ရင် တစ်ခဏလေးနဲ့ ကြေမွသွားပါသတဲ့။

အဝီစိငရဲမှာ မီးတောက်မီးလျှံ ပြတ်စဲရပ်စဲသွားတဲ့ အချိန်အခါဆိုတာ မရှိပါ။ အမြဲတမ်း မီးတောက်မီးလျှံတွေ တောက်လောင်နေပါတယ်။ ငရဲသားတွေရဲ့ တစ်ဦးနဲ့တစ်ဦးကြားမှာ အကြားအလပ်ဆိုတာ မရှိပါ။ တစ်ဦးနဲ့တစ်ဦး ထိစပ်ပွတ်သိပ်နေပါတယ်။ နှမ်းကျည်တောက်ထဲမှာ နှမ်းတွေ ထည့်ထားသလိုပါပဲ။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေကိုလည်း ဆက်တိုက် ခံစားနေကြရပါတယ်။ ကိုယ်စိတ်ချမ်းသာရတဲ့ အချိန်ဆိုတာ လုံးဝ မရှိပါ။

မိလကဟာ အဝီစိငရဲကို မြင်ရပြီး အလွန်ပဲ ကြောက်လန့်သွားပါတယ်။ အဝီစိငရဲကို မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ကြောက်လန့်သင့်ကြပါတယ်။ မိလက ကတော့ အဝီစိငရဲကို ကိုယ်တိုင် မြင်သွားရလို့ အကြီးအကျယ် ကြောက်ပြီး အကြီးအကျယ် ပြင်းပြင်းထန်ထန်

http://www.dhammadownload.com



တရားအားထုတ်ပါတယ်။ မိလကဟာ အစီစိငရဲ ဆင်းရဲသာမက အပါယ် ဆင်းရဲ၊ သံသရာဆင်းရဲများစွာမှလည်း လွတ်မြောက်သွားပါတယ်။

ဗုဒ္ဓသာသနာဟာ ဆင်းရဲတွေမှ လွတ်မြောက်အောင် လုပ်ပေးနိုင်စွမ်း ရှိပါတယ်။ ဘုရားအဆုံးအမတွေဟာ လိုက်နာကျင့်သုံးသူ မည်သူကိုမဆို ဆင်းရဲမှ လွတ်အောင် လုပ်ပေးကြပါတယ်။ အကြီးအကျယ် ဒုက္ခရောက်ရတော့မယ့် မိလကအဖို့ ဗုဒ္ဓသာသနာဟာ တကယ့် ဧရာမ ကယ်တင်ရှင် ဖြစ်သွားပါတယ်။ ဗုဒ္ဓသာသနာရဲ့ ကျေးဇူးကြောင့် အကြီးအကျယ် ဆင်းရဲရမယ့် မိလကဟာ အကြီးအကျယ် ချမ်းသာသွားပါတယ်။

## လင်္ကာ

၁။ မုဆိုး မိလက, သံဝေဂ, ရေမှ ရခဲ့သည်။
၂။ အစီစိကြီး, ငရဲမီး, မြင်ပြီး ပိုကြောက်သည်။
၃။ မိလကဟာ, သာသနာ, ဝင်ကာ အားထုတ်သည်။
၄။ ကြိုးစားပြင်းထန်, အနာဂါမ်, ဧကန် ဖြစ်သွားသည်။
၅။ ဗုဒ္ဓသာသနာ, သူ့တွက်တာ, ခိုကိုးရာ ဖြစ်ပြီ။

http://www.dhammadownload.com

# ကျားပါးစပ်ထဲက ပန်း (၈)ပွင့်

ရဟန်း (၃၀) ဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းယူပြီး တောကျောင်းမှာ ဝါဆိုကြတယ်။ "ငါ့ရှင်တို့၊ ညဥ့် (၃) ယံပတ်လုံး ရဟန်းတရားကိုသာ အားထုတ်သင့်တယ်။ အချင်းချင်းထံ မလာထိုက်ပါ" လို့ ပြောပြီး နေကြတယ်။ သူတို့ ရဟန်းတရားအားထုတ်ပြီး နံနက်မိုးသောက်ချိန်မှာ ငိုက်မျဉ်းနေကြစဉ် ကျားတစ်ကောင်က လာပြီး ရဟန်းတစ်ပါး တစ်ပါးကို ယူကာ သွားတယ်။ ရဟန်းတစ်ပါးကမှ "တပည့်တော်ကို ကျားက ကိုက်ယူသွားပါတယ်" လို့ နှုတ်နဲ့ဝောင် မမြွက်ဆို၊ အဲဒီလို နည်းနဲ့ ရဟန်း (၅) ပါး၊ (၁၀) ပါး စားခံရပြီးတဲ့အခါ ဥပုသ်နေ့မှာ "ငါ့ရှင်တို့၊ အခြားရဟန်းတွေ ဘယ်မှာလဲ"လို့ မေးလို့ သိသွားကြတဲ့အခါ "အခု ကျားဖမ်းယူခံရရင် ဖမ်းယူခံရကြောင်း ပြောပြသင့်တယ်" လို့ ပြောပြီး နေကြတယ်။

အဲဒီအခါ ရဟန်းငယ်တစ်ပါးကို ရှေးနည်းအတိုင်းပဲ ကျားက ဖမ်းယူတယ်။ အဲဒီရဟန်းငယ်က "ကျားပါ ဘုရား" လို့ ပြောတယ်။ ရဟန်းတွေက တောင်ဝှေး မီးရှူးတိုင်တွေကို ယူကာ လွှတ်အောင်လို့ ကျားနောက် လိုက်ကြတယ်။ ကျားက ရဟန်းတွေ မသွားရောက်နိုင်တဲ့ ကမ်းပါးပြတ်ပေါ် ဆွဲယူတက်သွားတယ်။ အဲဒီရဟန်းကို ခြေမကစပြီး

http://www.dhammadownload.com



စားဖို့ ကြိုးစားတယ်။ အခြားရဟန်းတွေက "အို သူတော်ကောင်း၊ အခု ငါတို့လုပ်နိုင်တာ မရှိတော့၊ ရဟန်းတွေရဲ့ စွမ်းရည်အထူးဆိုတာ ဒီလို နေရာမှာ ထင်ရှားတယ်" လို့ ပြောကြတယ်။

အဲဒီရဟန်းငယ်ဟာ ကျားပါးစပ်ထဲမှာ လဲလျောင်းရင်းပဲ အဲဒီ ဝေဒနာကို ခွာကာ ဝိပဿနာကို ရှုပွားရင်း ခြေဖမျက်တိုင်အောင် စားပြီး တဲ့အခါမှာ သောတာပန် ဖြစ်တယ်။ ဒူးတိုင်အောင် စားပြီးတဲ့အခါမှာ သကဒါဂါမ် ဖြစ်တယ်။ ချက်ထိအောင် စားပြီးတဲ့အခါမှာ အနာဂါမ် ဖြစ်တယ်။ နှလုံးရုပ်ကို မစားမီမှာပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာ ဖြစ် တယ်။ ပြီးတော့ ဒီဝမ်းမြောက်ဝမ်းသာစကားကို ကျူးရင့်တယ်။

"သီလ, သမာဓိ, ပညာ ခုတင်အကျင့်နဲ့ ပြည့်စုံတဲ့ ငါဟာ တစ်ခဏ မျှ ငိုက်မျဉ်းသွားလို့ ကျားက ငါ့ရဲ့သမာဓိကို နှောင့်ယှက်ခဲ့တယ်။ ကျား က ငါ့ကိုယ်ကို ကိုက်ယူပြီး ကျောက်ပေါ်တင်ထားတယ်။ ငါ့ကို ကျား က ခဲစားလို့ အရိုးအကြောပဲ ကျန်စေဦးတော့ ကိလေသာတွေကို ကုန် စေခဲ့တယ်။ အရဟတ္တဖိုလ်ကို ရောက်ခဲ့တယ်။"

(သုတ်မဟာဝါ၊ ၄၊ ၃၄၀)

အဲဒီရဟန်း (၃၀) ဟာ တောကျောင်းမှာ သစ်ပင်အောက်၊ ချုံ အောက် စသည်မှာ တရားအားထုတ်ကြရပုံ ပေါ်ပါတယ်။ တစ်ညလုံး အားထုတ်ကြတယ်ဆိုတော့ သူတို့ရဲ့ဝီရိယဟာ အားကျစရာကောင်းလှ ပါတယ်။ တစ်ညလုံး မအိပ်ရတော့လည်း မနက်ပိုင်း မိုးသောက်အချိန် မှာ ငိုက်ကြပေမပေါ့။ ကျားကလည်း အဲဒီငိုက်ချိန်လေးကို အမိအရ အသုံးချပါပေတယ်။ ကျားကိုက်စားခံရမှန်း သိလျက် ကျားကိုက်ခံရမှာ ကို မကြောက်ဘဲ နေရဲတဲ့ သတ္တိကို ဘယ်မှာ မချီးကျူးဘဲ နေလို့ရမလဲ။

http://www.dhammadownload.com



အန္တရာယ်ကြားမှာ နေပြီး တရားရအောင် ရှာကြတဲ့ ရဟန်းတွေရဲ့ဆန္ဒဟာ တကယ့်အဓိပတိတပ်တဲ့ ဆန္ဒပါပဲ။

ကျားကိုက်ခံရပါလျက် ကျန်ရဟန်းတွေမှာ သမာဓိပျက်သွားမှာ စိုးရိမ်လို့ အသံမပြုဘဲ တိတ်ဆိတ်စွာ လိုက်ပါသွားကြတာဟာလည်း အလွန်မှ အားရစရာ အံ့ဩစရာ ကောင်းလှပါတယ်။ သူတော်ကောင်းတွေဟာ သူတစ်ပါးကို အနှောင့်အယှက် မပေးမိအောင် အင်မတန် အလေးထားတော်မူကြတယ်။ ကိုယ့်အသက်ထက် သူတစ်ပါး သမာဓိကို ပိုမိုတန်ဖိုးထားတဲ့ သူတော်ကောင်းတွေရဲ့ စိတ်ထားကို ဘယ်မှာ မလေးစားလို့ ရမလဲ။ လေးကို လေးစားရပါတယ်။ သူတစ်ပါး သမာဓိမှာ အလေးဂရုပြုမှုကို အတုယူ ကျင့်သုံးသင့်ကြပါတယ်။ အများ စုပေါင်းပြီး တရားအားထုတ်ကြတဲ့ နေရာမျိုးမှာ သူတစ်ပါး သမာဓိ ပျက်ပြားစေနိုင်တဲ့ အပြုအမူ အပြောအဆိုမျိုးကို ရှောင်ရှားကြရပါတယ်။ ကိုယ့်အတွက်ကြောင့် သူတစ်ပါးမှာ အနှောင့်အယှက် မဖြစ်ရအောင် နေတတ်, ထိုင်တတ်, ပြုမူတတ်, ပြောဆိုတတ်မှ ယဉ်ကျေးမှုရှိသူ ဖြစ်ပါတယ်။

“အာပဒါသု ထာမော ဝေဒိတဗ္ဗော၊ ဘေးရန်ရောက်တဲ့အခါမှာ အစွမ်းအစ အင်အားသတ္တိကို သိရတယ်” ဆိုတဲ့ ဘုရားစကားတော် အတိုင်းပါပဲ။ ကျားစားခံရတဲ့ ရဟန်းငယ်လေးဟာ ကျားပါးစပ်ထဲမှာ သူ့ရဲ့ စွမ်းရည်သတ္တိထူးကို ပြခွင့် သာခဲ့ပါတယ်။ အဲဒီရဟန်းငယ်လေးဟာ အရေးကြုံတော့ သက်လုံကောင်းခဲ့ပါပေတယ်။ ကျားစားခံရတဲ့ အချိန်အခါဟာ မိနစ် (၃၀)၊ (၄၀) လောက်တော့ ကြာလောက်မယ် ထင်ပါတယ်။ ကျားစားခံနေရတဲ့အတွင်းမှာ ခံစားရတဲ့ ဒုက္ခဝေဒနာဟာ အလွန့်အလွန် ပြင်းထန်လှတဲ့ သတိအား, သမာဓိအား, ဉာဏ်အားတွေနဲ့ ရင်ဆိုင်နိုင်ခဲ့ပါတယ်။

http://www.dhammadownload.com



ခြေမကနေ ခြေဖမျက်အထိ အစားခံရတဲ့ အတောအတွင်းမှာ ခံစားရတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်စဉ်မှာ ပါဝင်တဲ့ သတိ, သမာဓိ, ပညာတွေက ပုထုဇဉ်ရဲ့ သတိ, သမာဓိ, ပညာတွေပဲ ဖြစ်ပါသေးတယ်။ အဲဒီ သတိ, သမာဓိ, ပညာတွေကြောင့် ခြေဖမျက်ထိ စားပြီးတဲ့အခါ ပုထုဇဉ်ဘဝမှ အရိယာဘဝကို ရောက်သွားပါတယ်။ "နာတယ်၊ နာတယ်" လို့ ရှုမှတ်ရင်းနဲ့ပဲ နာတာရော နာတာကို ရှုမှတ်စိတ်ရော ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို သိမြင်သွားပါတယ်။

ခြေမဖျက်ကနေ ဒူးတိုင်အောင် အစားခံရတဲ့ အတောအတွင်းမှာ ခံစားရတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်စဉ်မှာ ပါဝင်တဲ့ သတိ, သမာဓိ, ပညာတွေက သောတာပန်ရဲ့ သတိ, သမာဓိ, ပညာတွေ ဖြစ်ပါတယ်။ ပုထုဇဉ်ရဲ့ သတိ, သမာဓိ, ပညာတွေထက် သောတာပန်ရဲ့ သတိ, သမာဓိ, ပညာတွေက ပိုပြီး အားကောင်းပါတယ်။ အဲဒီပိုအားကောင်းတဲ့ သတိ, သမာဓိ, ပညာတွေကြောင့် ဒူးအထိ စားပြီးတဲ့အခါ သောတာပန်ဘဝက သကဒါဂါမိဘဝသို့ ပြောင်းသွားပါတယ်။

ဒူးကနေ ချက်အထိ အစားခံရတဲ့ အတောအတွင်းမှာ ခံစားရတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်စဉ်မှာ ပါဝင်တဲ့ သတိ, သမာဓိ, ပညာတွေက သကဒါဂါမိရဲ့ သတိ, သမာဓိ, ပညာတွေ ဖြစ်ပါတယ်။ သောတာပန်ရဲ့ သတိ, သမာဓိ, ပညာတွေထက် သကဒါဂါမိရဲ့ သတိ, သမာဓိ, ပညာတွေက ပိုပြီး အားကောင်းပါတယ်။ အဲဒီပိုအားကောင်းတဲ့ သတိ, သမာဓိ, ပညာတွေကြောင့် ချက်အထိစားပြီးတဲ့အခါ သကဒါဂါမိဘဝမှ အနာဂါမိဘဝသို့ ရောက်သွားပါတယ်။

ချက်ကနေ နှလုံးမတိုင်ခင် အစားခံရတဲ့ အတောအတွင်းမှာ ခံစားရတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်စဉ်မှာ ပါဝင်တဲ့ သတိ, သမာဓိ, ပညာ

http://www.dhammadownload.com



တွေက အနာဂါမ်ရဲ့ သတိ, သမာဓိ, ပညာတွေ ဖြစ်ပါတယ်။ သကဒါဂါမ်ရဲ့ သတိ, သမာဓိ, ပညာတွေထက် အနာဂါမ်ရဲ့ သတိ, သမာဓိ, ပညာတွေက ပိုပြီး အားကောင်းပါတယ်။ အဲဒီပိုအားကောင်းတဲ့ သတိ, သမာဓိ, ပညာတွေကြောင့် နှလုံးရုပ်ကို မစားမီမှာဘဲ ရဟန္တာ ဖြစ်သွားပါတယ်။ ဒုက္ခဝေဒနာတွေကို ရှုမှတ်နေရင်း ရဟန်းငယ်လေးမှာ မင်္ဂပန်း ၄ ပွင့်နဲ့ ဖိုလ်ပန်း ၄ ပွင့် ပွင့်သွားပါတယ်။

## လင်္ကာ

၁။ ရဟန်းငယ်ဟာ, ကျားသတ္တဝါ, စားတာ ခံရသည်။
၂။ ခြေဖမျက်ထိမှာ, စားပြီးခါ, သောတာပန် ဖြစ်သည်။
၃။ ဒူးအထိမှာ, စားပြီးခါ, သကဒါဂါမ် ဖြစ်သည်။
၄။ ချက်အထိမှာ, စားပြီးခါ, အနာဂါမ် ဖြစ်သည်။
၅။ နှလုံးမစားမီမှာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၆။ ဒုက္ခဝေဒနာ, ရှုမှတ်ကာ, လေးဖြာ မင်္ဂဖိုလ် ရသွားသည်။
၇။ သူ့ ခန္တီအား, သတိအား, လေးစားဖွယ် ဖြစ်သည်။

http://www.dhammadownload.com

# အမြင့်မြတ်ဆုံး အောင်ပွဲ

ပိတမလ္လထေရ်ဟာ လူ့ဘဝတုန်းက ပဏ္ဍုနိုင်ငံ၊ စောဠနိုင်ငံ၊ ဂေါဠနိုင်ငံဆိုတဲ့ နိုင်ငံ ၃ နိုင်ငံက လက်ဝှေ့ချန်ပီယံအလံကို ယူခဲ့တယ်။ "လက်ဝှေ့သမားအားလုံးဟာ သီဟိုဠ် (သီရိလင်္ကာ) ကျွန်းမှာ ပူဇော်သက္ကာရ မြတ်နိုးမှုကို ရကြတယ်"လို့ သိလို့ သီဟိုဠ် (သီရိလင်္ကာ) ကို ပိတမလ္လ ရောက်သွားပြီး ရှင်ဘုရင်ကို ဖူးတွေ့တဲ့အခါ ရှင်ဘုရင်က ပိတမလ္လအား ချီးမြှောက်တယ်။ တစ်နေ့မှာ ဖျာရောင်းတဲ့ ဈေးတံခါးနားက ဖြတ်သွားရာ "ရဟန်းတို့၊ ရုပ်ကိုယ်ဟာ သင်တို့ရဲ့ဥစ္စာ မဟုတ်၊ အဲဒီရုပ်ကိုယ်အပေါ် တွယ်တာမှုကို စွန့်ပယ်ကြ၊ သင်တို့ဟာ ရုပ်ကိုယ်အပေါ် တွယ်တာမှုကို စွန့်ပယ်ရင် အရှည်သဖြင့် စီးပွားအလို့ငှာ၊ ချမ်းသာအလို့ငှာ ဖြစ်လိမ့်မယ်" ဆိုတဲ့ တရားစကားကို ကြားရလို့ "ရုပ်က ငါ့ဟာ မဟုတ်ဘူးတဲ့။ ဝေဒနာဟာ ငါ့ဟာ မဟုတ်ဘူးတဲ့" လို့ တွေးမိတယ်။

အဲဒီတရားနဲ့ သူ့စိတ်ကို ချွန်းအုပ်ပြီး ထွက်သွားရာ မဟာဝိဟာရကို ရောက်သွားပါတယ်။ ရဟန်းအဖြစ်ကို တောင်းပန်ပြီး ရဟန်းပြုလိုက်တယ်။ ရဟန်းပြုပြီး ဒွေမာတိကာကို ကျေညက်အောင် သင်ယူတယ်။ ရဟန်း ၃၀ ကို ခေါ်ယူပြီး ဂဝလဝါလိယရင်ပြင်ကို သွားကာ ရဟန်းတရားကို အားထုတ်တယ်။ စင်္ကြံလျှောက်လွန်းလို့ ခြေထောက်

http://www.dhammadownload.com



တွေကို မသယ်နိုင်တော့တဲ့အခါ ထိုင်ရင် အိပ်ချင်မှာ စိုးလို့ ဒူးတွေနဲ့ စကြံလျှောက်တယ်။ ညအခါမှာ မုဆိုးတစ်ယောက်က သားကောင်ထင်ပြီး ပီတမလ္လထေရ်ကို ပစ်ခတ်လိုက်တယ်။ လှံက ပီတမလ္လထေရ်ရဲ့ ကိုယ်ကို ထိုးဖောက်ပြီး ထွက်သွားတယ်။

ပီတမလ္လထေရ်က အဲဒီလှံကို ဆွဲနုတ်ခိုင်းပြီး လှံဒဏ်ရာအပေါက်တွေကို မြက်အလုံးအစည်းနဲ့ ပြည့်စေတယ်။ ကျောက်ဖျာအပြင်မှာ သူ့ကိုယ်ကို ထိုင်စေပြီး အခွင့်ပြုကာ ဝိပဿနာရှုပွားရာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာ ဖြစ်သွားပါတယ်။ သူ့ရဲ့ ချောင်းဆိုးသံကြောင့် ရောက်လာတဲ့ ရဟန်းတွေအား သူ ရဟန္တာဖြစ်ကြောင်း ပြောပြလိုက်ပါတယ်။ ပြီးတော့ အောက်ပါဝမ်းမြောက်ဝမ်းသာ စကားလေးတွေကို ကျူးရင့်လိုက်ပါတယ်။

"လောကအားလုံး၌ အမြတ်ဆုံးဝါဒပိုင်ရှင် မြတ်စွာဘုရားက 'ရဟန်းတို့၊ ရုပ်ဟာ သင်တို့ဥစ္စာ မဟုတ်၊ ရုပ်အပေါ်မှာ တွယ်တာတပ်မက်မှုကို စွန့်ပယ်ကြ' လို့ ဟောတော်မူထားတယ်။"

"ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိတဲ့ ရုပ်နာမ်တွေဟာ အမြဲမရှိကြလေစွတကား။ ဖြစ်ပြီးရင် ချုပ်ပျောက်ကြတယ်။ အဲဒီရုပ်နာမ်တွေရဲ့ အေးငြိမ်းရာ နိဗ္ဗာန်ဟာ ချမ်းသာပါပေတယ်။"

(သုတ်မဟာဝါ၊ ၄၊ ၃၄၀)

အပွဲပွဲမှာ ပြိုင်ဘက်ကို အနိုင်ရခဲ့တဲ့ ပီတမလ္လရဲ့ ရဲစွမ်းသတ္တိ ထက်မြက်ပုံကို အထူးဖော်ပြစရာ မလိုပါ။ ပြိုင်ဘက် လက်ဝှေ့သမားက သူ့ရဲ့ အသည်းနှလုံးကို တုန်လှုပ်အောင် မလုပ်နိုင်ပေမယ့် ဘုရားစကားတော်ကို ကြားနာလိုက်ရတဲ့အခါမှာတော့ သူ့နှလုံးသားဟာ တုန်လှုပ်ခဲ့ပါတယ်။ "ပီတမလ္လ၊ မင်းဟာ မင်းရဲ့ တောင့်တင်းခိုင်မာလှတဲ့ ဒီခန္ဓာကိုယ်

http://www.dhammadownload.com



ကြီးကို မင်း ပိုင်ဆိုင်တယ်လို့ ထင်ခဲ့တယ်။ အဲဒါ မှားတယ်။ ငါဟာ သန့်မာတယ်၊ တောင့်တင်းတယ်၊ အင်အားကြီးမားတယ်လို့ သင့်ခန္ဓာကိုယ်ကို သင်ဟာ သဘောကျ အားရနှစ်ခြိုက်နေတယ်။ အဲဒါဟာလည်း မှားတယ်။ အဲဒီတွယ်တာမှုကို သင် ပယ်စွန့်ရမယ်။ ပယ်စွန့်နိုင်ရင် မင်းဟာ အရှည်သဖြင့် ချမ်းသာမယ်" လို့ ပီတမလ္လမှာ အတွေးပေါ်မိပါလိမ့်မယ်။

ပီတမလ္လဟာ နောက်ထပ် သူ အနိုင်တိုက်ခိုက်ရမယ့် ပြိုင်ဘက်ကို သူ တွေ့ရှိသွားပါတယ်။ အဲဒီပြိုင်ဘက်က သူ့ရဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်လို့ ခေါ်တဲ့ ခန္ဓာငါးပါးအပေါ် တွယ်တာမှုနဲ့တကွ ကျန်ကိလေသာတွေပါပဲ။ ပီတမလ္လဟာ ပြိုင်ဘက်လက်ဝှေ့သမားတွေအပေါ် ဗိုလ်ကျ စိုးမိုးနိုင်ခဲ့ပေမယ့် ပြိုင်ဘက် ကိလေသာရန်သူတွေရဲ့ အနိုင်ကျင့် ဗိုလ်ကျမှုတွေကိုတော့ မချိမဆံ့ ခံနေရပါတယ်။ ဒါကြောင့် မဟာဝိဟာရကို သွားပြီး ရဟန်းအဖြစ်ကို ခံယူကာ ကိလေသာရန်သူ့တွေကို တိုက်ခိုက်နည်းတွေကို သင်ယူခဲ့ပါတယ်။

ဂဗလဝါလိယရင်ပြင်ဟာ ပီတမလ္လမထေရ်ရဲ့ ရှေ့တန်းစစ်မျက်နှာပါပဲ။ ကိလေသာရန်သူတွေကို ခြေထောက်နဲ့ စကြံလျှောက်ရင်း တိုက်ပါတယ်။ ဒူးတွေနဲ့ စင်္ကြံလျှောက်ပြီးတော့လည်း တိုက်ပါတယ်။ လှံနဲ့ အထိုးခံရလို့ ကိုယ်ခန္ဓာမှာ အပေါက် ပေါက်သွားပေမယ့် ကျောက်ဖျာအပြင်မှာ ထိုင်ကာ ဆက်တိုက်ပါတယ်။ ပီတမလ္လရဲ့ ရဲစွမ်းသတ္တိဟာ ပြိုင်ဘက်လက်ဝှေ့သမားကို ယှဉ်ပြိုင်တိုက်ခိုက်ရာမှာသာ ထက်မြက်တာ မဟုတ်ပါ။ ကိလေသာရန်သူနဲ့ တိုက်ခိုက်ရာမှာလည်း အလွန်ပဲ ထက်မြက်လှပါပေတယ်။ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ ရက်စက်နိုင်ရဲတဲ့ ပီတမလ္လရဲ့ ရဲစွမ်းသတ္တိကြောင့် ကိလေသာရန်သူတွေအားလုံးကို

http://www.dhammadownload.com



လည်း အလဲထိုး အနိုင်ယူကာ အောင်ပွဲ ခံနိုင်လိုက်ပြန်ပါသည်။ ဒီအောင်ပွဲကတော့ ပီတမလ္လရဲ့ တစ်သက်တာမှာ အမြင့်မြတ်ဆုံး အောင်ပွဲပါပဲ။

## လင်္ကာ

၁။ ငါးခန္ဓာဟာ, ငါ့ဥစ္စာ, မဟုတ်ပါလို့ သိပြီ။
၂။ ပီတမလ္လ, ထိုသိက, ဘဝပြောင်းစေသည်။
၃။ ခြေထောက်စကြံ, ဒူးစကြံ, နှစ်တန် လျှောက်မှတ်သည်။
၄။ မုဆိုးလှံဟာ, သူ့ကိုယ်မှာ, ဖောက်ကာ ထွက်သွားသည်။
၅။ လှံ နှုတ်ပြီးကာ, မြက် ဆို့ကာ, ဝေဒနာ ဆက်မှတ်သည်။
၆။ ကိလေသာ လက်ဝှေ့ပွဲ, သူ ဆင်နွှဲ, အလဲထိုးနိုင်သည်။
၇။ ပီတမလ္လ, သတ္တိက, အားရစရာ ကောင်းသည်။

http://www.dhammadownload.com

## တကယ့်အာဇာနည် သူ့ရဲကောင်းများ

အာလိန္ဒက ကျောင်းမှာ နေတဲ့ မဟာဖုဿဒေဝ မထေရ်ဟာ ၁၉ နှစ် ပတ်လုံး ဆွမ်းခံအသွားအပြန်မှာ ကမ္မဋ္ဌာန်း မလွတ်အောင် အားထုတ်တဲ့ ကျင့်ဝတ်ကို ဖြည့်ကျင့်နေတယ်။ ဆွမ်းခံလမ်းအကြားမှာ ထွန်ယက်စိုက်ပျိုးလျက် စပါးရိတ်၊ စပါးနယ်လျက်၊ အမှုကို လုပ်ကိုင်လျက် ရှိကြတဲ့ လူတွေကလည်း အဲဒီမထေရ် ပြန်ပြန်ပြီး သွားနေတာကို မြင်ရလို့ "ဒီမထေရ်ကြီး ပြန်ပြန်ပြီး သွားနေတယ်။ မျက်စိများ လည်နေတာလား၊ ဒါမှမဟုတ် တစ်ခုခုများ မေ့ကျန်ခဲ့တာလေလား" လို့ ပြောဆိုကြတယ်။ အဲဒီ မထေရ်ကတော့ လူတွေရဲ့ အဲဒီစကားကို ဂရုမစိုက်ဘဲ သတိမလွတ်တဲ့ စိတ်နဲ့ပဲ ရဟန်းတရားကို အားထုတ်ကာ အနှစ် ၂၀ မြောက်အတွင်းမှာ ရဟန္တာ ဖြစ်သွားပါတယ်။

ရဟန္တာဖြစ်တဲ့နေ့မှာ စင်္ကြံသွားရာနေရာရဲ့ အစွန်မှာ နေတဲ့ နတ်က လက်ချောင်းတွေနဲ့ ဆီမီးရောင် လင်းစေကာ ရပ်နေတယ်။ နတ်မင်းကြီး ၄ ယောက်၊ သိကြားမင်း၊ သဟမ္ပတိဗြဟ္မာတို့ကလည်း သွားရောက်ဆည်းကပ်ကြတယ်။ အဲဒီနတ် ဗြဟ္မာတွေရဲ့ အလင်းရောင်ကို မြင်ရလို့

http://www.dhammadownload.com



တောမှာ နေတဲ့ မဟာတိဿထေရ်က အဲဒီမဟာဖုဿဒေဝမထေရ်ကို နောက်နေ့မှာ "ညပိုင်းက အရှင်ဘုရားရဲ့ အထံမှာ အလင်းရောင် ရှိပါတယ်။ အဲဒီအရောင်ဟာ ဘာပါလဲ" လို့ မေးတယ်။ မဟာဖုဿဒေဝမထေရ်က ရှောင်လွှဲလိုလို့ "အရောင်ဆိုတာ ဆီမီးရောင်လည်း ရှိတယ်။ ပတ္တမြားရောင်လည်း ရှိတယ်" ဒီလိုစတဲ့ စကားကို ပြောတယ်။ အဲဒီကနောက် "အရှင်ဘုရားတို့က ဖုံးကွယ်ထားကြတယ်" လို့ ဆိုပြီး အကျပ်ကိုင်ခံရလို့ "ဟုတ်တယ်" လို့ ဝန်ခံကာ ပြောကြားလိုက်ပါတယ်။

(သီလက္ခန်၊ ဋ၊ ၁၇၀)

မိမိရဲ့အကျိုးစီးပွားအစစ်ကို လိုလားတဲ့ အမျိုးကောင်းသားတွေဟာ ဘုရားသာသနာတော်မှာ ရဟန်းပြုပြီး ၁၀ ပါးဖြစ်စေ၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀၊ ၁၀၀ ဖြစ်စေ တစ်ပေါင်းတည်း နေကြရာမှာ ဒီလိုကတိကဝတ်ပြုကြတယ်။

"ငါ့ရှင်တို့၊ သင်တို့ဟာ ကြွေးမြီးပူလို့ ရဟန်းပြုကြတာလည်း မဟုတ်၊ မင်းဘေးစသည်ကို ကြောက်လို့ ရဟန်းပြုကြတာလည်း မဟုတ်၊ အသက်မွေးမှု ကျပ်တည်းလို့ ရဟန်းပြုကြတာလည်း မဟုတ်။ အမှန်မှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုလို့ ရဟန်းပြုလာကြတာ ဖြစ်တယ်။ ဒါကြောင့် သွားနေဆဲမှာ ဖြစ်ပေါ်လာတဲ့ ကိလေသာကို သွားနေဆဲမှာပဲ ငြိမ်းပြတ်သွားအောင် နှိမ်နင်းကြပါ။ ရပ်နေဆဲ၊ ထိုင်နေဆဲ၊ လျောင်းနေဆဲမှာ ဖြစ်ပေါ်လာတဲ့ ကိလေသာကို ရပ်နေဆဲ၊ ထိုင်နေဆဲ၊ လျောင်းနေဆဲမှာပဲ ငြိမ်းပြတ်အောင် နှိမ်နင်းကြပါ။"

အဲဒီရဟန်းတွေဟာ အဲဒီလို ကတိကဝတ်ပြုပြီး ဆွမ်းခံဝင်ကြတဲ့ အခါ တစ်ဥသဘခွဲ၊ တစ်ဥသဘ၊ တစ်ဂါဝုတ်ခွဲ၊ တစ်ဂါဝုတ်မှာ စိုက်ထားတဲ့ ကျောက်တိုင်အမှတ်အသားနဲ့ ကမ္မဋ္ဌာန်း နှလုံးသွင်းလျက်သာ သွား

http://www.dhammadownload.com



ကြွတယ်။ ရဟန်းတစ်ပါးပါးမှာ သွားနေဆဲ ကိလေသာ ဖြစ်ပေါ်လာရင် သွားဆဲမှာပဲ အဲဒီကိလေသာကို နှိမ်နင်းတယ်။ မနှိမ်နင်းနိုင်ရင် ရပ်နေတယ်။ အဲဒီအခါ အဲဒီရပ်နေတဲ့ ရဟန်းရဲ့နောက်က လာတဲ့ ရဟန်းကလည်း ရပ်နေတယ်။ ကိလေသာဖြစ်နေတဲ့ အဲဒီရဟန်းက "နောက်က ရဟန်းလည်း သင့်အကြံကို သိသွားပြီ။ ဒီအကြံဟာ သင်နဲ့ မတော်တဲ့ အကြံပဲ" လို့ မိမိကိုယ်ကို အပြစ်တင်ပြီး ဝိပဿနာ ရှုပွားကာ အရိယာ အဖြစ်သို့ ရောက်သွားတယ်။ ရပ်နေရင်း မနှိမ်နင်းနိုင်ရင် ထိုင်ပြန်တယ်။ အဲဒီအခါ အဲဒီထိုင်နေတဲ့ ရဟန်းရဲ့နောက်က လာတဲ့ ရဟန်းကလည်း ထိုင်တယ်။ အပြစ်တင်ပုံစသည်မှာ နည်းတူပဲ ဖြစ်ပါတယ်။ အဲဒီလို နှလုံးသွင်းရှုမှတ်လို့ အရိယာအဖြစ်သို့ မရောက်နိုင်ပေမယ့် ဖြစ်ပေါ်ဆဲ အဲဒီကိလေသာကို ပယ်ခွာပြီး ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာ သွားတယ်။ ကမ္မဋ္ဌာန်းမပါဘဲ ခြေကို မကြွ၊ ကြွမိလှမ်းမိရင် မူလရှေ့နေရာသို့ ပြန်လာပြီးမှ ရှုမှတ်လျက် တစ်ဖန် သွားတယ်။ မဟာဖုဿဒေဝ မထေရ်ကြီးဟာ အဲဒီလို အားထုတ်တာပါပဲ။ (သီလက္ခန်၊ ဋ၊ ၁၆၉)

ကာဠဝလ္လိကျောင်းနေ မဟာနာဂမထေရ်ကလည်း ဆွမ်းခံအသွားအပြန်မှာ ကမ္မဋ္ဌာန်း မလွတ်အောင် အားထုတ်မှုကျင့်ဝတ်ကို ဖြည့်ကျင့်နေတယ်။ ရှေးဦးစွာ မြတ်စွာဘုရားရဲ့ ဒုက္ကရစရိယာအကျင့်ကို ပူဇော်လိုလို့ ၇ နှစ်ပတ်လုံး ရပ်ခြင်း၊ စင်္ကြံသွားခြင်းကိုပဲ ဆောက်တည်ကာ ကျင့်တယ်။ အဲဒီနောက်မှ ၁၆ နှစ်ပတ်လုံး ဆွမ်းခံအသွားအပြန်မှာ ကမ္မဋ္ဌာန်း မလွတ်အောင် အားထုတ်မှုကျင့်ဝတ်ကို ဖြည့်ကျင့်ကာ ရဟန္တာ ဖြစ်တယ်။ အဲဒီမဟာနာဂမထေရ်ဟာ ကမ္မဋ္ဌာန်းရှုမှတ်မှုနဲ့သာ ခြေကို ကြွတယ်။ ကမ္မဋ္ဌာန်းမပါဘဲ ခြေကို ကြွမိ လှမ်းမိခဲ့ရင် မူလရှေးနေရာသို့ ပြန်လာတယ်။ ပြန်လာရင်း ရွာအနီးကို ရောက်သွားတယ်။ "နွားမလေ

http://www.dhammadownload.com



လား၊ ရဟန်းလေလား” လို့ ယုံမှားမှု ဖြစ်နိုင်လောက်ရာ နေရာမှာ သက်နှိုးရှိတယ်။ ပခုံးမှာ ချိတ်ဆွဲလာတဲ့ ရေဘူးထဲက ရေနဲ့ သပိတ်ကို ဆေးကာ ရေငုံသွားတယ်။

အကြောင်းကတော့ ဆွမ်းလောင်းလှူဖို့ ရှိခိုးဖို့ ရောက်လာတဲ့ လူတွေကို “အသက်ရှည်ကြပါစေ” လို့ ဆုပေးရုံမျှနဲ့လည်း သမာဓိ ကျဲမသွားစေလိုသောကြောင့်ပါပဲ။ “အရှင်ဘုရား၊ ဒီနေ့ဟာ ဘယ်နှရက်မြောက်ပါလဲ” လို့ နေ့ကို မေးရင်ဖြစ်စေ၊ ရဟန်းအရေအတွက်နဲ့ ပြဿနာကို မေးရင်ဖြစ်စေ ရေကို မျိုချပြီး ပြောရတယ်။ နေ့ရက် စသည်တို့ကို မေးတဲ့သူတွေ မရှိရင် ပြန်ထွက်ရာအချိန်မှာ ရွာတံခါးအနီး ရောက်က ထွေးပြီးမှသာ သွားတယ်။

ကလမ္ဗဆိပ်ကမ်းကျောင်းမှာ ဝါကပ်တဲ့ ရဟန်း ၅၀ ဟာလည်း ဒီလိုပဲ ကျင့်ကြပါတယ်။ အဲဒီရဟန်း ၅၀ ဟာ ဝါဆိုလပြည့်နေ့မှာ “ငါတို့ဟာ အရဟတ္တဖိုလ်သို့ မရောက်သေးဘဲ အချင်းချင်း စကားမပြောကြစတမ်း” လို့ ကတိကဝတ် ပြုကြတယ်။ ရွာထဲကို ဆွမ်းခံဝင်သွားတဲ့အခါမှာလည်း ရေကို ငုံပြီး ဝင်ကြတယ်။ နေ့ရက်စသည်တွေကို မျိုချပြီး ဖြေကြတယ်။ မေးသူ မရှိရင်တော့ ရွာတံခါးကိုရောက်မှ ထွေးပြီး သွားကြတယ်။ ရေထွေးရာနေရာက ရေကွက်တွေကို ကြည့်ပြီး အဲဒီရွာက လူတွေဟာ “ဒီနေ့ ရဟန်းတစ်ပါး၊ နှစ်ပါး လာတယ်” လို့ သိကြတယ်။ “ဒီရဟန်းတွေဟာ ငါတို့နဲ့သာ စကားမပြောတာလား၊ ဒါမှမဟုတ် အချင်းချင်းလည်း မပြောကြဘူးလား၊ အချင်းချင်းလည်း မပြောကြရင် သေချာပေါက် ဆန့်ကျင်ဘက် စကား များထားကြတာ ဖြစ်ကြလိမ့်မယ်။ လာကြ၊ အဲဒီရဟန်းတွေကို အချင်းချင်း တောင်းပန်ခိုင်းကြမယ်”လို့ ပြောပြီး လူတွေအားလုံး ကျောင်းကို သွားကြတယ်။

http://www.dhammadownload.com



ရဟန်း ၅၀ ထဲက ရဟန်း ၂ ပါးကိုတောင်မှ တစ်နေရာထဲမှာ မတွေ့ကြရ။ အဲဒီလူတွေထဲက အသိအမြင်ရှိသူ ယောက်ျားတစ်ယောက်က "မိတ်ဆွေတို့၊ ခိုက်ရန်ပြုထားကြတဲ့ ရဟန်းတွေရဲ့ နေရာအရပ်ဆိုတာ ဒီလို မဟုတ်ဘူး။ စေတီရင်ပြင်၊ ဗောဓိရင်ပြင်ကို ကောင်းကောင်း တံမြက်စည်းလှည်းထားတယ်။ သောက်ရေ၊ သုံးရေတွေကို ပြည့်အောင် ဖြည့်ထားကြတယ်"လို့ ပြောတယ်။ အဲဒီလူတွေဟာ အဲဒီနေရာကပဲ ပြန်လာခဲ့ကြတယ်။ အဲဒီရဟန်းတွေဟာလည်း ဝါတွင်းမှာပဲ ရဟန္တာဖြစ်သွားကြတယ်။ (သီလက္ခန်၊ ၄၊ ၁၇၀)

အဲဒီရဟန်း ၅၀ တို့ ကတိကဝတ်ပြုရာမှာ အရေးမကြီးတဲ့ အလွတ်စကားကိုသာ မပြောဖို့ ရည်ရွယ်တာ ဖြစ်ပါလိမ့်မယ်။ လုံးဝ စကားမပြောဘဲနေဖို့ ကတိကဝတ်မျိုးကိုတော့ မပြုကောင်းပါ။ ပြုရင် ရဟန်းမှာ အာပတ်သင့်ပါတယ်။ ဒါကြောင့် လုံးဝ စကားမပြောဘဲ နေရန် အဓိဋ္ဌာန်ခြင်း၊ ကတိကဝတ်ထားခြင်းတွေကို မပြုအပ်လို့ မှတ်ရပါမယ်။

မဟာဖုဿဒေဝထေရ်၊ မဟာနာဂထေရ် ကလမ္ဗဆိပ်ကမ်းကျောင်းနေ ရဟန်းတို့ရဲ့ တရားကြိုးကြိုးစားစား အားထုတ်ကြပုံတွေဟာ အားကျစရာ ကောင်းလှပါတယ်။ ကိလေသာတွေကို နိုင်အောင် တိုက်ပွဲဆင်နွှဲကြတဲ့ အဲဒီမထေရ်တွေရဲ့ ကြိုးကြိုးစားစား အားထုတ်မှုတွေကို အတုယူသင့်လှပါတယ်။ ကိလေသာတွေဟာ အတိတ်ကာလမှာ မရေမတွက်နိုင်အောင်သော ဘဝတွေမှာ မရေမတွက်နိုင်လောက်အောင်သော ဆင်းရဲတွေကို ပေးခဲ့လှပါပြီ။ ယခုဘဝမှာလည်း ဆင်းရဲမျိုးစုံကို စုံနေအောင် ပေးနေပါတယ်။ နောင်လည်း ကိလေသာတွေကို မပယ်သတ်နိုင်သေးရင် မရေမတွက်နိုင်လောက်အောင်သော ဘဝတွေမှာ မရေမတွက်နိုင်လောက်အောင်သော ဆင်းရဲတွေကို ပေးနေဦးမှာ သေချာပါတယ်။

http://www.dhammadownload.com



ဆင်းရဲဆိုရင် ဘယ်ဆင်းရဲမှ မကောင်းပါ။ ကြောက်စရာတွေ ချည်းပဲ ဖြစ်ပါတယ်။ နည်းနည်း ဆင်းရဲရင် နည်းနည်း ကြောက်ရပါတယ်။ များများ ဆင်းရဲရင် များများ ကြောက်ရပါတယ်။ ဆင်းရဲကို ကြောက်ရင် ဆင်းရဲရဲ့ လက်သည်တရားခံကို ရှာပြီး အဲဒီလက်သည်တရားခံကို ချေမှုန်း ရမှာ ဖြစ်ပါတယ်။ ဆင်းရဲရဲ့ လက်သည်တရားခံတွေက ကိလေသာ တွေပဲ ဖြစ်ပါတယ်။ အဲဒီကိလေသာတွေကို မချေမှုန်းနိုင်သေးသမျှ ဆင်းရဲအဖုံဖုံကို တွေ့ကြုံနေကြရမှာပါပဲ။ ဒါကြောင့် ကိလေသာတွေ ဟာလည်း အလွန်ပဲ ကြောက်စရာကောင်းလှတဲ့ ရန်သူတွေပါပဲ။ ပညာ ရှိ သူတော်ကောင်းတွေက ကိလေသာတွေရဲ့ ကြောက်စရာကောင်းလှ ပုံကို ကောင်းကောင်းကြီး သိမြင်ကြပါတယ်။ ဒါကြောင့် အထက်ပါ မထေရ် တွေဟာ ကိလေသာရန်သူတွေကို "တွေ့ရာသင်္ချိုင်း ဓား မဆိုင်း" လို့ ဆိုတာလို သဘောထားကာ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုတ် တိုင်းမှာ အနိုင်တိုက်နေကြပါတယ်။

မဟာဖုဿဒေဝမထေရ်က ၁၉ နှစ်အတွင်း အကြီးအကျယ် တိုက် ခိုက်ချေမှုန်းရပါတယ်။ ၁၉ နှစ်ကြာမှ အောင်နိုင်ပါတယ်။ မဟာနာဂ ထေရ်ဟာ ၂၃ နှစ်ကြာမှ အောင်နိုင်ပါတယ်။ ကလမ္ဗဆိပ်ကမ်းကျောင်း မှာ နေတဲ့ ရဟန်း ၅၀ ကတော့ ဝါတွင်း ၃ လနဲ့ပဲ အောင်နိုင်သွားပါတယ်။ ကိုယ်တွင်း ကိလေသာတွေကို နိုင်အောင် တိုက်ခိုက်နိုင်သူတွေသာ တကယ့်အာဇာနည်သူရဲကောင်းတွေ ဖြစ်ပါတယ်။ နိုင်အောင် မတိုက် ခိုက်နိုင်သေးရင် သူရဲကောင်းဘွဲ့တံဆိပ်တွေ ဘယ်လောက် ရထားပေ မယ့် တကယ့်အာဇာနည်သူရဲကောင်းတွေ မဟုတ်သေးပါ။

http://www.dhammadownload.com



## လင်္ကာ

၁။ ဆွမ်းခံသွားရာ, ပြန်လာရာ, ကိလေသာ ပယ်ခွာသည်။
၂။ သွားနေဆဲတွင်, ကိလေဝင်, သွားစဉ် နှိမ်နင်းသည်။
၃။ ရပ်နေဆဲတွင်, ကိလေဝင်, ရပ်စဉ် နှိမ်နင်းသည်။
၄။ ထိုင်နေဆဲတွင်, ကိလေဝင်, ထိုင်စဉ် နှိမ်နင်းသည်။
၅။ လျောင်းနေဆဲတွင်, ကိလေဝင်, လျောင်းစဉ် နှိမ်နင်းသည်။
၆။ ခြေကြွလှမ်းရာ, မှတ်ကာသာ, လှမ်းတာ ပြုလုပ်သည်။
၇။ အမှတ် မလွတ်ရေး, ဦးစားပေး, လေးလေးစားစား လုပ်ကြသည်။
၈။ သာသနာမှာ, ဒီလိုသာ, အာဇာနည်တွေ လုပ်ကြသည်။

http://www.dhammadownload.com

## ကြက်တူရွေးထက်တော့ သာသင့်ပါတယ်

ကချေသည်တစ်ယောက်ဟာ ကြက်တူရွေးလေးတစ်ကောင်ကို ယူပြီး စကားပီနားလည်အောင် သင်ပေးကာ လှည့်လည်နေတယ်။ အဲဒီ ကချေသည်ဟာ ဘိက္ခုနီမကျောင်းတစ်ခုမှာ ဝင်ရောက်တည်းခိုပြီး ထွက်သွားတဲ့အခါ အဲဒီကြက်တူရွေးလေးကို မေ့ပြီး သွားတယ်။ အဲဒီ ကြက်တူရွေးကို သာမဏေရီမလေးတွေက မွေးမြူပြုစုထားကြတယ်။ ဗုဒ္ဓရက္ခိတလို့ အမည်ပေးထားကြတယ်။ တစ်နေ့မှာ ကျောင်းအုပ်ထေရီ မကြီးက ရှေ့မှာ ထိုင်နေတဲ့ အဲဒီကြက်တူရွေးကို 'ဗုဒ္ဓရက္ခိတ' လို့ ခေါ်လိုက်တယ်။

"ဘာပါလဲ အရှင်မ"

"ဗုဒ္ဓရက္ခိတ၊ ဘာဝနာတရားတစ်ခုခု နှလုံးသွင်းတာ ရှိသလား"

"မရှိပါ အရှင်မ"

"ဗုဒ္ဓရက္ခိတ၊ ရှင်ရဟန်း သူတော်ကောင်းတွေထံမှာ နေတဲ့သူဆိုတာ ဘာဝနာတစ်ခုခုကို နှလုံးမသွင်းဘဲ နေလို့ မသင့်လျော်ဘူး။ ကမ္မဋ္ဌာန်းတစ်ခုခုကိုတော့ နှလုံးသွင်းရတယ်။ သင်ကတော့ အခြားကမ္မဋ္ဌာန်းကို နှလုံးသွင်းနိုင်မှာ မဟုတ်ဘူး။ အရိုးစု၊ အရိုးစုလို့ နှလုံးသွင်းပေတော့"

http://www.dhammadownload.com



အဲဒီ ဗုဒ္ဓရက္ခိတဟာ 'အရိုးစု၊ အရိုးစု' လို့ ထေရီမကြီးရဲ့ ဩဝါဒ အရ နှလုံးသွင်းနေတယ်။

တစ်နေ့သော နံနက်ခင်းမှာ တံခါးတိုင်ပေါ် ထိုင်ကာ နေပူဆာလှုံနေတဲ့ အဲဒီဗုဒ္ဓရက္ခိတကြက်တူရွေးကို သိမ်းငှက်တစ်ကောင်က ခြေထောက်နဲ့ သုတ်ချီသွားတယ်။ အဲဒီကြက်တူရွေးက 'ကိရိ ကိရိ' လို့ အသံပြုတယ်။ သာမဏေမလေးတွေက ကြားလို့ "အရှင်မ၊ ဗုဒ္ဓရက္ခိတကို သိမ်းငှက်က သုတ်ချီသွားတယ်။ သူ့ကို လွတ်အောင် လုပ်ကြမယ်" လို့ ပြောပြီး ခဲစသည်တို့ကို ယူကာ နောက်က လိုက်ပြီး လွတ်အောင် လုပ်ကြတယ်။ ကောက်ယူလာပြီး ရှေ့မှာ ချထားတဲ့ အဲဒီဗုဒ္ဓရက္ခိတကို ထေရီမကြီးက "ဗုဒ္ဓရက္ခိတ၊ သိမ်းငှက်က သုတ်သွားတဲ့အခါ ဘယ်လို နှလုံးသွင်းသလဲ" လို့ မေးတယ်။

"အရှင်မ၊ တခြားကိုတော့ နှလုံးမသွင်းမိပါ၊ အရိုးစုတစ်ခုက အရိုးစုတစ်ခုကို သုတ်ချီသွားတယ်၊ ဘယ်နေရာမှာ ဖရိုဖရဲ ကြဲပစ်လိုက်မလဲ" လို့ အရိုးစုကိုပဲ နှလုံးသွင်းမိပါတယ်။

"သာဓု၊ သာဓု၊ ဗုဒ္ဓရက္ခိတ၊ သင့်မှာ ဒီလိုနှလုံးသွင်းတာဟာ နောင်အခါ ဘဝမှ လွတ်မြောက်ရေးအတွက် အထောက်အပံ့ ဖြစ်ပါလိမ့်မယ်" လို့ ထေရီမကြီးက အားပေးစကား ပြောကြားပါတယ်။

(သုတ်မဟာဝါ၊ ဋ၊ ၃၃၅)

စိတ်ဆိုတာ ထပ်ခါထပ်ခါ နှလုံးသွင်းနေရင် ကြာတော့ စွဲမြဲသွားတာပဲ။ ကြက်တူရွေးတောင် အရိုးစုထင်အောင် နှလုံးသွင်းနိုင်သေးရင် လူပုဂ္ဂိုလ်က ဘာကြောင့် နှလုံးမသွင်းနိုင်ဘဲ ရှိရမှာလဲ။ အဲဒီ ကြက်တူရွေးဟာ သူကိုယ်တိုင်လည်း အရိုးစုမျှပဲလို့ နှလုံးသွင်းနေတယ်။ သူများကိုလည်း အရိုးစုမျှပဲလို့ နှလုံးသွင်းနေတယ်။ ဒါကြောင့် သိမ်းက သုတ်

http://www.dhammadownload.com



သွားတဲ့အခါမှာ ကြောက်ခြင်း၊ လန့်ခြင်း မရှိ၊ စိုးရိမ်ပူပန်ခြင်း မရှိ၊ တော်တော် သက်သာခွင့် ရနေပါတယ်။

အဲဒီလိုသာ ကမ္မဋ္ဌာန်းနှလုံးသွင်းမှု မရှိရင်တော့ သိမ်းသုတ်သွားစဉ်က ကြက်တူရွေးမှာ ကြောက်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတွေ အများကြီး ဖြစ်ရရှာလိမ့်မယ်။ သိမ်းအပေါ်မှာလည်း အများကြီး ဒေါသဖြစ်လိမ့်မယ်။ ငါ့ကို တစ်နေရာကျရင် သတ်စားလိမ့်မယ်လို့လည်း ကြံတွေးမိလိမ့်မယ်။ ယခုတော့ “ကိုယ်လည်း အရိုးစုပဲ၊ သူလည်း အရိုးစုပဲ။ အရိုးစုတစ်ခုက အရိုးစုတစ်ခုကို ချီဆောင်သွားတာပဲ” လို့ နှလုံးသွင်းနေတဲ့အတွက် ကြောက်လန့်တာတွေ၊ စိတ်ဆိုးတဲ့ အမျက်ဒေါသတွေ၊ ငါ့ကို သတ်စားလိမ့်မယ်လို့ ကြံတွေးတာတွေ ဘာမှ မဖြစ်တော့ပါ။

ဒါကြောင့် မြတ်စွာဘုရားက“စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတွေကို လွန်မြောက်နိုင်ဖို့ သတိပဋ္ဌာန်တစ်လမ်းပဲ ရှိတယ်” လို့ သတိပဋ္ဌာန်ဘာဝနာအလုပ်ကို ချီးမွမ်းတော်မူတာပါပဲ။ ကြက်တူရွေးတောင် နှလုံးသွင်းလို့ အရိုးစုထင်နေသေးရင် လူဆိုတော့ ပြောစရာတောင် မလိုတော့ပါ။ ဒါပေမဲ့ တရားထဲ စိတ်မဝင်စားလို့ တရားနှလုံးသွင်းမှု မရှိတဲ့အတွက် ကြက်တူရွေးလောက်တောင် မတော်တဲ့ လူတွေကလည်း အများကြီး ရှိပေလိမ့်မယ်။ အဲဒီတော့ ကမ္မဋ္ဌာန်းတရားအားထုတ်မှုနဲ့စပ်ပြီး ကြက်တူရွေးထက် သာအောင် အားထုတ်မယ်လို့တော့ နှလုံးသွင်းထားဖို့ လိုပါတယ်။

http://www.dhammadownload.com



# လင်္ကာ

၁။ ကြက်တူရွေးလေး, သိမ်း ချီပြေး, သူ့တွေး ကောင်းပါသည်။
၂။ ရိုးစုတစ်ခုက, ရိုးချီမ, ကျဲချပေလိမ့်မည်။
၃။ ရိုးစုလို့သာ, အခါခါ, သူဟာ တွေးခဲ့သည်။
၄။ ထိုအတွေးဟာ, စိုးရိမ်တာ, ကြောက်တာ ဖယ်ရှားသည်။
၅။ ကြက်တူရွေးပင်, ထိုတွေးဝင်, အသင် ပိုတွေးသင့်လှသည်။
၆။ အသင် လူသား, ကျေးထက်ကား,
တရား သာအောင် လုပ်သင့်သည်။

http://www.dhammadownload.com

## ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း

သီရိလင်္ကာ (သီဟိုဠ်) ကျွန်းရဲ့ တောင်ဘက်အစွန်မှာ ဒုဋ္ဌဂါမဏိမင်းကြီး စိုးစံရာ မဟာဂါမဆိုတဲ့ မြို့ ရှိတယ်။ အဲဒီမြို့ရဲ့ မြောက်ဘက်မှာ တိဿမဟာစေတီ ရှိတယ်။ အဲဒီစေတီရဲ့ တည်ရာမှာ တိဿမဟာရာမဆိုတဲ့ ကျောင်းတိုက် ရှိတယ်။ တိဿမဟာဝိဟာရလို့လည်း ခေါ်တယ်။ မဟာသီသမထေရ်ဟာ အဲဒီကျောင်းတိုက်မှာ သီတင်းသုံးလျက် ၁၈ ပါးသော ဂိုဏ်းကြီးတို့ကို စာပို့ချတယ်။ သူရဲ့ ဩဝါဒကို ခံယူပြီး တရားအားထုတ်ကြလို့ ရဟန်း ၃ သောင်း (အင်္ဂုတ္တရ အဋ္ဌကထာမှာတော့ ၆ သောင်း) ဟာ ရဟန္တာ ဖြစ်ကြတယ်။ အဲဒီအထဲက ရဟန်းတစ်ပါးက "ငါ့ရဲ့ ကိုယ်တွင်းမှာ ဂုဏ်တွေဟာ အတိုင်းအတာ မရှိဘူး။ ငါ့ဆရာမထေရ်ရဲ့ ဂုဏ်တွေက ဘယ်လိုနေလေမလဲ" လို့ ဆင်ခြင်ကြည့်တဲ့အခါ ပုထုဇဉ်မျှသာ ဖြစ်နေကြောင်းကို သိသွားတယ်။

"ငါတို့ရဲ့ ဆရာမထေရ်ဟာ အခြားသူတွေရဲ့ အားထားမှီခိုရာ ဖြစ်နေတယ်။ သူရဲ့ အားထားမှီခိုရာတော့ မဖြစ်နိုင်ဘဲ ရှိနေတယ်။ ဆရာမထေရ်အား ဩဝါဒပေးမယ်" လို့ ကြံပြီး ကောင်းကင်ခရီးနဲ့ သွားကာ ကျောင်းအနီးမှာ သက်ဆင်းတယ်။ နေ့အခါ နေတဲ့နေရာမှာ ထိုင်နေတဲ့

http://www.dhammadownload.com



ဆရာ မထေရ်ထံ ချဉ်းကပ်ပြီး ဝတ်ပြုကာ သင့်တင့်ရာအရပ်မှာ ထိုင်နေတယ်။ မဟာသီဝမထေရ်က "ဆွမ်းခံရဟန်း၊ သင်ဟာ ဘာကြောင့် လာသလဲ" လို့ မေးလို့ "အနုမောဒနာတရားတစ်ပုဒ် သင်ယူလိုလို့ လာပါတယ်" လို့ တပည့်ရဟန်းက ဖြေတယ်။

"ငါ့ရှင်၊ သင်ပေးဖို့ရာ အခွင့် မရှိဘူး။"

"ဆွမ်းခံသွားမယ့်အရပ်ကို စဉ်းစားရန် ရပ်တည်ရာနေရာမှာ မေးပါမယ် ဘုရား။"

"အဲဒီနေရာမှာ အခြားရဟန်းတွေက မေးကြတယ်။"

"ဆွမ်းခံရွာသို့ သွားတဲ့လမ်းမှာ မေးပါမယ် ဘုရား။"

"အဲဒီနေရာမှာလည်း အခြားသူတွေ မေးကြတယ်။"

"နှစ်ထပ်သင်းပိုင်ကို ဝတ်ရာမှာ၊ နှစ်ထပ်သင်္ကန်းကြီးကို ရုံရာမှာ၊ အိတ်ထဲက သပိတ်ကို ထုတ်ရာမှာ၊ ရွာထဲမှာ ဆွမ်းခံလှည့်လည်ပြီး ဆွမ်းစား ဇရပ်မှာ ယာဂုသောက်ပြီးတဲ့အခါ မေးပါမယ် ဘုရား။"

"အဲဒီနေရာမှာ အဋ္ဌကထာရဲ့ အနက်အဓိပ္ပာယ်ကို မေးမြန်းတဲ့ မထေရ်တွေက သူတို့ရဲ့ ယုံမှားမှုကို ပယ်ဖျောက်ကြတယ်။ ငါ့ရှင်၊ (လွန်မြောက်ကြတယ် ငါ့ရှင်)"

"ရွာတွင်းက ထွက်လာတဲ့အခါ မေးပါမယ် ဘုရား။"

"အဲဒီနေရာမှာလည်း အခြားသူတွေက မေးကြတယ် ငါ့ရှင်။"

"ပြန်လာတဲ့ လမ်းခရီးမှာ၊ ဆွမ်းစားရာ ဇရပ်မှာ၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ နေ့သန့်စင်ရာမှာ၊ ခြေဆေးတဲ့အခါမှာ၊ အိပ်ရာဝင်ခါနီး အိပ်ရာမှ ထပြီး မျက်နှာသစ်တဲ့အခါမှာ မေးပါမယ် ဘုရား။"

"အဲဒီအခါမှာ အခြားသူတွေ မေးကြတယ်။"

"မျက်နှာသစ်ပြီး ပြန်လာတဲ့အခါမှာ မေးပါမယ် ဘုရား။"

http://www.dhammadownload.com



"အဲဒီမှာလည်း အခြားသူတွေ မေးကြတယ်။"

"ကျောင်းခန်းထဲ ဝင်ပြီး ခေတ္တထိုင်နေတဲ့အခါ မေးပါမယ် ဘုရား"

"အဲဒီအခါမှာလည်း အခြားသူတွေ မေးကြတယ်"

"အရှင်ဘုရား၊ မျက်နှာသစ်ပြီးနောက် ကျောင်းခန်းထဲ ဝင်ကာ သုံးလေးကြိမ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် တရားရှုမှတ် နှလုံးသွင်းတဲ့ အချိန်အခွင့် ရှိသင့်ပါတယ်။ အရှင်ဘုရားမှာ သေဖို့ အချိန်ကိုတောင် မရဘဲ ရှိပါလိမ့်မယ်။ အရှင်ဘုရားဟာ ပျဉ်ချပ်လိုပဲ သူတစ်ပါးရဲ့ မှီရာ သာ ဖြစ်တယ်။ မိမိရဲ့ မှီခိုရာတော့ မဖြစ်နိုင်ဘဲ ရှိနေပါတယ်။ တပည့် တော်မှာ အရှင်ဘုရားရဲ့ အနုမောဒနာဖြင့် အလိုမရှိတော့ပါ" လို့ ဆိုပြီး ကောင်းကင်သို့ ပျံတက်ကာ ကြွသွားပါတယ်။

မဟာသိဝထေရ်ဟာ "ဒီရဟန်းဟာ တရားစာ သင်ယူလိုလို့ လာ တာ မဟုတ်ဘူး၊ ငါ့ကို သတိပေးဖို့ လာတာပဲ"လို့ သိပြီး "အခု အခွင့်သာ မှာ မဟုတ်သေးဘူး။ နံနက်မိုးသောက်ချိန်မှ သွားတော့မယ်" လို့ တွေး ကာ သပိတ်သင်္ကန်းကို အနီးမှာ ထားတယ်။ အဲဒီနေ့ တစ်နေ့လုံးရော၊ ညပိုင်း ပထမယံ၊ အလယ်ပိုင်းယံမှာရော စာပေပို့ချတယ်။ နောက်ပိုင်း ယံမှာ မထေရ်တစ်ပါးက ပါဠိတော် သင်ယူပြီးလို့ ပြန်ထွက်သွားတဲ့အခါ သပိတ်သင်္ကန်းကို ယူကာ အဲဒီရဟန်းနဲ့အတူပဲ ကျောင်းမှ ထွက်ခွာ သွားတယ်။ ထွက်သွားတဲ့ မထေရ်က "မဟာသိဝ မထေရ်ရဲ့ တပည့် ရဟန်း တစ်ပါးပါးပဲ" လို့ ထင်သွားတယ်။

မဟာသိဝမထေရ်က "ငါ့လိုပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ် ရောက်ဖို့ ဘာမျှ ခဲယဉ်းစရာ မရှိ။ ၂ ရက်၊ ၃ ရက်အတွင်း ရောက်ပြီးတော့ ပြန်လာ မယ်" လို့ ကြံစည်ပြီး အတွင်းနေ တပည့်များကိုတောင် အသိမပေးခဲ့ဘဲ ထွက်လာခဲ့တယ်။ အဲဒီနေ့က ဝါဆိုလဆန်း ၁၃ ရက်နေ့ ဖြစ်ပါတယ်။

http://www.dhammadownload.com



ရွာအနီး တောင်ချိုင့်ဆိုတဲ့ နေရာမှာ သွားရောက်ပြီး စင်္ကြံလျှောက် အားထုတ်နေတယ်။ အဲဒီနေ့မှာ ရဟန္တာအဖြစ်ကို ရယူဖို့ မစွမ်းနိုင်သေး ပါ။ ဥပုသ်နေ့ရောက်တဲ့အခါ "၂ ရက်၊ ၃ ရက်နဲ့ ရဟန္တာအဖြစ်ကို ရယူ မယ်လို့ တွေးကာ လာခဲ့တယ်။ တကယ်တော့ မယူနိုင်ခဲ့။ ၃ လကို ၃ ရက် လို သဘောထားကာ သီတင်းကျွတ် လပြည့်နေ့တိုင်ရင် သိရမယ်"လို့ တွေးကာ ဝါကပ်ပေမယ့် ရဟန္တာအဖြစ်ကို မရယူနိုင်ပါ။

သီတင်းကျွတ်လပြည့်နေ့မှာ "ငါဟာ (၂) ရက်၊ (၃) ရက်နဲ့ ရဟန္တာ ဖြစ်လိမ့်မယ်" လို့ ထင်ကာ လာခဲ့တယ်။ သုံးလ ကြာပေမယ့်လည်း မဖြစ် နိုင်ခဲ့။ ငါ့ရဲ့ သီတင်းသုံးဖော်တွေကတော့ ရဟန္တာအဖြစ်နဲ့ ပဝါရဏာပြု ကြလိမ့်မယ်" လို့ မဟာသီဝမထေရ်က တွေးနေမိတယ်။ အဲဒီလိုတွေး ရင်း မျက်ရည်တွေ ကျလာတယ်။ အဲဒီကနောက် "ငါ့မှာ ခုတင် ညောင် စောင်းပေါ်မှာ လှဲအိပ်လျက် ဣရိယာပုထ် (၄) ပါးလုံးနဲ့ လျော့ရဲစွာ အားထုတ်နေရင် မဂ်ဖိုလ်တရားထူးဖြစ်မှာ မဟုတ်ဘူး။ ဒီကနေ့ကစပြီး အရဟတ္တဖိုလ် မရောက်မချင်း ညောင်စောင်းပေါ်မှာ လှဲမအိပ်တော့ ဘူး၊ ခြေတို့ကိုလည်း မဆေးတော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး ညောင်စောင်း ကို ထောင်ထားလိုက်တယ်။

နောက်ထပ်ဝါတွင်း ရောက်လာပါတယ်။ ရဟန္တာအဖြစ်ကို မယူ နိုင်သေးတာပါပဲ။ ၂၉ နှစ် သီတင်းကျွတ်လပြည့်နေ့ ၂၉ ကြိမ်မှာ မျက်ရည် တွေ ကျရတယ်။ ရွာက ကလေးတွေက မဟာသီဝမထေရ်ရဲ့ ခြေထောက် တွေမှာ ကွဲနေတဲ့ နေရာတွေကို ဆူးတွေနဲ့ ချုပ်ကြတယ်။ ပြက်ရယ် ပြောင်လှောင်မှု ပြုကြသူတွေကလည်း မဟာသီဝမထေရ်ရဲ့ ခြေတွေ လို ဖြစ်ပါစေ" လို့ ပြက်ရယ်ပြောင်လှောင်ကြတယ်။

http://www.dhammadownload.com



မဟာသီဝမထေရ်ဟာ အနှစ် ၃၀ မြောက် ဝါကျွတ်တဲ့အခါ နောက်မှီ ပျဉ်ချပ်ကို မှီပြီး တည်နေရင်း "ယခု ငါတရားအားထုတ်လာတာ အနှစ် ၃၀ ရှိပြီ။ အရဟတ္တဖိုလ်ကိုတော့ မရောက်နိုင်သေးဘူး။ တကယ်ပဲ ဒီဘဝမှာ ငါဟာ မဂ်ဖိုလ်ကို မရတော့ဘူး ထင်ပါရဲ့။ ငါဟာ သီတင်းသုံးဖော်တို့နဲ့အတူ ဝိသုဒ္ဓိပဝါရဏာပြုခွင့်ကို မရတော့ဘူး ထင်ပါရဲ့" လို့ တွေးမိတယ်။ အဲဒီလို ကြံတွေးနေရင်း ဝမ်းနည်းမှု ဖြစ်လာတယ်။ မျက်ရည်တွေ ကျလာတယ်။ အဲဒီအခါ နတ်သမီးတစ်ယောက်က အနီးအပါးမှာ ငိုလျက် ရပ်တည်နေပါတယ်။

"ဒီမှာ ဘယ်သူ ငိုနေတာလဲ။"

"တပည့်တော်မဟာ နတ်သမီးပါ ဘုရား။"

"ဘာကြောင့် ငိုနေတာလဲ။"

"ငိုနေရင် မဂ်ဖိုလ်ကို ဖြစ်စေနိုင်တယ် ထင်လို့ တပည့်တော်မလည်း မဂ်ဖိုလ်တစ်ခုနှစ်ခု ရအောင်လို့ ငိုနေတာပါ ဘုရား။"

အဲဒီတော့ မဟာသီဝမထေရ်က "ဟေ့ အမောင်မဟာသီဝ၊ နတ်သမီးကတောင် သင်နဲ့ ပြက်ရယ် ပြောင်လှောင်နေပြီ။ တရား မရတာနဲ့ ဒီလိုမျက်ရည်ကျနေတာဟာ သင့်မှာ သင့်တော်ပါ့မလား" လို့ ဆင်ခြင် အားပေးပြီးတော့ ရှုမှတ်မှု ဝိပဿနာကို ပွားစေပါတယ်။ ပဋိသမ္ဘိဒါနဲ့ တကွ အရဟတ္တဖိုလ်ကို ရသွားပါတယ်။ မဟာသီဝမထေရ်ဟာ "အခု လဲလျောင်းတော့မယ်" လို့ တွေးပြီး ကျောင်းကို ရှင်းလင်းကာ ညောင်စောင်းကို ခင်းပါတယ်။ ရေရှိတဲ့နေရာမှာ ရေကို တည်စေပြီး "ခြေတွေကို ဆေးမယ်" လို့ တွေးကာ စောင်းတန်းဦးမှာ ထိုင်နေပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၁၉)

http://www.dhammadownload.com



ဒီမဟာသီဝမထေရ်ဟာ မူလက ပြင်းပြင်းထန်ထန် အားထုတ်နေပါလျက် ဉာဏ်ထူး၊ တရားထူး မရောက်ဘဲ ရှိနေခဲ့တာဟာ အကြားအမြင်များတဲ့အလျောက် ဆင်ခြင်မှုတွေ များနေလို့ ဖြစ်ပါလိမ့်မယ်။ နောက်ဆုံးအချိန်ကျတော့ မကြာခင်ပဲ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး မဂ်ဉာဏ်လေးပါးလည်း အစဉ်အတိုင်း ဖြစ်ပြီး အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာ ဖြစ်သွားတာပါပဲ။

## လင်္ကာ

၁။ မဟာသီဝ, စာပို့ချ, လွန်မှ ကျော်ကြားသည်။
၂။ သူ့တပည့်ဟာ, သူ့ဆီလာ, ပညာ ပေးသွားသည်။
၃။ (၃) ရက်တွင်းမှာ, ရဟန္တာ, ငါဟာ ဖြစ်လိမ့်မည်။
၄။ ဤသို့ တွေးကာ, ကျင့်လိုက်ရာ,
နှစ် (၃၀) တောင် ကြာသွားသည်။
၅။ ကြားမြင် များလျှင်, တွေးဆင်ခြင်, သို့ပင် ကြာတတ်သည်။
၆။ နှစ် (၃၀) ကြာ, ဝါကျွတ်ခါ, သူဟာ ငိုခဲ့သည်။
၇။ နတ်သမီးက, လာငိုပြ, ထိုမှ သတိရသွားသည်။
၈။ သတိထားကာ, ရှုမှတ်ရာ, ရဟန္တာ ဖြစ်သွားသည်။

http://www.dhammadownload.com

## အချိန်ကို တန်ဖိုးရှိရှိ အသုံးချတဲ့ မထေရ်များ

အရှင်သာရိပုတ္တရာဟာ အနှစ် (၃၀) ပတ်လုံး အိပ်ရာမှာ လှဲမအိပ်ဘဲ နိသဇ္ဇိဓုတင်ကို ကျင့်တယ်။

ထို့အတူ အရှင်မဟာမောဂ္ဂလာန်လည်း အနှစ် (၃၀) ကျင့်တယ်။

အရှင်မဟာကဿပကတော့ အနှစ် (၁၂၀) ကျင့်တယ်။

(အဲဒါကတော့ အရှင်မဟာကဿပရဲ့ အသက်နဲ့ တူညီနေလို့ စဉ်းစားဖွယ် ရှိပါတယ်။)

အရှင်အနုရုဒ္ဓါက အနှစ် (၅၀)။

အရှင်ဘဒ္ဒိယက အနှစ် (၃၀)။

အရှင်သောဏက (၁၈) နှစ်။

အရှင်ရဋ္ဌပါလက (၁၂) နှစ်။

အရှင်အာနန္ဒာက (၁၅) နှစ်။

အရှင်ရာဟုလာက (၁၂) နှစ်။

အရှင်ဗာကုလက အနှစ် (၈၀) ပတ်လုံး လှဲမအိပ်ဘဲ ကျင့်နေပါတယ်။

အရှင်နာဋက, ကတော့ ပရိနိဗ္ဗာန်စံတဲ့အထိ လှဲမအိပ်ဘဲ ကျင့်ပါတယ်။ (သုတ်မဟာဝါ၊ ဋ၊ ၃၂၈)

http://www.dhammadownload.com



အဲဒီမထေရ်များဟာ နောင်လာနောက်သားတွေအား အတုလိုက်ပြီး ကျင့်ဖို့ ချီးမြှောက်တာပါပဲ။ အဲဒီလို လှဲအိပ်ခြင်းမရှိတော့ ရံခါ ထိုင်၊ ရံခါ ရပ်၊ ရံခါ လမ်းလျှောက်ပြီး နေကြပါတယ်။ ဒီမထေရ်တွေရဲ့ ဝီရိယတွေက အလွန့်အလွန်မှ အားရစရာ၊ အားကျစရာ ကောင်းလှပါတယ်။ အရှင်မထေရ်တွေလို နှစ်ပေါင်းများစွာ မပြောပါနဲ့ဦး။ တစ်နှစ်တောင် ကျင့်ဖို့ မလွယ်လှပါ။ တစ်နှစ်ဆိုတာ ထားလိုက်ပါဦး။ တစ်လတောင် ကျင့်ဖို့ မလွယ်လှပါ။ တစ်လ မပြောပါနဲ့။ တစ်ညတောင် မအိပ်ဘဲ ကျင့်ဖူးသူဟာ အရေအတွက် များလှမယ် မဟုတ်ပါ။

နေရတဲ့ တစ်ဘဝတာအတွင်းမှာ အိပ်နေတဲ့ အချိန်တွေဟာ များလှပါတယ်။ အထက်ပါမထေရ်တွေဟာ အလွန်ပဲ အချိန်ကို တန်ဖိုးထားတော်မူကြပါတယ်။ ရသမျှအချိန်လေးကို တရားအလုပ် အားထုတ်ကာ ကုန်လွန်စေကြပါတယ်။ ယခုလက်ရှိကမ္ဘာမှာ အချိန်ကို တန်ဖိုးထားကြသူတွေဟာ ဒီမထေရ်တွေကို မီနိုင်ဖို့ မလွယ်လှပါ။ ဒီမထေရ်တွေဟာ အချိန်ကို အေးချမ်းမှုဖြင့် ကုန်လွန်စေကြပါတယ်။ သူတို့အဖို့ ရသမျှအချိန်တွေဟာ အေးချမ်းတဲ့ အချိန်တွေပါပဲ။

## လင်္ကာ

၁။ ဒီမထေရ်တွေဟာ, နှစ်များစွာ, လျှောင်းတာ ရှောင်ကြသည်။
၂။ သွား-ရပ်-ထိုင်ကာ, တရားမှာ, ပျော်ကာ နေကြသည်။
၃။ ဝီရိယကြီးမား, မထေရ်များ, လေးစား အားကျသည်။
၄။ အချိန်မြားမြောင်, ကျိုးရှိအောင်, ကျင့်ဆောင်ကြပါသည်။
၅။ မထေရ်တွေဟာ, ချိန်များစွာ, အေးချမ်းသာယာနေကြသည်။

http://www.dhammadownload.com

## စိတ်ထိန်းရာမှာ စံတင်စရာ

မထေရ် (၃) ပါးဟာ ဝါကပ်တဲ့နေ့မှာ "ကာမဂုဏ်ကို ကြံတဲ့ ဝိတက်၊ သူတစ်ပါးအား သေပျက်စေရန် ကြံတဲ့ ဝိတက်၊ နှိပ်စက်ညှဉ်းဆဲရန် ကြံတဲ့ ဝိတက် စတဲ့ အကုသိုလ်အကြံတွေကို မကြံရဘူး" လို့ ကတိကဝတ် ပြုထားကြတယ်။ ဝါကျွတ်တော့ ပဝါရဏာပြုတဲ့နေ့မှာ သံဃာ့မထေရ်ကြီးက အငယ်ဆုံးမထေရ်ကို မေးတယ်။

"ငါ့ရှင်၊ ဒီဝါတွင်းသုံးလမှာ သင့်စိတ်ကို ဘယ်ဌာနမှာ ပြေးသွားကျက်စားစေပါသလဲ။"

"အရှင်ဘုရား၊ ကျောင်းတိုက်အတွင်းက အပြင်မထွက်စေပါ။ ကျောင်းတိုက်တွင်းမှာသာ ကျက်စားစေပါတယ်" လို့ မထေရ်ငယ်က ပြန်ကြားလျှောက်ထားပါတယ်။

အလတ်မထေရ်ကို မေးတော့ အဲဒီမထေရ်က -

"တပည့်တော်က ကျောင်းခန်းထဲမှ အပြင်ကို ထွက်ခွင့် မပေးပါဘုရား" လို့ လျှောက်ထားတယ်။

အဲဒီမထေရ်ငယ်နှစ်ပါးက သံဃာ့မထေရ်ကြီးကို မေးလျှောက်ကြတယ်။

http://www.dhammadownload.com



"ဆရာတော်ကြီးကတော့ စိတ်ကို ဘယ်လောက်ထိန်းသိမ်းနိုင်ပါသလဲ ဘုရား" လို့ မေးလျှောက်ကြတယ်။

"ငါက အဇ္ဈတ္တခန္ဓာငါးပါးမှ အပြင်ကို ထွက်ခွင့်မပေးဘူး" လို့ ဖြေကြားတော်မူပါတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားက ပိုပြီး လုပ်ဖို့ ခက်တဲ့ အလုပ်ကို လုပ်ပါပေတယ်" လို့ မထေရ်ငယ်နှစ်ပါးက ချီးကျူးလျှောက်ထားကြတယ်။

(သုတ်မဟာဝါ၊ ဋ၊ ၃၂၉)

ပထမ မထေရ်ငယ်လိုတောင် မလွယ်ကူလှပါ။ အလွန်ခက်ပါတယ်။ ပထမ မထေရ်ဟာ အင်မတန် ချီးကျူးစရာ ကောင်းပါတယ်။ ပထမ မထေရ်ထက် ဒုတိယမထေရ်က ပိုပြီး ချီးကျူးစရာ ကောင်းပါတယ်။ အကြီးဆုံး တတိယမထေရ်ကတော့ ချီးကျူးစရာ အကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီမထေရ်သုံးပါးရဲ့ စိတ်ထိန်းပုံကို အတုယူပြီး မိမိတို့ စိတ်ကို ထိန်းသွားနိုင်ကြမယ်ဆိုရင် သိပ်ကောင်းပါလိမ့်မယ်။ သတ္တဝါတွေမှာ ဒီစိတ်ကို မထိန်းနိုင်ကြလို့ ဒုက္ခများနေကြတာ ဖြစ်ပါတယ်။ ထိန်းနိုင်ရင် ထိန်းနိုင်သလောက် သုခတွေ ပွားမှာ သေချာပါတယ်။

## လင်္ကာ

၁။ ကျောင်းတိုက်အပြင်, ကျောင်းခန်းပြင်, ကိုယ်ပြင် မထွက်ပြီ။
၂။ မထေရ်သုံးပါး, စိတ်ထိန်းထား, အားကျစရာ ကောင်းသည်။
၃။ စိတ် ထိန်းနိုင်သလောက်, သုခ ရောက်, ဝမ်းမြောက် ပျော်ရွှင်သည်။

http://www.dhammadownload.com

# မော်မကြည့်တဲ့ မထေရ်

သီရိလင်္ကာ (သီဟိုဠ်) ကျွန်းက ကုရဏ္ဍကလိုဏ်မှာ သီတင်းသုံးနေတဲ့ စိတ္တဂုတ္တမထေရ်ဆိုတာ ရှိခဲ့တယ်။ အဲဒီလိုဏ်ဂူကြီး အထက်ပိုင်းမှာ ဘုရားရှင် ၇ ဆူတို့ရဲ့ တောထွက်ခန်း ပန်းချီဆေးရေး အရုပ်တွေဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အခြားဌာနက ရဟန်းအများဟာ ကျောင်းကို လှည့်လည်ကြည့်ရှုကြတဲ့အခါ အဲဒီပန်းချီရုပ်တွေကို မြင်ရလို့ "ဒီပန်းချီဟာ စိတ်ဝင်စားစရာ ကောင်းပါပေတယ် ဘုရား"လို့ စိတ္တဂုတ္တမထေရ်ကို လျှောက်ကြတယ်။ စိတ္တဂုတ္တမထေရ်က "ငါ့ရှင်တို့၊ ငါဟာ ဒီလိုဏ်ဂူမှာ နေလာတာ အနှစ် ၆၀ တောင် ကျော်လာပြီ။ ပန်းချီဆေးရေး ရှိမှန်းတောင် မသိဘူး။ ဒီနေ့ ယခု မျက်စိကောင်းတဲ့ ငါ့ရှင်တို့ကို မှီပြီး သိရပေတယ်" လို့ ပြောတယ်။

မထေရ်ဟာ အနှစ် ၆၀ ကျော်ကြာ နေခဲ့ပေမယ့် လိုဏ်ဂူကို မော်မကြည့်ဖူးပါ။ လိုဏ်ဂူတံခါးအနီးမှာ ကံ့ကော်ပင်ကြီးလည်း ရှိတယ်။ မထေရ်က အဲဒီအပင်ကြီးကိုလည်း မော်မကြည့်ဖူးပါ။ နှစ်တိုင်း မြေကြီးပေါ် ကံ့ကော်ပွင့်ဝတ်ဆံတွေ ကြွေကျနေတာကို တွေ့ရမှသာ အဲဒီကံ့ကော်ပင် ပွင့်နေတာကို သိရတယ်။ မထေရ်ရဲ့ ဂုဏ်သတင်းကို ကြား

http://www.dhammadownload.com



ရလို့ ရှင်ဘုရင်က ရှိခိုးချင်တဲ့အတွက် ၃ ကြိမ် အပင့်လွှတ်တယ်။ မထေရ်က ကြွမလာတဲ့အခါ မထေရ်ရဲ့ ဆွမ်းခံရွာက နို့စို့သူငယ်ရှိတဲ့ မိခင်တွေကို မထေရ် ဘုရင့်ထံ ကြွမလာမချင်း နို့မတိုက်ရအောင် ချိတ်တံဆိပ်ပိတ်စေတယ်။ အဲဒီတော့မှ ကလေးသူငယ်တွေကို သနားလို့ ဘုရင်ရှိရာ မဟာဂါမကို ကြွတယ်။

ရှင်ဘုရင်က ကြားလို့ “အမောင်တို့ သွားကြ၊ မထေရ်ကို ပင့်ခဲ့ကြ။ သီလတွေကို ယူကြမယ်” လို့ ပြောပြီး နန်းတော်တွင်းကို ပင့်ခိုင်းကာ ရှိခိုးပြီး ဆွမ်းကပ်တယ်။ “အရှင်ဘုရား၊ ဒီနေ့ အခွင့်အခါ မရှိတော့ပါ။ နက်ဖြန်မှ သီလတွေကို ယူကြပါမယ်” လို့ လျှောက်ပြီး မထေရ်ရဲ့ သပိတ်ကို ယူကာ အနည်းငယ် နောက်က လိုက်သွားပြီး မိဖုရားနဲ့အတူ ရှိခိုးကာ ပြန်လာတယ်။ ရှင်ဘုရင်က ရှိခိုးတာပဲ ဖြစ်ဖြစ်၊ မိဖုရားက ရှိခိုးတာပဲ ဖြစ်ဖြစ် မထေရ်က “မင်းကြီး ချမ်းသာပါစေ” လို့ပဲ ဆုပေးတယ်။ အဲဒီလိုနဲ့ ၇ ရက် ကြာသွားတယ်။

“အရှင်ဘုရား၊ အရှင်ဘုရားက ရှင်ဘုရင် ရှိခိုး ရှိခိုး၊ မိဖုရား ရှိခိုး ရှိခိုး ‘မင်းကြီး ချမ်းသာပါစေ’ လို့ချည်း ဘာကြောင့် ဆုပေးတာပါလဲ” လို့ ရဟန်းတွေက လျှောက်ကြတယ်။ “ငါ့ရှင့်တို့၊ ငါဟာ မင်းရယ်၊ မိဖုရားရယ်လို့ ကြည့်ရှုခွဲခြားခြင်း မပြုဘူး” လို့ မထေရ်က မိန့်ပါတယ်။ ၇ ရက်လွန်တဲ့အခါ “မထေရ် ဒီမှာ သီတင်းသုံးရတာ ဆင်းရဲပါလိမ့်မယ်” လို့ တွေးပြီး ရှင်ဘုရင် ပြန်လွှတ်လိုက်လို့ ကုရဏ္ဍကလိုဏ်ဂူကြီးကို သွားကာ ညအခါ စင်္ကြံလျှောက်ပါတယ်။

ကံ့ကော်ပင်စောင့်နတ်က မီးတုတ်ကို ကိုင်ကာ ရပ်တည်နေပါတယ်။ အဲဒီအခါ မထေရ်မှာ ကမ္မဋ္ဌာန်းဟာ အလွန်စင်ကြယ်ပြီး ထင်ရှားနေပါတယ်။ မထေရ်က “ဒီနေ့ ငါ့ရဲ့ ကမ္မဋ္ဌာန်းဟာ ဘာကြောင့် အလွန်ပဲ

http://www.dhammadownload.com



ထင်ရှားတာပါလိမ့်" လို့ တွေးကာ ဝမ်းသာနေပါတယ်။ ညပိုင်း အလယ်ယံရဲ့ အခြားမဲ့မှာ တစ်တောင်လုံးကို ပဲ့တင်ထပ်စေကာ ရဟန္တာအဖြစ်ကို ရောက်သွားပါတယ်။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၄၁၊ ၃၆)

မျက်စိကို စောင့်စည်းရာမှာ အလွန်ပဲ အတုယူစရာ ကောင်းလှပါတယ်။ တတ်စွမ်းနိုင်ရင် မျက်စိကို စောင့်စည်းရာမှာ နည်းယူဖို့ပဲ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ကိလေသာဖြစ်ကြောင်း အဆင်းအာရုံတွေကို တမင် မကြည့်ဖို့ ဖြစ်ပါတယ်။ မလွဲသာလို့ မြင်ရရင်လည်း ဆံပင်, မွေးညင်းစသည်၊ နှပ်, တံတွေး, ချွဲသလိပ်, ကျင်ကြီး, ကျင်ငယ် စသည်ကို နှလုံးသွင်းပြီး အသုဘသညာကို ဖြစ်စေဖို့ ဖြစ်ပါတယ်။ သို့မဟုတ်လည်း "မြင်တယ်၊ မြင်တယ်" လို့ ရှုမှတ်ဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ အမျိုးသမီးကို ကြည့်မှု၊ မြင်မှုနဲ့စပ်ပြီး အရှင်အာနန္ဒာက မေးလျှောက်လို့ မြတ်စွာဘုရား ဖြေထားပုံကို သတိပြုသင့်ပါတယ်။ ပရိနိဗ္ဗာန်စံခါနီး ညဉ့်ဦးယံ ညနေပိုင်းမှာ အရှင်အာနန္ဒာက မေးလို့ မြတ်စွာဘုရားက ဖြေတော်မူပါတယ်။

"မြတ်စွာဘုရား၊ အမျိုးသမီးနဲ့စပ်ပြီး ဘယ်လို ကျင့်ရပါမလဲ။"

"အာနန္ဒာ၊ မမြင်ရအောင် ကျင့်ရမယ်။"

"မလွဲသာလို့ မြင်ရင်ကော ဘယ်လို ကျင့်ရပါမလဲ။"

"စကားမပြောနဲ့။"

"မလွဲသာလို့ ပြောရရင်ကော ဘယ်လို ကျင့်ရပါမလဲ။"

"သတိကို ထင်စေရမယ်။"

သတိကို ထင်စေပုံကတော့ အမိအရွယ်ရှိသူကို အမိရင်းလို နှလုံးသွင်းရမယ်။ အစ်မ၊ နှမအရွယ် ရှိသူကို အစ်မရင်း၊ နှမရင်းလို နှလုံးသွင်းရမယ်။ သမီးအရွယ်ရှိသူကို သမီးအရင်းလို နှလုံးသွင်းရမယ်။

http://www.dhammadownload.com



ဒီအကျင့်ဟာ သံယုတ်ပါဠိ (၁၊ ၃၂၈၊ ၉) ဘာရဒွါဇသုတ်မှာ ရဟန်းပျို ကလေးများ ကာမရာဂကို ကျော်လွန်ပြီး တစ်သက်လုံး ရဟန်းအဖြစ်နဲ့ သာသနာအကျင့်ကို ကျင့်နိုင်ခြင်းရဲ့ အကြောင်းတွေကို ပြထားတာတွေ ထဲက ပထမအကျင့် ဖြစ်ပါတယ်။ အဲဒီသုတ်မှာ ဒုတိယအကျင့်ကတော့ ဆံပင်၊ မွေးညင်း စသည်ဖြင့် အသုဘရှုတဲ့ အကျင့်ပါပဲ။ တတိယအကျင့် ကတော့ ဣန္ဒြေတွေကို စောင့်စည်းတဲ့ အကျင့်ပါပဲ။ ဒါကြောင့် သတိကို ထင်စေရမယ်လို့ ဆိုရာမှာ အသုဘရှုပုံနဲ့ ဝိပဿနာသတိ ဖြစ်စေပုံများ ကိုလည်း ယူသင့်ပါတယ်။

စိတ္တဂုတ္တမထေရ်ဆိုတာ စိတ်ကို စောင့်စည်းတဲ့ မထေရ် ဖြစ်ပါ တယ်။ သူက သွားရာ လာရာမှာ ၄ တောင်ခန့်လောက်သာ ကြည့်လေ့ရှိ တယ်။ ဒါကြောင့် အဲဒီပန်းချီဆေးရေးတွေ ရှိမှန်းတောင် မသိခြင်း ဖြစ် တယ်။ အနှစ် ၆၀ ကျော်ကြာသည်အထိ အထက်ကို မော်မကြည့်ဘဲ နေနိုင်တဲ့ စွမ်းရည်ဟာ လေးစားစရာ၊ အတုယူစရာ ကောင်းလှပါ တယ်။

"မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်" ဆိုတဲ့ ဘုရား စကားတော်အတိုင်း ကိလေသာဖြစ်စရာ အာရုံတွေကို မမြင်ရ၊ မတွေ့ ရတော့ ကိလေသာ မဖြစ်ဘဲ ငြိမ်းနေတာမို့ အလွန်ကောင်းပါတယ်။ စိတ္တဂုတ္တမထေရ်လို မျက်စိကို စောင့်စည်းနိုင်ရင်တော့ ကိလေသာတွေ မြင်မှုနဲ့ ပတ်သက်ပြီး အများကြီး သက်သာသွားပါမယ်။ မျက်စိမှာသာ မက နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တွေမှာလည်း ကိလေသာ မဖြစ်အောင် စောင့်စည်းနိုင်ရင် စောင့်စည်းနိုင်သလောက် ချမ်းသာမှု ရပါတယ်။ စောင့်စည်းမှုဟာ ချမ်းသာအမျိုးမျိုးကို ပေးပါတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ လိုဏ်ဂူထက်ပိုင်းနေ, ပန်းချီတွေ, သူလေ မကြည့်ပြီ။
၂။ နှစ် (၆၀) ကျော်ကြာ, နေခဲ့ပါ, တစ်ခါမှ မကြည့်ပြီ။
၃။ ထိုပန်းချီတွေ, ရှိမှန်းပေ, သူလေ မသိပြီ။
၄။ ကုံကော်ပင်က, ပွင့်ကြွေမှ, ပွင့်စွ သူ သိသည်။
၅။ မင်း-မိဖုရား, ရှိခိုးငြား, သူကား မကြည့်ပြီ။
၆။ ဆုပေးတဲ့ခါ, မင်းကြီးဟာ, ချမ်းသာပါစေချည်း ပေးသည်။
၇။ မျက်စိစောင့်ငြား, မထေရ်အား, လေးစား ကြည်ညိုသည်။
၈။ မထေရ်လိုပင်, မျက်စိတွင်, စောင့်လျှင် ကောင်းပါသည်။

# ညည်းတွားသံကြောင့်

ကန္ဒရသာလကျောင်းတိုက်မှာ နေတဲ့ ၀ါ ၆၀ ရ မထေရ်ဟာ သေရာညောင်စောင်းပေါ်မှာ လဲလျောင်းပြီး ပြင်းထန်တဲ့ ဒုက္ခဝေဒနာကြောင့် ညည်းတွားနေပါတယ်။ တိဿမင်းမြတ်က "မထေရ်ကို ဖူးမယ်"ဆိုပြီး ကျောင်းတိုက်တံခါးမှာ ရပ်နေပါတယ်။ အဲဒီညည်းတွားသံကို ကြားရလို့ "ဒီအသံက ဘယ်သူ့အသံလဲ"လို့ မေးပါတယ်။ "မထေရ်ရဲ့ အသံပါ"လို့ ဖြေကြတယ်။ "ရဟန်း၀ါ ၆၀ ရတဲ့ မထေရ်ဟာ ဒုက္ခဝေဒနာ ရှုမှတ်မှုကို တောင် မလုပ်နိုင်ဘူး၊ အခု အဲဒီမထေရ်ကို ရှိမခိုးတော့ဘူး"လို့ ဆိုကာ ပြန်လှည့်ပြီး မဟာဗောဓိပင်ကို ရှိခိုးဖို့ သွားတယ်။ အဲဒီနောက် အလုပ်အကျွေး ရဟန်းငယ်က မထေရ်ကို "အရှင်ဘုရား၊ တပည့်တော်တို့ကို ဘာကြောင့် အရှက်ခွဲပါသလဲ၊ သဒ္ဓါတရားရှိတဲ့ တိဿမင်းတောင် စိတ်နှလုံး မသာမယာဖြစ်ပြီး ရှိမခိုးတော့ဘူး"လို့ ဆိုကာ သွားပါတယ်။ "ငါ့ရှင်၊ ဘာကြောင့်လဲ"လို့ မေးတဲ့အခါ "အရှင်ဘုရားရဲ့ ညည်းတွားသံကို ကြားရလို့ပါ"လို့ ဖြေတယ်။

"ဒီလိုဆိုရင် ငါ့အား တရားအားထုတ်ခွင့် ပြုကြပါ"လို့ ပြောကာ ရှုမှတ်မှုနဲ့ ဝေဒနာကို ခွာပြီး ရဟန္တာဖြစ်သွားကာ အလုပ်အကျွေးရဟန်း

http://www.dhammadownload.com



ငယ်အား "ငါ့ရှင် သွားပါ၊ အခု ရှင်ဘုရင်ကို ငါ့ကို ရှိခိုးခိုင်းပါ"လို့ အမှတ်သညာပေးပါတယ်။ ရဟန်းငယ်က သွားပြီး "အခု မထေရ်ကို ရှိခိုးကြတဲ့"လို့ ပြောတယ်။ ရှင်ဘုရင်က မိကျောင်းလို ပြားပြားဝပ်ကာ မထေရ်ကို ရှိခိုးပါတယ်။ "တပည့်တော်ဟာ အရှင်ဘုရားနဲ့ အရဟတ္တဖိုလ်ကို ရှိခိုးတာ မဟုတ်ပါ။ ပုထုဇဉ်အဖြစ်မှာ တည်ကာ စောင့်ထိန်းခဲ့တဲ့ သီလကိုသာ ရှိခိုးခြင်း ဖြစ်ပါတယ်" လို့ လျှောက်တယ်။

(သီလက္ခန်၊ ၄၊ ၂၆၀)

ဒီတိဿရှင်ဘုရင် ထင်မြင်ယူဆသလို ဒုက္ခဝေဒနာကို နိုင်အောင် ရှုမှတ်နိုင်ရင် အလွန်ပဲ ကောင်းပါတယ်။ ဒီမထေရ်ကလည်း မဟာသံဃရက္ခိတမထေရ်လိုပဲ ရဟန္တာဖြစ်တာ မြန်လှပါတယ်။ တိဿဘုရင်က အရဟတ္တဖိုလ်ကို ရှိမခိုးဘဲ ပုထုဇဉ်ဘဝက သီလကိုပဲ ရှိခိုးတာဟာလည်း ထူးဆန်းနေပါတယ်။ မထေရ်ရဲ့ ညည်းတွားသံကြောင့် အကြည်ညိုပျက်သွားတဲ့ တိဿဘုရင်ဟာ ရဟန္တာဖြစ်သွားတဲ့အခါ မထေရ်ကို ပြားပြားဝပ် ရှိခိုးပါတော့တယ်။ ဒုက္ခဝေဒနာနဲ့ တွေ့တဲ့အခါ မညည်းတွားဘဲ ရှုမှတ်မှုနဲ့ ခွာနိုင်ကြရင် ကောင်းပါလေစွ။

## လင်္ကာ

၁။ သေရာညောင်စောင်းမှာ, လဲလျောင်းကာ,
  သူဟာ ညည်းတွားသည်။
၂။ ထိုညည်းသံကြား, ဘုရင်ကား, ပြန်သွားပါလေသည်။
၃။ ထိုကြောင်း သိကာ, ဝေဒနာ, ပယ်ခွာရှုလိုက်သည်။
၄။ တစ်ခဏတွင်းမှာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၅။ မထေရ့်သီလ, ဘုရင်က, အားရပါးရ ရှိခိုးသည်။

http://www.dhammadownload.com

# အဆင်းရဲဆုံး လူတစ်ဦး

အခါတစ်ပါးမှာ မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်။ ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓဆိုတဲ့ ဆင်းရဲသားတစ်ယောက် ရှိခဲ့တယ်။ သူဟာ အမိဝမ်းထဲ ပဋိသန္ဓေနေကတည်းက ဆင်းရဲလာခဲ့တယ်။ အမိဝမ်းတွင်းကတည်းက နူနာရောဂါ စွဲကပ်လာခဲ့တယ်။ နှာခေါင်းနဲ့ နားရွက်တွေ ပျက်စီးလာခဲ့တယ်။ သူ့မိခင်လည်း သူ ပဋိသန္ဓေနေကတည်းက စားစရာ မပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်လာခဲ့ရတယ်။ မွေးဖွားပြီးတဲ့နောက်လည်း ဆင်းဆင်းရဲရဲနဲ့ သူ့ကိုစောင့်ရှောက်လာခဲ့ရတယ်။ ခွက်လက်စွဲပြီး တောင်းရမ်းစားနိုင်လောက်တဲ့ အရွယ် ရောက်တဲ့အခါကျတော့ မိခင်ကလည်း သည်းမခံနိုင်တော့ဘူး။ သူ့အား တောင်းရမ်းစားဖို့ ခွက်တစ်ခု ပေးပြီး စွန့်ပစ်သွားတယ်။

နေစရာလည်း သူ့မှာ မရှိဘူး။ မြို့ထဲက လမ်းဘေး တစ်နေရာရာမှာ အိပ်ရတယ်။ နူနာရောဂါကလည်း အပြင်းအထန် နှိပ်စက်လို့ အလွန်နာကျင်တဲ့အတွက် ညမှာလည်း ကောင်းကောင်း မအိပ်ရဘူး။ ညည်းညူမြည်တမ်းနေရတယ်။ အဲဒီ ညည်းညူမြည်တမ်းသံကြောင့် အနီးအပါးအိမ်များက လူတွေလည်း ကောင်းကောင်း မအိပ်ရဘူး။ နိုးနေကြရတယ်။ အဲဒီလိုဖြစ်ပုံကြောင့် သူ့ကို "သုပ္ပဗုဒ္ဓ၊ ကောင်းစွာနိုးစေလျက် အိပ်ရေးပျက်စေတဲ့ အကောင်" လို့ ခေါ်ကြပါတယ်။

http://www.dhammadownload.com



တစ်နေ့သောအခါ မြတ်စွာဘုရားက ဆွမ်းခံကြွကာ ဆွမ်းဘုဉ်းပေးပြီး မြို့ထဲ သင့်လျော်တဲ့ တစ်နေရာမှာ ခေတ္တနေစဉ် ရဟန်းတော်များနဲ့ ဆွမ်းလှူတဲ့ ဒါယကာတွေ လာရောက်ပြီး စုဝေးမိတဲ့အခါ တရားတော်ကို ဟောကြားနေတော်မူတယ်။ အဲဒီအခါ သုပ္ပဗုဒ္ဓက အရပ်ထဲ လှည့်လည်ပြီး တောင်းရမ်းနေရင်း လူထုပရိသတ်ကို အဝေးကပဲ မြင်သွားတယ်။ စားစရာ ဝေငှနေတယ် ထင်ပြီး စားစရာ တစ်စုံတစ်ရာ ရနိုင်လိမ့်မယ် ထင်လို့ လူထုပရိသတ်ဆီကို သွားတယ်။ ပရိသတ်ကြီး ခြံရံပြီး တရားဟောနေတဲ့ ဘုရားရှင်ကို မြင်သွားတယ်။ မြင်သွားလို့ "စားစရာ ဝေငှနေတာ မဟုတ်ဘူး။ ဒီရဟန်းဂေါတမ တရားဟောနေတာပဲ။ တရားနာရရင် ကောင်းမှာပဲ" လို့ အတွေးပေါ်လာတယ်။ ငါလည်း တရားနာမယ်လို့ တွေးကာ ပရိသတ်အစွန် သင့်တော်တဲ့ တစ်နေရာမှာ ထိုင်လိုက်တယ်။

မြတ်စွာဘုရားက ပရိသတ်အားလုံးကို "ဒီပရိသတ်ထဲမှာ တရားကို ဘယ်သူ သိနိုင်မလဲ" လို့ ဉာဏ်တော်နဲ့ ကြည့်တော်မူလိုက်တဲ့အခါ သုပ္ပဗုဒ္ဓကို မြင်သွားတယ်။ သူနဲ့ သင့်လျော်တဲ့ တရားကို ဟောပါတယ်။ အဲဒီတရားကို နာနေရင်း နှလုံးသွင်းရှုသိပြီး ဝိပဿနာဉာဏ်အစဉ်ဖြင့် သောတာပတ္တိဖိုလ်ကို ရောက်ကာ သောတာပန် ဖြစ်သွားပါတယ်။

အဲဒီလို တရားထူးရပြီးတော့ မိမိရထားတဲ့ တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်တယ်။ လူထုပရိသတ်ထဲ မဝင်ဝံ့လို့ တရားနာပရိသတ် မြတ်စွာဘုရားကို ရှိခိုးကာ လိုက်ပို့ပြီး ပြန်သွားကြတဲ့အခါ မြတ်စွာဘုရားက ကျောင်းကို သွားတော့ သူလည်း ကျောင်းကို လိုက်သွားတယ်။ အဲဒီအခါ သိကြားမင်းက "ဒီသုပ္ပဗုဒ္ဓဟာ သူ ရထားတဲ့ တရားထူးကို ထင်ရှားပြလိုနေတယ်" လို့ သိလို့ "သူ့ကို စုံစမ်းမယ်"လို့

http://www.dhammadownload.com



ကြဲကာ သွားပြီး ကောင်းကင်မှာ ရပ်ရင်း "သုပ္ပဗုဒ္ဓ၊ သင်ဟာ လူဆင်းရဲပဲ။ ငါက သင့်အား အတိုင်းအတာမရှိတဲ့ ဥစ္စာကို ပေးမယ်။ ဂေါတမဘုရားဟာ ဘုရားအစစ် မဟုတ်ဘူး။ ဂေါတမဘုရား ဟောတဲ့တရားဟာ တရားအစစ် မဟုတ်ဘူး။ ဂေါတမဘုရားရဲ့ တပည့်သံဃာဟာ သံဃာအစစ် မဟုတ်ဘူး။ ငါဟာ ဂေါတမဘုရားဖြင့် အလိုမရှိ။ တရားဖြင့် အလိုမရှိ၊ သံဃာဖြင့် အလိုမရှိလို့ ပြောပါ" လို့ ပြောတယ်။

"ခင်ဗျားက ဘယ်သူလဲ။"

"ငါက သိကြားမင်းပဲ။"

"မိုက်ကန်းတဲ့ အရှက်မရှိတဲ့ သိကြားမင်း၊ ခင်ဗျားဟာ ကျွန်ုပ်နဲ့ စကားပြောဖို့ မထိုက်တန်ပါဘူး။ ခင်ဗျားဟာ မပြောသင့်တာတွေကို ပြောတယ်။ နောက်ပြီးတော့ ခင်ဗျားက ကျွန်ုပ်ကို ဆင်းရဲတဲ့လူလို့ ဘာကြောင့် ပြောရတာလဲ။ ကျွန်ုပ်ဟာ မြတ်စွာဘုရားရဲ့ သားတော်အစစ်ဖြစ်ပါတယ်။ လူဆင်းရဲ၊ လူမွဲ မဟုတ်ပါ။ တကယ်တော့ ကျွန်ုပ်ဟာ အလွန်ချမ်းသာသူ၊ စည်းစိမ်ဥစ္စာ ပေါများသူ ဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ အရိယာသူတော်ကောင်းဥစ္စာ ၇ ပါးနဲ့ ပြည့်စုံသူကို ဆင်းရဲသူ မဟုတ်၊ ချမ်းသာကြွယ်ဝသူလို့ ဘုရားအစရှိတဲ့ ပညာရှိတို့က မိန့်ဆိုတော်မူကြပါတယ်။"

သိကြားမင်းဟာ သုပ္ပဗုဒ္ဓရဲ့စကားကို နားထောင်ပြီး သုပ္ပဗုဒ္ဓကို လမ်းခရီးအကြားမှာ ထားခဲ့ကာ မြတ်စွာဘုရားထံ သွားပြီး စကားအားလုံးကို လျှောက်ပြတယ်။ ဘုရားရှင်က သိကြားမင်းကို "သိကြားမင်း၊ သင့်လို သိကြားမင်းတွေ ၁၀၀၊ ၁၀၀၀ ကလည်း သုပ္ပဗုဒ္ဓကို 'ဂေါတမဘုရားဟာ ဘုရားအစစ် မဟုတ်ဘူး။ ဂေါတမဘုရား ဟောတဲ့တရားဟာ တရားအစစ် မဟုတ်ဘူး။ ဂေါတမဘုရားရဲ့ တပည့်သံဃာဟာ သံဃာ

http://www.dhammadownload.com



အစစ် မဟုတ်ဘူး' လို့ ပြောအောင် မတတ်နိုင်ဘူး" လို့ မိန့်တော်မူပါတယ်။ (ဥဒါနပါဠိ၊ ၁၃၄၊ ၄၊ ၂၅၈)

သုပ္ပဗုဒ္ဓဟာ သောတာပန် ဖြစ်သွားပြီမို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်သွားပါတယ်။ သူ့ယုံကြည်မှုကို ဘယ်လိုပုဂ္ဂိုလ်ကမှ ပျက်ပြားအောင် မလုပ်နိုင်ကြပါ။

## လင်္ကာ

၁။ သုပ္ပဗုဒ္ဓါ, နူနာမှာ, လွန်စွာ ဆင်းရဲသည်။
၂။ ဘုရားတရား, သူ နာကြား, တရား ရသွားသည်။
၃။ သဒ္ဓါစစ္စာ, (၇) ဖြာ, ဉစ္စာ ပိုင်ဆိုင်ပြီ။
၄။ သာသနာမှာ, လူချမ်းသာ, သူဟာ ဖြစ်သွားပြီ။
၅။ ဘုရား-တရား, သံဃာအား, သူကား လွန်ယုံကြည်။
၆။ သူ့ရဲ့သဒ္ဓါ, သိကြားဟာ, လှုပ်ကာ ကြည့်သေးသည်။
၇။ သိကြားမင်းသာ, လက်မြှောက်ကာ, နတ်ရွာ ပြန်သွားသည်။
၈။ သူ့သဒ္ဓါကား, လွန်ခိုင်သွား, အားကျစရာ ကောင်းသည်။

http://www.dhammadownload.com

# အံ့ဩဖွယ် ယောက်ျား

ကောရဗျကကျောင်းက ပဥ္စင်းငယ်တစ်ပါးဟာ ပါဠိသင်ယူဖို့ ရောဟဏဇနပုဒ်ကို သွားတယ်။ မထေရ် (ဦးလေးမထေရ်) ရဲ့ နှမ ဖြစ်တဲ့ ဥပါသိကာမကလည်း သားဖြစ်သူ အဲဒီပဥ္စင်းငယ်ရဲ့အကြောင်းကို မထေရ်အား အမြဲ မေးတယ်။ တစ်နေ့မှာ မထေရ်ဟာ ပဥ္စင်းငယ်ကို ခေါ်ဆောင်မယ်လို့ ကြံစည်ပြီး ရောဟဏဇနပုဒ်သို့ ရှေ့ရှုကြွသွားတယ်။ ပဥ္စင်းငယ်ကလည်း "ငါဟာ ဒီအရပ်မှာ နေတာ ကြာပြီ။ အခု ဥပဇ္ဈာယ်ဆရာကို ဖူးမြော်ပြီး မိခင်ဥပါသိကာမရဲ့အကြောင်းကိုလည်း သိပြီးရင် ပြန်လာမယ်" လို့ တွေးကာ ရောဟဏဇနပုဒ်မှ ထွက်ခွာခဲ့တယ်။ အဲဒီ တူဦးရီးနှစ်ပါးလုံးဟာ ဂင်္ဂါမြစ်ကမ်းမှာ တွေ့ဆုံမိကြတယ်။ ပဥ္စင်းငယ်က သစ်ပင်တစ်ပင်အောက်မှာ မထေရ်အား ဝတ်ပြုတယ်။

"ဘယ်ကို သွားမလဲ" လို့ မထေရ်က မေးတဲ့အခါ လာခဲ့ရခြင်းရဲ့ အကြောင်းကို လျှောက်ထားတယ်။ မထေရ်က "သင် ရပ်ရွာကို ပြန်လာတာဟာ ကောင်းတဲ့အလုပ်ကို လုပ်တာပဲ။ သင့်မယ်တော် ဥပါသိကာမကလည်း အမြဲ ငါ့အား မေးလျှောက်တယ်။ ငါကလည်း သင့်ကို ခေါ်ဆောင်ဖို့ လာခဲ့တယ်။ သင် သွားပေတော့။ ငါကတော့ ဒီအရပ်မှာပဲ

http://www.dhammadownload.com



ဒီဝါ ကပ်တော့မယ်” လို့ ပြောပြီး ပဥ္စင်းငယ်ကို လွှတ်လိုက်တယ်။ ပဥ္စင်းငယ်ဟာ ဝါကပ်တဲ့နေ့မှာပဲ အဲဒီကောရဏ္ဍကကျောင်းကို ရောက်သွားတယ်။ သူ့ဖခင် လှူဒါန်းထားတဲ့ ကျောင်းပဲ သူ့အတွက် ကျရောက်တယ်။

သူ့ဖခင် ဥပါသကာက နောက်တစ်နေ့မှာ ကျောင်းကို လာပြီး “အရှင်ဘုရားတို့၊ တပည့်တော်ရဲ့ကျောင်းဟာ အဘယ်ရဟန်းအား ကျရောက်ပါသလဲ” လို့ မေးလျှောက်တယ်။ “အာဂန္တုပဥ္စင်းငယ်အား ကျရောက်တယ်” လို့ ကြားရလို့ အဲဒီပဥ္စင်းငယ်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ “အရှင်ဘုရား တပည့်တော်တို့ရဲ့ကျောင်းမှာ ဝါကပ်တဲ့ ရဟန်းမှာ ဝတ်ရှိပါတယ်” လို့ လျှောက်တယ်။ “အဘယ်ဝတ်လဲ ဥပါသကာ” လို့ မေးတဲ့အခါ “ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့ရဲ့ အိမ်မှာသာ ဆွမ်းခံပြီး ဝါကျွတ်လို့ ပဝါရဏာပြုပြီးနောက် ကြွသွားတဲ့အခါ တပည့်တော်တို့အား ပြောကြားရပါမယ်ဘုရား” လို့ လျှောက်တယ်။ ပဥ္စင်းငယ်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်တယ်။

ဥပါသကာကလည်း အိမ်ကို ပြန်သွားကာ “ငါတို့ရဲ့ကျောင်းမှာ အာဂန္တုအရှင်မြတ်တစ်ပါး ကြွရောက်နေတယ်။ ရိုရိုသေသေ လုပ်ကျွေးပြုစုကြမယ်” လို့ ပြောတယ်။ ဥပါသိကာမက “ကောင်းပါပြီ” လို့ ဝန်ခံပြီး မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်ကို စီမံတယ်။ ပဥ္စင်းငယ်ကလည်း ဆွမ်းစားချိန်မှာ မိဘဆွေမျိုးအိမ်ကို ကြွတယ်။ ဒါပေမဲ့ အဲဒီ ပဥ္စင်းငယ်ကို ဘယ်သူကမှ မမှတ်မိ။ ပဥ္စင်းငယ်ဟာ သုံးလပတ်လုံး အဲဒီအိမ်မှာပဲ ဆွမ်းဘုဉ်းပေးပြီး ဝါကျွတ်တော့ “ဦးပဥ္စင်း သွားတော့မယ်” လို့ ပန်ကြားတယ်။ အဲဒီအခါ ပဥ္စင်းငယ်အား ဆွေမျိုးတွေက “အရှင်ဘုရား၊ နက်ဖြန်မှ ကြွပါဘုရား” လို့ လျှောက်ထားပြီး နောက်တစ်နေ့ အိမ်မှာပဲ ဆွမ်းကပ်တယ်။ ဆီကျည်တောက်ကို အပြည့်ထည့်ပေးပြီး တင်လဲ တစ်ခဲနဲ့

http://www.dhammadownload.com



(၉) တောင်ရှိတဲ့ အဝတ်စကို လှူကာ "ကြွပေတော့ အရှင်ဘုရား" လို့ လျှောက်ကြတယ်။ ပဥ္စင်းငယ်က အနုမောဒနာတရား ဟောကြားပြီး ရောဟဏဇနပုဒ်ကို ရှေ့ရှုကြွသွားတယ်။

ပဥ္စင်းငယ်ရဲ့ဦးရီးတော် ဥပဇ္ဈာယ်ဆရာဟာလည်း ပဝါရဏာပြုပြီးလို့ ခရီးရင်ဆိုင်လာတဲ့အခါ ရှေးက တွေ့ဆုံခဲ့ရာ အရပ်မှာပဲ အဲဒီ ပဥ္စင်းငယ်ကို တွေ့တယ်။ ပဥ္စင်းငယ်ဟာ သစ်ပင်တစ်ပင်အောက်မှာ မထေရ်အား ဝတ်ပြုတယ်။ အဲဒီအခါ ပဥ္စင်းငယ်ကို "မျက်နှာရွှင်သာတဲ့ ငါ့ရှင်၊ သင်ဟာ မယ်တော်ဥပါသိကာမကို တွေ့ခဲ့ပြီလား" လို့ မထေရ်က မေးတယ်။ ပဥ္စင်းငယ်က "တွေ့ခဲ့ပါပြီ အရှင်ဘုရား" လို့ အစချီကာ အကြောင်းစုံကို လျှောက်ထားတယ်။ မိဘအိမ်က ရခဲ့တဲ့ဆီနဲ့ မထေရ်ရဲ့ ခြေတွေကို သုတ်လိမ်းတယ်။ တင်လဲခဲနဲ့ အဖျော်ဖျော်ကာ ကပ်တယ်။ အဲဒီအဝတ်စကိုလည်း မထေရ်အားပဲ လှူလိုက်တယ်။ မထေရ်ကို ရှိခိုးပြီး "အရှင်ဘုရား၊ တပည့်တော်အား ရောဟဏဇနပုဒ်ကပဲ လျှောက်ပတ်ပါတယ်"လို့ လျှောက်ထားပြီး သွားတယ်။ မထေရ်ကလည်း ကျောင်းကို လာရောက်ပြီး နောက်တစ်နေ့မှာ ကောရဏ္ဍကရွာကို ဝင်တယ်။

ဥပါသိကာမလည်း "ငါ့ရဲ့ အစ်ကိုမထေရ်ဟာ ငါ့သားရဟန်းကို ခေါ်ပြီး ယခု လာလိမ့်မယ်"လို့ အမြဲမပြတ် လမ်းကို မျှော်ကြည့်လျက်သာ နေတယ်။ အဲဒီဥပါသိကာမဟာ တစ်ပါးတည်းသာ ကြွလာတဲ့ အစ်ကိုမထေရ်ကို မြင်ရတဲ့အခါ "ငါ့သားရဟန်း သေပြီ ထင်တယ်၊ ဒီ မထေရ်ဟာ တစ်ပါးတည်းသာ ကြွလာတယ်" လို့ စဉ်းစားမိလို့ မထေရ်ရဲ့ ခြေရင်းမှာ ဝပ်ပြီး ဖွဲ့နွဲ့မြည်တမ်းကာ ငိုကြွေးတယ်။ မထေရ်က "ပဥ္စင်းငယ်က အလိုနည်းပါးလို့ မိမိကို အသိမပေးဘဲသာ သွားဟန်တူတယ်" လို့ အဲဒီနှမ ဥပါသိကာမကို နှစ်သိမ့်စကားပြောပြီး အဖြစ်သနစ် အလုံးစုံ

http://www.dhammadownload.com



ကို ပြောပြတယ်။ ပြီးတော့ သပိတ်အိတ်ထဲက အဲဒီပဥ္စင်းငယ် လှူလိုက်တဲ့ အဝတ်စကို ထုတ်ပြတယ်။

ဥပါသိကာမဟာ ကြည်ညိုလို့ သားပဥ္စင်းငယ် သွားရာအရပ်ကို ရှေးရှုကာ ရင်နဲ့ ဝပ်ပြီး ရှိခိုးတယ်။

"ငါ့သားနဲ့တူတဲ့ ရဟန်းကို သက်သေပြုပြီး မြတ်စွာဘုရားက ရထဝိနီတသုတ်မှာ လာတဲ့အကျင့်၊ နာလကရဟန်းအား ဟောထားတဲ့ မောနေယျအကျင့်၊ တုဝဋ္ဋကသုတ်မှာ လာတဲ့အကျင့်၊ ပစ္စည်းလေးပါးမှာ ရောင့်ရဲခြင်းနဲ့ ဘာဝနာမှာ မွေ့လျော်ခြင်းကို ပြတတ်တဲ့ မဟာအရိယဝံသ အကျင့်တွေကို ဟောခဲ့ဟန်တူတယ်။ မွေးမိခင်ရဲ့အိမ်မှာ ၃ လပတ်လုံး ဆွမ်းဘုဉ်းပေးနေပေမယ့်လည်း "ဦးပဥ္စင်းက ဒါယိကာမကြီးရဲ့ သား၊ ဒါယိကာမကြီးက ဦးပဥ္စင်းရဲ့ မယ်တော်" လို့ ဒီလောက်ကိုတောင် မပြောဘဲ နေနိုင်ပါပေတယ်။ အံ့ဩဖွယ်ယောကျ်ားပါတကား" လို့ လျှောက်ထားတယ်။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၈၈)

ကိုယ့်အမေ၊ အဖေနဲ့ တစ်ဝါတွင်းလုံး တွေ့နေရပါလျက် သားဖြစ်ကြောင်းကို အသိမပေး၊ မပြောကြားဘဲ နေနိုင်တာဟာ အတော်မလွယ်တဲ့ ကိစ္စ ဖြစ်ပါတယ်။ မိဘနှစ်ပါးကလည်း ကိုယ့်သားရဟန်းကို မှတ်မိဖို့ ကောင်းပါတယ်။ မမှတ်မိလောက်အောင်ဘဲ သားရဟန်းရဲ့ အသွင်အပြင်က အပြောင်းလဲကြီး ပြောင်းလဲသွားလို့ ဖြစ်ပါလိမ့်မယ်။ ရုပ်သွင်ပြင်သာ မက အသံကပါ အပြောင်းလဲကြီး ပြောင်းလဲသွားလို့ ဖြစ်ပါလိမ့်မယ်။ ရုပ်ရော အသံပါ မမှတ်မိလောက်အောင် ပြောင်းလဲသွားပုံ ရပါတယ်။

ပဥ္စင်းငယ်ဟာ မိဘဆွေမျိုးအပေါ် သံယောဇဉ် အတွယ်အတာ ကင်းနိုင်လှပါပေတယ်။ အလွန်ပဲ ကြည်ညိုစရာ ကောင်းလှပါတယ်။ အဲဒီလို အသိမပေးဘဲ နေတာဟာ မိဘဆွေမျိုးတွေအား ထက်သန်တဲ့

http://www.dhammadownload.com



ဒါနကုသိုလ် စသည် ဖြစ်စေလိုတဲ့အတွက်လည်း ရည်ရွယ်ဟန် တူပါတယ်။ တကယ်လို့ မိဘတွေက သားမှန်း သိသွားရင် သားဆိုတဲ့ ခင်မင်မှုနဲ့ လှူဒါန်းကျွေးမွေးတာလည်း ဖြစ်နိုင်တယ်။ ဒီလိုဆိုရင် သီလ စတဲ့ ဂုဏ်သက်သက်ကို ကြည်ညိုပြီး လှူတဲ့ စင်ကြယ်တဲ့ကုသိုလ် မဟုတ်ဘဲ အားလျော့သွားနိုင်ပါတယ်။ သားမှန်း မသိရင်တော့ ဝါတွင်းသုံးလပတ်လုံး လှူတဲ့ကုသိုလ်၊ ရှိသေတဲ့ကုသိုလ်တွေဟာ သီလစတဲ့ ဂုဏ် သက်သက်ကိုသာ ကြည်ညိုပြီး ပြုတဲ့အတွက် ထက်သန်စင်ကြယ်တဲ့ ကုသိုလ်တွေချည်း ဖြစ်သွားတယ်။ အဲဒီလို ထက်သန်စင်ကြယ်တဲ့ ကုသိုလ်တွေ ဖြစ်စေရန်အတွက် ရည်ရွယ်ပြီးတော့ သားမှန်း မသိစေဘဲ အာဂန္တုသူစိမ်း ရဟန်းအသွင်နဲ့ နေသွားဟန်တူပါတယ်။ အဲဒီရည်ရွယ်ချက်ဟာ အလွန်ကောင်းတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

## လင်္ကာ

၁။ မွေးမေ့အိမ်မှာ, သုံးလကြာ, သူဟာ ဆွမ်းစားသည်။
၂။ သို့သော် သူကား, မယ်တော်အား, သားလို့ မပြောပြီ။
၃။ မပြောဘဲသာ, နေနိုင်တာ, လွန်စွာ အံ့ဩရပါသည်။
၄။ သံယောဇဉ်ပြတ်, သူ့စိတ်ဓာတ်, မြင့်မြတ်လွန်းလှသည်။

http://www.dhammadownload.com

# အဆင့်မြင့်တဲ့ အစိဋ္ဌာန်

လယ်သမားလိုဏ်မှာ သီတင်းသုံးနေတဲ့ အရှင်မိတ္တမထေရ်ကို သူဆွမ်းခံရွာမှ ဥပါသိကာမကြီးတစ်ယောက်က သားလိုပင် အလေးအမြတ်ပြုပြီး လျှူဒါန်းထောက်ပံ့နေပါတယ်။ တစ်နေ့သောအခါ သစ်သီးသစ်ရွက် စသည်ကို ရှာရန် တောသို့ သွားခါနီးမှာ အဲဒီဥပါသိကာမကြီးက သူ့သမီးကို ဒီလို မှာထားခဲ့တယ်။ "သမီးရေ ဟိုနေရာမှာ ဆန်ဟောင်းအကောင်းတွေ ရှိတယ်။ ဟိုနေရာမှာ ထောပတ်ရယ်၊ နွားနို့ရယ်၊ တင်လဲရယ် သိမ်းထားတာ ရှိတယ်။ သမီးရဲ့အစ်ကို အရှင်မိတ္တ ဆွမ်းခံကြွလာတဲ့အခါ အဲဒီဆန်ဟောင်း အမွန်အမြတ်တွေဖြင့် ချက်ပြီး ထောပတ် နွားနို့၊ တင်လဲများနှင့်တကွ ဆွမ်းကပ်ရစ်ပါ။ သမီးလည်း ကျန်တာစားပေ့ါ။ ငါကတော့ ယမန်နေ့က ကျန်နေတဲ့ ထမင်းကျန်ကို ထမင်းရည်နဲ့ စားပြီးပြီ။ နေ့လယ်စားဖို့အတွက်ကိုတော့ ဆန်ကွဲနဲ့ ဟင်းချဉ်ရွက် စပ်ပြီး ဆန်ပြုတ်ချဉ်ကလေး ကျိုထားလိုက်ပေတော့" လို့ မှာထားခဲ့ပါတယ်။

အရှင်မိတ္တမထေရ်က သင်္ကန်းရုံပြီးတော့ သပိတ်ကို အိတ်ထဲမှ ထုတ်ဆောင်နေရင်းပင် အဲဒီဥပါသိကာမကြီး မှာထားတဲ့အသံကို ကြားရလို့ သတိသံဝေဂဖြစ်ပြီး မိမိကိုယ်ကို ဒီလို ဆုံးမပါတယ်။ "ဒကာမကြီး

http://www.dhammadownload.com



က ထမင်းရည်နဲ့ ထမင်းကျန်ကို စားသွားသတဲ့။ နေ့လယ်ကျတော့လည်း ဆန်ကွဲဟင်းရွက်စပ် ဆန်ပြုတ်ချဉ်ကို စားသောက်မယ်တဲ့။ သင် ရဟန်း အတွက်တော့ ဆန်ဟောင်းစသည် အကောင်းတွေကို ညွှန်ကြားတယ်။ ဒီဒကာမကြီးဟာ သင်ရဟန်းကို မှီပြီး လယ်ယာ၊ ထမင်း၊ အဝတ်တို့ကို ရလိမ့်မယ်လို့ မျှော်လင့်ပြီး လှူတာ မဟုတ်ဘူး။ လူ နတ် နိဗ္ဗာန် သုံးတန် သော စည်းစိမ်ချမ်းသာကိုသာ တောင့်တပြီး လှူတာပဲ။ သင်ရဟန်းဟာ ဒီဒကာမကြီးအား အဲဒီစည်းစိမ်ချမ်းသာတွေကို ပေးစွမ်းနိုင်ပါ့မလား။ စင်စစ်မှာတော့ ဒီဒကာမကြီးရဲ့ ဆွမ်းကို သင်ရဟန်းဟာ ရာဂ၊ ဒေါသ၊ မောဟ မကင်းဘဲ ခံယူရန် မထိုက်ဘူး" လို့ ဆင်ခြင်ပြီးတော့ သပိတ်ကို အိတ်ထဲ ပြန်ထည့်ပြီး သူ့နေရာလိုဏ်သို့ ပြန်သွားတယ်။ အဲဒီရောက် တော့ "အရဟတ္တဖိုလ်သို့ မရောက်မချင်း အပြင်မထွက်တော့ဘူး" လို့ အပြင်းအထန်အားထုတ်ရန် အဓိဋ္ဌာန်ပြုပြီး ထိုင်နေတယ်။ ကြာမြင့်စွာ သောကာလကပင် မမေ့မလျော့ အားထုတ်လာခဲ့တဲ့အတွက် ဝိပဿနာ ကို ပွားစေပြီး အဲဒီနံနက်ပိုင်းမှာပဲ အရဟတ္တဖိုလ် ရောက်ပြီး ရဟန္တာ ဖြစ်တော်မူပါတယ်။

အဲဒီအခါ နံနက်ပိုင်းမှန်း သိပြီးတော့ ဟိုဒကာမကြီးအိမ်သို့ ဆွမ်းခံ ကြွတော်မူပါတယ်။ ဒကာမကြီးရဲ့ သမီးက ဆွမ်းကို အသင့်ချက်ပြုတ်ပြီး မထေရ်မြတ် လာနိုးလာနိုးနဲ့ စောစောကတည်းက စောင့်မျှော်နေတယ်။ ကြွရောက်လာတဲ့အခါကျတော့ သပိတ်ထဲ ထောပတ် တင်လဲများနှင့် တကွ နွားနို့ဆွမ်းကို ကပ်လှူလိုက်တယ်။ မထေရ်က (သုခံ ဟောတု) ချမ်းသာဖြစ်ပွားပါစေလို့ ဆုပေးပြီး ပြန်ကြွသွားတယ်။ ဉပါသိကာမကြီး က တောမှ ပြန်လာတဲ့အခါ "ဘယ်နှယ့်လဲ သမီး၊ သင့်အစ်ကိုတော် ကြွလာရဲ့လား" လို့ မေးတယ်။ အဲဒီအခါ သမီးက အကြောင်းအလုံးစုံ

http://www.dhammadownload.com



ကို အကုန်ပြောပြတယ်။ အဲဒီအထဲမှာ မထေရ်ကြီး၏ မျက်နှာဟာ အခါ တိုင်းထက် ကြည်လင်နေတယ်ဆိုတာကို ကြားရတဲ့အတွက် အဲဒီ ဥပါ သိကာမကြီးက "ငါ့သားတော် ဒီကနေ့ ရဟန်းကိစ္စ ပြီးသွားပြီလို့ သိပြီး "သမီးရေ၊ သင့်အစ်ကိုတော်ဟာ ဘုရားသာသနာတော်မှာ ပျော်သွား ပြီ။ မပျင်းတော့ဘူး"လို့လည်း ပြောကြားပါတယ်။

(သုတ်မဟာဝါ၊ ဠ၊ ၃၇၉)

လောကလူတွေ အများစုဟာ ဝတ်မှု၊ စားမှု၊ အကြွားမှုတွေမှာ အားပြုနေကြပါတယ်။ လောကလူတွေမှာ နှမြောမှု မစ္ဆရိယရန် ပုန်ကန် သောင်းကျန်းလျက် ရှိကြပါတယ်။ ကိုယ့်အတွက် ခြိုးခြံပြီး သံဃာတော် အား အမွန်အမြတ်တွေကို လှူဒါန်းကြတာဟာ အင်မတန် မွန်မြတ်ကြ ပါတယ်။ ဒီအလှူပေးပုဂ္ဂိုလ်တွေက တော်ကြသလို အလှူခံပုဂ္ဂိုလ်က လည်း တော်လှပါပေတယ်။ အခုကာလ အလှူပေးပုဂ္ဂိုလ်တွေထဲမှာ လည်း ဒီအလှူပေးပုဂ္ဂိုလ်တွေလို ပုဂ္ဂိုလ်တွေ ရှိကြပါလိမ့်မယ်။ အလှူခံ ပုဂ္ဂိုလ်တွေဘက်မှာ "အရဟတ္တဖိုလ်သို့ မရောက်သေးမချင်း လိုဏ်ရဲ့ အပြင်ကို မထွက်တော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး အပြင်းအထန် တရား အားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ မရှိသလောက်ဘဲ ရှားမယ် ထင်ပါ တယ်။ အရှင်မိတ္တကတော့ အလွန်တော်ပါပေတယ်။ အဲဒီလို အဓိဋ္ဌာန် ပြုကာ တရားအားထုတ်လို့ အချိန်တိုအတွင်းမှာ ရဟန္တာ ဖြစ်သွားပါပေ တယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ သမီးနဲ့ အမေ, သဒ္ဒါတွေ, လွန်ပေ ကောင်းမွန်သည်။
၂။ ကိုယ့်တွက် ခြိုးခြံ, ပင်ပန်းခံ, လှူရန် တွေးကြံသည်။
၃။ အမေ့မှာစကား, အရှင်ကြား, တရား အားထုတ်ပြီ။
၄။ ရဟန္တာ မဖြစ်သေးသမျှ, ဒီလိုဏ်မှ, ပြင်ပ မထွက်ပြီ။
၅။ ပြင်းထန်ထုတ်ရန်, အဓိဋ္ဌာန်, စိတ်ကြံ အောင်မြင်ပြီ။
၆။ အဲဒီနံနက်မှာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၇။ ပေးလှူသူ-တော်, ယူသူ-တော်, အတော် တူကြသည်။

http://www.dhammadownload.com

# မထဘဲ အားထုတ်မယ်

ယခုသီရိလင်္ကာခေါ်တဲ့ သီဟိုဠ်ကျွန်း တောင်ဘက်စွန်းမှာ မဟာဂါမဆိုတဲ့ ထင်ရှားတဲ့ ဌာနတစ်ခု ရှိတယ်။ ယခုတော့ မာဂမလို့ ခေါ်တယ်။ အဲဒီမဟာဂါမမှာ ထင်းရောင်းစားတဲ့ ဆင်းရဲသားတစ်ယောက် ရှိခဲ့ဖူးတယ်။ သူ့အမည်က မဟာတိဿတဲ့။ သူက စေတနာသဒ္ဓါတရား ကောင်းတယ်။ ဒါကြောင့် သူ့ဇနီးနဲ့ တိုင်ပင်ပြီး ၁၅ ရက် တစ်ကြိမ်ကျ သံဃာတော်ထံမှ ပင့်ပြီး ဆွမ်းလှူတယ်။ သာမဏေငယ်များက သူ့ဆွမ်းဟင်းကို ခံယူပြီးတော့ မကောင်းဘူးဆိုတဲ့ အနေနဲ့ သူတို့ မျက်မှောက်မှာပဲ သွန်ပစ်သွားကြသတဲ့။

အဲဒီအကြောင်းကို ကြားသိရတော့ ထင်းသည် မဟာတိဿဒကာကြီးက "ငါတို့က ဆင်းရဲနွမ်းပါးတဲ့အတွက် အရှင်မြတ်တွေကို နှစ်သိမ့်ကျေနပ်အောင် မလှူနိုင်ဘူး၊ ဘယ်လို လုပ်ရရင် ကောင်းမလဲ" လို့ ညည်းညူပြီး ပြောတယ်။ အဲဒီအခါ သူ့ဇနီးက "ဘယ်နှယ့်ပြောတာလဲရှင်၊ သားသမီး ရှိနေရင် ဆင်းရဲနွမ်းပါးသူ မမည်ပါဘူး။ ဟောတာဟာ ရှင့်သမီးပဲ။ ဒီသမီးကို တစ်ဦးဦးအိမ်မှာ အစေခံအဖြစ် ပေါင်နှံထားရင်

http://www.dhammadownload.com



ငွေ ၁၂ ကျပ် ရမယ်။ အဲဒီငွေနဲ့ နို့စားနွားမတစ်ကောင်ကို ဝယ်ပါ။ အရှင်မြတ်များအား စာရေးတံ နို့ဆွမ်း လှူကြပါမယ်။ အဲဒီလို လှူရင် အရှင်မြတ်များကို နှစ်သိမ့်ကျေနပ်စေနိုင်ကြပါလိမ့်မယ်” လို့ အကြံပေး ပြောကြားတယ်။ အဲဒီ ညွှန်ကြားချက်အတိုင်း သမီးကို အိမ်တစ်အိမ်မှာ ခေတ္တအပေါင်သဘောထားပြီး ရလာတဲ့ ငွေ ၁၂ ကျပ်ဖြင့် နို့စားနွားမကို ဝယ်လာတယ်။ အဲဒီနွားမမှ သူတို့၏ ဘုန်းကံကြောင့် ညနေ ၃ မာဏိကာ၊ နံနက် ၃ မာဏိကာ ထွက်သတဲ့။ မာဏိကာဆိုတာ ပြန်ရှိုး ပြန်စဉ် အနက်အားဖြင့် ၄ စိတ်ဝင်တင်းကို ခေါ်တယ်။ ဒီလိုဆိုတော့ တစ်နေ့တစ်နေ့မှာ နွားနို့ ၆ တင်း ၆ တင်း ထွက်တယ်လို့ ဆိုရမှာပေါ့။ ယခုခေတ်အနေနဲ့ ယုံဖို့ ခက်ကောင်းခက်ပါလိမ့်မယ်။ ဒါပေမဲ့ သူတို့၏ ပုညဘုန်းကံကြောင့် ထွက်တယ်ဆိုတော့ ဟိုခေတ်က ထူးခြားချက်ပဲလို့ ယူရင်သင့်လောက်စရာရှိပါတယ်။ အဲဒီလိုအယူအဆကိုလည်း လက်မခံနိုင်ရင်တော့ မာဏိကာဆိုတဲ့ စကားအဖြင့် အဲဒီခေတ်တုန်းက အများသုံးနေကြတဲ့ နွားနို့ခြင်ခွက်လို့ ယူရုံရှိတာပါပဲ။ ညနေမှာရတဲ့ နွားနို့ကို နို့ဓမ်းလုပ်ပြီး အဲဒီနို့ဓမ်းမှ ရတဲ့ ဆီဦးဖြင့် ထောပတ်လုပ်တယ်။ အဲဒီထောပတ်ဖြင့် ဆမ်းပြီး နို့ဆွမ်းကို စာရေးတံဆွမ်းအဖြစ်ဖြင့် လှူကြတယ်။ စာရေးတံ ဆွမ်းဆိုတာ သံဃာတော်ထံမှ မဲချပြီး ကျရာပုဂ္ဂိုလ်က အလှူခံရတယ်။ အဲဒီအခါကစပြီး ထင်းသည်မဟာတိဿအိမ်မှာ စာရေးတံဆွမ်းကို ဘုန်းကံကြီးတဲ့ (ကံကောင်းတဲ့)ရဟန်းသာမဏေများသာ မဲကျပြီး ရရှိကြပါသတဲ့။

တစ်နေ့သောအခါမှာ အဲဒီမဟာတိဿက ဇနီးဖြစ်သူကို ပြောတယ်။ “ငါတို့မှာ သမီးကလေးကြောင့် ရှက်ဖွယ်မှ လွတ်ခဲ့တယ်။ ငါတို့အိမ်က ဆွမ်းလည်း အရှင်မြတ်တို့ သုံးဆောင်ထိုက်သည့် အကောင်း

http://www.dhammadownload.com



အမြွက် ဖြစ်ရတယ်။ ရှင်မက ဒီဆွမ်းအလျှုဝတ်ကို မပျက်မကွက် ဆောင်ရွက် ရစ်ပါ။ ငါတော့ သမီးကလေး လွတ်မြောက်အောင် ရာကြံ ပြုလုပ်ဦးမယ်” လို့ ပြောပြီး ကြံညှစ်စက်တစ်ခုမှာ ဝင်ပြီး အလုပ် လုပ်တယ်။ ၆ လ ကြာတဲ့အခါ ငွေ ၁၂ ကျပ် ရတော့ သမီးကို ရွေးယူဖို့ရာ လုံလောက်ပြီလို့ စဉ်းစားပြီး ပြန်လာခဲ့တယ်။

အဲဒီအချိန်မှာ အမ္ဗရိယကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတဲ့ ပိဏ္ဍပါတိက တိဿမထေရ်ကလည်း တိဿမဟာဝိဟာရက စေတီတော်ကို ဖူးမြော်ရန် အဲဒီလမ်းကိုပဲ ထွက်လာတယ်။ ထင်းသည် မဟာတိဿ ဒကာကြီးက အဲဒီအရှင်တိဿမထေရ်ကို မြင်ရတော့ မီအောင် လိုက်လာပြီးတော့ အရှင်တိဿမထေရ်ကို ရှိခိုးကန်တော့ပြီး အတူတကွ သွားနေတယ်။ အဲဒီလို သွားနေရင်း နေမွန်းတည့်အချိန် နီးကပ်လာတဲ့ အခါ “ငါ့မှာ ထမင်းထုပ် မပါဘူး၊ အရှင်မြတ်မှာ ဆွမ်းဘုဉ်းပေးဖို့ အချိန်ကျနေပြီ။ ဆွမ်းစရိတ်ငွေတော့ ငါ့မှာ ရှိတယ်။ ရွာတံခါးတစ်ခု ရောက်တဲ့အခါ ဝယ်ပြီး ဆွမ်းကပ်မယ်” လို့ အကြံအစည် ဖြစ်တယ်။

အဲဒီလို အကြံဖြစ်နေတုန်းမှာပဲ လူတစ်ယောက်က ထမင်းထုပ်နဲ့ ရောက်လာတယ်။ ဒကာကြီးက အရှင်တိဿကို ခေတ္တငံ့လင့်နေရန် လျှောက်ထားပြီးတော့ ထမင်းထုပ်ပါလာသူထံ သွားပြီး “ငွေတစ်ကျပ် ပေးမယ်၊ ထမင်းထုပ်ကို ကျွန်ုပ်အား ပေးပါ” လို့ ပြောတယ်။ အဲဒီတော့ ထမင်းထုပ်ရှင်က စဉ်းစားကြည့်တယ်။ “ဒီထမင်းထုပ်ဟာ ယခုနေအခါ တစ်ပဲတောင် မတန်ဘူး၊ တစ်ကျပ်ပေးမယ်ဆိုတော့ အကြောင်းထူး ရှိမှာပဲ”လို့ စဉ်းစားပြီး “တစ်ကျပ်နဲ့ မပေးနိုင်ဘူး”လို့ ဆိုပါသတဲ့။ လူတွေဆိုတာ ရနိုင်မယ်ဆိုရင် မတရားရချင်တဲ့ အဓမ္မရာဂ ဝိသမလောဘ ဆိုတာက ရှိနေတာပဲ။ တစ်ပဲမျှ မတန်တာကို တစ်ကျပ်ပေးမယ်ဆိုရင်

http://www.dhammadownload.com



ဝမ်းမြောက်ဝမ်းသာနဲ့ ရောင်းသင့်တာပဲ။ ဒါပေမဲ့ အဲဒီ မတရားလောဘကြောင့် ဈေးကိုင်လိုက်တာပဲ။ အဲဒီတော့ မဟာတိဿဒကာကြီးက စေတနာဗရပွနဲ့ ဆွမ်းကပ်ချင်နေတဲ့အတွက် ၂ ကျပ် ပေးမယ်၊ ၃ ကျပ် ပေးမယ် စသည်ဖြင့် ဈေးတက်ပြီး ပေးတယ်။ ထမင်းထုပ်ရှင်က မပေးနိုင်ဘူးလို့ချည်း ငြင်းနေတယ်။ ၁၂ ကျပ် ပေးမယ်ဆိုသည့်တိုင်အောင် မပေးနိုင်ဘူးလို့ ဈေးကိုင်နေတာပဲတဲ့။

အဲဒီတော့ မဟာတိဿဒကာကြီးက "ကျွန်ုပ်မှာ ၁၂ ကျပ်မှ တစ်ပါး အခြားငွေတွေလည်း ရှိသေးရင် ဒါထက်ပိုပြီးလည်း ပေးနိုင်ပါတယ်။ ကျွန်ုပ်အတွက်လည်း မဟုတ်ပါဘူး။ ဟိုသစ်ပင်အောက်မှာ အရှင်မြတ်တစ်ပါးကို ထိုင်နေစေခဲ့ပါတယ်။ အဲဒီအရှင်အတွက်ပါ။ ခင်ဗျားမှာလည်း ကုသိုလ်ဖြစ်ပါလိမ့်မယ်။ အဲဒီ ထမင်းထုပ်ကို ပေးပါ" လို့ တောင်းပန်ပြီး ပြောပါတယ်။ "ဒါဖြင့် ယူပါတော့။ ငွေ ၁၂ ကျပ်ကိုလည်း ပေးပါ" ဆိုပြီး ထမင်းထုပ်ရှင်က ရောင်းလိုက်တယ်။ မဟာတိဿ ဒကာကြီးက အဲဒီထမင်းထုပ်ကို ယူလာခဲ့ပြီး အရှင်တိဿမထေရ်ရဲ့ သပိတ်ထဲ လောင်းထည့် လှူလိုက်တယ်။ တစ်ဝက်လောက် ထည့်မိတဲ့အခါကျတော့ အရှင်တိဿမထေရ်က သပိတ်ကို ပိတ်လိုက်တယ်။ "ဒီဆွမ်းက တစ်ပါးစာသာ ဖြစ်ပါတယ်။ ဒီဆွမ်းထဲက တပည့်တော် စားရန် မဖြစ်နိုင်ပါဘူး။ အရှင်ဘုရားအတွက်သာ ဖြစ်ပါတယ်။ တပည့်တော်ကို သနားသဖြင့် အကုန်ပဲ ခံယူတော်မူ ပါ" လို့ လျှောက်ပြီး အကုန်လုံးပဲ လောင်းထည့်ပြီး လှူလိုက်ပါတယ်။ အရှင်တိဿမထေရ်ကလည်း အကြောင်းထူးတော့ ရှိမှာပဲလို့ ဆင်ခြင်ပြီး အကုန်လုံးပဲ ခံယူသုံးဆောင်တော်မူပါတယ်။

http://www.dhammadownload.com



ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ခရီးဆက်သွားကြပြန်ပါတယ်။ အဲဒီလို သွားနေရင်း "ဒကာကြီးဟာ ဘာကြောင့် ဟိုထမင်းကို မစားသလဲ" လို့ အရှင်တိဿမထေရ်က မေးတော့ မဟာတိဿဒကာကြီးက အကြောင်း အလုံးစုံကို အကုန်ဖွင့်လျှောက်ပါတယ်။ အဲဒီအကြောင်းစုံကို ကြားရတဲ့ အခါ အရှင်တိဿမထေရ်မှာ သံဝေဂ ဖြစ်သွားပြီးတော့ "ဒီဒကာဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုပေတာပဲ။ ငါဟာ ဒီလို ဆွမ်းကို စားပြီးတော့ ဒီဒကာ ရဲ့ ကျေးဇူးကို သိသူ ဖြစ်သင့်တာပဲ။ သင့်လျော်တဲ့ ကျောင်းအိပ်ရာနေရာ ကိုရရင် အဲဒီကျောင်းမှာ အရေ အသား အသွေးများ ခန်းခြောက်သွား ချင် သွားပါစေ၊ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် မရောက်ရင် မထဘဲ အားထုတ်မယ်" လို့ ဆင်ခြင် ဆုံးဖြတ်မိပါသတဲ့။ အဲဒီလို ဆုံးဖြတ်ပြီး နောက် သွားမြဲသွားလို့ တိဿမဟာဝိဟာရသို့ ရောက်တဲ့အခါ အာဂန္တုကဝတ်များလည်း ပြုပြီးတော့ မိမိရတဲ့ ကျောင်းခန်းထဲ နေရာခင်းပြီး ထိုင်လျက် မူလက အားထုတ်ရင်းစွဲ ကမ္မဋ္ဌာန်းကို နှလုံးသွင်း အားထုတ် နေတယ်။ အဲဒီနေ့ညဉ့်မှာတော့ အရောင်အလင်းလောက်တောင် မတွေ့ ရဘူးတဲ့။ နောက်တစ်နေ့မှစပြီး ဆွမ်းခံသွားခြင်း ပလိဗောဓကို ဖြတ်လျက် အဲဒီကမ္မဋ္ဌာန်းကို အနုလုံ ပဋိလုံ ရှုနေတယ်လို့ ဆိုပါတယ်။ အဲဒီနည်း ဖြင့် ဝိပဿနာရှုလျက် ခုနစ်ရက်မြောက် အရုဏ်တက်ချိန်မှာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သွားပါသတဲ့။ အဲဒီအခါ ကိုယ်က အလွန်ပင်ပန်း အားနည်းနေတဲ့အတွက် ကြာရှည်စွာ အသက် ရှင်နေဦးမည်၊ မနေမည်ကို ဆင်ခြင်ကြည့်တဲ့အခါ ကြာမြင့်စွာ အသက် ရှင်လျက် မတည်နိုင်တော့ဘူးဆိုတာကို သိရတဲ့အတွက် နေရာများကို သိမ်းဆည်းခဲ့ပြီးတော့ သပိတ်သင်္ကန်းများကို ယူခဲ့ပြီး ကျောင်းတိုက်

http://www.dhammadownload.com



အလယ်က စည်ကြီးကို တီးစေကာ ရဟန်းသံဃာကို စည်းဝေးစေပါသတဲ့။

အဲဒီလို စည်းဝေးစေပြီးတော့ မဂ်ဖိုလ်နှင့်စပ်ပြီး ယုံမှားရှိရင် မေးကြဖို့ ပန်ကြားတယ်။ အဲဒီတော့ သံဃာတော်က "ငါ့ရှင် သူတော်ကောင်း၊ သင်လိုပုဂ္ဂိုလ်ဟာ မရှိတဲ့ဂုဏ်ကို မပြောကြားပါဘူး။ ဒီအရာမှာ ယုံမှားမရှိကြပါဘူး။ သင့်မှာ သံဝေဂဖြစ်ခြင်းရဲ့အကြောင်းကို သိလိုကြပါတယ်။ ဘယ်အကြောင်းကို စွဲမှီပြီး အရဟတ္တဖိုလ်ရောက်အောင် သင်အားထုတ်ပါသလဲ" လို့ မေးတယ်။ အဲဒီအခါ အရှင်တိဿမထေရ်က "အရှင်ဘုရားတို့၊ ဒီမဟာဂါမမှာ ဝလ္လိယလမ်း၌ ထင်းသည် မဟာတိဿဆိုတဲ့ ဥပါသကာဟာ သူ့သမီးလေးကို ငွေ ၁၂ ကျပ်နှင့် အပေါင်ထားပြီးတော့ နို့စားနွားမကို ဝယ်ပါတယ်။ အဲဒီနွားမမှ နွားနို့ဖြင့် သံဃာတော်အား စာရေးတံ နို့ဆွမ်း လှူနေပါတယ်။ သူ့သမီးကို ပြန်ရွေးနိုင်ဖို့ ကြံစက်မှာ အလုပ်သွားလုပ်ပါတယ်။ ငွေ ၁၂ ကျပ်ရတဲ့အခါ သမီးကို ပြန်ရွေးယူဖို့ ပြန်လာပါတယ်။ ပြန်လာစဉ် လမ်းခရီးမှာ လူတစ်ယောက်ထံမှ ထမင်းထုပ်ကို ရလာတဲ့ ငွေ ၁၂ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး တပည့်တော်အား ဆွမ်းလှူပါတယ်။ ဒီအကြောင်းတွေကို ဆွမ်းစားပြီးတဲ့နောက်မှ သိရပါတယ်။ အဲဒီအကြောင်းအရာများကို စွဲမှီပြီး "ဆွမ်းတံ့ပူဇော်မယ်" ဆိုတဲ့အနေနဲ့ အပြင်းအထန်တရားအားထုတ်ပြီး အရဟတ္တဖိုလ်တရားထူးကို ပြည့်စုံစေပါတယ်အရှင်မြတ်တို့ဘုရား"လို့ ပြောကြားပါသတဲ့။ အဲဒီလို ပြောကြားပြီးတော့ "ငါ၏ အလောင်းစင်ပြာသာဒ်ဟာ ထင်းသည် မဟာတိဿ၏လက်ဖြင့် ထိကာမျှ၌သာလျှင် လှုပ်ရှားပါစေ"လို့ အဓိဋ္ဌာန်ပြုပြီး ပရိနိဗ္ဗာန် ဝင်စံသွားပါတယ်။

http://www.dhammadownload.com



အဲဒီအခါတုန်းက သီဟိုဠ်တောင်ပိုင်းအစွန်မှာ ဒုဋ္ဌဂါမဏိရဲ့ ခမည်းတော် ကာကဝဏ္ဏတိဿ ဆိုတဲ့ မင်းကြီးက စိုးအုပ်နေဆဲ ဖြစ်တယ်။ အဲဒီမင်းကြီးက 'ရဟန္တာတစ်ပါး ပရိနိဗ္ဗာန်စံတယ်' ဆိုတဲ့သတင်းကို ကြားရတဲ့အတွက် မဟာဂါမမြို့တော်မှ တိဿမဟာဝိဟာရသို့ ထွက်တော်မူလာပါတယ်။ ပြုသင့်တဲ့ ကိစ္စတွေကို အားလုံးပြုပြီးတဲ့အခါ အလောင်းစင်ပြာသာဒ်ကို မီးသင်္ဂြိုဟ်မည့်ဌာနသို့ ယူဆောင်ရွှေ့စေတော့ ရွှေ့လို့ မလို့မရဘဲ ရှိနေပါသတဲ့။ အဲဒီတော့ အကျိုးအကြောင်း စဉ်းစားကြည့်တဲ့အခါ အဓိဋ္ဌာန်ပြုသွားကြောင်း သိရတဲ့အတွက် ထင်းသည် မဟာတိဿကို ခေါ်စေတယ်။ မေးမြန်းပြီးတော့ လမ်းမှာ ဆွမ်းကပ်ခဲ့တဲ့ ရဟန်းတော် ဟုတ် မဟုတ် ကြည့်ရှုစေတယ်။ ဟုတ်ကြောင်း သိရတဲ့အခါ ထူးမြတ်တဲ့ အဝတ် အဆင်တန်ဆာများကို ဝတ်ဆင်စေပြီးတော့ အလောင်းစင်ပြာသာဒ်ကို မစေတယ်။ ထင်းသည် မဟာတိဿက မထေရ်ရဲ့ခြေတော်တို့ကို ရိုသေစွာ ရှိခိုးပြီး လက်နှစ်ဖက်နဲ့ ပင့်မလိုက်တယ်။ ပင့်မပြီး သူ့ရဲ့ခေါင်းပေါ်မှာ တင်လိုက်တယ်။ အဲဒီအခါ အလောင်းစင်ပြာသာဒ်က သူ့အလိုလို ပျံတက်ပြီး မီးသင်္ဂြိုဟ်မယ့် ထင်းပုံပေါ် ရောက်သွားတယ်။ လေးဖက်လေးတန်မှ သူ့အလိုလို မီးထပြီး လောင်သွားပါတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၃၉၅)

ထင်းသည် မဟာတိဿတို့ ဇနီးမောင်နှံဟာ သူတို့သမီးလေးကို အလွန်ပဲ ချစ်ခင်ကြပါလိမ့်မယ်။ ဒါပေမဲ့ သမီးလေးအပေါ် ချစ်တဲ့အချစ်ထက် သံဃာတော်တွေအား လှူလိုတဲ့ စေတနာ၊ သဒ္ဓါတရားက ပိုပြီး ပြင်းထန်နေပါတယ်။ ဒီလို သဒ္ဓါတရားကလည်း ရှားရှားပါးပါး သဒ္ဓါတရား ဖြစ်ပါလိမ့်မယ်။ သမီးလေးကို ပြန်ရွေးဖို့ ယူလာတဲ့ ငွေ ၁၂ ကျပ်နဲ့ ဆွမ်းဝယ်ယူ လှူဒါန်းလိုက်ပြန်တော့ ထင်းသည် မဟာတိဿရဲ့ သဒ္ဓါ

http://www.dhammadownload.com



တရားဟာ ပိုမိုအားကောင်းကြောင်းကို သိရပြန်ပါတယ်။ သူတို့လို စေတနာ သဒ္ဓါတရား ရှိဖို့ရာ လွန်စွာမှ ခက်ခဲလှပါတယ်။

"အရေ၊ အသား၊ အသွေးများ ခန်းခြောက်သွားချင် သွားပါစေ၊ တစ်ထိုင်တည်းနဲ့ပဲ အရဟတ္တဖိုလ် မရောက်ရင် မထဘဲ အားထုတ်မယ်" လို့ ဆင်ခြင်ဆုံးဖြတ်တဲ့ တိဿမထေရ်ရဲ့ ဇွဲသတ္တိဟာ ကြီးမားလှပါပေတယ်။ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ ရက်စက်နိုင်ပါပေတယ်။ အခက်အခဲ နည်းနည်းတွေ့ရုံနဲ့ နောက်တွန့်သွားကြသူတွေ နောက်ဆုတ်ကာ လက်မြှောက်အရှုံးပေးသွားကြသူတွေအဖို့ တိဿမထေရ်ရဲ့ ဆုံးဖြတ်ချက်က အားကျစရာ ဖြစ်ပါတယ်။

အလှူ့ရှင် မဟာတိဿတို့ရဲ့ စေတနာ၊ သဒ္ဓါဟာ ထိပ်တန်းရောက်နေကြပါတယ်။ အရှင်တိဿမထေရ်ရဲ့ ဇွဲ သတ္တိ ဝီရိယဟာလည်း ထိပ်တန်းရောက်နေပါတယ်။ ထိပ်တန်း ဇွဲ၊ ထိပ်တန်း သတ္တိ၊ ထိပ်တန်း ဝီရိယပိုင်ရှင်မှာ အရဟတ္တဖိုလ်ပန်းတိုင်ဟာ နီးကပ်လျက် ရှိနေပါတယ်။ အရှင်တိဿမထေရ်က ထိပ်တန်းစေတနာ သဒ္ဓါရှင် မဟာတိဿ ထင်းသည်အား ထိပ်တန်း ဇွဲ၊ ထိပ်တန်း သတ္တိ၊ ထိပ်တန်း ဝီရိယနဲ့ ဆွမ်းတုံ့ပြန် ပူဇော်ပါတယ်။ ဆွမ်းကျေးဇူးဆပ်ပါတယ်။

"ကိုယ်လုပ်မယ့် လုပ်ငန်းတစ်ခု မပြီးစီး မအောင်မြင်မချင်း အလျှော့မပေးဘူး၊ နောက်ကြောင်း မပြန်ဘူး" လို့ မြဲမြဲစွာ အဓိဋ္ဌာန်ထားကာ အလုပ်လုပ်ကြရင် ကိုယ့်လုပ်ငန်းက ပြီးစီးအောင်မြင်မှာ သေချာပါတယ်။ အရှင်တိဿမထေရ်ကို အတုယူပြီး ကျင့်သုံးသင့်ကြပါတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ သမီးလေးဘက်, အချစ်ထက်, လျှုတွက် သဒ္ဓါ ပိုသန်သည်။

၂။ သမီး ပေါင်ကာ, လှူပေးရာ, သဒ္ဓါ ကောင်းလွန်းသည်။

၃။ ကိုယ့်သမီးလေး, ပြန်ရွေးရေး, ငွေလေး ရလာသည်။

၄။ ထိုငွေနဲ့ပါ, ဆွမ်းဝယ်ကာ, သူဟာ လှူပြန်သည်။

၅။ အလှူခံအရှင်ဟာ, သူ့သဒ္ဓါ, ကောင်းစွာ သိသွားသည်။

၆။ အရေ-အသား, အသွေးများ, ခြောက်သွားချင်သွားစေ။

၇။ တစ်ထိုင်တည်းသာ, ရဟန္တာ, ငါဟာ ဖြစ်အောင် အားထုတ်မည်။

၈။ ထိုသို့ ဆုံးဖြတ်, တရားမှတ်, အရဟတ္တဖိုလ် ရောက်သည်။

၉။ ပေးလှူသူ-တော်, ယူသူ-တော်, အတော် တူကြသည်။

http://www.dhammadownload.com

# ငါ အောင်ပြီ

ရှေးအခါက ဗာရာဏသီမြို့မှ ဗြဟ္မဒတ်မင်း မင်းလုပ်အုပ်ချုပ်တဲ့ အခါ ပေါက်တူးပညာရှိလို့ အမည်တွင်သူ သာသနာပ ရသေ့ဝတ်ပြီး ၈ လပတ်လုံး ဟိမဝန္တာမှာ နေကာ မိုးအခါမှာ မြေကြီး စိုစွတ်လာတဲ့ အခါ "ငါ့အိမ်မှာ တစ်ပြည်ဝက် ပြောင်းမျိုးနဲ့ ပေါက်တူးတုံးတုံးတစ်ခု ရှိတယ်။ အဲဒီပြောင်းမျိုးစေ့ မပျက်စီးပါစေနဲ့" လို့ တွေးကာ လူထွက်ပြီး နေရာတစ်ခုကို ပေါက်တူးနဲ့ ပေါက်တယ်။ မျိုးစေ့ စိုက်ပျိုးတယ်။ ခြံစည်း ရိုး ကာရန်တယ်။ ရင့်မှည့်တဲ့အခါမှာ မျိုးစေ့ကို ယူပြီး တစ်ပြည်ခွဲ လောက် ချန်ထားကာ ကျန်တာကို စားပစ်တယ်။ ပေါက်တူးပညာရှိဟာ "ငါ့မှာ အခု အိမ်မှာ နေလို့ ဘာလုပ်မှာလဲ၊ နောက်ထပ် ၈ လ ရသေ့ဝတ် မယ်" လို့ တွေးကာ အိမ်က ထွက်ပြီး ရသေ့ဝတ်တယ်။

ဒီနည်းနဲ့ တစ်ပြည်ဝက်ပြောင်းနဲ့ ပေါက်တူးအတုံးကို အမှီပြုပြီး ၇ ကြိမ်တိုင်တိုင် လူထွက်ပြီး ရသေ့ဝတ်ကာ ၇ ကြိမ်မြောက်မှာ "ငါဟာ ဒီပေါက်တူးအတုံးကို အမှီပြုပြီး ၇ ကြိမ်တိုင်တိုင် လူထွက်ပြီး ရသေ့ဝတ် ခဲ့တယ်။ တစ်နေရာရာမှာ ဒီပေါက်တူးကို စွန့်ပစ်မယ်" လို့ တွေးတယ်။ သူဟာ ဂင်္ဂါမြစ်ကမ်းကို သွားပြီး "ကျရာအရပ်ကို မြင်ရင် ဆင်းပြီး ယူနေ

http://www.dhammadownload.com



ဦးမယ်၊ မမြင်အောင် စွန့်ပစ်မယ်”လို့ တွေးကာ တစ်ပြည်ဝက် ပြောင်းမျိုးစေ့ကို အဝတ်နွမ်းနဲ့ ထုပ်တယ်။ အဝတ်နွမ်းကို ပေါက်တူးအရိုးမှာ ချည်တယ်။ ပေါက်တူးကို အရိုးအဖျားမှာ ကိုင်ပြီး ဂင်္ဂါမြစ်ကမ်းမှာ ရပ်တယ်။ မျက်စိတွေကို မှိတ်ပြီး ဦးခေါင်းပေါ် သုံးကြိမ် ဝှေ့ရမ်းရစ်ပတ်ကာ ဂင်္ဂါမြစ်ထဲ ပစ်ချလိုက်တယ်။ ပြန်လှည့်ကြည့်တဲ့အခါ ကျရာနေရာကို မမြင်ရလို့ “ငါ အောင်ပြီ၊ ငါ အောင်ပြီ” လို့ သုံးကြိမ် အော်ဟစ်လိုက်တယ်။

အဲဒီခဏမှာ ဗာရာဏသီမင်းဟာ တိုင်းနိုင်ငံအစွန်အဖျားအရပ်ကို ငြိမ်သက်စေပြီး ပြန်လာတဲ့အခါ မြစ်ကမ်းဘေးရှိ သစ်ခက်ဝဲနန်းမှာ နေတယ်။ ရေချိုးဖို့ မြစ်ကို ဆင်းတဲ့အခါ အဲဒီအသံကို ကြားရတယ်။ မင်းတွေဆိုတာကလည်း “ငါ အောင်နိုင်ပြီ” ဆိုတဲ့ အသံကို မကြိုက်ကြဘူး။ ဗာရာဏသီမင်းက ပေါက်တူးပညာရှိထံ သွားပြီး “ငါက အခု ရန်သူကို နှိမ်နင်းပြီး ‘ငါ အောင်နိုင်ပြီ’ လို့ တွေးကာ လာခဲ့တယ်။ သင်ကတော့ “ငါ အောင်ပြီ၊ ငါ အောင်ပြီ” လို့ အော်ဟစ်တယ်။ အဲဒါ ဘာလဲလို့ မေးတယ်။ ပေါက်တူးပညာရှိက “သင်က ပြင်ပခိုးသူတွေကို အောင်နိုင်တယ်။ ငါ့ရဲ့အောင်နိုင်မှုက နောက်တစ်ဖန် ပြန်မရှုံးနိုင်တဲ့ အောင်နိုင်မှုပဲ ဖြစ်တယ်။ ငါကတော့ အတွင်းက လောဘရန်သူကို အောင်နိုင်ပြီးပြီ။ အဲဒီလောဘရန်သူက ငါ့ကို ပြန်နိုင်လိမ့်မယ် မဟုတ်။ အဲဒီလောဘ ရန်သူကို အောင်နိုင်တာပဲ ကောင်းတယ်” လို့ ပြောပြီး ဂါထာတစ်ပုဒ်နဲ့ အောက်ပါအဓိပ္ပာယ်ကို ပြောပါတယ်။

“အောင်နိုင်ပြီး ပြန်ရှုံးတဲ့ အောင်နိုင်မှုဟာ ကောင်းတဲ့ အောင်နိုင်မှု မဟုတ်ပါ။ အောင်နိုင်ပြီး ပြန်မရှုံးတဲ့ အောင်နိုင်မှုက ကောင်းတဲ့ အောင်နိုင်မှု ဖြစ်တယ်။”

http://www.dhammadownload.com



အဲဒီခဏမှာပဲ ဂင်္ဂါမြစ်ကို ကြည့်ရင်း ရေကသိုဏ်းပွားကာ ဈာန် အဘိညာဉ်တရားထူး ရသွားလို့ ကောင်းကင်မှာ တင်ပျဉ်ခွေ ထိုင်တယ်။ ဗာရာဏသီမင်းဟာ ဘုရားလောင်းရဲ့ တရားစကားကို ကြားရလို့ ရှိခိုးကာ ရသေ့ဝတ်ဖို့ ခွင့်တောင်းတယ်။ မင်းဟာ စစ်သည်ဗိုလ်ပါအပေါင်းနဲ့အတူ ရသေ့ဝတ်ဖို့ ခွင့်တောင်းတယ်။ မင်းဟာ စစ်သည်ဗိုလ်ပါ အပေါင်းနဲ့အတူ ရသေ့ဝတ်တယ်။ ပရိသတ်ဟာ တစ်ယူဇနာလောက် ရှိတယ်။ အနီးအနားနိုင်ငံက မင်းကလည်း ဗာရာဏသီမင်း ရသေ့ဝတ်တာကို ကြားရလို့ "ဗာရာဏသီမင်းရဲ့နိုင်ငံကို သိမ်းပိုက်မယ်" လို့ တွေးပြီး လာတော့ အဲဒီအတိုင်း ပြည့်စုံကြွယ်ဝနေတဲ့မြို့ အချည်းနှီးဖြစ်နေတာကို မြင်သွားတယ်။

"ဒီလိုပြည့်စုံကြွယ်ဝတဲ့ မြို့ကို စွန့်ပြီး ရသေ့ဝတ်သွားတဲ့ ဗာရာဏသီမင်းဟာ အောက်တန်းကျတဲ့နေရာမှာ ရသေ့ဝတ်တာ မဖြစ်နိုင်ပါ။ ငါလည်း ရသေ့ဝတ်သင့်တယ်" လို့ တွေးပြီး အဲဒီအရပ်ကို သွားကာ ဘုရားလောင်းဖြစ်တဲ့ ပေါက်တူးပညာရှိထံ ချဉ်းကပ်တယ်။ ရသေ့ဝတ်ဖို့ ခွင့်တောင်းပြီး အခြွေအရံနဲ့တကွ ရသေ့ဝတ်တယ်။ အဲဒီနည်းနဲ့ မင်း (၇) ပါး ရသေ့ဝတ်ကြတယ်။ သင်္ခမ်းကျောင်းဧရိယာ (၇) ယူဇနာ ရှိသွားတယ်။ မင်း (၇) ပါးဟာ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ပြီး အခြွေအရံအပေါင်းကို ခေါ်ဆောင်ကာ ရသေ့ဝတ်ကြတယ်။ ဘုရားလောင်းဟာ အကျင့်မြတ်ကို ကျင့်ပြီး ဗြဟ္မာ့ပြည် ရောက်သွားတယ်။

ဘုရားရှင်က အဲဒီတရားဒေသနာကို ဆောင်တော်မူပြီး "ရဟန်းတို့၊ ငါဘုရားဟာ အဲဒီအခါက ပေါက်တူးပညာရှိ ဖြစ်ခဲ့တယ်။ အဲဒီ ကိလေသာတွေဆိုတာ အဲဒီလောက် ဝန်လေးတယ်" လို့ မိန့်တော်မူတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၁၉၇)

http://www.dhammadownload.com



"ငါ အောင်ပြီ၊ ငါ အောင်ပြီ" ဆိုတဲ့ စကားကို ရှင်ဘုရင်ကစပြီး သူတောင်းစားအထိ ပြောနိုင်ကြပါတယ်။ လူဆိုတာ အောင်မြင်မှုလေးတွေ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်၊ ကိုယ့်နယ်ပယ်နဲ့ကိုယ် ရှိနေကြတာကိုး။ လူငယ်မှာလည်း ရှိတယ်။ လူလတ်မှာလည်း ရှိတယ်။ လူကြီးမှာလည်း ရှိတယ်။ အမျိုးသားမှာလည်း ရှိတယ်။ အမျိုးသမီးမှာလည်း ရှိတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး၊ ကျန်းမာရေးစတဲ့ အရေးအရာတွေမှာ အောင်မြင်တာတွေ ရှိကြပါတယ်။

တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်မြို့နဲ့တစ်မြို့၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စစ်ခင်းကြတာတွေ ရှိတယ်။ စစ်ခင်းကြရာမှာလည်း အောင်နိုင်မှုတွေ ရှိကြပါတယ်။ ဗာရာဏသီမင်းမှာတော့ ပြင်ပရန်သူကို အောင်နိုင်ခဲ့တယ်။ ပြင်ပ အဲဒီရန်သူတွေမှာ အရှုံးပေါ်ခဲ့ပါတယ်။ အဲဒီရန်သူတွေက ပြန်နိုင်တဲ့အခါလည်း ရှိလာနိုင်တယ်။ အဲဒီအခါ ဗာရာဏသီမင်းမှာ အရှုံးပေါ်ပါလိမ့်မယ်။ ဗာရာဏသီမင်းရဲ့ အောင်နိုင်မှုဟာ အရှုံးပေါ်နိုင်သေးတဲ့ အောင်နိုင်မှုမျိုး ဖြစ်ပါတယ်။ "ငါ အောင်ပြီ၊ ငါ အောင်ပြီ" လို့ ဝမ်းသာစွာ၊ တက်ကြွစွာ ဟစ်ကြွေးခဲ့သူတွေက "အရှုံးပေးပါပြီ၊ အညံ့ခံပါပြီ၊ လက်မြှောက်ပါပြီ" လို့ ဝမ်းနည်းစွာ စိတ်ဓာတ်ကျစွာ ညည်းတွား မြည်တမ်းကြရပြန်တတ်ပါတယ်။

ကိလေသာရန်သူလို့ ခေါ်တဲ့ ကိုယ်တွင်းရန်သူတွေကို အနိုင်တိုက်ခိုက်ဖို့ ခက်လှပါတယ်။ အဲဒီကိလေသာတွေက ရုပ်အထည်ကိုယ်ဒြပ်ရှိလို့ တစ်နေရာရာမှာ ပစ်ချလို့ ရနိုင်ခဲ့မယ်ဆိုရင် စကြဝဠာဟာ အလွန်ကျဉ်းမြောင်းနေပါလိမ့်မယ်။ ပြဟ္မာ့ဘုံက အလွန်နိမ့်နေပါလိမ့်မယ်။ အဲဒီလိုနည်းနဲ့ ကိလေသာတွေအတွက် နေရာမရှိ ဖြစ်ပါလိမ့်မယ်။ ကိလေသာတွေဟာ ပညာရှိဘုရားလောင်းလို အာဇာနည်ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



တောင် မွေ့နှောက်နိုင်ကြပါသေးတယ်။ ဒုက္ခပေးနိုင်ကြပါသေးတယ်။ ဘုရားလောင်း ပေါက်တူးပညာရှိကတော့ ဂြိုဟ်မွှေနေတဲ့ လောဘကိလေသာရန်သူကို အလဲထိုး အနိုင်ယူ တိုက်ခိုက်နိုင်လိုက်ပါတယ်။ သူ့ရဲ့ အောင်နိုင်မှုက အရှုံးမပေါ်တော့တဲ့ အောင်နိုင်မှုဖြစ်လို့ ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ ငါ အောင်ပြီ ဆိုစကား, ဘုရင်များ, နားခါးတတ်ကြသည်။
၂။ အပြင်က ရန်, အောင်ပွဲခံ, ပြန်၍ ရှုံးနိုင်သည်။
၃။ အတွင်းက ရန်, အောင်ပွဲခံ, ပြန်၍ မရှုံးပြီ။
၄။ ဘုရားလောင်းကား, တွင်းရန်အား, အောင်သွားနိုင်လေပြီ။
၅။ တစ်ခါ မှတ်ရာ, ကိလေသာ, တစ်ခါ အောင်နိုင်သည်။
၆။ အခါခါ မှတ်ရာ, ကိလေသာ, အခါခါ အောင်နိုင်သည်။
၇။ မဂ်ဉာဏ် ပေါ်ခါ, ကိလေသာ, မြစ်ပါ ပြုတ်သွားသည်။

http://www.dhammadownload.com

# သည်းခံနိုင်လွန်းသူ

ရှေးအခါက ဗာရာဏသီပြည်မှာ မဟာပတာပမင်း အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီး စန္ဒာဒေဝီရဲ့ ဝမ်းဗိုက်မှာ သန္ဓေတည်တယ်။ မွေးလာတော့ ဘုရားလောင်းကို 'ဓမ္မပါလ' လို့ အမည် မှည့်ကြတယ်။ ဘုရားလောင်းကို ၇ လသားအရွယ်မှာ မိခင်က နံ့သာ ရည်နဲ့ ရေချိုးပေး၊ တန်ဆာဆင်ပေးပြီး ပျော်မြူးစေကာ ထိုင်နေတယ်။ မင်းက မိဖုရားရဲ့နေရာကို သွားတယ်။ မိဖုရားက သားကို ပျော်မြူးစေ ရင်း သားချစ်ခြင်းနဲ့ ကြည်နူးနေလို့ မင်းကို မြင်ပေမယ့်လည်း နေရာက မထမိ ဖြစ်သွားတယ်။

မင်းက "ဒီမိဖုရားဟာ အခုပဲ သားကို အမှီပြုပြီး မာနကြီးနေတယ်။ ငါ့ကို ဘာကြောင့် ဂရုမစိုက်သလဲ။ သား ကြီးလာရင်တော့ ငါ့ကို လူလို့ တောင် မှတ်မှာ မဟုတ်ဘူး။ အခုပဲ အဲဒီသားကို သတ်မယ်" လို့ တွေး တယ်။ မင်းက ပြန်လှည့်သွားပြီး ရာဇပလ္လင်မှာ ထိုင်ကာ "ငါ့ရဲ့အမိန့်နဲ့ လာစေ" လို့ ခိုးသူသတ်သမားကို အခေါ်ခိုင်းတယ်။ ခိုးသူသတ်သမားက ဖန်ရည်နဲ့ ဆိုးထားတဲ့အဝတ်ကို ဝတ်တယ်။ ပန်းအနီကို ဆောင်တယ်။

http://www.dhammadownload.com



ပေါက်ဆိန်ကို ပခုံးမှာ ချိတ်ထားတယ်။ စဉ်းတီတုံးနဲ့ လက်ခြေတွေကို ငြိမ်အောင် ညှပ်တဲ့ တုတ်ကို ယူကာ လာပြီး မင်းကို ရှိခိုးတယ်။ "အရှင်မင်း၊ အကျွန်ုပ် ဘာကို လုပ်ရပါမလဲ" လို့ မေးကာ ရပ်နေတယ်။

"မိဖုရားရဲ့ ကျက်သရေတိုက်ခန်းကို သွားပြီး ဓမ္မပါလမင်းသားလေးကို ဆောင်ယူခဲ့ပါ" လို့ မင်းက ပြောလိုက်တယ်။ မိဖုရားကလည်း ရှင်ဘုရင် စိတ်ဆိုးပြီး ပြန်လှည့်သွားတာကို သိတယ်။ ဘုရားလောင်းကို ရင်ခွင်မှာ သိပ်ပြီး (လဲလျောင်းစေပြီး) ငိုရင်း ထိုင်နေတယ်။ ခိုးသူသတ်သမားက သွားပြီး မိဖုရားရဲ့ကျောကုန်းကို လက်နဲ့ ပုတ်ခတ်ကာ မိဖုရားရဲ့လက်မှ မင်းသားကို လုယူပြီး မင်းထံ လာတယ်။ "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ မင်းက ပျဉ်ချပ်တစ်ခုကို ဆောင်ယူခိုင်းပြီး သူ့ရှေ့မှာ ချထားခိုင်းကာ "အဲဒီဓမ္မပါလကို ဒီနေရာမှာ လဲလျောင်းစေ" လို့ ပြောတယ်။ ခိုးသူသတ်သမားက ခိုင်းတဲ့အတိုင်း လုပ်တယ်။

စန္ဒာဒေဝီမိဖုရားက သားရဲ့နောက်ကပဲ ငိုကြွေးပြီး လိုက်သွားတယ်။ တစ်ဖန် ခိုးသူသတ်သမားက "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ဓမ္မပါလရဲ့ လက်တွေကို ဖြတ်" လို့ ပြောတယ်။ စန္ဒာဒေဝီမိဖုရားက "အရှင်မင်းကြီး၊ ကျွန်မရဲ့ သားလေးက ၇ လပဲ ရှိသေးတဲ့ ကလေးငယ်လေးပါ။ ဘာကိုမှ မသိပါ။ သူ့မှာ အပြစ်မရှိပါ။ အပြစ်ရှိရင် ကျွန်မမှာ ရှိပါတယ်။ ဒါကြောင့် ကျွန်မရဲ့လက်တွေကို အဖြတ်ခိုင်းပါ" လို့ လျှောက်တင်တယ်။ မင်းက ခိုးသူသတ်သမားကို ကြည့်လိုက်တယ်။ "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "အချိန်မဆိုင်းဘဲ လက်တွေကို ဖြတ်" လို့ ပြောတယ်။ အဲဒီခဏမှာ ခိုးသူသတ်သမားဟာ ပုဆိန်ထက်ထက်ကို ယူပြီး မင်းသားရဲ့ လက်တွေကို ဝါးမျှစ်နုနုလေးတွေပမာ ဖြတ်လိုက်တယ်။

http://www.dhammadownload.com



ဓမ္မပါလ မင်းသားလေးဟာ လက်နှစ်ဖက်ကို အဖြတ်ခံရပေမယ့် မငိုဘူး၊ မမြည်တမ်းဘူး။ ခန္တိမေတ္တာကို ရှေ့ထားပြီး သည်းခံနေတယ်။ စန္ဒာဒေဝီကတော့ ပြတ်နေတဲ့ လက်အဖျားကို ရင်ခွင်မှာ ထားပြီး သွေးတွေ ပေကျံကာ ငိုကြွေးနေတယ်။ တစ်ဖန် ခိုးသူသတ်သမားက "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ခြေနှစ်ဖက်တွေကိုလည်း ဖြတ်လိုက်" လို့ ပြောတယ်။ အဲဒီစကားကို ကြားရလို့ ဓမ္မပါလရဲ့ ခြေနှစ်ဖက်ကို ဖြတ်မယ့်အစား သူ့ခြေနှစ်ဖက်ကို ဖြတ်ဖို့ မိဖုရားက ပြောတယ်။ မင်းကလည်း ခိုးသူသတ်သမားကို နောက်ထပ် ခိုင်းပြန်တယ်။ သူက ခြေနှစ်ဖက်ကိုလည်း ဖြတ်လိုက်တယ်။

မိဖုရားက ခြေထောက်အဖျားကို ယူကာ ရင်ခွင်မှာ ထားပြီး သွေးတွေ ပေကျံကာ ငိုကြွေးရင်း "အို အရှင်မဟာပတာပမင်း၊ လက်ခြေ ပြတ်နေတဲ့ ကလေးတွေကို မိခင်က ပြုစုရမှာ ဖြစ်ပါတယ်။ ကျွန်မဟာ အခစား အလုပ် လုပ်ပြီး ကျွန်မရဲ့သားငယ်ကို ပြုစုပါမယ်။ သားငယ်ကို ကျွန်မအား ပေးပါ" လို့ ပြောတယ်။ ခိုးသူသတ်သမားက "အရှင်မင်း၊ ကျွန်တော်မျိုးဟာ မင်းအာဏာကို ပြုလုပ်ပြီးပါပြီလား။ ကျွန်တော်မျိုးရဲ့ ကိစ္စပြီးပါပြီလား" လို့ မေးတယ်။

"မပြီးသေးဘူးလေ။"

"ဒီလိုဆိုရင် ဘာလုပ် ပေးရဦးမှာပါလဲ အရှင်မင်း။"

"ဓမ္မပါလရဲ့ ဦးခေါင်းကို ဖြတ်လိုက်။"

အဲဒီစကားကို ကြားရလို့ ဓမ္မပါလရဲ့ ဦးခေါင်းအစား သူ့ဦးခေါင်းကို ဖြတ်ဖို့ မိဖုရားက ပြောပါသေးတယ်။ နောက်တစ်ခါ ခိုးသူသတ်သမားက "အရှင်မင်း ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ဓမ္မပါလရဲ့ ဦးခေါင်းကို ဖြတ်လိုက်" လို့ ထပ်ပြောတယ်။ ခိုးသူသတ်သမားက

http://www.dhammadownload.com



ဦးခေါင်းကို ဖြတ်ပြီးတဲ့အခါ "အရှင်မင်း၊ မင်းအာဏာကို အကျွန်ုပ် ပြုလုပ်လို့ ပြီးပါပြီလား" လို့ မေးတယ်။

"မပြီးသေးဘူးလေ။"

"ဒီလိုဆိုရင် ဘာ လုပ်ပေးရဦးမှာပါလဲ အရှင်မင်း။"

"သန်လျက်ထိပ်ဖျားနဲ့ ဓမ္မပါလကို ခံယူပြီး သန်လျက်ပန်းကုံး ပြုလုပ်။"

ခိုးသူသတ်သမားဟာ ဓမ္မပါလရဲ့ခန္ဓာကိုယ်ကို ကောင်းကင်ပေါ် မြှောက်တင်လိုက်တယ်။ သန်လျက်ထိပ်ဖျားနဲ့ ခံယူပြီး သန်လျက်ပန်းကုံး လုပ်ကာ မင်းရင်ပြင်ကြီးမှာ ဖြန့်ကြဲလိုက်တယ်။ မိဖုရားက ဘုရားလောင်းရဲ့ အသားတွေကို ရင်ခွင်ထဲမှာ ထည့်ပြီး မင်းရင်ပြင်မှာ ငိုကြွေးမြည်တမ်းနေတယ်။

"ဒီရှင်ဘုရင်မှာ ငါ့သားလေးကို မသတ်ဖို့ တားမြစ်ပေးကြမယ့် မိတ်ဆွေရင်းတွေ၊ ဆွေမျိုးတွေ၊ ကိစ္စအားလုံးမှာ အတူလုပ်ဖော်တွေ၊ စိတ်ထားနူးညံ့သူတွေ မရှိကြလေရော့သလား။"

"စန္ဒကူးနံ့သာ လိမ်းကျံထားတဲ့ ဓမ္မပါလရဲ့ လက်တွေ ခြေတွေ ဦးခေါင်း ပြတ်ကုန်ပြီ။ သန်လျက်ပန်းကုံးကိုလည်း ပြုလုပ်ပြီးပြီ။ အရှင်မင်းဟာ အရှင်မင်းရဲ့ အမျိုးအနွယ်ကို ဖြတ်တောက်ပစ်လိုက်ပြီ၊ သောကကို ခံနိုင်ရည် မရှိတော့လို့ ငါလည်း သေရတော့မယ်။"

အဲဒီလို ငိုကြွေးမြည်တမ်းရင်းပဲ မီးလောင်နေတဲ့ ဝါးတောထဲက ဝါးပမာ နှလုံးကွဲသွားတယ်။ မိဖုရားဟာ ဒီနေရာမှာပဲ သေသွားတယ်။ မင်းကလည်း ပလ္လင်ပေါ်မှာ မရပ်တည်နိုင်တော့လို့ မင်းရင်ပြင်မှာ ကျတယ်။ ပျဉ်ချပ်အပြင်က နှစ်ပိုင်းကွဲသွားတယ်။ အဲဒီကမှ မြေကြီးပေါ် ကျတယ်။ မြေကြီးက သူ့ရဲ့အပြစ်ကို ဆောင်မထားနိုင်လို့ ကွဲပြီး အပေါက်

http://www.dhammadownload.com



အကြွား ပေးတယ်။ အဝီစိက မီးလျှံ ပေါ်ထွက်လာပြီး မင်းကို ယူကာ အဝီစိမှာ ပစ်ချလိုက်တယ်။ သားအမိနှစ်ယောက်ရဲ့ သင်္ဂြိုဟ်ကိစ္စကို အမတ်တွေက ပြုလုပ်ကြတယ်။

မင်းက ဒေဝဒတ်အလောင်း။

စန္ဒာဒေဝီက မဟာပဇာပတိ ဂေါတမီအလောင်း ဖြစ်တယ်။

(ဇာတက၊ ၄၊ တ၊ ၁၆၅)

၇ လသားအရွယ် ကလေးလေးက ဒီလောက် သည်းခံနိုင်တာဟာ အလွန်အံ့ဩစရာ ကောင်းပါတယ်။ အသက်အရွယ် နုနယ်သလောက် ခန္တီမေတ္တာက ရင့်ကျက်လွန်းလှပါတယ်။ အသက်အရွယ် ကြီးရင့်လာလို့ သည်းခံနိုင်တယ်ဆိုတာဟာ သိပ်မဆန်းလှပေမယ့် ငယ်ရွယ်စဉ်မှာ သည်းခံနိုင်လွန်းတာဟာ ဆန်းပါတယ်။ အတော်အတန် သည်းခံနိုင်သူတွေ ရှိကြပေမယ့် ဒီလောက်အထိ သည်းခံနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ယခုခေတ် လူဦးရေသန်းပေါင်း ၆၀၀၀ ကျော်ထဲမှာ တစ်ယောက်တလေတောင်မှ ရှိဖို့ မလွယ်လှပါ။

အသက်ကိုတောင် စွန့်ပြီး သည်းခံနိုင်မှုဟာ လောကကြီးမှာ ရှိရှိသမျှ သည်းခံမှုတွေထက် အဆပေါင်း ရာ၊ ထောင်၊ သိန်း သန်းမက ပို၍ ကြီးကျယ်လှပါတယ်။ ဘုရားအဖြစ် ရရှိဖို့ရာ သာမန်အရည်အသွေး ကောင်း ရှိရုံမျှနဲ့ မဖြစ်နိုင်ပါ။ ဘုရားအဖြစ်ဆိုတာ အကြီးမားဆုံး ပန်းတိုင်၊ အခက်ခဲဆုံးပန်းတိုင် ဖြစ်ပါတယ်။ အကြီးမားဆုံးပန်းတိုင်ကို အမြင့်မားဆုံး ခန္တီမေတ္တာ ရှိသူတွေသာ ပိုင်ဆိုင်နိုင်ကြပါတယ်။

လောကမှာ အကျိုးတရားက ကြီးမားလေလေ အကြောင်းတရားက ကြီးမားရလေလေပဲ ဖြစ်ပါတယ်။ အကြောင်း မကြီးမားရင် အကျိုးတရား မကြီးမားနိုင်ပါ။ ဘုရားလောင်းမှာ ခန္တီမေတ္တာ အရည်အသွေး

http://www.dhammadownload.com



ကောင်းတွေ ကြီးမားရသလို အခြားအခြား ပညာ၊ သစ္စာ၊ ဝီရိယ၊ အဓိဋ္ဌာန် စတဲ့ အရည်အသွေးကောင်းတွေလည်း ကြီးမားရပါတယ်။

## လင်္ကာ

၁။ လက်-ခြေ-ခေါင်းပါ, ဖြတ်တောက်တာ, သူဟာ ခံရသည်။
၂။ (၇)လအရွယ်, အလွန်ငယ်, နုနယ် လွန်းလှသည်။
၃။ သူ့ခန္တီကား, လွန်ကြီးမား, သနားစရာ ကောင်းလှသည်။
၄။ အသက်သာ ငယ်, ခန္တီကြွယ်, လူ့ဝယ် ရှားလှသည်။
၅။ ခန္တီပြည့်လတ်, သူ့စိတ်ဓာတ်, လေးမြတ် ကြည်ညိုသည်။
၆။ မေတ္တာပြည့်လတ်, သူ့စိတ်ဓာတ်, လေးမြတ် ကြည်ညိုသည်။

http://www.dhammadownload.com

## သူ့လောက်နီးနီး

ခင်ပွန်းသည်ဖြစ်တဲ့ ဘာရဒွါဇပုဏ္ဏားက အယူမှားရှိသူ ဖြစ်တယ်။ သူက "ဘုရား၊ တရား၊ သံဃာ"လို့ ပြောလိုက်ရင် နားတွေကို ပိတ်ထားတယ်။ ခက်ထန်တယ်၊ ရှားငုတ်နဲ့ တူတယ်။ ဇနီးသည် ဓနဉ္စာနီ ပုဏ္ဏေးမကတော့ သောတာပန် အရိယာပုဂ္ဂိုလ် ဖြစ်တယ်။ ပုဏ္ဏေးမက ဘုရား၊ တရား၊ သံဃာကို အလွန်ကြည်ညိုတယ်။ ပုဏ္ဏားက အလှူပေးတဲ့အခါ ပုဏ္ဏား ၅၀၀ တို့အား ရှေမပါတဲ့ ဃနာနို့ထမင်းကို လှူတယ်။ ပုဏ္ဏေးမက ဘုရားအမှူးရှိတဲ့ သံဃာအား အရသာအမျိုးမျိုးရှိတဲ့ စားဖွယ်ကို လှူတယ်။ ပုဏ္ဏား အလှူရှိတဲ့နေ့မှာ ပုဏ္ဏားရဲ့ အလိုကို လိုက်လိုတာရယ်နဲ့ နှမြောမှု ကင်းနေတာရယ်ကြောင့် ကိုယ်တိုင် ပြုစုလုပ်ကျွေးတယ်။ ပုဏ္ဏေးမ အလှူလှူတဲ့နေ့မှာတော့ ပုဏ္ဏားက နံနက်စောစောပဲ အိမ်က ထွက်ပြီးပြေးတယ်။

တစ်နေ့မှာ ပုဏ္ဏားက ပုဏ္ဏေးမနဲ့ မတိုင်ပင်ဘဲ ပုဏ္ဏား ၅၀၀ တို့ကို ဖိတ်ပြီးမှ ပုဏ္ဏေးမကို "ရှင်မရေ၊ နက်ဖြန်ခါ ငါတို့အိမ်မှာ ပုဏ္ဏား ၅၀၀ ထမင်းစားကြလိမ့်မယ်"လို့ ပြောတယ်။

http://www.dhammadownload.com



"ကျွန်မက ဘာလုပ်ရမှာလဲ။"

"ရှင်မက အခြားဘာမှ လုပ်စရာမလိုပါဘူး။ ချက်တာ၊ ပြုတ် လုပ်ကျွေးတာအားလုံးကို အခြားလူတွေ လုပ်ကြလိမ့်မယ်။ ရှင်မက ရပ်ရင်းဖြစ်ဖြစ်၊ ထိုင်ရင်းဖြစ်ဖြစ်၊ ချေပြီးရင်ဖြစ်ဖြစ်၊ ချောင်းဆိုးရင် ဖြစ်ဖြစ်၊ "နမော ဗုဒ္ဓဿ၊ ဘုရားအား ရှိခိုးပါ၏"လို့ ဆိုဆိုပြီး ဦးပြည်း (ကတုံး) ရဟန်းကို ရှိခိုး ရှိခိုးနေတာပဲ။ နက်ဖြန်တစ်ရက်လေးတော့ အဲဒါကို မလုပ်ပါနဲ့။ အကြောင်းက ပုဏ္ဏားတွေက အဲဒီစကားကို ကြားရင် စိတ်မကောင်းဖြစ်ကြလို့ပါ။ ငါ့ကို ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲအောင် မလုပ်ပါနဲ့"

"အို၊ ရှင်ဟာ ပုဏ္ဏားတွေနဲ့ ကွဲကွဲ၊ နတ်တွေနဲ့ ကွဲကွဲ ကျွန်မက ဘုရားရှင်ကို သတိရရင်တော့ ရှိမခိုးဘဲ မနေနိုင်ဘူး။"

"ရှင်မရေ၊ အိမ်ခြေ ၁၀၀ ရှိတဲ့ရွာမှာ ရွာတံခါးကိုတောင် ပိတ်ဖို့ကြိုးစားကြတာပဲ။ ပုဏ္ဏားတွေ စားနေချိန်လေးမှာ လက်နှစ်ချောင်းတို့နဲ့ ပိတ်ရမယ့် ပါးစပ်ကို ရှင်မက မပိတ်နိုင်ဘူးလား။"

အဲဒီလို အထပ်ထပ် ပြောပေမယ့်လည်း မတားမြစ်နိုင်လို့ ခေါင်းရင်းမှာ ထားတဲ့ သန်လျက်ဓားလွယ်ကို ကိုင်ကာ "ဟေ့ ရှင်မ၊ နက်ဖြန်ခါ ပုဏ္ဏားတွေ စားပွဲထိုင်နေတုန်း အဲဒီ ဦးပြည်းရဟန်းတွေကို ရှိခိုးနေရင် နင့်ကိုယ်ကို ဒီဓားနဲ့ ခြေဖျားကစပြီး ဆံဖျားတိုင်အောင် မျှစ်လိုပင် အပိုင်းပိုင်းဖြစ်အောင် ခုတ်ဖြတ်ပြီး စုပုံထားမယ်"လို့ ပြောတယ်။ ပုဏ္ဏေးမက သောတာပန်ဆိုတော့ မြေကြီးလိုပါပဲ။ မတုန်လှုပ်ပါဘူး။ မြင်းမိုရ်တောင်လိုပါပဲ၊ လှုပ်လို့ မရပါဘူး။ "အိုပုဏ္ဏား၊ ငါ့ရဲ့ အင်္ဂါကြီးငယ်တွေကို အလိုရှိတိုင်း ခုတ်ဖြတ်ပါ။ ငါဟာ ဘုရားအဆုံးအမသာသနာမှ မရှောင်ကြဉ်နိုင်ပါ" စသည်ဖြင့် ဂါထာပေါင်း ၅၀၀ နဲ့ ရဲရဲတောက်စကားတွေကို ပြောဆိုပါတယ်။

http://www.dhammadownload.com



ပုဏ္ဏားက ပုဏ္ဏေးမကို သုံးသပ်ဖို့၊ ရိုက်ဖို့ မစွမ်းနိုင်လို့ "ရှင်မ၊ မင်း လုပ်လိုတာကို လုပ်ပါတော့"လို့ ပြောကာ ဓားကို အိပ်ရာပေါ် သို့ ပစ်ချလိုက်တယ်။ နောက်တစ်နေ့မှာ အိမ်ကို နွားချေးအစိုနဲ့ လိမ်းကျံခိုင်းပြီး ပေါက်ပေါက်၊ ရေပြည့်အိုး၊ ပန်း၊ နံ့သာ စသည်တွေနဲ့ နေရာအနှံ့ အပြားမှာ တန်ဆာဆင်စေကာ ပုဏ္ဏား (၅၀၀) အတွက် ထောပတ်အသစ်၊ သကြားအသစ်၊ ပျားရည်အသစ် ထည့်ထားတဲ့ရေမပါတဲ့ ယနာနို့ထမင်းကို စီမံခိုင်းပြီး ထမင်းစားဖို့ အချိန်ရောက်ကြောင်း ပြောခိုင်းတယ်။

ပုဏ္ဏေးမကလည်း နံနက်စောစောပဲ နံ့သာရည်နဲ့ ကိုယ်တိုင် ရေချိုးပြီး တစ်ထောင်တန် အဝတ်သစ်ကို ဝတ်ကာ ငါးရာတန်အဝတ်ကို ပုခုံးတင် အဝတ် လုပ်ပြီး အဆင်တန်ဆာအားလုံး ဝတ်ဆင်ထားတယ်။ ရွှေဇွန်းကို ကိုင်ကာ ထမင်းကျွေးရာနေရာမှာ ပုဏ္ဏားတွေကို ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားတွေနဲ့အတူ နေရာအစွန်မှာ ထိုင်နေတဲ့ ဘာရဒွါဇ ပုဏ္ဏားအတွက် ထမင်းသယ်ယူလာရင်း အထားနေရာမကျတဲ့ သစ်သားပေါ်မှာ ပုဏ္ဏေးမက ချော်လဲသွားတယ်။ ချော်လဲရာမှာ ထိခိုက်လို့ ဒုက္ခဝေဒနာ ဖြစ်တယ်။ အဲဒီအခါ ဘုရားရှင်ကို သတိရလာတယ်။ သတိနဲ့ ပြည့်စုံလို့ ယနာနို့ထမင်းခွက်ကို မစွန့်လွှတ်လိုက်ဘဲ ဖြည်းဖြည်း ချကာ မြေကြီးပေါ် ကောင်းကောင်း ထားလိုက်တယ်။ ပုဏ္ဏား ၅၀၀ ရဲ့ အလယ်မှာ ဦးခေါင်းပေါ် လက်အုပ်တင်ပြီး ဘုရားရှင်ရှိရာ ဝေဠုဝန်ကျောင်းဆီကို လက်အုပ်ချီကာ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ သုံးကြိမ် ရွတ်ဆိုကန်တော့မိတယ်။

(သံ၊ ၄၊ ပ၊ ၂၀၅)

ဓနဉ္စာနီပုဏ္ဏေးမရဲ့ ဘုရားရှင်ကို အမှတ်ရပုံ၊ ရှိခိုးပုံတွေဟာ ထူးခြားပါပေတယ်။ ရပ်ရင်းလည်း ရှိခိုးတယ်။ ထိုင်ရင်းလည်း ရှိခိုးတယ်။

http://www.dhammadownload.com



ချေပြီးလည်း ရှိခိုးတယ်။ ချောင်းဆိုးပြီးလည်း ရှိခိုးတယ်။ ဒဏ်ရာ အနာ တရ ဖြစ်တဲ့အခါမှာလည်း ရှိခိုးတယ်။ ဗုဒ္ဓသာသနာ၀င် ရဟန်း လူတွေ ဟာ မေနဥ္စာနီလောက် ဘုရားရှင်ကို သတိမရရင်တောင် သူ့လောက်နီးနီး သတိရနိုင်ကြရင် ကောင်းကျိုးတွေ ၀ေဆာမှာ မလွဲပါပဲ။ မေနဥ္စာနီပုဏ္ဏားမ ရှိခိုးတဲ့ ဘုရားရှိခိုးဟာ ဗုဒ္ဓသာသနာ၀င်တွေနဲ့ အလွန်ရင်းနှီးပြီးသား ဘုရားရှိခိုး ဖြစ်ပါတယ်။ ပါဠိလိုသာ နှုတ်တက်နေကြပေမယ့် မြန်မာလို အဓိပ္ပာယ်သိသူက နည်းနေကြပါသေးတယ်။

"ဘုရားရှင်ဟာ စိတ်အညစ်အကြေးတွေမှ ၀ါသနာပါ မကျန်ဘဲ ဝေးကွာပါတယ်။ သိစရာမှန်သမျှ တရားအားလုံးကို အမှန်အတိုင်း သိ တယ်။ (လွဲမှားစွာ သိတာမရှိ) ကိုယ်တိုင် သိတယ်။ (ဆရာ့ အကူအညီ မပါ) ဣဿရိယစတဲ့ ဘုန်း ၆ ပါးနဲ့ ပြည့်စုံတယ်။ အဲဒီဘုရားရှင်ကို ရှိခိုးပါတယ်။"

အဲဒါဟာ နမော တဿ ဘုရားရှိခိုး ပါဠိရဲ့ မြန်မာလို အဓိပ္ပာယ် ဖြစ်ပါတယ်။ အဓိပ္ပာယ်ကို သိပြီး လေးလေးနက်နက် ရှိခိုးမှ သဒ္ဓါဟာ ထက်သန်ပါတယ်။ သဒ္ဓါဟာ ဉာဏ်ပါမှ အကျိုးပေးသန်ပါတယ်။ ဉာဏ် ကင်းတဲ့ သဒ္ဓါဟာ အကျိုးပေး အားပျော့ပါတယ်။

ဓားကိုင်ပြီး သတ်မယ်လို့ ခြိမ်းခြောက်တာတောင် မေနဥ္စာနီက နည်းနည်းလေးမှ မတုန်လှုပ်ပါ။ ဘုရားကို ရှိမခိုးအောင် မတတ်နိုင်ပါ။ ဗုဒ္ဓသာသနာ၀င် မြန်မာအမျိုးသမီးတွေဟာ မေနဥ္စာနီလို ယုံကြည်မှု ခိုင်မြဲ ကြရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ မေနဥ္စာနီလို တရားအသိ ရှိရင် မေနဥ္စာနီလို ယုံကြည်မှု ခိုင်မြဲမှာပါပဲ။ ဗုဒ္ဓသာသနာ၀င် မြန်မာအမျိုး သမီးတွေသာမက အမျိုးသားတွေပါ မေနဥ္စာနီရဲ့ မြင့်မားလှတဲ့ သဒ္ဓါ တရားကို အားကျသင့်ကြပါတယ်။

http://www.dhammadownload.com



မနုဉ္ဇာနီလို သဒ္ဓါတရား မြန်မာနိုင်ငံမှာ ပြန့်ပွားလာရင် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ အားကောင်းစွာ တည်ရှိနေဂါလိမ့်မယ်။ မနုဉ္ဇာနီရဲ့ သဒ္ဓါတရားလောက်နီးနီး သဒ္ဓါတရား ရှိနေသေးရင်လည်း တော်နေပါဦးမယ်။ မြန်မာနိုင်ငံမှာ သဒ္ဓါ ကွယ်ပျောက်ရင် ဗုဒ္ဓသာသနာ ကွယ်ပျောက်ပါမယ်။ သဒ္ဓါ အားနည်းရင် သာသနာ အားနည်းပါမယ်။

## လင်္ကာ

၁။ မနုဉ္ဇာနီ, ဘုရားဆီ, လီလီ ရှိခိုးသည်။
၂။ ရပ်ရင်း ရှိခိုး, ထိုင် ရှိခိုး, ရှိခိုး အလီလီ။
၃။ ချောင်းဆိုး ရှိခိုး, ချေ ရှိခိုး, ရှိခိုး အလီလီ။
၄။ ရှိမခိုးဖို့, တားပိတ်ဆို့, တားလို့ မရပြီ။
၅။ သူ့ရဲ့သဒ္ဓါ, လွန်ခိုင်မာ, ဘယ်ခါ မပျက်ပြီ။
၆။ သူ့လောက်နီးနီး, သဒ္ဓါကြီး, ဉာဏ်ကြီးသင့်ပါသည်။
၇။ သူ့လိုသဒ္ဓါ, ပြည်မြန်မာ, ရှိလာရင် ကောင်းမည်။

http://www.dhammadownload.com

# သည်းခံကြတဲ့ မထေရ်များ

လောမသနာဂထေရ်ဟာ အလွန်အေးတဲ့ အအေးဓာတ်ကို ခံရပေမယ့်လည်း မတုန်လှုပ်ပါ။ ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းပါတယ်။ လောမသနာဂထေရ်ဟာ စေတိယတောင်မှာ ပျဉ်းပင်ရှိ ဂူအနီးက ကမ္မဋ္ဌာန်းကျောင်းမှာ နေရင်း တပို့တွဲလနဲ့ တပေါင်းလအကြား (၈) ရက် ဆီးနှင်းကျရာအခါမှာ လောကန္တရိတ်ငရဲတွေကို ဆင်ခြင်ကာ ကမ္မဋ္ဌာန်းကို မစွန့်ဘဲသာ လွင်တီးခေါင်မှာ အချိန်ကုန်လွန်စေတယ်။

(မူလပံ၊ ၄၊ ပ၊ ၈၁)

လောမသနာဂထေရ်ဟာ နွေအခါ ဆွမ်းစားပြီးချိန်မှာ အပြင်စင်္ကြံ၌ ထိုင်နေတယ်။ ကမ္မဋ္ဌာန်း နှလုံးသွင်းရင်း သူ့ရဲ့ချိုင်းတွေက ချွေးတွေထွက်ကြတယ်။ အဲဒီအခါ လောမသနာဂထေရ်ကို အနီးနေတပည့်က "အရှင်ဘုရား၊ ဒီနေရာမှာ ထိုင်တော်မူပါ။ ဒီနေရာက အေးပါတယ်"လို့ လျှောက်တယ်။ လောမသနာဂထေရ်က "ငါ့ရှင်၊ ငါဟာ အပူကို ကြောက်လို့ပဲ ဒီနေရာမှာ ထိုင်နေတယ်" လို့ ပြောပြီး အဝီစိငရဲကြီးကို ဆင်ခြင်ကာ ထိုင်နေတယ်။ (မူလပံ၊ ၄၊ ပ၊ ၈၁)

ခဏ္ဍစေလကျောင်းက ကဏိကာရကမ္မဋ္ဌာန်းဆောင်မှာ အရိယဝံသတရားကို နာကြားနေတဲ့ ပဓာနိယမထေရ်ကို အဆိပ်ပြင်းတဲ့ မြွေက ကိုက်တယ်။ မထေရ်က သိပေမယ့်လည်း ကြည်ညိုတဲ့ စိတ်နဲ့ ထိုင်ကာ တရားကိုပဲ နာနေတယ်။ အဆိပ်အဟုန်ကြောင့် တောင့်တင်းခက်မာလာတယ်။ မထေရ်က ရဟန်းခံစရာ တန်ဆောင်းအဝန်းကစပြီး သီလ

http://www.dhammadownload.com



ကို ဆင်ခြင်ပြီး “ငါဟာ သီလ စင်ကြယ်တယ်” လို့ တွေးကာ ပီတိကို ဖြစ်စေတယ်။ ပီတိဖြစ်တာနဲ့ တစ်ပြိုင်နက် အဆိပ်ဟာ လျော့ကျပြီး မြေကြီးထဲကို ဝင်သွားတယ်။ မထေရ်ဟာ အဲဒီနေရာမှာပဲ သမာဓိရကာ ဝိပဿနာကို ပွားစေပြီး ရဟန္တာ ဖြစ်သွားပါတယ်။ (မူလပံ၊ ၄၊ ပ၊ ၈၂)

ဒီဃဘာဏက အဘယထေရ်ဟာ ပစ္စည်းလေးပါးမှာ ရောင့်ရဲတဲ့ ဘာဝနာအလုပ်မှာ မွေ့လျော်လို့ မဟာအရိယဝံသအကျင့်ကို ဟောတယ်။ မဟာဂါမရှိ လူအားလုံး လာတယ်။ အဘယထေရ်မှာ လာဘ်လာဘ ပူဇော်သက္ကာရ ပေါများတယ်။ အဲဒီအဘယမထေရ်ကို အခြားမထေရ်တစ်ပါးက သည်းမခံနိုင်လို့ “ဒီဃဘာဏက ဖြစ်တဲ့ငါက အရိယဝံသ အကျင့်ကို ဟောတယ်” ဆိုပြီး တစ်ညလုံး အသံဆူအောင် လုပ်တယ် စသည်ဖြင့် ဆဲပါတယ်။ မထေရ်နှစ်ပါးလုံးပဲ ကိုယ့်ကျောင်း ကိုယ်သွားကြတဲ့အခါ တစ်ဂါဝုတ်ခရီးလောက် တစ်လမ်းတည်း အတူသွားကြတယ်။ တစ်ဂါဝုတ်ခရီးတိုင်အောင်လည်း အဲဒီမဟာထေရ်က အဲဒီအဘယထေရ်ကို တစ်ဆဲတည်း ဆဲတယ်။ အဲဒီကနောက် ကျောင်း (၂) ကျောင်းကိုသွားတဲ့ လမ်းခွဲရှိရာအရပ်မှာ ရပ်ပြီး ဒီဃဘာဏက အဘယမထေရ်က ဆဲတဲ့ မထေရ်ကြီးကို ရှိခိုးကာ “အရှင်ဘုရား၊ ဒီလမ်းက အရှင်ဘုရားရဲ့လမ်း ဖြစ်ပါတယ်” လို့ လျှောက်တယ်။ ဆဲတဲ့ မထေရ်ကြီးက မကြားသလို လုပ်ပြီး သွားတယ်။ ဒီဃဘာဏက အဘယမထေရ်ကလည်း ကျောင်းကို သွားကာ ခြေတွေကို ဆေးပြီး ထိုင်နေတယ်။ အဲဒီ ဒီဃဘာဏက အဘယထေရ်ကို အနီးနေတပည့်က “အရှင်ဘုရား၊ တစ်ဂါဝုတ်ခရီးလုံး ဆဲနေတဲ့ အဲဒီမထေရ်ကြီးကို အရှင်ဘုရားက ဘာမှ ပြန်မပြောဘူး” လို့ လျှောက်တယ်။ “ငါ့ရှင်၊ သည်းခံတာပဲ ငါ့ရဲ့တာဝန်ဖြစ်တယ်။ စိတ်ဆိုးတာဟာ ငါ့ရဲ့တာဝန် မဟုတ်ဘူး။ ခြေတစ်လှမ်းမှာ

http://www.dhammadownload.com



တောင် ကမ္မဋ္ဌာန်းလွတ်သွားတာကို ငါ မမြင်”လို့ ဒီဃဘာဏက အဘယ ထေရ်က ပြောပါတယ်။ (မူလပံ၊ ၄၊ ပ၊ ၈၂)

လောမသနာဂထေရ်ဟာ အေးလွန်းလို့လည်း ကမ္မဋ္ဌာန်းကို မစွန့်လွှတ်၊ ပူလွန်းလို့လည်း ကမ္မဋ္ဌာန်းကို မစွန့်လွှတ်၊ ပဓာနိယထေရ်ကတော့ မြွေကိုက်ခံရလို့သော်မှ တရားနာ မပျက်၊ ဒီဃဘာဏက အဘယထေရ်ကတော့ အဆဲခံရပေမယ့် ကမ္မဋ္ဌာန်းကို မစွန့်လွှတ်။ ရဲရင့်တဲ့ သတ္တိရှိသူတွေဟာ အအေးကိုလည်း မမှု၊ အပူကိုလည်း မမှု၊ မြွေကိုက်တာကိုလည်း မမှု၊ အဆဲခံရတာကိုလည်း မမှုကြပါ။ ရဲရင့်တဲ့ သတ္တိမရှိသူတွေက အအေး၊ အပူ၊ ထမင်းဆာတာ၊ ရေဆာတာ၊ မှက် ခြင်ကိုက်ခံရတာ၊ လေပူတိုက်ခံရတာ၊ မြွေကင်းစသည် အကိုက်ခံရတာတွေကြောင့် ကမ္မဋ္ဌာန်းကို စွန့်လွှတ်ပစ်ကြပါတယ်။

ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အအေး၊ အပူ၊ ထမင်းဆာ၊ ရေဆာ၊ မှက် ခြင်စသည် အကိုက်ခံရတာတွေကို သည်းခံကြရပါတယ်။ ကိုယ့်ကမ္မဋ္ဌာန်းအလုပ် လွတ်ထွက်မသွားအောင် သည်းခံကြရပါတယ်။ အထက်ပါမထေရ်တွေဟာ အင်မတန် အတုယူစရာ ကောင်းလှပါတယ်။

## လင်္ကာ

၁။ အေး-ပူ-မြွေ-ကင်း, ဆဲဆိုခြင်း, အလျှင်း မမှုပြီ။
၂။ ကမ္မဋ္ဌာန်းရှု, ရှုမြဲရှု, အရှု မပျက်ပြီ။
၃။ ခြေတစ်လှမ်းပင်, မှတ် ကင်းစင်, သူ့တွင် မရှိပြီ။
၄။ ဒီမထေရ်များ, ခန္တီအား, လေးစား အားကျသည်။
၅။ ဒီမထေရ်များ, သတိအား, လေးစား အားကျသည်။

http://www.dhammadownload.com

# အပြတ်ဖြတ်နိုင်ကြပါတယ်

ကဿပမြတ်စွာဘုရားရဲ့ သာသနာ ဆုတ်ယုတ်လာတဲ့အခါ သာမဏေ စသူတွေရဲ့ အကျင့်ဖောက်ပြန်တာကို မြင်ရလို့ ရဟန်း (၇) ပါးမှာ သံဝေဂဖြစ်ကြတယ်။ "သာသနာမကွယ်ခင် မိမိအတွက် ထောက်တည်ရာ ရအောင် လုပ်ကြမယ်" လို့ ဆုံးဖြတ်ကာ ရွှေစေတီကို ရှိခိုးပြီး တောထဲကို ဝင်သွားကြပါတယ်။ တောင်တစ်တောင်ကို တွေ့တဲ့အခါ 'အသက်မှာ တွယ်တာမှုရှိတဲ့ ရဟန်းတွေ ပြန်သွားကြပါ။ အသက်မှာ တွယ်တာမှုမရှိတဲ့ ရဟန်းတွေ ဒီတောင်ပေါ် တက်ကြပါ" လို့ ပြောပြီး လှေကားကို ထောင်ကြပါတယ်။ ရဟန်း (၇) ပါးလုံးပဲ အဲဒီတောင်ပေါ် တက်ပြီး လှေကားကို ဖြုတ်ချကာ ရဟန်းတရား အားထုတ်ကြတယ်။

အဲဒီ ရဟန်း (၇) ပါးထဲက အကြီးဆုံးမထေရ်က တစ်ညဉ့်လွန်သွားတဲ့အခါမှာပဲ ရဟန္တာဖြစ်သွားတယ်။ အဲဒီအကြီးဆုံးမထေရ်က အနောတတ်အိုင်မှာ ကွမ်းရိုးဒန်ပူကို စားပြီး မြောက်ကျွန်းက ဆွမ်းကို ခံယူကာ အဲဒီရဟန်းတွေကို "ငါ့ရှင်တို့၊ ဒီဒန်ပူကို စားပြီး မျက်နှာသစ်ကာ ဒီဆွမ်းကို ဘုဉ်းပေးကြပါ" လို့ လျှောက်တယ်။

http://www.dhammadownload.com



"အရှင်ဘုရား၊ တပည့်တော်တို့ဟာ ပထမဆုံး ရဟန္တာဖြစ်သူက ဆောင်ယူလာတဲ့ ဆွမ်းကို ကျန်တဲ့ ရဟန်းတွေက စားကြစတမ်း" လို့ ကတိကဝတ် ပြုခဲ့ကြပါသလား။

"ငါ့ရှင်တို့၊ အဲဒီလို မလုပ်ခဲ့ကြပါ။"

"ဒီလိုဆိုရင် တပည့်တော်တို့လည်း အရှင်ဘုရားလို တရားထူး ရခဲ့ရင် ကိုယ်တိုင် ဆောင်ယူပြီး ဘုဉ်းပေးကြမယ်"လို့ ဆိုကာ အလိုမရှိကြပါ။ ဒုတိယနေ့မှာ ဒုတိယထေရ်က အနာဂါမ် ဖြစ်ပါတယ်။ သူကလည်း အဲဒီလိုပဲ ဆွမ်းကို ဆောင်ကာ အခြားရဟန်းတွေကို ဖိတ်မံတယ်။ အခြားရဟန်းတွေက "အရှင်ဘုရား၊ တပည့်တော်တို့ဟာ မဟာထေရ် (အကြီးဆုံး မထေရ်) ဆောင်ယူလာတဲ့ ဆွမ်းကို မစားဘဲ သူ့အောက် ငယ်တဲ့ ထေရ် ဆောင်ယူလာတဲ့ ဆွမ်းကို စားကြမယ်လို့ ကတိကဝတ်ပြုခဲ့ကြပါသလား" လို့ မေးကြတယ်။ "ငါ့ရှင်တို့၊ အဲဒီလို မလုပ်ခဲ့ကြပါ" လို့ ဖြေတယ်။ "ဒီလိုဆိုရင် အရှင်ဘုရားတို့လို တပည့်တော်လည်း တရားထူးကို ဖြစ်စေကာ ကိုယ့်စွမ်းအားနဲ့ စားဖို့ စွမ်းနိုင်ကြရင် စားကြမယ်" လို့ ပြောကာ အလိုမရှိကြပါ။

အဲဒီရဟန်း (၇) ပါးထဲက ရဟန္တာရဟန်းက ပရိနိဗ္ဗာန်စံသွားတယ်။ အနာဂါမ်ရဟန်းက ဗြဟ္မာ့ပြည် ရောက်သွားတယ်။ ကျန်တဲ့ မထေရ် (၅) ပါးက တရားထူးကို မဖြစ်စေနိုင်လို့ ခြောက်သွေ့ကာ သေပြီး နတ်ပြည် ရောက်သွားကြတယ်။ ဒီဂေါတမဘုရားပွင့်တဲ့အခါ အဲဒီနတ်ပြည်က စုတေပြီး ဟိုဟိုဒီဒီ အမျိုးအိမ်တွေမှာ ဖြစ်ကြတယ်။ အဲဒီ (၅) ယောက်ထဲက တစ်ယောက်က ပုက္ကုသာတိမင်း ဖြစ်တယ်။ တစ်ယောက်က ကုမာရကဿပ ဖြစ်တယ်။ တစ်ယောက်က ဗာဟိယ ဒါရုစီရိယ ဖြစ်တယ်။

http://www.dhammadownload.com



တစ်ယောက်က မလ္လမင်းရဲ့သား ဒဗ္ဗ ဖြစ်တယ်။ တစ်ယောက်က သဘိယ ပရိဗိုဇ် ဖြစ်တယ်။ (ဓမ္မပဒ၊ ဋ၊ ပ၊ ၄၀၉)

အသက်ကို အသေခံပြီး တရားအားထုတ်သွားကြတဲ့ ဒီရဟန်း (၇) ပါးရဲ့ သတ္တိဟာ ထူးခြားလှပါတယ်။ လှေကားကို ဖြုတ်လိုက်တော့ သေရမှာ သေချာသွားလို့ တရားကို အသေအလဲ အားထုတ်ကြပါတော့တယ်။ သေရမယ့်အရေးဟာ ဝေးနေသေးတယ်လို့ ထင်ကြလို့ သတ္တဝါတွေဟာ တရားအားထုတ်ဖို့အရေး လေးဆေးနှေးကန်နေကြတာ ဖြစ်ပါတယ်။ သေဖို့အချိန်ဟာ နီးကပ်နေမှန်း တကယ် သိရင် ဒီရဟန်းတွေလို တရားကို ကြိုးစားလိုစိတ် ပေါ်နိုင်ကြပါတယ်။

"တရားအားထုတ်မယ့် အလုပ်ကို ဒီနေ့ပဲ လုပ်လိုက်ပါ။ နက်ဖြန်ခါမှ သေမယ်လို့ ဘယ်သူ သိနိုင်မှာလဲ။ မှန်တယ်။ သေစေနိုင်တဲ့ လက်နက်များစွာရှိတဲ့ သေမင်းနဲ့ အချိန်းအချက်ဆိုတာ မရှိပါ။" ဒီဘုရားစကားတော်ဟာ အင်မတန် မှတ်သားစရာ၊ သံဝေဂ ပွားစရာ ကောင်းပါတယ်။ ကျန်ရဟန်းတော်တွေဟာ ဆွမ်းခံကျွေးပါမယ်လို့ ပြောခံရပေမယ့် အဲဒီစကားကို လက်မခံဘဲ တရားကိုပဲ သဲကြီးမဲကြီး အားထုတ်ကြပါပေတယ်။ ဒီရဟန်းတွေရဲ့ သတ္တိတွေဟာ ရဲရဲတောက်ပါပဲ။ ဒီရဟန်းတွေဟာ အာဇာနည်တွေပါပဲ။

ဒီရဟန်းတွေလောက် မပြတ်သားနိုင်ရင်တောင် ကိုယ်ပိုင်းခြားသတ်မှတ်ထားတဲ့ ရက်၊ လ၊ နှစ်အတောအတွင်းမှာ ဖြတ်တောက်စရာရှိတာတွေကို ပြတ်အောင် ဖြတ်ကာ တရားအားထုတ်နိုင်ကြရင်လည်း တော်လှပါပြီ။ သံယောဇဉ်အမျှင်တန်းလန်းနဲ့ တရားအားထုတ်သူတွေဟာ ဒီရဟန်း (၇) ပါးကို အားကျကြည်ညိုကာ အတုယူသင့်ကြပါတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ ရဟန်း (၇) ပါး, တောက်တက်သွား, လေ့ကား ဖြုတ်လိုက်သည်။
၂။ တရားကိုသာ, ဖိထုတ်ပါ, ကောင်းရာ ရောက်ကြသည်။
၃။ အသက်ပင် သေ, မလျှော့ချေ, ဇွဲတွေ ကောင်းကြသည်။
၄။ သံယောဇဉ်အမျှင်, တန်းလန်းပင်,
ရိပ်သာဝင်သူတွေ သိသင့်သည်။
၅။ ဖြတ်တောက်သင့်ရာ, ဖြတ်တောက်ကာ,
ရိပ်သာဝင်ရင် ကောင်းလှသည်။

http://www.dhammadownload.com

# တကယ့်လူလည်

သူရမ္ဗဋ္ဌဟာ သာဝတ္ထိမြို့က သူဌေးအမျိုးမှာ ဖြစ်တယ်။ သူဟာ နောင်အခါ အရွယ်ရောက်တော့ အိမ်ထောင်ကျပြီး သာသနာပအယူရှိသူ တိတ္ထိတွေရဲ့ အလုပ်အကျွေးဒကာအဖြစ်နဲ့ လှည့်လည်နေတယ်။ အဲဒီအခါ ဘုရားရှင်က နံနက်မိုးသောက်မှာ လောကကြီးကို ကြည့်တော်မူတော့ သူရမ္ဗဋ္ဌ သောတာပန်ဖြစ်မယ့် အကြောင်းကို မြင်လို့ ဆွမ်းခံချိန်မှာ သူရမ္ဗဋ္ဌရဲ့ အိမ်တံခါးဝကို ကြွတော်မူတယ်။ သူက ဘုရားရှင်ကို မြင်တဲ့အခါ "ရဟန်းဂေါတမဟာ အမျိုးကြီးမှာလည်း ဖြစ်တယ်။ လောကမှာလည်း ထင်ရှားတယ်။ ဒါကြောင့် သူ့ထံ မသွားရင် မသင့်တော်ဘူး" လို့ တွေးကာ ဘုရားရှင်ထံ သွားတယ်။ ခြေတွေကို ရှိခိုးပြီး သပိတ်ကို ယူကာ အိမ်ကို ပင့်သွားတယ်။ မြတ်သူတို့အား ထိုက်တန်တဲ့ ပလ္လင်ပေါ်မှာ ထိုင်စေပြီး ဆွမ်းလှူတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သူရမ္ဗဋ္ဌက သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဘုရားရှင်က သူ့စရိုက်နဲ့ သင့်လျော်တဲ့ တရားကို ဟောတယ်။ တရားရဲ့အဆုံးမှာ သူရမ္ဗဋ္ဌဟာ သောတာပန် ဖြစ်သွားတယ်။ ဘုရားရှင်ကလည်း သူရမ္ဗဋ္ဌကို ဆုံးမပြီး ကျောင်းကိုပဲ ပြန်ကြွသွားတယ်။

အဲဒီကနောက် မာရ်နတ်က "သူရမ္ဗဋ္ဌဆိုတာ ငါ့နယ်ပယ်ကပဲ။ မြတ်စွာဘုရားတော့ ဒီနေ့ သူရမ္ဗဋ္ဌအိမ်ကို ကြွတယ်။ မြတ်စွာဘုရားရဲ့ တရားကို နာပြီး သောတာပန် ဖြစ်သွားသလား။ သူဟာ ငါ့နယ်ပယ်ကို လွန်သွားပြီလား၊ မလွန်သွားသေးဘူးလား ငါ သိချင်တယ်" လို့ တွေးတယ်။ မာရ်နတ်က အလိုရှိတာကို ဖန်ဆင်းနိုင်တာမို့ ဘုရားရှင်နဲ့တူတဲ့

http://www.dhammadownload.com



ရုပ်ပွားတော်ကို ဖန်ဆင်းတယ်။ သပိတ်၊ သင်္ကန်းကိုင်ပုံကို ဘုရားရှင်ရဲ့ အသွင်အတိုင်းပဲ ပြုလုပ်တယ်။ (၃၂) ပါးသော လက္ခဏာတော်တွေကို ဆောင်ကာ သူရမ္ဗဋ္ဌရဲ့ အိမ်တံခါးမှာ ရပ်တည်တယ်။ သူရမ္ဗဋ္ဌကလည်း "ဘုရားရှင် ပြန်ကြွလာတယ်" လို့ ကြားလို့ "ဘုရားရှင်တွေမှာ ဝဋ်မထွက်မြောက်စေတဲ့ သွားခြင်းဆိုတာ မရှိ။ ဘာကြောင့် လာတာပါလဲ" လို့ အရှိန်အဟုန်နဲ့ ဘုရားရှင်လို့ ထင်မှတ်ကာ မာရ်နတ်ထံ သွားကာ ရှိခိုးပြီး သင့်တင့်ရာမှာ ရပ်ရင်း "အရှင်ဘုရား၊ အရှင်ဘုရားဟာ အခုပဲ ဒီအိမ်မှာ ဆွမ်းကိစ္စပြုပြီး ကြွသွားတယ်။ ဘာကြောင့် ပြန်ကြွလာပါသလဲ"လို့ မေးတယ်။

"သူရမ္ဗဋ္ဌ၊ ငါဟာ တရားဟောတော့ တစ်ခုကို မစူးစမ်း မဆင်ခြင်ဘဲ ဟောမိတယ်။ မှန်တယ်၊ ငါဟာ ခန္ဓာငါးပါးလုံးဟာ မမြဲ၊ ဆင်းရဲ၊ အစိုးမရလို့ ဟောလိုက်တယ်။ ခန္ဓာငါးပါးလုံးပဲ မမြဲ၊ ဆင်းရဲ၊ အစိုးမရကြတာ မဟုတ်။ မှန်တယ်၊ တချို့ မြဲတဲ့ ခန္ဓာတွေ ရှိတယ်"လို့ မာရ်နတ်က ပြောတယ်။ အဲဒီအခါ သူရမ္ဗဋ္ဌပက "ဒီစကားဟာ အလွန်ပဲ ဝန်လေးတယ်၊ မှန်တယ်၊ ဘုရားရှင်တွေမှာ မစူးစမ်း၊ မဆင်ခြင်ဘဲ ဟောပြောတယ်ဆိုတာ မရှိ၊ မာရ်နတ်ဟာ ဘုရားရှင်ရဲ့ ဆန့်ကျင်ဘက် ဖြစ်သတဲ့။ စင်စစ်ဒီသူဟာ မာရ်နတ် ဖြစ်လိမ့်မယ်"လို့ တွေးမိပြီး "သင်ဟာ၊ မာရ်နတ်လား" လို့ မေးလိုက်တယ်။ သောတာပန် အရိယာပုဂ္ဂိုလ်ပြောတဲ့ စကားဟာ မာရ်နတ်အား ပုဆိန်နဲ့ ပေါက်လိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့် ပုံမှန်မရပ်တည်နိုင်လို့ "ဟုတ်တယ် သူရမ္ဗဋ္ဌ၊ ငါဟာ မာရ်နတ်ပဲ"လို့ ပြောလိုက်တယ်။

"သင့်လို မာရ်နတ်တွေ ၁၀၀ ပဲ လာလာ၊ ၁၀၀၀ ပဲ လာလာ၊ ငါရဲ့ သဒ္ဓါတရားကို တုန်လှုပ်သွားအောင် မလုပ်နိုင်ပါ။ မဟာဂေါတမ

http://www.dhammadownload.com



ဘုရားက ငါ့အား တရားဟောသွားတုန်းက "သင်္ခါရအားလုံးဟာ မမြဲဘူး"လို့ သိစေကာ ဟောသွားတယ်။ ငါ့အိမ်တံခါးမှာ သင် မရပ်တည်ပါနဲ့" လို့ ပြောကာ လက်ဖျောက်တီးလိုက်တယ်။ မာရ်နတ်က သူရမ္ဗဋ္ဌရဲ့ စကားကို ကြားရတဲ့အခါ ပြန်မပြောနိုင်လို့ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားတယ်။ (အံ၊ ၄၊ ပ၊ ၃၀၅)

သောတာပန် အရိယာပုဂ္ဂိုလ်ဟာ ဘုရား၊ တရား၊ သံဃာ၊ ဗုဒ္ဓသာသနာအပေါ် မစွန့်လွှတ်နိုင်အောင် ခိုင်မြဲတဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။ ဘယ်လောက် အလိမ်ကောင်းတဲ့သူက လိမ်လည်ပြောပေမယ့် ရတနာသုံးပါးအပေါ် ယုံကြည်မှုကတော့ မပျက်တော့ပါ။ အချို့သင်္ခါရများကို မြဲတယ်၊ ချမ်းသာတယ်၊ ငါကောင်ပဲလို့ ဘုရားရှင် ဟောကြောင်းကို တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် အဲဒီစကားကို ဘုရားရှင်ရဲ့ စကား မဟုတ်ဘူးလို့ ဆုံးဖြတ်ပါမယ်။ မာရ်နတ်က သူရမ္ဗဋ္ဌကို ပီပီပြင်ပြင် လိမ်ညာခဲ့ပါတယ်။ သူရမ္ဗဋ္ဌကို လိမ်ညာမရလို့ လက်လျော့သွားရပါတယ်။ သူရမ္ဗဋ္ဌဟာ သင်္ခါရတွေရဲ့ အမှန်သဘာဝကို ပီပီပြင်ပြင် ထင်ထင်ရှားရှားမြင်တွေ့ထားသူမို့ သူရမ္ဗဋ္ဌကို မာရ်နတ်ထက် စွမ်းတဲ့ ပုဂ္ဂိုလ်လာလိမ်ညာလည်း မရနိုင်ပါ။ သူရမ္ဗဋ္ဌဟာ တကယ့်လူလည် ဖြစ်ပါတယ်။ လူအ လူန မဟုတ်ပါ။

## လင်္ကာ

၁။ မာရ်နတ် လာကာ, လိမ်ပြောပါ, သူဟာ မယုံကြည်။
၂။ မာရ်နတ် ရာ ထောင်, လာပြောတောင်, တုန်အောင် မစွမ်းပြီ။
၃။ သူရမ္ဗဋ္ဌ, သဒ္ဓါက, လွန်မှ ခိုင်မြဲသည်။
၄။ သူ့လိုသဒ္ဓါ, ပြည်မြန်မာ, ရှိလာ ကောင်းလှသည်။

http://www.dhammadownload.com

## အစားထိုးမျက်စိ

ဆေးဆရာတစ်ယောက်က ရွာကြီးတစ်ရွာကို အမှီပြုနေတဲ့ ရဟန်းတွေကို ချဉ်းကပ်ပြီး "အရှင်ဘုရားတို့၊ ရဟန်းအများနေတဲ့နေရာမှာ မကျန်းမာမှု ဖြစ်တတ်ပါတယ်။ ဖြစ်ရင် တပည့်တော်အား မိန့်တော်မူကြပါ။ တပည့်တော် ဆေးကုပေးပါမယ်" လို့ လျှောက်တယ်။ စက္ခုပါလ မထေရ်က ဝါဆိုတဲ့နေ့မှာ ရဟန်း ၆၀ ကို မေးတယ်။

"ငါ့ရှင်တို့၊ ဒီဝါတွင်း ၃ လကို ဣရိယာပုထ် ဘယ်နှခုနဲ့ ကုန်လွန်ကြမလဲ။"

"သွား, ရပ်, ထိုင်, လျောင်း ဆိုတဲ့ ဣရိယာပုထ် ၄ ပါးနဲ့ ကုန်လွန်ကြပါမယ်။"

"ငါ့ရှင်တို့၊ အဲဒါဟာ သင့်လျော်ပါရဲ့လား။ မမေ့မလျော့ ဖြစ်ထိုက်တယ် မဟုတ်ပါလား။ မှန်ပါကယ်၊ တပည့်တော်တို့ဟာ သက်တော်ထင်ရှား မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းကို ယူကာ လာခဲ့ကြပါတယ်။ ဘုရားရှင်တွေကို မေ့လျော့မှုနဲ့ မနှစ်သက်စေနိုင်ပါ။ ကောင်းတဲ့စိတ်ထားနဲ့ နှစ်သက်စေထိုက်ကြပါတယ်။ မေ့လျော့သူအတွက် အပါယ်လေးပါးဟာ ကိုယ့်အိမ်နဲ့ တူပါတယ်။ ငါ့ရှင်တို့၊ မမေ့မလျော့သူတွေ ဖြစ်ကြပါ"

"အရှင်ဘုရားကတော့ ဘယ်လိုပါလဲ။"

"ငါ့ရှင်တို့၊ တပည့်တော်က သွား၊ ရပ်၊ ထိုင်ဆိုတဲ့ ဣရိယာပုထ် ၃ မျိုးတို့နဲ့ အချိန်ကုန်လွန်စေပါမယ်။ ကျောကို မဆန့်တော့ပါ။"

http://www.dhammadownload.com



"ကောင်းပါတယ် ဘုရား၊ မမေ့မလျော့သူ ဖြစ်တော်မူပါ။"

မထေရ်က မအိပ်တော့လို့ ပထမလအပြီး ဒုတိယလအရောက်မှာ မျက်စိရောဂါ ဖြစ်လာတယ်။ အိုးကွဲက ရေအလျဉ်တွေ ကျလာသလိုပဲ မျက်စိတွေက မျက်ရည်အလျဉ်တွေ ကျလာတယ်။ မထေရ်က တစ်ည လုံး တရားအားထုတ်ပြီး အရုဏ်တက်မှ တိုက်ခန်းကို ဝင်ကာ ထိုင်တယ်။ ရဟန်းတွေက ဆွမ်းခံချိန်မှာ မထေရ်ထံ သွားပြီး ဆွမ်းခံချိန်ပါ ဘုရားလို့ လျှောက်ကြတယ်။ "ငါ့ရှင်တို့၊ ဒီလိုဆိုရင် သပိတ်၊ သင်္ကန်းကို ယူကြပါ" လို့ ပြောကာ သပိတ်၊ သင်္ကန်းကို ယူခိုင်းပြီး ထွက်တယ်။

ရဟန်းတွေက မထေရ်ရဲ့ မျက်စိတွေက မျက်ရည်တွေ ထွက်နေတာကို မြင်လို့ "အရှင်ဘုရား၊ အဲဒါ ဘာပါလဲ" လို့ မေးကြတယ်။

"ငါ့ရှင်တို့၊ ငါရဲ့မျက်စိတွေကို လေတွေက ထိုးဆွကြတယ်။"

"အရှင်ဘုရား၊ ဆေးဆရာက အရှင်ဘုရားကို ဖိတ်မံထားတယ် မဟုတ်ပါလား။ ဆေးဆရာအား ပြောကြပါမယ်။"

"ငါ့ရှင်တို့၊ ကောင်းတယ်။"

ရဟန်းတွေက ဆေးဆရာအား ပြောပြကြတယ်။ ဆေးဆရာက ဆီကို ချက်ပြီး ပို့လိုက်တယ်။ မထေရ်က နှာခေါင်းမှာ ဆီကို သွန်းလောင်း တဲ့အခါ ထိုင်လျက်ပဲ သွန်းလောင်းပြီး ရွာတွင်းကို ဝင်တယ်။ ဆေးဆရာ က မထေရ်ကို မြင်လို့ "အရှင်ဘုရား၊ အရှင်ဘုရားရဲ့မျက်စိတွေကို လေ ထိုးတယ်လို့ ကြားရပါတယ်" လို့ လျှောက်တယ်။

"ဟုတ်တယ်၊ ဒကာ။"

"အရှင်ဘုရား၊ တပည့်တော် ဆီချက်ပြီး ပို့လိုက်ပါတယ်။ နှာခေါင်း မှာ ဆီကို လောင်းထည့်ပါရဲ့လား။"

"လောင်းပါတယ် ဒကာ။"

http://www.dhammadownload.com



"အခု ဘယ်လိုနေပါလဲ ဘုရား။"

"နာနေသေးတာပဲ ဒကာ။"

ဆေးဆရာက "ငါဟာ တစ်ကြိမ်တည်းနဲ့ပဲ ရောဂါပျောက်စေနိုင်တဲ့ ဆေးကို ပို့လိုက်တာပဲ။ ရောဂါက ဘာကြောင့် မပျောက်တာလဲ"လို့ တွေးကာ "အရှင်ဘုရား၊ ဆီကို ထိုင်ပြီး လောင်းထည့်တာပါလား၊ လဲလျောင်းပြီး လောင်းထည့်တာပါလား" လို့ မေးတယ်။ မထေရ်က ဆိတ်ဆိတ်ပဲ နေတယ်။ ထပ်ခါထပ်ခါ မေးပေမယ့်လည်း မဖြေဘူး။ ဆေးဆရာက "ကျောင်းကို သွားပြီး မထေရ်ရဲ့နေရာကို ကြည့်မယ်" လို့ တွေးကာ "ဒီလိုဆိုရင် အရှင်ဘုရား ကြွပါတော့" လို့ မထေရ်ကို ပြန်လွှတ်ကာ ကျောင်းကို သွားတယ်။ မထေရ်ရဲ့နေရာကို ကြည့်တဲ့အခါ စင်္ကြံသွားတဲ့နေရာနဲ့ ထိုင်တဲ့ နေရာကိုပဲ တွေ့ရတယ်။ အိပ်ရာနေရာကို မတွေ့ရလို့ "အရှင်ဘုရား၊ ထိုင်ရင်း လောင်းထည့်ပါသလား၊ လျောင်းရင်း လောင်းထည့်ပါသလား" လို့ မေးတယ်။

မထေရ်က ဆိတ်ဆိတ်ပဲ နေတယ်။ "အရှင်ဘုရား၊ အဲဒီလို မလုပ်ပါနဲ့။ ရဟန်းတရားကို ခန္ဓာကိုယ်ကို မျှတစေကာ လုပ်နိုင်ပါတယ်။ လဲလျောင်းပြီး ဆီကို လောင်းထည့်ပါ" လို့ အကြိမ်ကြိမ် တောင်းပန်တယ်။ "ဒကာ သွားပါဦး၊ တိုင်ပင်ပြီးမှ အဖြေကို သိရပါမယ်" လို့ ပြောကာ ဆေးဆရာကို ပြန်လွှတ်လိုက်တယ်။ မထေရ်မှာလည်း အဲဒီအရပ်မှာ ဆွေမျိုးတွေလည်း မရှိ၊ သွေးသားတော်စပ်သူတွေလည်း မရှိ။ ဘယ်သူနဲ့ တိုင်ပင်မှာလဲ။ သူ့ကိုယ်ခန္ဓာနဲ့အတူ တိုင်ပင်တဲ့အခါ သူ့ကိုယ်သူ ဒီလို ဆုံးမပါတယ်။

"ငါ့ရှင်ပါလိတ၊ ပြောစမ်းပါဦး။ သင်ဟာ မျက်စိတွေကို ကြည့်မှာလား၊ ဒါမှမဟုတ် ဘုရားသာသနာကို ကြည့်မှာလား။ မှန်တယ်၊ အစ

http://www.dhammadownload.com



အပိုင်းအခြားမရှိတဲ့ ဘဝသံသရာမှာ မျက်စိကန်းခဲ့တာ ရေတွက်လို့တောင် မရ။ ဘုရားရှင်တွေ ရာပေါင်း၊ ထောင်ပေါင်းများစွာ လွန်သွားကြပြီ။ အဲဒီဘုရားရှင်တွေထဲမှာ ဘုရားတစ်ဆူထံမှာတောင် သင်ဟာ တရားကို မလေ့ကျင့်ခဲ့။ အခုလို ဒီဝါတွင်းမှာ သုံးလပတ်လုံး မလဲလျောင်းတော့ဘူးလို့ ဆုံးဖြတ်ကာ သုံးလပတ်လုံး စွဲမြဲတဲ့ ဝီရိယကို ပြုလုပ်မယ်။ ဒါကြောင့် သင့်ရဲ့မျက်စိတွေ ပျက်စီးရင် ပျက်စီးကြပါစေ၊ ကွဲချင် ကွဲကြပါစေ၊ ဘုရားသာသနာကိုပဲ ဆောင်ပါ၊ ငဲ့ပါ၊ မျက်စိတွေကို မငဲ့ပါနဲ့။"

"ငါ့ရှင် ပါလိတ၊ သင် မြတ်နိုးရတဲ့ မျက်စိတွေ၊ နားတွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ဆုတ်ယုတ် ဆွေးမြေ့ ပျက်စီးရင် ဆုတ်ယုတ် ဆွေးမြေ့ ပျက်စီးကြပါစေ။ သင်ဟာ ဘာကြောင့် မေ့လျော့ရသလဲ။"

အဲဒီလို ကိုယ့်ကိုယ်ကို ဆုံးမပြီး ထိုင်ရင်းပဲ နှာနှတ်မှုကို ပြုကာ ရွာထဲ ဆွမ်းခံဝင်တယ်။ ဆေးဆရာက ပါလိတထေရ် (စက္ခုပါလမထေရ်) ကို မြင်ရလို့ 'အရှင်ဘုရား၊ နှာနှတ်မှုကို ပြုပြီးပါပြီလား' လို့ မေးတယ်။

"ပြီးပြီ ဒကာ" လို့ ဖြေတယ်။

"အရှင်ဘုရား၊ ဘယ်လိုနေပါသေးလဲ။"

"နာသေးတာပဲ ဒကာ။"

"အရှင်ဘုရားက ထိုင်ပြီး နှာနှတ်ပါသလား၊ လဲလျောင်းပြီး နှာနှတ်ပါသလား။"

မထေရ်က ဆိတ်ဆိတ်ပဲ နေတယ်။ အထပ်ထပ် မေးပေမယ့်လည်း ဘာကိုမှ မပြော။ အဲဒီအခါ ဆေးဆရာက မထေရ်ကို -

"အရှင်ဘုရား၊ အရှင်ဘုရားဟာ လျောက်ပတ်တာကို မလုပ်ဘူး။ ဒီနေ့စပြီး ဘယ်ဆေးဆရာက ငါ့အတွက် ဆီချက်ပေးပါတယ်လို့ မပြောပါနဲ့။ တပည့်တော်ကလည်း အရှင်ဘုရားအတွက် တပည့်တော် ဆီချက်

http://www.dhammadownload.com



ပေးပါတယ်လို့ မပြောတော့ပါ” လို့ လျှောက်တယ်။ ဆေးဆရာက စွန့်လွှတ်လိုက်လို့ ကျောင်းကို သွားပြီး “ဆေးဆရာက သင့်ကို စွန့်လွှတ်လိုက်ပြီ၊ ဣရိယာပုထ်ကို မစွန့်လွှတ်နဲ့။ ဆေးဆရာကတောင် စွန့်လွှတ်လိုက်တဲ့ သင်ဟာ သေမင်းထံ သွားဖို့ မြဲတယ်။ ဘာကြောင့် သင်ဟာ မေ့လျော့ရသလဲ” လို့ ကိုယ့်ကိုယ်ကို ဆုံးမပြီး ရဟန်းတရားကို အားထုတ်တယ်။ အဲဒီအခါ အလယ်ပိုင်းယံ လွန်ပြီးချိန်မှာ မျက်စိတွေရောကိလေသာတွေပါ မရှေးမနှောင်း ကွဲပျက်ကုန်တယ်။ ပါလိတ (စက္ခုပါလ) မထေရ်ဟာ စျာန်မရတဲ့ ရဟန္တာဖြစ်ပြီး တိုက်ခန်းကို ဝင်ကာ ထိုင်နေတယ်။ (ဓမ္မပဒ၊ ၌၊ ပ၊ ၆)

မအိပ်ဘဲ တရားအားထုတ်တဲ့ ဒီမထေရ်ရဲ့ဇွဲဟာ ပန်းတိုင်ဆီကို အရောက်ပို့ပေးသွားပါတယ်။ ဆေးဆရာက အကြိမ်ကြိမ် နားချ တိုက်တွန်းပေမယ့် ဆေးဆရာရဲ့စကားကို မလိုက်နာဘဲ သူ့ရဲ့အဓိဋ္ဌာန်ကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်ကာ အကောင်အထည်ဖော်သွားနိုင်ပါပေတယ်။ မျက်စိတွေကို အဆုံးရှုံးခံလိုက်ပေမယ့် သူ့အဓိဋ္ဌာန်နဲ့ သူ့တရားကိုတော့ အဆုံးရှုံးမခံပါ။ အဆင့်မြင့် သူတော်ကောင်းတွေရဲ့ အဓိဋ္ဌာန်ဟာ ကျောက်တောင်ပမာ ခိုင်မြဲလှပါတယ်။ ယိုင်လဲသွားတာ မရှိပါ။

မျက်စိကန်းခဲ့တဲ့ ဘဝတွေဟာ မရေမတွက်နိုင်လောက်အောင်ပဲ များခဲ့ပါတယ်။ ပကတိ မျက်စိနှစ်ကွင်း အလင်းမရတော့ပေမယ့် စက္ခုပါလမထေရ်မှာ မဂ်ဉာဏ်အလင်း၊ ဖိုလ်ဉာဏ်အလင်းတွေ လင်းသွားပါတယ်။ မဂ်မျက်စိ၊ ဖိုလ်မျက်စိတွေ ပွင့်သွားပါတယ်။ ပကတိမျက်စိထက် မဂ်မျက်စိ၊ ဖိုလ်မျက်စိတွေက ပိုပြီး တန်ဖိုးရှိပါတယ်။ ပကတိမျက်စိကန်းရင် ဒုက္ခရောက်က အလွန်ဆုံး တစ်ဘဝပါပဲ။ မဂ်ဖိုလ်မျက်စိ ကန်းနေသေးရင်တော့ အပါယ်ချောက်ထဲ ကျသွားနိုင်ပါတယ်။ ဘဝပေါင်း

http://www.dhammadownload.com



များစွာ ဒုက္ခတွေကို ခံစားရနိုင်ပါတယ်။ ပကတိ မျက်စိအစား မင်္ဂဖိုလ် မျက်စိရသွားတဲ့ မထေရ်ဟာ နိဗ္ဗာန်ချမ်းသာကို ခံစားကာ အပျော်ကြီး ပျော်ရပါတော့တယ်။

## လင်္ကာ

၁။ လဲလျောင်းတာ ပယ်, သွား-ရပ်တယ်, ထိုင်တယ် ဤသုံးလီ။
၂။ ခန္ဓာ မငဲ့, တရားငဲ့, ထူးတဲ့ သူ့စွမ်းရည်။
၃။ ပကတိ မျက်စိ, ကွယ်သွားဘိ, မဂ်မျက်စိ ပွင့်သည်။
၄။ ပကတိ မျက်စိ, ကွယ်သွားဘိ, ဖိုလ်မျက်စိ ပွင့်သည်။
၅။ မဂ် ဖိုလ် လင်းကာ, ရဟန္တာ, သူဟာ ဖြစ်သွားပြီ။

http://www.dhammadownload.com

# အောင့်နိုင်လျှင် အကျိုးရှိ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ သား ၁၀၀ ထဲမှာ အငယ်ဆုံးသား ဖြစ်တယ်။ ဘုရားလောင်းဟာ အစဉ်အတိုင်း တတ်သိနားလည်တဲ့အရွယ် ရောက်လာတယ်။ အဲဒီအခါ မင်းရဲ့နန်းတော်မှာ ပစ္စေကဗုဒ္ဓါတွေ ဆွမ်းဘုဉ်းပေးကြတယ်။ ဘုရားလောင်းက အဲဒီပစ္စေကဗုဒ္ဓါတွေအား ဝေယျာဝစ္စလုပ်ပေးတယ်။ ဘုရားလောင်းက တစ်နေ့မှာ "ငါ့မှာ အစ်ကိုတွေ များတယ်။ ငါဟာ ဒီမြို့မှာ အမျိုးရဲ့ဥစ္စာဖြစ်တဲ့ မင်းအဖြစ်ကို ရနိုင်မလား၊ မရနိုင်ဘူးလား" လို့ တွေးတယ်။ အဲဒီအခါ ဘုရားလောင်းမှာ "ပစ္စေကဗုဒ္ဓါတွေကို မေးပြီး သိမယ်" လို့ တွေးမိတယ်။ ဘုရားလောင်းဟာ နောက်နေ့မှာ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ရေစစ်ကို ယူပြီး သောက်ရေ စစ်ပေးတယ်။ ခြေတွေကို ဆေးပေးပြီး ဆီနဲ့ လိမ်းကျံပေးတယ်။ အဲဒီပစ္စေကဗုဒ္ဓါတွေရဲ့အကြား စားဖွယ်ကို စားတယ်။ ထိုင်တဲ့အခါ ရှိခိုးပြီး သင့်တင့်ရာမှာ ထိုင်ကာ အဲဒီအကြောင်းကို မေးတယ်။

အဲဒီအခါ ပစ္စေကဗုဒ္ဓါတွေက ဘုရားလောင်းကို ဒီလို ပြောတယ်။

"မင်းသား၊ သင်ဟာ ဒီမြို့မှာ မင်းအဖြစ်ကို ရမှာမဟုတ်။ ဒီမြို့က နေ ယူဇနာ (၁၂၀) ရဲ့အထက်မှာ ရှိတဲ့ ဂန္ဓာရတိုင်းမှာ တက္ကသိလာမြို့

http://www.dhammadownload.com



ဆိုတာ ရှိတယ်။ အဲဒီမြို့ကို သွားနိုင်ရင် ဒီနေ့ကနေ (၇) ရက်မြောက်မှာ မင်းအဖြစ်ကို ရလိမ့်မယ်။ လမ်းခရီးအကြားမှာတော့ မဟာဝတ္တနိ တောအုပ်မှာ ဘေးရန် ရှိတယ်။ အဲဒီတောအုပ်ကို ရှောင်လွှဲပြီး သွားရင် ခရီးလမ်းက ယူဇနာ (၁၀၀) ရှိတယ်။ ဖြောင့်ဖြောင့် သွားရင် ယူဇနာ (၅၀) ရှိတယ်။ အဲဒီခရီးလမ်းဟာ ဘီလူးတွေရဲ့နေရာ ခရီးခဲ ဖြစ်တယ်။ အဲဒီ တောအုပ်မှာ ဘီလူးမတွေက လမ်းခရီးအကြားမှာ ရွာတွေနဲ့ ဇရပ်တွေကို ဖန်ဆင်းတယ်။ အထက်မှာ ရွှေကြယ်တာရာတွေနဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်ပါတဲ့ အိပ်ရာအကောင်းစားကို ခင်းတယ်။ တပ်မက်စရာ အဝတ်ကန့်လန့်ကာအမျိုးမျိုးကို ကာရန်တယ်။ နတ်အဆင်တန်ဆာတွေနဲ့ ခန္ဓာကိုယ်ကို တန်ဆာဆင်တယ်။ ဇရပ်တွေမှာ ထိုင်ပြီး လာတဲ့ ယောက်ျားတွေကို ချိုသာတဲ့ စကားတွေနဲ့ သိမ်းသွင်းတယ်။ “ပင်ပန်းလာကြပုံ ပေါ်တယ်။ ဒီကို လာပြီး ထိုင်ကာ ရေသောက်ပြီးမှ သွားကြပါ” လို့ ခေါ်တယ်။ လာလာသမျှ လူတွေအား နေရာပေးတယ်။ သူတို့ရဲ့ ရုပ်ရည်တင့်တယ်မှုတွေနဲ့ ဖြားယောင်းတယ်။ ကိလေသာအလို လိုက်အောင် လုပ်တယ်။ သူတို့နဲ့အတူ ကာမကျူးလွန်သူတွေကို အဲဒီနေရာမှာပဲ သွေးတွေ ယိုစီးကျလာအောင် ခဲစားကာ အသေသတ်ကြတယ်။ အဆင်းအာရုံကြိုက်တဲ့သူကို အဆင်းအာရုံနဲ့ပဲ ဖြားယောင်းကြတယ်။ အသံအာရုံကြိုက်တဲ့သူကို ချိုသာတဲ့ သီချင်းသံ၊ တီးမှုတ်သံနဲ့ ဖြားယောင်းကြတယ်။ အနံ့ကြိုက်သူကို နတ်ပြည်က အနံ့နဲ့၊ အရသာကြိုက်သူကို နတ်ပြည်က အကောင်းစားအရသာအမျိုးမျိုးပါတဲ့ စားဖွယ်နဲ့၊ အတွေ့ကြိုက်သူကို (၂) ဖက်မှီအုံးနီတွေပါတဲ့ နတ်အိပ်ရာတွေနဲ့ ဖြားယောင်းကြတယ်။ ဣန္ဒြေတွေကို ဖျက်ပြီး ဘီလူးမတွေကို မကြည့်ဘဲ သတိထား

http://www.dhammadownload.com



ကာ သွားမယ်ဆိုရင် (၇) ရက်မြောက်မှာ တက္ကသိလာမြို့မှာ မင်းအဖြစ်ကို ရလိမ့်မယ်။"

ဘုရားလောင်းက "အရှင်ဘုရား ရှိပါစေ၊ အရှင်ဘုရားတို့ရဲ့ ဩဝါဒကို ယူပြီး ဘာကြောင့် အဲဒီဘီလူးမတွေကို ကြည့်ရမှာလဲ" လို့ ပြောတယ်။ ပစ္စေကဗုဒ္ဓါကို ပရိတ် (အရန်အတား) ကို ပြုလုပ်စေတယ်။ ပရိတ်သဲနဲ့ ပရိတ်ချည်ကို ယူကာ ပစ္စေကဗုဒ္ဓါတွေနဲ့ မိဘတွေကို ရှိခိုးတယ်။ အိမ်ကို သွားပြီး သူ့လူတွေကို "ငါဟာ တက္ကသိလာမြို့မှာ မင်းအဖြစ်ကို ယူဖို့ သွားမယ်။ သင်တို့ ဒီမှာပဲ နေရစ်ကြ" လို့ ပြောတယ်။ အဲဒီအခါ ဘုရားလောင်းကို လူ (၅) ယောက်က "ကျွန်တော်တို့လည်း လိုက်ကြမယ်" လို့ ပြောကြတယ်။ "သင်တို့ လိုက်လို့ မတတ်နိုင်ဘူး။ လမ်းခရီးကြားမှာ ဘီလူးမတွေက အာရုံငါးပါးကြိုက်သူတွေကို အာရုံငါးပါးတွေနဲ့ ဒီလိုဒီလို ဖြားယောင်းကြသတဲ့။ ဘေးရန်က ကြီးတယ်။ ငါကတော့ ကိုယ့်ကိုယ်ကို တွေးကြံပြီး သွားမယ်" လို့ ပြောတယ်။

"အရှင်မင်းသား၊ ကျွန်တော်တို့ဟာ အရှင်မင်းသားနဲ့ အတူသွားရင် ကိုယ်ကြိုက်တဲ့ အဆင်းစသည်တွေကို ဘာလို့ကြည့်ရမှာလဲ။ ကျွန်တော်တို့လည်း အဲဒီလိုပဲ သွားကြပါမယ်" လို့ ပြောကြတယ်။ ဘုရားလောင်းက "ဒီလိုဆိုရင် မမေ့မလျော့ နေကြပါ" လို့ ပြောကာ အဲဒီလူ (၅) ယောက်ကို ခေါ်ကာ လမ်းခရီးကို သွားတယ်။ ဘီလူးမတွေက ရွာ စသည်တွေကို ဖန်ဆင်းပြီး ထိုင်နေကြတယ်။ အဲဒီလူ (၅) ယောက်ထဲက အဆင်းအာရုံကို ကြိုက်တဲ့လူက အဲဒီဘီလူးမတွေကို ကြည့်ပြီး အဆင်းအာရုံမှာ တပ်မက်လို့ အနည်းငယ် နောက်ချန်နေရစ်တယ်။ ဘုရားလောင်းက "အမောင်၊ ဘာကြောင့် နောက်ချန်နေရစ်တာလဲ"လို့ မေးတဲ့အခါ "အရှင်မင်းသား၊ ကျွန်တော့်ရဲ့ခြေတွေ နာတယ်။ ဇရပ်မှာ ခဏထိုင်ပြီးမှ လိုက်

http://www.dhammadownload.com



လာခဲ့ပါမယ်” လို့ ပြောတယ်။ “အမောင်၊ အဲဒီဟာတွေက ဘီလူးမတွေပဲ။ မတောင့်တပါနဲ့” လို့ ပြောတယ်။ “အရှင်မင်းသား၊ ဖြစ်ချင်ရာ ဖြစ်ပါစေ။ ကျွန်တော် မတတ်နိုင်တော့ဘူး” လို့ ပြောတယ်။

“ဒီလိုဆိုရင် ထင်ရှားလာလိမ့်မယ်” လို့ ပြောကာ ကျန်တဲ့ (၄) ယောက်ကို ခေါ်ပြီး သွားတယ်။ အဲဒီအဆင်းကို ကြိုက်သူကလည်း အဲဒီဘီလူးမတွေထံ သွားတယ်။ အဲဒီဘီလူးမတွေက သူတို့နဲ့အတူ ကျူးလွန်တဲ့အခါ အဲဒီလူကို အဲဒီနေရာမှာပဲ သတ်လိုက်ကြတယ်။ ရှေ့ကို သွားပြီး အခြားဇရပ်ကို ဖန်ဆင်းကြတယ်။ တူရိယာအမျိုးမျိုးတွေကို ယူကာ သီချင်းဆိုရင်း ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အသံကို ကြိုက်သူက နောက်ချန်နေရစ်ပြန်တယ်။ ရှေးနည်းအတိုင်းပဲ သူ့ကိုလည်း စားပစ်ကြတယ်။ ရှေ့ကို သွားပြီး နံ့သာကြုတ်အမျိုးမျိုးတွေကို ဖြည့်စေကာ ဈေးခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အနံ့ကြိုက်သူက နောက်ချန်ရစ်ပြန်တယ်။ သူ့ကိုလည်း စားပြီး ရှေ့ကို သွားကြတယ်။ အရသာအကောင်းအမျိုးမျိုးပါတဲ့ နတ်စားဖွယ်တွေနဲ့ ခွက်တွေကို ပြည့်စေကာ ထမင်းဈေးခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အရသာကြိုက်သူဟာ နောက်ချန်နေရစ်ပြန်တယ်။ သူ့ကိုလည်း စားလိုက်ကာ ရှေ့ကို သွားကြတယ်။ နတ်အိပ်ရာတွေကို ခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အတွေ့အထိကို ကြိုက်သူက နောက်ချန်ရစ်ပြန်တယ်။ သူ့ကိုလည်း ခဲစားလိုက်ကြပြန်တယ်။ ဘုရားလောင်း တစ်ယောက်တည်း ကျန်တော့တယ်။

အဲဒီအခါ ဘီလူးမတစ်ယောက်က “ဒီလူဟာ အလွန်ထက်မြက်တဲ့ ပညာရှိပါပေတယ်။ ငါဟာ သူ့ကို ခဲစားပြီးမှပဲ ပြန်မယ်”လို့ တွေးကာ ဘုရားလောင်းရဲ့ နောက်က သွားတယ်။ တောအုပ်ရဲ့ ဟိုဘက်မှာ တော

http://www.dhammadownload.com



အလုပ်သမားစသူတွေက ဘီလူးမကို မြင်လို့ "ရှေ့က သွားတဲ့ ဒီယောကျ်ားဟာ သင်နဲ့ ဘာတော်စပ်သလဲ" လို့ မေးကြတယ်။

"အို အရှင်၊ အဲဒီလူဟာ ကျွန်မရဲ့ ခင်ပွန်းပါ"

"အို မိတ်ဆွေ၊ ဒီလိုအလွန်နူးညံ့တဲ့၊ ပန်းကုံးနဲ့တူတဲ့၊ ရွှေအဆင်းရှိတဲ့ ဒီအမျိုးသမီးငယ်လေးဟာ သူ့အမျိုးကို စွန့်ပြီး သင့်ကို ရည်ရွယ်အားကိုးကာ ထွက်လာတယ်။ ဘာကြောင့် ဒီအမျိုးသမီးငယ်ကို မပင်ပန်းစေဘဲ ခေါ်ကာ မသွားသလဲ။"

"အဲဒီအမျိုးသမီးဟာ ငါ့ရဲ့မယား မဟုတ်ပါ။ ဘီလူးမ ဖြစ်ပါတယ်။ အဲဒီဘီလူးမက ငါ့လူ ၅ ယောက်ကို စားပြီးပါပြီ။"

"မိတ်ဆွေတို့၊ ယောကျ်ားတွေဆိုတာ စိတ်ဆိုးတဲ့အခါမှာ ကိုယ့်မယားတွေကို ဘီလူးမတွေပဲ၊ ပြိတ္တာမတွေပဲလို့ ပြောတတ်ကြတယ်"

ဘီလူးမဟာ သွားတဲ့အခါ ကိုယ်ဝန်ဆောင်မိန်းမအသွင် ဖန်ဆင်းကာ နောက်ထပ် သားတစ်ကြိမ်ဖွားပြီး မိန်းမအသွင် ဖန်ဆင်းတယ်။ သားကို ရင်ခွင်နဲ့ ယူပြီး ဘုရားလောင်းနောက်က လိုက်တယ်။ မြင်မြင်သမျှ လူတွေက အဲဒီအတိုင်းပဲ မေးကြတယ်။ ဘုရားလောင်းကလည်း အဲဒီအတိုင်းပဲ ပြောပြီး သွားတဲ့အခါ တက္ကသိုလ်မြို့ကို ရောက်သွားတယ်။ ဘီလူးမက သားကို ဖျောက်ပစ်လိုက်ပြီး တစ်ယောက်တည်းပဲ နောက်က လိုက်သွားတယ်။ ဘုရားလောင်းက မြို့တံခါးကို ရောက်ပြီး ဇရပ်တစ်ခုမှာ ထိုင်နေတယ်။ ဘီလူးမက ဘုရားလောင်းရဲ့ အရှိန်အဝါကြောင့် မဝင်ဝံ့လို့ နတ်သမီးအသွင် ဖန်ဆင်းကာ ဇရပ်တံခါးမှာ ရပ်နေတယ်။

အဲဒီအခါ တက္ကသိုလ်မင်းက ဥယျာဉ်ကို သွားတဲ့အခါ ဘီလူးမကို မြင်ပြီး တပ်မက်သွားလို့ "သွားပါ၊ အဲဒီမိန်းမမှာ လင်ရှိမရှိ သိအောင်

http://www.dhammadownload.com



လုပ်ခဲ့ပါ”လို့ ပြောကာ လူကို စေလွှတ်လိုက်တယ်။ အဲဒီလူက ဘီလူးမ ထံ သွားပြီး “သင့်မှာ လင် ရှိသလား”လို့ မေးတယ်။ “အို မိတ်ဆွေ၊ ရှိပါ တယ်၊ ဇရပ်ထဲမှာ ထိုင်နေသူဟာ ကျွန်မရဲ့ လင်ပါပဲ”လို့ ပြောတယ်။ ဘုရားလောင်းက “အဲဒီမိန်းမဟာ ငါ့မယား မဟုတ်ပါ။ ဘီလူးမ ဖြစ်ပါ တယ်။ အဲဒီဘီလူးမက ငါ့လူ ၅ ယောက်ကို စားထားပါတယ်”လို့ ပြော တယ်။ ဘီလူးမကလည်း “မိတ်ဆွေတို့၊ ယောကျ်ားတွေဆိုတာ စိတ်ဆိုး တဲ့အခါ ပြောချင်ရာ ပြောတတ်ကြပါတယ်” လို့ ပြောတယ်။

အဲဒီလူဟာ နှစ်ယောက်စလုံးရဲ့ စကားကို မင်းအား ပြောတယ်။ မင်းက “ပိုင်ရှင်မရှိတဲ့ ဘဏ္ဍာဟာ မင်းဘဏ္ဍာပဲ”လို့ ပြောပြီး အဲဒီဘီလူးမ ကို အခေါ်ခိုင်းကာ ဆင်တစ်ကောင်ရဲ့ ကျောကုန်းပေါ်မှာ ထိုင်ခိုင်းပြီး မြို့ကို လက်ယာရစ်လှည့်ကာ ပြာသာဒ်ပေါ် တက်သွားတယ်။ အဲဒီ ဘီလူးမကို မိဖုရားကြီးအရာမှာ ထားလိုက်တယ်။ မင်းက ရေချိုး လိမ်းကျံ ပြီး ညစာစားကာ ကျက်သရေရှိတဲ့ အိပ်ရာပေါ်တက်တယ်။ ဘီလူးမက လည်း သူနဲ့လျောက်ပတ်တဲ့အစာကို စားတယ်။ တန်ဆာဆင်ပြီး အိပ်ရာ ပေါ်မှာ မင်းနဲ့အတူ အိပ်တယ်။ မင်းက ပျော်ပါးပြီး လဲလျောင်းနေတဲ့ အခါ ဘီလူးမက နံပါးတစ်ဖက်နဲ့ လူးလှိမ့်ပြီး ငိုတယ်။ အဲဒီအခါ ဘီလူးမ ကို မင်းက “ရှင်မ ဘာလို့ ငိုတာလဲ” လို့ မေးတယ်။

“အရှင်မင်း၊ အရှင်မင်းက ကျွန်မကို လမ်းမှာ တွေ့ပြီး ခေါ်ခဲ့ပါ တယ်။ အရှင်မင်းရဲ့ နန်းတော်မှာ မိန်းမတွေက အများကြီးပဲ ရှိပါတယ်။ ရန်သူတွေကြားမှာ နေရတဲ့ကျွန်မဟာ စကား ဖြစ်လာရင် “သင့်ရဲ့ အမေ၊ အဖေ၊ အနွယ်ဇာတ်ကို ဘယ်သူ သိသလဲ။ သင့်ကို လမ်းမှာ တွေ့လို့ ခေါ်ယူလာတာ” လို့ ဦးခေါင်းကို ကိုင်ပြီး ဖိနှိပ်ခံရသူပမာ မျက်နှာငယ် ရပါလိမ့်မယ်။ အရှင်မင်းက ကျွန်မအား အစိုးရမှုရော၊ အာဏာပါ ပေး

http://www.dhammadownload.com



ထားရင် ဘယ်သူကမှ ကျွန်မကို စိတ်ပျက်အောင် ပြောနိုင်ကြမှာ မဟုတ်ပါ။"

"ရှင်မ၊ ငါ့ရဲ့ တိုင်းသူပြည်သားအားလုံးဟာ ဘာမျှ မဖြစ်ကြပါဘူး။ ငါက သူတို့ရဲ့ အရှင် မဟုတ်ဘူး။ မင်းအာဏာကို ဖျက်ပြီး မလုပ်သင့်တာကို လုပ်သူတွေရဲ့သာ ငါက အရှင် ဖြစ်တယ်။ ဒါကြောင့် သင့်အား တစ်နိုင်ငံလုံးမှာရော မြို့မှာပါ အစိုးရမှုနဲ့ အာဏာကို မပေးနိုင်"

"အရှင်မင်း၊ ဒီလိုဆိုရင် နိုင်ငံနဲ့မြို့မှာ အာဏာ မပေးနိုင်ရင် နန်းတွင်းက နန်းတွင်းသူ၊ နန်းတွင်းသားတွေအပေါ် ငါ့အလိုလိုက်ဖို့ရာ အာဏာပေးပါ။"

မင်းက နတ်အတွေ့အထိနဲ့ တွေ့ထိ ခံစားထားရလို့ ဘီလူးမစကားကို မလွန်ဆန်နိုင်တဲ့အတွက် "ရှင်မ၊ ကောင်းပါပြီ၊ နန်းတွင်းသူ၊ နန်းတွင်းသားတွေအပေါ် သင့်အား အာဏာကို ပေးပါတယ်။ အဲဒီလူတွေကို သင့်အလိုအတိုင်း ဖြစ်ပါစေ" လို့ ပြောတယ်။ ဘီလူးမက မင်း အိပ်ပျော်သွားတဲ့အခါ ဘီလူးမြို့ကို သွားပြီး ဘီလူးတွေကို ခေါ်လာတယ်။ ကိုယ်တိုင် မင်းကိုသတ်ပြီး အရိုးကိုသာ ကြွင်းကျန်စေကာ အကြော၊ အရေ၊ အသား၊ အသွေးအားလုံးကို စားပစ်တယ်။ ကျန်တဲ့ ဘီလူးတွေက တံခါးကြီးတွေက စပြီး နန်းတွင်းမှာ ရှိတဲ့ ကြက်၊ ခွေးတွေပါမကျန် အားလုံးကို စားပြီး အရိုးမျှကျန်အောင် လုပ်ကြတယ်။

နောက်တစ်နေ့မှာ တံခါးပိတ်မြဲတိုင်း ပိတ်နေတာကို တွေ့ရလို့ လူတွေက ပုဆိန်တွေနဲ့ တံခါးရွက်တွေကို ထုရိုက်ပြီး အတွင်းဝင်ကာ တစ်နန်းတော်လုံး အရိုးတွေ ပြန့်ကျဲနေတာကို တွေ့သွားတယ်။ "အဲဒီမိန်းမက ငါ့မယား မဟုတ်ဘူး၊ ဘီလူးမပဲ" လို့ ပြောတဲ့ အဲဒီယောကျ်ားဟာ အမှန်ကို ပြောပေစွလို့ တွေးကြတယ်။ "မင်းကတော့ ဘာကိုမှမသိ

http://www.dhammadownload.com



ဘဲ ဘီလူးကို ခေါ်ကာ မယားလုပ်တယ်။ ဘီလူးမက ဘီလူးတွေကို ခေါ်ပြီး လူအားလုံးကို စားပြီး သွားတာ ဖြစ်လိမ့်မယ်”လို့ ပြောကြတယ်။

ဘုရားလောင်းကလည်း အဲဒီနေ့မှာ အဲဒီဇရပ်မှာပဲ ပရိတ်သဲကို ခေါင်းရင်းမှာ ထားကာ ပရိတ်ချည်ကို ကာရန်ပြီး သန်လျက်ကိုင်ကာ ရပ်ရင်း အရုဏ်ကို တက်စေပါတယ်။ လူတွေက နန်းတော်တစ်ခုလုံးကို သုတ်သင်ကာ နွားချေးအစိုနဲ့ လိမ်းကျံတယ်။ အပေါ်မှာ နံ့သာတွေနဲ့ လိမ်းကျံတယ်။ ပန်းတွေကို ကြဲပြီး ပန်းဆိုင်းတွေကို ဆွဲထားတယ်။ အခိုးပေးပြီး ပန်းအသစ်တွေကို ဖွဲ့ချည်ကာ တိုင်ပင်ကြတယ်။

“မိတ်ဆွေတို့၊ နတ်သမီးအသွင် ဖန်ဆင်းပြီး နောက်က လိုက်လာတဲ့ ဘီလူးမကို ဣန္ဒြေတွေကို ဖျက်ကာ ကြည့်တောင် မကြည့်တဲ့ ယောကျ်ားဟာ အလွန်အကဲ မြင့်မြတ်သူပဲ၊ တည်ကြည်သူပဲ၊ ဉာဏ်ရှိသူပဲ။ ဒီလို ယောကျ်ား မင်းလုပ်အုပ်ချုပ်ရင် တစ်နိုင်ငံလုံး ချမ်းသာလိမ့်မယ်။ သူ့ကို မင်းမြှောက်ကြစို့။”

အဲဒီအခါ အမတ်အားလုံးနဲ့ မြို့သူမြို့သားတွေက သဘောတူကြလို့ ဘုရားလောင်းဆီ သွားကာ “အရှင်မင်း၊ သင်ဟာ ဒီတိုင်းပြည်ကို အုပ်ချုပ်မင်း လုပ်ပါ”လို့ ပြောကာ မြို့ထဲကို ခေါ်သွားကြတယ်။ ရတနာပုံပေါ် ထားကာ အဘိသိက်သွင်းပြီး တက္ကသီလာမင်းအဖြစ် မြှောက်တင်ကြတယ်။ ဘုရားလောင်းမင်းဟာ အဂတိ ၄ ပါးကို ရှောင်တယ်။ မင်းကျင့်တရား ၁၀ ပါးကို မချိုးဖောက်၊ တရားသဖြင့် မင်းလုပ်တယ်။ ဒါနစတဲ့ ကောင်းမှုတွေကို လုပ်ကာ ကံအားလျော်စွာ လားရောက်တယ်။

(ဇာတက၊ ၄၊ ပ၊ ၄၁၉)

စွဲမက်စရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါးနဲ့ တွေ့ရင် ရှောင်ကွင်းနိုင်တဲ့ သတ္တိဟာ လူသာမန်တွေမှာ

http://www.dhammadownload.com



မရှိနိုင်ပါ။ လူသာမန်တွေဟာ အဲဒီအာရုံငါးပါးရဲ့ ဆွဲဆောင်မှုနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားကြပါတယ်။ အဲဒီဆွဲဆောင်မှုကို တွန်းလှန်နိုင်သူက ဘုရားလောင်းလို တည်ကြည်မှုရှိသူ၊ ပညာရှိသူ၊ သတိရှိသူသာ ဖြစ်ပါတယ်။ "အောင့်နိုင်လျှင် အကျိုးရှိ" ဆိုတဲ့ စကားလို ဘုရားလောင်းဟာ အောင့်အည်းစောင့်စည်းနိုင်တဲ့အတွက် ရှင်ဘုရင်ဖြစ်သွားပါတယ်။ အောင့်အည်းသင့်တဲ့နေရာမှာ အောင့်အည်းကြရပါတယ်။ စောင့်စည်းကြရပါတယ်။ ဘုရားလောင်းရဲ့အဖော် လူ ၅ ယောက်ဟာ မအောင့်အည်းနိုင်လို့ ဘီလူးမတွေရဲ့အစာ ဖြစ်သွားကြပါတယ်။ အောင့်အည်းမှုက ဘုရားလောင်းကို ပန်းတိုင်သို့ ပို့ပေးပါတယ်။ ပန်းတိုင်ဟာ အောင့်အည်းစောင့်စည်းနိုင်သူတွေအတွက်သာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ တည်ကြည်-သတိ, ပညာရှိ, ထိုသည့်သူသာ အောင်နိုင်သည်။
၂။ အောင့်နိုင်သူသာ, ကိုယ်လိုရာ, ရကာ သွားပါသည်။
၃။ စိတ်လိုလိုက်လတ်, လမ်းခုလတ်, သက်ပြတ် သေကြေသည်။
၄။ ကိုယ့်လိုပြည့်လို, စိတ်အလို, လိုက်ကို မလိုက်သင့်ပြီ။

http://www.dhammadownload.com

# ဖြည့်ရခက်တဲ့ ကြိုး

"သံခြေချင်း၊ သစ်သားခြေချင်း၊ ကြိုးအနှောင်အဖွဲ့တွေကို ဘုရားစတဲ့ ပညာရှိတွေက ခိုင်တဲ့ အနှောင်အဖွဲ့လို့ မဆိုကြပါ။ ပတ္တမြား၊ နားတောင်း စတဲ့ ပစ္စည်းနဲ့ သားသမီး ဇနီးအပေါ် ပြင်းထန်တဲ့ တပ်မက်မှုနှောင်ကြိုးကိုသာ ခိုင်တဲ့ အနှောင်အဖွဲ့လို့ ဆိုကြပါတယ်။"

(ဓမ္မပဒ၊ တဏှာဝဂ္ဂ၊ ၄ ဗန္ဓနာဂါရဝတ္ထု)

သံယောဇဉ်နှောင်ကြိုးရဲ့ ဖြတ်ရခက်ပုံကို ဘုရားအလောင်းတော်ဟာ ဘဝတစ်ခုတုန်းက ကြုံတွေ့ခဲ့ရပါတယ်။ ဗာရာဏသီပြည်မှာ ဘုရားလောင်းတော်ဟာ ဆင်းရဲတဲ့အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဘုရားအလောင်း အရွယ်ရောက်တဲ့အခါ သူ့ဖခင် ကွယ်လွန်သွားပါတယ်။ ဘုရားအလောင်းဟာ အခစားအလုပ်ကို လုပ်ပြီး မိခင်ကို ပြုစုလုပ်ကျွေးပါတယ်။ အိမ်ထောင်မပြုချင်ဘဲ သူ့မိခင်က သူ့ကို အိမ်ထောင်ချပေးပါတယ်။ မိခင်ဟာ အိမ်ထောင်ချပေးပြီးတဲ့နောက်ပိုင်းမှာ ကွယ်လွန်သွားပါတယ်။ ဇနီးသည်မှာ ကိုယ်ဝန်ရှိလာပါတယ်။ ကိုယ်ဝန်ရှိနေမှန်း မသိလို့ "ရှင်မ၊ သင်ဟာ အခစားအလုပ်ကို လုပ်ပြီး အသက်မွေးလော၊ ငါ ရဟန်းပြုမယ်" လို့ ပြောပါတယ်။ ဇနီးသည်က "ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ၊ သားဖွားပြီးတဲ့အခါ ကလေးကို ကြည့်ပြီးမှ ရဟန်းဝတ်ပါ" လို့

http://www.dhammadownload.com



ပြောပါတယ်။ ဘုရားလောင်းက "ကောင်းပါပြီ" လို့ ဝန်ခံပြီး ကလေးမွေးပြီးတဲ့အခါ ရဟန်းပြုတော့မယ်လို့ ပြောပါတယ်။ အဲဒီအခါ ကလေးနို့ဖြတ်တဲ့အချိန်အထိ စောင့်ဆိုင်းဖို့ ပြောလာပြန်ပါတယ်။ နောက်ကိုယ်ဝန်တစ်ခု ရလာပြန်ပါတယ်။

ဘုရားလောင်းက "ဒီတစ်ခါ အသိမပေးဘဲ ထွက်ပြေးပြီး ရဟန်းပြုတော့မယ်" လို့ တွေးပြီး ညအခါ ဇနီးကို အသိမပေးဘဲ ထွက်ပြေးပါတယ်။ မြို့စောင့်တွေက သူ့ကို ဖမ်းကြပါတယ်။ သူက "ကျွန်တော်ဟာ အမိကို ပြုစုလုပ်ကျွေးသူပါ။ ကျွန်တော့်ကို လွှတ်ကြပါ" လို့ ပြောပြီး ဟိမဝန္တာကို သွားကာ ရဟန်းပြုပြီး ဈာန်အဘိညာဉ်တွေ ရသွားလို့ ဈာန်နဲ့ ပျော်မွေ့ကာ နေပါတော့တယ်။ အထက်မှာ ဖော်ပြတဲ့ စကားတွေကို ဥဒါန်းကျူးရင့်ခဲ့ပါတယ်။

ရဟန်း၊ ရှင်၊ လူတွေကို တွေ့လို့ တရားအားထုတ်ဖို့ တိုက်တွန်းလိုက်ရင် နှောင်ကြိုးလေးတွေကို ဖြတ်ဖို့ အခက်တွေ့နေကြတာကို တွေ့ရပါတယ်။ သားရှိတဲ့သူက သားအတွက် ပူရပါတယ်။ သမီးရှိသူက သမီးအတွက် ပူပါတယ်။ ဇနီးရှိသူက ဇနီးအတွက် ပူပါတယ်။ ခင်ပွန်းရှိသူက ခင်ပွန်းအတွက် ပူပါတယ်။ မြေး မြစ်ရှိသူက မြေး မြစ်အတွက် ပူပါတယ်။ တိုက်ရှိသူက တိုက်အတွက်၊ ကားရှိသူက ကားအတွက်ပူပါတယ်။ ကျောင်းရှိတဲ့ သံဃာက ကျောင်းအတွက် ပူပါတယ်။ တပည့်သံဃာတွေ ရှိတဲ့ ဆရာတော်က တပည့်သံဃာတွေအတွက် ပူပါတယ်။ တရားအားထုတ်ဖို့ တိုက်တွန်းရင် တချို့က လိမ်လိမ်မာမာ ငြင်းပယ်ကြပါတယ်။ တချို့က ခါးခါးသီးသီး ငြင်းပယ်ကြပါတယ်။ တချို့ မအားသေးလို့ပါလို့ ဆိုကြပါတယ်။

http://www.dhammadownload.com



တရားအားထုတ်ပါမယ်လို့ ဝန်ခံချက် အခါခါ လှိုက်လှိုက်လှဲလှဲ ထက်ထက်သန်သန် ပေးကြတဲ့သူတွေတောင်မှ အိမ်ရောက်သွားတဲ့ အခါ တရားအားထုတ်မယ်ဆိုတဲ့ သူတို့ရဲ့ ဝန်ခံချက်ဟာ ပျောက်ကွယ် ငုပ်လျှိုးသွားပါတယ်။ သံယောဇဉ်ကြိုးတို့ရဲ့ ဖြတ်တောက်ဖို့ ခက်လှပုံကို ပိုမိုသဘောပေါက်ရပါတယ်။ ခိုင်လှတဲ့ကြိုး ဖြစ်ကြောင်းကိုလည်း သိရှိ ရပါတယ်။ အဲဒီ သံယောဇဉ်ကြိုးတွေဟာ အပါယ်ကို ဆွဲချနိုင်ကြပါ တယ်။ ဒီကြိုးတွေကို ချည်နှောင်တဲ့နေရာမှာ အရေတွေကိုလည်း မဖြတ်၊ အသားတွေကိုလည်း မဖြတ်ပါဘူး။ သွေးလည်း မထွက်စေရပါ ဘူး။ ချည်နှောင်ထားမှန်းလည်း မသိစေရပါဘူး။ ဒါပေမဲ့ လိပ်ခဲတည်း လည်းပမာ ဖြည်ရခက်လှပါတယ်။

ပညာရှိသူတော်ကောင်းတွေကတော့ သံယောဇဉ်နှောင်ကြိုးတွေ ကို ဉာဏ်ဓားနဲ့ ဖြတ်တောက်ကြပါတယ်။ မုန်ယစ်တဲ့ ဆင်ပြောင်တွေ ဟာ သံကြိုးတွေကို ဖြတ်တောက်ကြပါတယ်။ ခြင်္သေ့ငယ်တွေဟာ လှောင်အိမ်ကို ဖျက်ဆီးဖြတ်တောက်ကြပါတယ်။ ပညာရှိ သူတော် ကောင်းတွေကလည်း ကာမဂုဏ်အာရုံတွေကို အမှိုက်ပုံပမာ စက်ဆုပ် ကာ စွန့်ခွာကြပါတယ်။

ရဟန်း၊ ရှင်၊ လူတွေဟာ သံယောဇဉ်နှောင်ကြိုးတွေကို ဉာဏ်ဓား နဲ့ မဖြတ်တောက်နိုင်သေးသမျှ သံယောဇဉ်ကြိုးတွေရဲ့ ချည်နှောင်မှုကို ခံနေကြရပါမယ်။ ကြိုးတန်းလန်းနဲ့ပုဂ္ဂိုလ်တွေဟာ အိမ်က မခွာနိုင်ကြ ပါ။ သားနားက၊ သမီးနားက၊ ဇနီးနားက၊ ခင်ပွန်းနားက မခွာနိုင်ကြပါ။ ရုန်းမထွက်နိုင်ကြပါ။ ကြိုးချည်ခံထားရတဲ့ သူတွေဟာ မလွတ်လပ်၊ ကျဉ်းကျပ်ပါတယ်။ ဒုက္ခတွေလည်း ထူပြောလှပါတယ်၊ ပူလောင်ကြ ပါတယ်၊ ပင်ပန်းကြပါတယ်။

http://www.dhammadownload.com



တရားရိပ်သာရောက်လို့ တရားအားထုတ်နေရင်းတောင် တချို့ ပုဂ္ဂိုလ်တွေမှာ ကြိုးက တန်းလန်း ပါရှိနေကြပါသေးတယ်။ ကြိုးကို မဖြတ်တောက်ဘဲ ကြိုးတန်းလန်းနဲ့ အားထုတ်ရင် တရားခရီး မတွင်ပါ။ သံယောဇဉ်နှောင်ကြိုးဟာ အိမ်က မထွက်နိုင်အောင်လည်း ချည်နှောင် တတ်ပါတယ်။ ရိပ်သာ ရောက်သွားသူတွေကို အိမ်ပြန် ရောက်လာ အောင်လည်း ဆွဲငင်တတ်ပါတယ်။ သံယောဇဉ်ကြိုးတွေရဲ့ ချည်နှောင် အား ဆွဲငင်အားက ကြီးမားလှပါတယ်၊ ပြင်းထန်လှပါတယ်၊ ခိုင်မြဲလှပါ တယ်။

ဘုရားအလောင်းတော်ဟာ သံယောဇဉ်နှောင်ကြိုးတွေရဲ့ ချည် နှောင်မှုကို ခံရတဲ့အခါ ခံရပေမယ့် ဉာဏ်ဓားနဲ့ ဖြတ်တောက်နိုင်ခဲ့ပါ တယ်။ ဖြတ်တောက်ဖန်များတော့ သူ့ဉာဏ်ဓားက တုံးမသွားဘဲ ပို၍ ပို၍ ထက်ထက်လာပါတယ်။ ဘုရားရှင်ရဲ့ တပည့်တွေဟာလည်း သံယောဇဉ်ကြိုးတွေကို ကြိုးစားကြိုးစားပြီး ဉာဏ်ဓားနဲ့ ဖြတ်တောက် ဖြတ်တောက် ပေးကြရပါမယ်။ ဖြည်ရခက်တဲ့ ကြိုးတွေဟာ ဉာဏ်နဲ့ ဖြည်ရင် ပြေနိုင်ပါတယ်။

## လင်္ကာ

၁။ တပ်မက်မှု ပြင်း, နှောင်ကြိုး တင်း, လွန်မင်း ဖြတ်ခက်သည်။
၂။ ပညာရှိကား, ပညာဓား, သုံးသွားတတ်ပါသည်။
၃။ ထိုဓားနဲ့ ဖြတ်, နှောင်ကြိုး ပြတ်, လွတ်လပ်သွားလေပြီ။

http://www.dhammadownload.com

# လက်နှီးစုတ်လေး ဖြူချင်ရင်

"ပညာရှိဟာ အစဉ်အတိုင်း ခဏတိုင်း ခဏတိုင်း ကုသိုလ်ပြု လျက် မိမိသန္တာန်က အကုသိုလ်အညစ်အကြေးကို ဖယ်ထုတ်ရာ၏။ ပန်းတိမ်ဆရာဟာ ရွှေရဲ့အညစ်အကြေးကို ဖယ်ထုတ်ရသကဲ့သို့တည်း"

(ဓမ္မပဒ၊ မလဝဂ္ဂ၊ ၂ အညတရဗြာဟ္မဏဝတ္ထု)

ဘုရားရှင်က ပုဏ္ဏားတစ်ယောက်အား အထက်ပါစကားကို ဟောတော်မူခဲ့ပါတယ်။ အဲဒီပုဏ္ဏားဟာ တစ်နေ့မှာ နံနက်စောစော အိမ်က ထွက်သွားပြီး ရဟန်းတွေ သင်္ကန်းရုံတဲ့နေရာမှာ ရဟန်းတွေ သင်္ကန်းရုံနေတာကို ကြည့်ပြီး ရပ်နေပါတယ်။ အဲဒီနေရာလေးမှာ မြက်တွေ ရှုပ်နေပါတယ်။ သင်္ကန်းရုံနေတဲ့ ရဟန်းတစ်ပါးရဲ့ သင်္ကန်းကို နှင်းရည်တွေ စိုနေတာကို တွေ့သွားလို့ နောက်တစ်နေ့မှာ မြက်တွေကို ရှင်းလင်းပစ်လိုက်ပါတယ်။ တလင်းလို ပြောင်ရှင်းသွားပါတယ်။ နောက်တစ်နေ့မှာလည်း အဲဒီနေရာ လာပြီး ရဟန်းတွေ သင်္ကန်းရုံကြတဲ့အခါ ရဟန်းတစ်ပါးရဲ့ သင်္ကန်းအစွန်းဟာ မြေကြီးပေါ် ကျနေလို့ ဖုံတွေ ပေသွားတာကို မြင်ရတဲ့အတွက် သဲတွေ ယူကာ ဖြန့်ကြဲလိုက်ပါတယ်။

တစ်နေ့မှာ နံနက်ပိုင်း နေပူဟာ ပြင်းထန်နေပါတယ်။ အဲဒီအခါမှာလည်း သင်္ကန်းရုံနေကြတဲ့ ရဟန်းတွေရဲ့ကိုယ်မှ ချွေးတွေထွက်နေ

http://www.dhammadownload.com



တာကို တွေ့ရလို့ မဏ္ဍပ်ဆောက်လုပ်လိုက်ပါတယ်။ နောက်တစ်နေ့ နံနက်စောစောမှာ မိုး ရွာပါတယ်။ အဲဒီအခါမှာလည်း ရဟန်းတွေကို ကြည့်နေတဲ့ ပုဏ္ဏားဟာ ရဟန်းတွေရဲ့သင်္ကန်း မိုးရေစိုစွတ်နေတာကို တွေ့ရလို့ ဇရပ်ဆောက်လုပ်ပါတယ်။ ဇရပ်လှူဒါန်းပွဲလုပ်မယ်လို့ ကြံကာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ပြီး ဆွမ်းကပ်ပါတယ်။ ဆွမ်းစားပြီးလို့ တရားဟောတဲ့အခါ ဘုရားက အထက်ပါတရားကို ဟောကြားတော်မူပါတယ်။

ရဟန်း၊ ရှင်၊ လူတွေဟာ မိမိတို့သန္တာန်က ကိလေသာ အညစ်အကြေးတွေကို ကုသိုလ်တရားနဲ့ အဲဒီပုဏ္ဏားလို ဖယ်ရှားပစ်ကြရပါမယ်။ အညစ်အကြေးမကင်းတဲ့ ရွှေဟာ တန်ဖိုးနည်းလှပါတယ်။ အညစ်အကြေးကင်းတဲ့ ရွှေကမှ တန်ဖိုးရှိပါတယ်။ အညစ်အကြေးဟာ ရွှေရဲ့ တန်ဖိုးကို ချပစ်တတ်ပါတယ်။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ စိတ်အညစ်အကြေး မကင်းတဲ့သူဟာလည်း တန်ဖိုးနည်းလှပါတယ်။ စိတ်အညစ်အကြေး ကင်းတဲ့လူကမှ တန်ဖိုးရှိပါတယ်။ လောဘ၊ ဒေါသ စတဲ့ စိတ်အညစ်အကြေးတွေဟာ လူတစ်ယောက်ရဲ့ တန်ဖိုးကို ချပစ်တတ်ပါတယ်။

ဒါနကုသိုလ်နဲ့ လောဘ၊ မစ္ဆရိယ စိတ်အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ တစ်ခါမက အခါခါ သုတ်သင်ရပါတယ်။ လူ၀တ်ကြောင် သီလဖြစ်တဲ့ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလတွေနဲ့ ကာယကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ၀စီကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ရှင်ဟာ ရှင့်သီလတွေနဲ့ ကာယကံ၊ ၀စီကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ရဟန်းဟာ ရဟန်းသီလနဲ့

http://www.dhammadownload.com



ကာယကံ၊ ဝစီကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ သီလဟာ ကာယကံ၊ ဝစီကံ အညစ်အကြေးတွေကို ဖယ်ရှားသုတ်သင်ပေးတဲ့တရား ဖြစ်ပါတယ်။

ဘာဝနာနဲ့ စိတ်အညစ်အကြေးတွေကို ဖယ်ရှား သုတ်သင်ရပါတယ်။ စိတ်တည်ငြိမ်အောင် လုပ်တဲ့ သမထ ဘာဝနာနဲ့ နီဝရဏအညစ်အကြေးတွေကို ဝေးကွာသွားအောင် သုတ်သင်ရပါတယ်။ ဝိပဿနာဘာဝနာနဲ့ အစွဲအညစ်အကြေးတွေ ကင်းစင်သွားအောင် သုတ်သင်ရပါတယ်။ အညစ်အကြေးတွေကို အထပ်ထပ် သုတ်သင်သန့်စင်ပြီးတဲ့ ရွှေဟာ ကိုယ်အလိုရှိရာ လက်ဝတ်တန်ဆာ ရတနာတွေ ပြုလုပ်လို့ ရလာပါတယ်။ ဘာဝနာနဲ့ စိတ်အညစ်အကြေးတွေကို အထပ်ထပ် သုတ်သင်သန့်စင်ပြီးတဲ့ စိတ်ဟာလည်း ကိုယ်အလိုရှိရာ ဈာန်ရတနာ၊ မဂ်ရတနာ၊ ဖိုလ်ရတနာတွေ ပြုလုပ်လို့ ရလာပါတယ်။ ဘာဝနာနဲ့ စိတ်ကို အထပ်ထပ် သုတ်သင်ရင် အသန့်စင်ဆုံး ရဟန္တာအဖြစ်ကို ရောက်ရှိသွားပါမယ်။ အသန့်စင်ဆုံး ကိုယ်၊ နှုတ်၊ စိတ်ပိုင်ရှင်တွေ ရှေးက မရေမတွက်နိုင်အောင် ရှိခဲ့ပါတယ်။

ညစ်ပေတဲ့ ကိုယ်၊ နှုတ်၊ စိတ်တွေကို ဒါန၊ သီလ၊ ဘာဝနာ တရားတွေနဲ့ နေ့စဉ် နေ့စဉ် သန့်စင်ပေးကြရပါမယ်။ ဒါန၊ သီလ၊ ဘာဝနာတွေနဲ့ သန့်စင်မပေးရင် သတ္တဝါတွေရဲ့ ကိုယ်၊ နှုတ်၊ စိတ်ဟာ အညစ်အကြေးတွေနဲ့ ညစ်ပေနေပါတယ်။ လက်နှီးစုတ်သဖွယ် ဖြစ်နေပါလိမ့်မယ်။ အမှိုက်ပုံကြီးသဖွယ် ဖြစ်နေပါလိမ့်မယ်။ ညစ်ပေနေတဲ့ လက်နှီးစုတ်လေးကို ဖြူလာစေချင်ရင် အထပ်ထပ် ဆပ်ပြာနဲ့ ဖွပ်လျှော်ပေးက ညစ်ပေနေတဲ့ လက်နှီးစုတ်လေးဟာ ဖြူစင်လာပါတယ်။ ကိုယ့်ရဲ့ ကိုယ်၊ ကိုယ့်ရဲ့ နှုတ်၊ ကိုယ့်ရဲ့ စိတ်ဟာ လက်နှီးစုတ်လို ဖြစ်မနေဖို့ လိုအပ်လှပါတယ်။

http://www.dhammadownload.com



ညစ်ပေနေတဲ့ လက်နှိုးစုတ်လေးဟာ အမြင်မှာ မလှသလို ညစ်ပေနေတဲ့ ကိုယ်၊ နှုတ်၊ စိတ်ဟာလည်း ပညာရှိ သူတော်ကောင်းတွေရဲ့ အမြင်မှာ မလှပါ။ အကျည်းတန် နေပါတယ်။ အကျည်းတန်တဲ့ ကိုယ်အမူအရာကို လှလာအောင် လုပ်ပေးကြရပါမယ်။ အကျည်းတန်နေတဲ့ နှုတ်အပြောအဆိုကို လှလာအောင် လုပ်ပေးကြရပါမယ်။ အကျည်းတန်နေတဲ့ စိတ်အနေအထားကို လှလာအောင် လုပ်ပေးကြရပါမယ်။

သစ်သားဆင်းတုတော်၊ ကျောက်ဆင်းတုတော်ကို ထုလုပ်တဲ့အခါ မလိုတဲ့ အရာတွေကို ထွင်းထုတ်ပစ်ရပါတယ်။ ဒါမှ အဲဒီသစ်သားဆင်းတုတော်၊ ကျောက်ဆင်းတုတော်ဟာ ကြည်ညိုဖွယ်ရာ ဆင်းတုတော်ဖြစ်လာပါတယ်။ အဲဒီလိုပါပဲ လူသားတို့ရဲ့ ဘဝမှာလည်း မလိုလားအပ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အပြောအဆို၊ စိတ်နေစိတ်ထားတို့ကို တစ်စတစ်စ ဖယ်ထုတ် ဖယ်ထုတ်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ လူသားတို့ ဘဝဟာ လှပတဲ့ဘဝ ဖြစ်လာပါလိမ့်မယ်။

## လင်္ကာ

၁။ လက်နှိုးစုတ်လေး, သန့်စင်ရေး, ဖွပ်ပေး အလီလီ။
၂။ ညစ်ပေ စိတ်လေး, ဖြူစင်ရေး, ပြုပေး ကုသိုလ် အလီလီ။
၃။ ညစ်ပေ စိတ်လေး, ဖြူစင်ရေး, မှတ်ပေး အလီလီ။
၄။ ရှုမှတ်ပေးလျှင်, စိတ်စဉ်တွင်, ဖြူစင် လာပါမည်။

http://www.dhammadownload.com

# အကျိုးဆောင်

"ရဟာန်းတို့၊ မိမိရဲ့အကျိုးစီးပွားကို ကောင်းကောင်း ရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ သူတစ်ပါးရဲ့ အကျိုးစီးပွားကို ကောင်းကောင်း ရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးစီးပွားကို ကောင်းကောင်း ရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ။"

**(နိဒါနဝဂ္ဂသံယုတ်၊ ၃ ဒသဗလဝဂ္ဂ၊ ၂ ဒုတိယ ဒသဗလသုတ္တ)**

သတိဟာ ဘယ်ကိစ္စမှာမဆိုလိုအပ်လျက်ရှိပါတယ်။ သွား သတိ၊ ရပ် သတိ၊ ထိုင် သတိ၊ လျောင်း သတိ၊ ကြည့် သတိ၊ ကြား သတိ၊ နံ သတိ၊ စား သတိ၊ ထိ သတိ၊ သိ သတိ၊ စကားပြော သတိ၊ တိတ်တိတ်နေ သတိ၊ အဝတ်ဝတ် သတိ၊ ရေချိုး သတိ၊ အိမ်သာဝင် သတိ၊ အိပ်ရာဝင် သတိ၊ အိပ်ရာထ သတိ၊ အရာရာမှာ သတိဟာ ရှိနိုင်လေ ကောင်းလေပါပဲ။

သွားရာမှာ သတိ မပါရင် အသွား မှားတတ်ပါတယ်။ ရပ်ရာမှာ သတိ မပါရင် အရပ် မှားတတ်ပါတယ်။ ထိုင်ရာမှာ သတိ မပါရင် အထိုင် မှားတတ်ပါတယ်။ လျောင်းရာမှာ သတိ မပါရင် အလျောင်း မှားတတ်ပါတယ်။ ကြည့်ရာမှာ သတိ မပါရင် အကြည့် မှားတတ်ပါတယ်။ ကြားရာ

http://www.dhammadownload.com



မှာ သတိ မပါရင် အကြား မှားတတ်ပါတယ်။ နံရာ၊ စားရာ၊ ထိရာ၊ သိရာတွေမှာ သတိ မပါရင် နံမှား၊ စားမှား၊ ထိမှား၊ သိမှားတတ်ပါတယ်။ ပြောရာမှာ သတိ မပါရင် အပြော မှားတတ်ပါတယ်။ တိတ်တိတ်နေရာမှာ သတိ မပါရင် တိတ်တိတ်နေရင်းလည်း မှားတတ်ပါတယ်။ ဝတ်ရာမှာ သတိ မပါရင် အဝတ် မှားတတ်ပါတယ်။ ရေချိုးရာမှာ သတိ မပါရင် ရေချိုး မှားတတ်ပါတယ်။ အိမ်သာဝင်ရာ၊ အိပ်ရာဝင်ရာမှာ သတိ မပါရင်လည်း မှားတတ်ပါတယ်။ သတိမဲ့မှုဟာ အမှားကို တံခါးဖွင့်ထားပါတယ်။ သတိက အမှားကို တံခါးပိတ်ထားပါတယ်။

သတိရှိသူရဲ့ ပြောစကား၊ လုပ်ဆောင်ချက်၊ တွေးခေါ်ကြံဆချက်၊ ဆုံးဖြတ်ချက်တွေမှာ သတိအားကောင်းရင် အားကောင်းသလောက် အပြစ်ကင်းပါတယ်။ အမှားကင်းပါတယ်။ အပြစ်ကင်း၊ အမှားကင်းအောင် ပြောဆိုသူ၊ လုပ်ဆောင်သူ၊ တွေးခေါ်ကြံဆသူ၊ ဆုံးဖြတ်သူတွေမှာ ရှေးဦးစွာ ကောင်းကျိုး ရရှိပါတယ်။ အပြစ်ကင်းတဲ့ စကားကို နားထောင်လိုက်နာသူ၊ အပြစ်ကင်းတဲ့ လုပ်ဆောင်မှုကို ခံယူရသူ၊ အပြစ်ကင်းတဲ့ အတွေးအခေါ်၊ အကြံအဆ၊ အဆုံးအဖြတ်တို့နဲ့ ထိတွေ့ရသူတွေမှာလည်း ကောင်းကျိုးတွေ ရရှိကြပါတယ်။ သတိပါတဲ့ အပြော၊ အပြု၊ အကြံတွေဟာ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးကို တိုးပွားစေနိုင်ပါတယ်။ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကို လိုလားသူတိုင်းကို သတိနဲ့ ပြောဖို့၊ ပြုဖို့၊ ကြံဖို့ ဆုံးမတော်မူခြင်း ဖြစ်ပါတယ်။

သတ္တဝါအားလုံးထဲမှာ ဘုရားရှင်ဟာ အမြတ်ဆုံး ဖြစ်ပါတယ်။ ခြေထောက်ရှိကြတဲ့ ကုန်းနေသတ္တဝါတွေရဲ့ ခြေရာတွေမှာ ဆင်ရဲ့ခြေရာဟာ အကြီးဆုံး ဖြစ်ပါတယ်။ အထွတ်ရှိတဲ့အိမ်ရဲ့ အခြင်ရနယ်တွေ

http://www.dhammadownload.com



ဟာ အထွတ်ဆီကို ဦးတိုက်ကြရတာမို့ အထွတ်ဟာ အမြတ်ဆုံး ဖြစ်ပါတယ်။ အမြစ်ရဲ့ အနံ့တွေထဲမှာ အကျော်မြစ်ရဲ့အနံ့ဟာ အမွှေးဆုံး ဖြစ်ပါတယ်။ အနှစ်ရဲ့အနံ့တွေထဲမှာ စန္ဒကူးအနီနံ့ဟာ အမွှေးဆုံး ဖြစ်ပါတယ်။ ပန်းအနံ့တွေထဲမှာ မြတ်လေးပန်းအနံ့ဟာ အမွှေးဆုံး ဖြစ်ပါတယ်။ မင်းငယ်တွေဟာ စကြဝတေးမင်းရဲ့ နောက်လိုက်တွေ ဖြစ်ကြပါတယ်။ စကြဝတေးမင်းဟာ အဲဒီမင်းတွေထဲမှာ အမြတ်ဆုံး ဖြစ်ပါတယ်။ နက္ခတ်တာရာ အရောင်တွေထဲမှာ လအရောင်ဟာ အသာဆုံး ဖြစ်ပါတယ်။ သရဒဥတုအခါ တိမ်ကင်းစင်တဲ့ ကောင်းကင်မှာ တက်လာတဲ့ နေဟာ ကောင်းကင်မှာ ရှိတဲ့ အမိုက်တိုက်အားလုံးကို ဖယ်ရှားကာ ထွန်းလင်း တောက်ပပါတယ်။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဆိုတဲ့ မြစ်ကြီးငါးသွယ်ဟာ မဟာသမုဒ္ဒရာမှာ သွားပေါင်းကြပါတယ်။ သမုဒ္ဒရာဟာ အဲဒီမြစ်ကြီးတွေထဲမှာ အကြီးမားဆုံးဖြစ်ပါတယ်။ အဲဒီလိုပါပဲ ကုသိုလ်တရားအားလုံးထဲမှာ သတိဟာ အမြတ်ဆုံး ဖြစ်ပါတယ်။

ကုသိုလ်တရား အားလုံးဟာ သတိဆိုတဲ့ အရင်းခံ ရှိကြပါတယ်။ သတိမှာ ပေါင်းဆုံကြရပါတယ်။ ကုသိုလ်အားလုံးရဲ့ အရင်းခံ ကုသိုလ်အားလုံးရဲ့ ပေါင်းဆုံရာဖြစ်တဲ့ သတိဟာ ကုသိုလ်အားလုံးထဲမှာ အမြတ်ဆုံး ဖြစ်ပါတယ်။ အကြောင်းကတော့ ဘယ်ကုသိုလ်ကို လိုချင် လိုချင် သတိရှိမှ ရယူနိုင်ကြပါတယ်။ ဒါကြောင့် သတိဟာ ကုသိုလ် အားလုံးမှာ အမြတ်ဆုံး ဖြစ်ပါတယ်။ နိဗ္ဗာန်ကို လိုချင်ရင် သတိရှိမှ ရနိုင်ပါတယ်။ မဂ်ဖိုလ်ကို လိုချင်ရင် သတိရှိမှ ရနိုင်ပါတယ်။

သတိတရားကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက ချီးမွမ်းကြပါတယ်။ အကြောင်းကတော့ သတိဟာ လောကီ လောကုတ္တရာ တရားထူးတွေကို ရဖို့ရန်အကြောင်း ဖြစ်လို့ပါပဲ။ သတိဟာ မြင့်မြတ်တဲ့

http://www.dhammadownload.com



ဘဝဆီကို ပို့ပေးပါတယ်။ သတိရှိသူတွေဟာ မြင့်မြတ်တဲ့သူတွေ ဖြစ်ပါတယ်။ မြင့်မြတ်တဲ့သူတွေမှာ သတိရှိကြပါတယ်။ သတိကင်းတာကို ဘုရားအစရှိတဲ့ အရိယာတွေက ကဲ့ရဲ့ရှုတ်ချကြပါတယ်။ အကြောင်းကတော့ ပျက်စီးဆုံးရှုံးခြင်းရဲ့ အကြောင်းရင်းဟာ သတိကင်းမှု ဖြစ်လို့ပါပဲ။ နိမ့်ကျတဲ့ ဘဝတွေမှာ ဖြစ်နေကြရတာဟာ သတိကင်းမဲ့ကြလို့ပါပဲ။

မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးကို သယ်ပိုးလိုသူတိုင်း၊ သယ်ပိုးနေသူတိုင်း သတိကို လက်ကိုင်ပြုကာ သယ်ပိုးကြရပါမယ်။ ဒါမှ အကျိုးပြီးမြောက်ပါလိမ့်မယ်။

## လင်္ကာ

၁။ မိမိ သူတစ်ပါး, နှစ်ဦးသား, ကျိုးများ မြင်သူသည်။
၂။ သတိနဲ့သာ, အရာရာ, မှန်စွာ လုပ်သင့်သည်။
၃။ သတိသည်ကား, အမှားများ, တံခါးပိတ်ပေးသည်။
၄။ အမှားကင်းမှ, လူ့ဘဝ, အေးမြသာယာမည်။
၅။ သတိရှိလျှင်, နိဗ္ဗာန်ပင်, အသင် ရပါသည်။
၆။ နိဗ္ဗာန်လိုချင်, သတိပင်, သင့်တွင် ရှိရမည်။
၇။ သတိဆိုတာ, မြင့်မြတ်ရာ, မှန်စွာ ပို့ပါသည်။
၈။ ကုသိုလ်ထဲမှာ, သတိဟာ, အသာဆုံး ဖြစ်သည်။

http://www.dhammadownload.com

# အရှုံးအနိုင်

"အခြားသူကို အောင်နိုင်ခြင်းဟာ မမြင့်မြတ်၊ မိမိကိုယ်ကို အောင်နိုင်ခြင်းဟာ မြင့်မြတ်တယ်။ မိမိကိုယ်ကို ယဉ်ကျေးအောင် ပြုလုပ်ပြီး ကိုယ်၊ နှုတ်၊ စိတ်တွေကို အမြဲစောင့်စည်းနေတဲ့သူရဲ့ အောင်နိုင်မှုကို နတ်၊ မာရ်နတ်၊ ဂန္ဓဗ္ဗ၊ ဗြဟ္မာတွေဟာ ရှုံးသွားအောင် မပြုလုပ်နိုင်ကြပါ"

**(ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ၄ အနတ္ထပုစ္ဆက ဗြာဟ္မဏဝတ္ထု)**

ဒီစကားကို မြတ်စွာဘုရားက ကြွေအံကစားတဲ့ ပုဏ္ဏားတစ်ယောက်ကို ဟောတော်မူခဲ့ပါတယ်။ လောကကြီးမှာ အင်အားကြီးတဲ့သူတွေက အင်အားနည်းတဲ့သူတွေကို အနိုင်ယူကြပါတယ်။ လက်နက်အင်အားကြီးမားတဲ့ နိုင်ငံတွေက လက်နက်အင်အား နည်းပါးတဲ့ နိုင်ငံတွေကို အနိုင်ကျင့် ဗိုလ်လုပ်ကြတယ်။ ဓနအင်အား ကြီးမားတဲ့ နိုင်ငံတွေက ဓနအင်အား နည်းပါးတဲ့ နိုင်ငံတွေကို အနိုင်ကျင့် ဗိုလ်လုပ်ကြတယ်။ ဖွံ့ဖြိုးပြီး အင်အားကြီးတဲ့ နိုင်ငံတွေက မဖွံ့ဖြိုးသေးလို့ အင်အားသေးနေတဲ့ နိုင်ငံတွေအပေါ် နည်းအမျိုးမျိုးနဲ့ အနိုင်ကျင့်ကြတယ်၊ ဗိုလ်လုပ်ကြတယ်၊ အမြတ်ထုတ်ကြတယ်။ နိုင်ငံအချင်းချင်း အနိုင်ကျင့် ဗိုလ်လုပ်ကြသလို လူအချင်းချင်းလည်း အနိုင်ကျင့် ဗိုလ်လုပ်ကြပါတယ်။

ဒီလို သူတစ်ပါးအပေါ် အနိုင်ကျင့် ဗိုလ်လုပ်ပြီး အနိုင်ရတာမျိုးဟာ မမြတ်ပါ။ 'မှန်ကင်း တစ်လှည့်၊ ထင်း တစ်လှည့်'၊ 'ပုံလုံ တစ်လှည့်၊ ငါးပျံ တစ်လှည့်'၊ 'သစ်ငုပ် နိမ့်တုံ မြက် မြင့်တုံ' ဆိုတာတွေလို နိမ့်ချည် မြင့်ချည်နဲ့ ပြောင်းလဲသွားတတ်တဲ့ အနိုင်ရတာမျိုး ဖြစ်ပါတယ်။ ပြန်လည်

http://www.dhammadownload.com



ရှုံးနိုင်တဲ့ အောင်နိုင်မှုမျိုး ဖြစ်ပါတယ်။ ထာဝရ အောင်နိုင်တဲ့ အောင်နိုင်မှုမျိုး မဟုတ်သေးပါ။ ပြန်လည်ရှုံးနိုင်တဲ့ အောင်နိုင်မှုမျိုးဟာ မကောင်းပါ။ သူတစ်ပါးအပေါ် အနိုင်ယူရတာဟာ ရန်ပွားစေပါတယ်။ ရှုံးသွားသူမှာလည်း ဆင်းရဲဒုက္ခရောက်ရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သူတစ်ပါးတွေအပေါ်မှာ အနိုင်ယူဖို့ထက် ကိုယ့်ကိုယ်ကို အနိုင်ယူဖို့ ဆုံးမတော်မူထားပါတယ်။

ရှေ့တန်းစစ်မျက်နှာမှာ ရန်သူစစ်သား တစ်သန်းကို အောင်နိုင်သူထက် မိမိကိုယ်တွင်းက ကိလေသာရန်သူတွေကို တရားရှုမှတ်မှုနဲ့ အောင်နိုင်သူက သာလွန်မြင့်မြတ်ကြောင်းကိုလည်း မြတ်စွာဘုရားက မိန့်ကြားထားတော်မူပါတယ်။ သတ္တဝါတွေက သူတစ်ပါးကို အောင်နိုင်ဖို့သာ လုံးပန်းနေကြပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်အောင် ကြိုးစားဖို့တော့ မေ့နေကြပါတယ်။ မေ့ထားကြပါတယ်။ အရေးမထားကြပါ။ အပြင်ရန်သူထက် အတွင်းက ကိလေသာရန်သူက ပိုပြီး ကြောက်စရာကောင်းပါတယ်။ ပိုပြီး ဒုက္ခပေးပါတယ်။ အပြင်ရန်သူက ဒုက္ခပေးရင် တစ်ဘဝပဲ အစွမ်းကုန်ပေးနိုင်ပါတယ်။ အတွင်းရန်သူကတော့ ဘဝအဆက်ဆက် ဒုက္ခပေးခဲ့ပါတယ်။ ယခုဘဝမှာလည်း ပေးနေပါတယ်။ နောက်ဘဝတွေမှာလည်း ပေးပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက ကိလေသာအတွင်းရန်သူတွေကို နှိမ်နင်းဖို့၊ အနိုင်ယူဖို့ မိန့်တော်မူထားပါတယ်။

သတ္တဝါတွေမှာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ရောက်နေကြပါတယ်။ ဒုက္ခဖန်တီးရှင်ကို ရှာကြည့်တဲ့အခါ ကိလေသာတွေအပေါ်မှာသာ မဲကျပါတယ်။ ကိလေသာတွေကိုသာ လက်ညှိုးထိုးကြပါတယ်။ ဒုက္ခဖန်တီးရှင် ကိလေသာတွေကို မနှိမ်နင်းနိုင်သမျှ သုခနဲ့ အိုးစားကွဲနေရပါလိမ့်

http://www.dhammadownload.com



မယ်။ ဒုက္ခနဲ့သာ ညားနေရပါလိမ့်မယ်။ ဒုက္ခနဲ့ သေခန်း ပြတ်ချင်ရင်တော့ ကိလေသာတွေကို အပြတ် နှိမ်နင်းရပါလိမ့်မယ်။ သုခနဲ့ မဟာမိတ် ဖြစ်နေချင်ရင်တော့ ကိလေသာတွေနဲ့ ကင်းကင်းရှင်းရှင်း နေရပါလိမ့်မယ်။ ကိလေသာတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် နေနေရင်တော့ ဒုက္ခတွေ ဗရပွေ ဖြစ်နေပါလိမ့်မယ်။ ဒုက္ခတွေနဲ့ နပန်းလုံးနေကြပါလိမ့်မယ်။ အရှုံးမီးဝိုင်းပမာ ဒုက္ခတွေ ဝိုင်းအုံနေပါလိမ့်မယ်။

သုခကို ချစ်ရင် ကိလေသာတွေကို ရက်စက်ရပါလိမ့်မယ်။ အနိုင်ယူရပါလိမ့်မယ်။ ကိလေသာတွေကို ရက်စက်ပြီး အနိုင်ယူလေလေ သုခတွေက ကိုယ့်ကို ချစ်လာလေလေ ဖြစ်ပါလိမ့်မယ်။ ကိလေသာတွေကို ရက်စက်ပြီး အနိုင်ယူသူကိုမှ သုခတွေက ချစ်ကြပါတယ်။ ကိလေသာတွေကို ရှုံးနိမ့်သူတွေကိုတော့ သုခတွေက မုန်းကြပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်သူကို သုခတွေက လက်ကမ်းကြိုဆိုကြပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်သူဟာ အရာရာမှာ အောင်နိုင်သူ ဖြစ်လာပါလိမ့်မယ်။ အရာရာမှာ အောင်မြင်သူ ဖြစ်လာပါလိမ့်မယ်။ လောကမှာ ကိုယ့်ကိုယ်ကို အရှုံးပေးသူဟာ ဒုက္ခအမျိုးမျိုးတွေကို တွေ့ကြုံခံစားနေရပါတယ်။ ဒုက္ခနဲ့ လက်တွဲဖြုတ်ချင်ရင်တော့ ကိုယ့်ကိုယ်ကို အရှုံးမပေးကြဖို့ လိုအပ်လှပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်အောင် ကြိုးစားကြရပါမယ်။

## လင်္ကာ

၁။ အခြားသူအား, အောင်နိုင်ငြား, သူကား မမြတ်ပြီ။
၂။ ကိုယ့်ကိုယ်ကိုသာ, အောင်နိုင်တာ, မှန်စွာ မြင့်မြတ်သည်။
၃။ ကိုယ့်ကို အောင်လျှင်, ဘုရားရှင်, မှန်ပင် ချီးကျူးသည်။
၄။ ကိုယ့်ကို အောင်မှ, ကိုယ့်ဘဝ, မုချ ချမ်းသာမည်။

http://www.dhammadownload.com

## လူတိုင်း ဖြေရမယ့် စာမေးပွဲ

"စစ်မြေပြင်က ဆင်ပြောင်ကြီးဟာ အရပ်လေးမျက်နှာက ပစ်ခတ်လာတဲ့ လေးမြား စတဲ့ လက်နက်တွေကို သည်းခံသလို ငါဘုရားဟာ လူတွေရဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ပြောဆိုလာတဲ့ စကားတွေကို သည်းခံမယ်၊ ဟုတ်တယ်။ လောကီလူသားအများဟာ သူတို့ ကြိုက်သလို ထိခိုက်ပြောဆိုတတ်ကြတယ်။ သူတစ်ပါးတို့ လွန်ကျူးပြောဆိုလာတဲ့ စကားတွေကို သည်းခံတဲ့သူဟာ လူတွေထဲမှာ ယဉ်ကျေးမြင့်မြတ်သူပဲ။"

(ဓမ္မပဒအဋ္ဌကထာ၊ နာဂဝဂ္ဂ၊ ၁ အတ္တဒန္တဝတ္ထု)

ဒီစကားကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့ပါတယ်။ မာဂဏ္ဍီက ဘုရားအား သူ့လူတွေကို ဆဲနည်း ၁၀ မျိုးနဲ့ အဆဲခိုင်းပါတယ်။ "အရှင်ဂေါတမ သင်ဟာ သူခိုးပဲ၊ လူမိုက်ပဲ၊ လူနုံလူအပဲ၊ ကုလားအုတ်ပဲ၊ နွားပဲ၊ မြည်းပဲ၊ ငရဲသွားမယ့်သူပဲ၊ တိရစ္ဆာန်ပဲ။ သင့်မှာ ကောင်းတဲ့ ဘဝ မရှိ၊ မကောင်းတဲ့ ဘဝသာ ရှိတယ်" လို့ ဆဲရေးကြပါတယ်။ အဲဒီအခါ အရှင်အာနန္ဒာက ဘုရားအား အခြားမြို့တွေကို

http://www.dhammadownload.com



သွားဖို့အကြောင်း လျှောက်ထားလို့ ဘုရားက အရှင်အာနန္ဒာအား အထက်ပါ စကားကို မိန့်ကြားတော်မူပါတယ်။

လူ့လောကကြီးထဲမှာ နေရတော့ လူအမျိုးမျိုးကို တွေ့ကြရပါတယ်။ ဘုရားရှင်တောင်မှ နှုတ်မစောင့်သူ၊ အပြောကြမ်းသူ၊ အပြောရက်စက်သူ၊ အပြောရိုင်းသူတွေကို တွေ့ရသေးလေတော့ အခြားသူတွေအဖို့ ပြောဖို့ မလိုတော့ဘူးပေါ့။ သည်းမခံချင်စရာ စကား၊ သည်းမခံနိုင်စရာ စကားတွေကို ကြားလာရတဲ့အခါ ဘုရားရှင်ရဲ့ အထက်ပါစိတ်ထား၊ ဘုရားရှင်ရဲ့ အထက်ပါစကားတွေကို တွေးကြည့်လေ အားရကျေနပ်ဖွယ်ကောင်းလေ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဘုရားရှင်ရဲ့ သည်းခံနိုင်မှုစွမ်းအားကတော့ အထွတ်အထိပ်ပါပဲ။ ဘယ်သူမှ လိုက်မမီနိုင်ပါ။ ဘုရားအလောင်းတော် ဘဝတွေတုန်းက သည်းခံနိုင်မှု စွမ်းအားတွေ စုစည်းတော်မူခဲ့ပါတယ်။

ဘုရားအလောင်းဟာ သည်းမခံချင်စရာ သည်းမခံနိုင်စရာ စကားတွေကို ဘဝပေါင်းများစွာမှာ အခါပေါင်းများစွာ ကြားခဲ့ရပါတယ်။ သည်းမခံချင်စရာ၊ သည်းမခံနိုင်စရာ အပြုအမူတွေကိုလည်း ဘဝပေါင်းများစွာမှာ အခါပေါင်းများစွာ တွေ့ကြုံခဲ့ရပါတယ်။ ဘုရားအလောင်းတော်ဟာ သည်းမခံချင်စရာ စကား၊ သည်းမခံချင်စရာ အတွေ့အကြုံတွေကို သည်းခံနိုင်အောင် လေ့ကျင့်ခဲ့ပါတယ်။ ခန္တီစာမေးပွဲတွေကို အကြိမ်ကြိမ် ဖြေခဲ့ရပါတယ်။ အောင်မြင်ခဲ့ပါတယ်။ အောင်မြင်ဖို့ အခက်ခဲဆုံးဖြစ်တဲ့ ခန္တီစာမေးပွဲတွေကိုတောင် အောင်မြင်တော်မူခဲ့တဲ့ ဘုရားရှင်အတွက် မာဂဏ္ဍီ စမ်းသပ်တဲ့ ခန္တီစာမေးပွဲလောက်ကတော့ အသေးအမွှားလေး ဖြစ်နေပါတယ်။

http://www.dhammadownload.com



စာရှုသူရော စာရေးသူပါ ခန္တီစာမေးပွဲလေးတွေ အခါခါ ဖြေဖူးပါတယ်။ ကျရှုံးတဲ့အခါ ရှိသလို အောင်မြင်တဲ့အခါလည်း ရှိခဲ့ပါတယ်။ စာရှုသူရော စာရေးသူပါ ဆက်လက်ဖြေဆိုရဦးမယ့် ခန္တီစာမေးပွဲတွေ ရှိနေပါသေးတယ်။ စာရှုသူကိုရော စာရေးသူကိုပါ ကြိုဆိုနေတဲ့ ခန္တီစာမေးပွဲတွေ ရှိနေပါတယ်။ အဲဒီစာမေးပွဲတွေမှာလည်း ကျတဲ့အခါကျ၊ အောင်တဲ့အခါ အောင်တာတွေ ရှိနေပါလိမ့်ဦးမယ်။ အကျ နည်းပြီး အအောင် များလာအောင် ကြိုးစားကြရပါမယ်။ ဇွဲနဲ့ကြိုးစားရင် အကျမရှိ၊ အအောင်ချည်းပဲ ဖြစ်လာပါလိမ့်မယ်။ ဘုရားအလောင်းတော်ဟာလည်း ဒီလိုပဲ ကြိုးစားလာခဲ့ရတာပါပဲ။ ဘုရားအလောင်းတော်လည်း ခန္တီအရည်အသွေး အားမကောင်းသေးခင်ကတော့ ကျရှုံးတာတွေ ရှိခဲ့ပါလိမ့်မယ်။ ခန္တီအရည်အသွေး အားကောင်းလာတဲ့အခါ အနိုင်များလာရာက အနိုင်ချည်း ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။

စာရှုသူရော စာရေးသူပါ ခန္တီအရည်အသွေး အားကောင်းအောင် ကြိုးစားလေ့ကျင့်ရပါမယ်။ ခန္တီအရည်အသွေး အားကောင်းလာရင် အားကောင်းလာသလောက် အနိုင်များလာပါမယ်။ အအောင်များလာပါမယ်။ အနိုင်များ၊ အအောင်များလာရင် နောက်ဆုံးမှာ အနိုင်ချည်း အအောင်ချည်း ဖြစ်လာပါလိမ့်မယ်။ ဒေါသဖြစ်လာတဲ့အခါ သတိ၊ ပညာနဲ့ ပယ်ရှားရပါတယ်။ ဒေါသကို သတိ၊ ပညာနဲ့ ဖယ်ရှားနိုင်ရင် ဖယ်ရှားနိုင်သလောက် ခန္တီအရည်အသွေးဟာ တက်လာပါတယ်။ ခန္တီအရည်အသွေးကို သတိ ပညာနဲ့ သွေးပေးရပါတယ်။ သတိ ပညာ အားကောင်းလာသည်နဲ့အမျှ ခန္တီအရည်အသွေးဟာ တက်လာစမြဲပါပဲ။

ဘုရားအလောင်းတော်ဟာလည်း ခန္တီအရည်အသွေးကို သတိ ပညာနဲ့ပဲ သွေးခဲ့ရတာပါပဲ။ သတိ ပညာနဲ့ တည်ဆောက်ထားတဲ့ ခန္တီ

http://www.dhammadownload.com



အရည်အသွေးကမှ တာရှည်ခံပါတယ်။ သတိ ပညာတရား အားကောင်းလာရင် ခန္ဓာတရားလည်း အလိုလို အားကောင်းလာပါတယ်။ ဘုရားရှင်ရဲ့ သတိ ပညာက အထွတ်အထိပ် သတိ ပညာမို့ ခန္ဓာကလည်း အထွတ်အထိပ် ဖြစ်လာတာပါပဲ။ စာရှုသူမှာရော စာရေးသူမှာပါ ရှိနေတဲ့ ခန္ဓာ အရည်အသွေးလေးတွေကို သတိ ပညာနဲ့ မြှင့်တင်ပေးရပါမယ်။ ခန္ဓာ အင်အားကောင်းသူတွေသာ အများအကျိုး သယ်ပိုးရာမှာ အောင်မြင်မှု ရနိုင်ကြပါတယ်။ ကိုယ့်အကျိုးလည်း အောင်မြင်နိုင်ကြပါတယ်။

## လင်္ကာ

၁။ ရမ်းကားစကား, မြတ်ဘုရား, တအား သည်းခံသည်။
၂။ သည်းခံမှုတွင်, သူ ဘုရင်, လွန်ပင် မြင့်မြတ်သည်။
၃။ ဖြည်းဖြည်းချင်းသာ, သည်းခံကာ,
တိုးကာ လာအောင် လုပ်ရသည်။
၄။ တိုးတိုးလာရင်, ခန္ဓာတွင်, ဘုရင် ဖြစ်နိုင်သည်။

http://www.dhammadownload.com

## ဘုရားနဲ့တရား

"ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့ ဖြစ်တဲ့ ဘုရားရှင်တွေဟာ တရားကို အလေးပြုကြတယ်။ တရားကို အလေးပြုကြတာဟာ ဘုရားရှင်တွေရဲ့ ဓမ္မတာပဲ။ ဒါကြောင့် ကိုယ့်အကျိုးစီးပွားကို လိုလားပြီး တိုးတက်ကြီး ပွားလိုသူဟာ ဘုရားရှင်တွေရဲ့ အဆုံးအမကို အောက်မေ့အမှတ်ရကာ သူတော်ကောင်းတရားကို အလေးပြုရတယ်။

(အင်္ဂုတ္တရနိကာယ၊ စတုက္က၊ ပ ပဏ်၊ ၃ ဥရုဝေလဝဂ်၊
၁ ပဌမဥရုဝေလသုတ်)

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်း ဘေးရှိ အဇပါလ ပညောင်ပင်အောက်မှာ သီတင်းသုံးတော်မူခဲ့စဉ်က "အလေးပြုစရာ၊ မှီခိုစရာ မရှိသူဟာ ဆင်းရဲစွာ နေရတယ်။ ငါဟာ ဘယ်လိုသမဏ၊ ဗြာဟ္မဏကို အလေးပြုပြီး မှီခိုပြီး နေရပါ့မလဲ" လို့ ကြံတော်မူခဲ့ပါတယ်။ ဘုရားရှင်ဟာ သူ့ထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ (အရဟတ္တဖိုလ်) အားဖြင့် သာလွန်တဲ့သူကို လောကကြီးထဲမှာ တွေ့တော်မမူလို့ သူ အလေးပြု မှီခိုရမယ့်သူတစ်ယောက်မှ မရှိတာကို

http://www.dhammadownload.com



တွေ့ရပါတယ်။ ဒါကြောင့် သူ ထိုးထွင်းသိမြင်ထားတဲ့ လောကုတ္တရာ တရား ၉ ပါးကိုပဲ အလေးပြုပြီး အမှီပြုပြီး နေမယ်လို့ အကြံဖြစ်တော်မူခဲ့ပါတယ်။

ဘုရားရှင်ဟာ တရားနာပရိသတ်တွေကို တရားဟောတော်မူလို့ တရားနာပရိသတ်က သာဓုခေါ်တဲ့ အချိန်လေးအတွင်းမှာ ဖလ သမာပတ်ဝင်စားကာ နိဗ္ဗာန်ကို အာရုံပြုတော်မူလိုက်ပါသေးတယ်။ တစ်နေ့မှာ ဖလသမာပတ်ဝင်စားတဲ့ အကြိမ်ပေါင်း (နိဗ္ဗာန်ကို အာရုံပြုနေတဲ့ အကြိမ်ပေါင်း) ကုဋေ ၁ သန်း၊ ၂ သိန်း အကြိမ်ရှိပါသတဲ့။ ဒါဟာ ဘုရားရှင်ရဲ့ တရားအလေးပြုပုံအတွက် ထင်ရှားတဲ့ သာဓကတစ်ခုပါပဲ။

ခြင်္သေ့ဟာ သားကောင်ကို ဖမ်းရင် မထီမဲ့မြင် မဖမ်းပါ။ လွဲချော်သွားတာ လွတ်သွားတာရယ်လို့လည်း မရှိပါ။ ဆင်၊ ကျွဲ၊ နွား၊ ကျားသစ်လို သားကောင်ကြီးတွေကို ဖမ်းတဲ့အခါ ပေါ့ပေါ့ဆဆ မဖမ်းသလို ယုန်၊ ကြောင်တို့လို သတ္တဝါလေးတွေကို ဖမ်းရာမှာလည်း ပေါ့ပေါ့ဆဆ မဖမ်းပါ။ လွတ်သွားတဲ့ သားကောင်ရယ်လို့ မရှိပါ။ တစ်ကောင်မှ မလွတ်ရအောင် ဂရုတစိုက် ဖမ်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ခြင်္သေ့ဟာ သူ့ရဲ့ကြိုးစားမှုအားကို လျော့မသွားစေချင်ပါ။ ဒါကြောင့်ပါပဲ။

ဘုရားရှင်ဟာလည်း ရဟန်း၊ ရဟန်းမ၊ ဒကာ၊ ဒကာမတွေကို တရားဟောရာမှာ လေးလေးစားစားပဲ ဟောတော်မူပါတယ်။ မလေးမစား ဟောတော်မမူပါ။ သူတောင်းစား မုဆိုးတို့လို ပုထုဇဉ်တွေကိုတောင်မှ လေးလေးစားစား ဟောတော်မူပါတယ်။ ဘာကြောင့်လဲ၊ ဘုရားရှင်ဟာ တရားကို အလေးပြုတော်မူလို့ပါပဲ။ လေးစားတော်မူလို့ပါပဲ။ ဒါဟာလည်း ဘုရားရှင်ရဲ့ တရားအလေးပြုပုံအတွက် ထင်ရှားတဲ့ သာဓကတစ်ခုပါပဲ။

http://www.dhammadownload.com



လောကမှာ အသိဉာဏ်ကြီးလေလေ တရားကို အလေးပြုလေလေပါပဲ။ အကြီးကျယ်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်ထားတဲ့ ဘုရားရှင်တွေဟာ တရားရဲ့တန်ဖိုးကို အသိဆုံးဖြစ်လို့ တရားကို အလေးပြုတော်မူကြတာပါပဲ။ လောကမှာ သတ္တဝါတွေဟာ မိမိရဲ့ဘဝကို ကြီးကျယ်မြင့်မြတ်တဲ့ အဆင့်မြင့်သို့ ရောက်စေချင်ရင် တရားကို ချစ်ကြရပါမယ်။ တရားကို အလေးပြုကြရပါမယ်။ တရားကို မှီခိုကြရပါမယ်။ သီလ၊ သမာဓိ၊ ပညာ အကျင့်တရားတွေဟာ လူသားတွေရဲ့ဘဝကို မြှင့်တင်ပေးတဲ့ တရားတွေ ဖြစ်ပါတယ်။

သီလတရားကို ချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ ဘဝမှာ ကိုယ်အမူအရာ နှုတ်အပြောအဆိုတွေ စင်ကြယ်မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့နူးညံ့လာပါတယ်။ နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ သမာဓိတရားကို ချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ ဘဝမှာ စိတ်နေစိတ်ထားဟာ စင်ကြယ် မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့ နူးညံ့လာပါတယ်။ နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ ပညာတရားကို ချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ဘဝမှာ အစွဲအလမ်းတွေပါ ကျွတ်ပြီး စိတ်နေစိတ်ထားဟာ ရင့်ကျက်လာပါတယ်။ ပညာတရားမြင့်မားလာလေလေ စိတ်နေစိတ်ထားဟာလည်း ရင့်ကျက်လာလေလေပါပဲ။

စိတ်နေစိတ်ထား ရင့်ကျက်လာလေလေ လောကဓံတွေကို ခံနိုင်ရည်အား ရှိလာလေလေပါပဲ။ လောကကြီးအတွင်း မှီတင်းနေထိုင်သူမှန်သမျှ လောကဓံတွေနဲ့ မကင်းနိုင်ကြတာမို့ လောကဓံ ခံနိုင်ရည်အားတွေ မွေးမြူထားသင့်ကြပါတယ်။ လောကဓံ ခံနိုင်ရည်အားရှိပြီး လောကကြီးမှာ ကြီးပွားတိုးတက်လိုသူတိုင်းဟာ သီလတရားကို အခြေခံထား

http://www.dhammadownload.com



တဲ့ သမာဓိတရားနဲ့ ထုံမွှမ်းထားတဲ့ ဝိပဿနာပညာတရားကို အလေးပြု ကြရပါမယ်။ မှီခိုကြရပါမယ်။ အဲဒီလို အလေးပြု မှီခိုသူမှာ ကိုယ်၊ နှုတ်၊ စိတ်ထား သုံးပါးလုံး စင်ကြယ်မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့ နူးညံ့ပြီး နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ ရင့်ကျက်လာပါတယ်။ လောကဓံ ခံနိုင်ရည်အားတွေ ရှိလာပါတယ်။ သူ့ဘဝဟာ တိုးတက် မြင့်မားတဲ့ဘဝ ဖြစ်လာပါတယ်။

## လင်္ကာ

၁။ တိုးတက်ကြီးပွား, လိုသူကား, ဘုရားဆုံးမ လေးပြုသည်။
၂။ ဘုရားရှင်ပင်, တရားတွင်, အစဉ် လေးပြုသည်။
၃။ တိုးတက်ကြီးပွား, သင် လိုလား, တရား လေးပြုရပါမည်။

http://www.dhammadownload.com

# အဆင်ပြေချင်ရင်

"ငါ့ရဲ့လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတွေကို ဖြတ်ခိုင်းတဲ့ ကလာဗုမင်းဟာ အသက်ရှည်ပါစေ၊ မှန်၏။ ငါလို ခန္တီနဲ့ပြည့်စုံတဲ့ ပညာရှိတွေဟာ အမျက်ထွက်လေ့ မရှိကြပါ။"

**(ဇာတက၊ စတုက္ကနိပါတ၊ ၂ ပုစိမန္ဒဝဂ္ဂ၊ ၃ ခန္တီဝါဒီဇာတက)**

ဘုရားအလောင်း ခန္တီဝါဒီရသေ့ရဲ့ ခန္ဓာကိုယ်ရှေ့ဘက်၊ နောက်ဘက်၊ ဘေးနံပါးနှစ်ဖက်တွေမှာ ဆူးပါတဲ့ ကြိမ်နဲ့ အချက်ပေါင်း ၂ ထောင် ကလာဗုမင်းက ခိုးသူသတ်သမားကို အရိုက်ခိုင်းပါတယ်။ အရေအသားတွေ စုတ်ပြတ်ကုန်ပါတယ်။ သွေးတွေ ရဲနေပါတယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ ခြေနှစ်ဖက်ကို ပုဆိန်နဲ့ ဖြတ်တောက်ခိုင်းပါတယ်။ သွေးတွေဟာ ဒလဟော ယိုစီးထွက်နေပါတယ်။ ပြီးတော့ နားရွက်၊ နှာခေါင်းတွေကိုပါ ဖြတ်တောက်ခိုင်းပြန်ပါတယ်။ နောက်ဆုံးမှာ ဘုရားလောင်းရဲ့ ရင်ဘတ်ကို ခြေထောက်နဲ့ ကန်ပြီး ထွက်သွားပါတယ်။

ကလာဗုမင်း ထွက်သွားတဲ့အခါ စစ်သူကြီးက ဘုရားလောင်းရဲ့ ခန္ဓာကိုယ်က သွေးတွေကို သုတ်သင်ပေးပါတယ်။ ပြတ်သွားတဲ့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတွေကို အဝတ်အစွန်းမှာ ထားပါ

http://www.dhammadownload.com



တယ်။ ဘုရားလောင်းကို ဖြည်းဖြည်းလေး ထိုင်နိုင်အောင် လုပ်ပေးပါတယ်။ ထိုင်နေတဲ့ ဘုရားလောင်းကို စစ်သူကြီးက ရှိခိုးပါတယ်။ သင့်တင့်တဲ့ တစ်နေရာမှာ ထိုင်ပြီး "အရှင်ရသေ့၊ သင်ဟာ အကယ်၍ စိတ်ဆိုးလိုရင် အရှင်ရသေ့အပေါ်မှာ ကျူးလွန်ပြစ်မှားသွားတဲ့ ကလာဗုမင်းအပေါ်မှာသာ စိတ်ဆိုးတော်မူပါ။ အခြားသူတွေအပေါ်မှာ စိတ်ဆိုးတော်မမူပါနဲ့၊ အမျက်ထွက်တော်မမူပါနဲ့" လို့ လျှောက်ထား တောင်းပန်ပါတယ်။

စစ်သူကြီးရဲ့ လျှောက်ထား တောင်းပန်တဲ့စကားကို ကြားရတဲ့အခါ ဘုရားလောင်းက အထက်မှာ ဖော်ပြခဲ့တဲ့ စကားတွေကို မိန့်ကြားတော်မူပါတယ်။ ၇ လသားအရွယ်ရှိ ဓမ္မပါလမင်းသားဘဝမှာ ဖခင်ပတာပမင်းက ဓမ္မပါလရဲ့ လက်၊ ခြေ၊ ဦးခေါင်းကို ဖြတ်ကာ သတ်ခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဘုရားအလောင်းက သည်းခံတော်မူခဲ့ပါတယ်။

လောက လူသားတိုင်း သည်းမခံချင်စရာ စကားတွေကို ကြားဖူးကြပါတယ်။ သည်းမခံချင်စရာ အပြုအမူတွေကို ကြုံဖူးကြပါတယ်။ ယုတ်မာတဲ့ စိတ်ထားရှိသူတွေနဲ့ ဆက်ဆံဖူးကြပါတယ်။ သူက တစ်ခွန်းပြောရင် ကိုယ်က နှစ်ခွန်း သုံးခွန်း ပြောချင်ကြပါတယ်။ သူက တစ်ချက်ရိုက်ရင် ကိုယ်က သူ့ထက် ပိုပြီး ရိုက်ချင်ကြပါတယ်။ ဆတ်ဆတ်ထိမခံဖြစ်ကြပါတယ်။ အင်အားချင်း မမျှလို့ ငုံ့ခံလိုက်ရတောင်မှ နောင်အခါအခွင့်သာရင် ကလဲ့စား ချေချင်ကြပါတယ်။ ကိုယ့် စော်ကားလာရင် စော်ကားလာသူကို တတ်နိုင်က အမှုန့်ကြိတ်ပစ်ချင်တဲ့ စိတ်တွေတောင် ဖြစ်တတ်ကြပါတယ်။

http://www.dhammadownload.com



သည်းခံမှုအား ပါးရှားလှတဲ့ ဒီလောကကြီးထဲမှာ ခန္တိဝါဒီရသေ့ရဲ့ ခန္တိစိတ်ထားဟာ အလွန်ပဲ ထူးခြားလှပါတယ်။ အလွန်လည်း အားကျ အတုယူစရာ ကောင်းလှပါတယ်။ လောကကြီးမှာ သည်းခံမှုမရှိရင် အဆင်မပြေပါ။ ပညာရှိသူတော်ကောင်းတွေမှာ သည်းခံမှုအင်အားတွေ ရှိနေကြပါတယ်။ ခန္တိဝါဒီရသေ့လောက် သည်းခံနိုင်မှု မရှိတောင် သူ့ လောက် နီးပါး ရှိနိုင်ရင်လည်း တော်လှပါတယ်။ သူ့ရဲ့တစ်ဝက်လောက် လေးပုံတစ်ပုံလောက် ရှိရင်လည်း တော်တာပါပဲ။ သူ့ကို အားကျပြီး သည်းခံစိတ်ကို မွေးမြူသင့်ပါတယ်။ သည်းမခံချင်စရာတွေနဲ့ တွေ့ကြုံ ရတဲ့အခါ ခန္တိဝါဒီရသေ့ရဲ့ အထက်ပါစကားလေးတွေဟာ သည်းခံဖို့ရာ အများကြီး တွန်းအားပေးပါတယ်။ ခန္တိဝါဒီရသေ့၊ ဓမ္မပါလမင်းသား လေးတို့ရဲ့ ခန္တိစိတ်ထားဟာ တွေးကြည့်လေလေ ကြက်သီးမွေးညင်း ထချင်စရာ ကောင်းလေလေ ဖြစ်ပါတယ်။

အသက်ကြီးပြီး အသိဉာဏ်ကြီးလာလေလေ သည်းခံမှုရဲ့တန်ဖိုး တွေကို နားလည်လာလေလေ ဖြစ်ပါတယ်။ သည်းခံရတာဟာ သည်းခံ ရတဲ့အခါ အောင့်သက်သက်နဲ့ အခံရခက်ပေမယ့် သည်းခံပြီးနောက် ကောင်းကျိုးတွေ အများကြီး ပေါ်ထွက် ပေါ်ထွက်လာတာကို ကိုယ်တွေ့ သိရှိလာကြသူတွေဟာ သည်းခံမှုရဲ့တန်ဖိုးကို နားလည်လာကြပါတယ်။ သည်းခံမှုကို မြတ်နိုးလာကြပါတယ်။ တန်ဖိုးထားလာကြပါတယ်။ တန်ဖိုး မဖြတ်နိုင်တဲ့ ရတနာတစ်ပါးအဖြစ် လက်ခံလာကြပါတယ်။ မြင့်မြတ် တဲ့ အဆင့်အတန်းမြင့်မှုမျိုးကို ခန္တိတရား အားကောင်းသူတွေဟာ ရရှိ နိုင်ကြပါတယ်။ "သည်းခံမှု နိဗ္ဗာန်ရောက်တယ်"တဲ့။ နိဗ္ဗာန်ဆိုတဲ့ အမြင့် မြတ်ဆုံးအရာကို သည်းမခံနိုင်သူတွေ မရရှိနိုင်ကြပါ။

http://www.dhammadownload.com



"အမျက်ထွက်သူကို အမျက်မထွက်မှု၊ သည်းခံမှုနဲ့ အနိုင်ယူရာ၏။ မသူတော်ကို သူတော်ကောင်းအဖြစ်နဲ့ အနိုင်ယူရာ၏" လို့ ဘုရားရှင် ဟောတော်မူထားတဲ့ စကားတွေဟာလည်း အလွန်ပဲ မှတ်သားစရာကောင်းသလို လိုက်နာစရာလည်း ကောင်းလှပါတယ်။ တကယ့်ပညာရှိသူတော်ကောင်းကြီးတွေဟာ ဒီဘုရားစကားတော်ကို တကယ်ပဲ လိုက်နာကျင့်သုံးတော်မူကြပါတယ်။ ခန္တိဝါဒီပုဂ္ဂိုလ်တွေဖြစ်အောင် ကျင့်ဆောင်တော်မူကြပါတယ်။ ခန္တိဝါဒီရသေ့ကို အားကျပြီး ခန္တိဝါဒီပုဂ္ဂိုလ်တွေ ဖြစ်အောင် ကြိုးစားနိုင်ကြရင် လောကကြီးမှာ နေရတာ အလွန် အဆင်ပြေပါလိမ့်မယ်။ ခန္တိဝါဒီမဟုတ်သူတွေ များလေလေ လောကကြီးမှာ နေရတာ အဆင်မပြေလေလေပါပဲ။

ကိုယ့်မိသားစုမှာ အဆင်ပြေချင်ရင် မိသားစုဝင်တွေဟာ ခန္တိဝါဒီပုဂ္ဂိုလ်တွေ ဖြစ်အောင် ကြိုးစားကြရပါမယ်။ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံမှာ အဆင်ပြေချင်ရင် ရွာသူရွာသား၊ မြို့သူမြို့သား၊ နိုင်ငံသူ နိုင်ငံသားတွေဟာ ခန္တိဝါဒီပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားကြရပါမယ်။ ကြိုးစားနိုင်ကြရင် ကိုယ့်မိသားစု၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံဟာ အရာရာ အဆင်ပြေလာပါလိမ့်မယ်။

## လင်္ကာ

၁။ လက်-ခြေ-နား-နှာ, ဖြတ်တောက်တာ, သူဟာ ခံရသည်။
၂။ သို့သော် သူ့အား, ဒေါသကား, ဖြစ်ပြား မရှိပြီ။
၃။ ဖြတ်ခိုင်း မင်းမှာ, အသက်ဟာ, ရှည်စွာ တည်ပါစေ။
၄။ ဤသို့ သူ့တွင်, မေတ္တာပင်, ကပ်ဝင် နေသေးသည်။
၅။ ခန္တီကြီးမား, သူ့စိတ်ထား, လေးစား အားကျသည်။

http://www.dhammadownload.com

# လှိုင်းကြီး လှေအောက်

"ပညာရှိသူဆိုတာ ကြိုးစားသာ ကြိုးစားရာ၏။ မပျင်းရိ မငြီးငွေ့ရာ။ ငါဘုရား ကြိုးစားခဲ့လို့ ငါဘုရား ဖြစ်ချင်သလို ဖြစ်ခဲ့တာကို ငါဘုရား မြင်တော်မူ၏။"

**(ဇာတက၊ ကေကနိပါတ၊ ၆ အာသိသဝဂ်၊ ၂ စူဠဇနကဇာတက)**

ဘုရားအလောင်းတော် မဟာဇနကမင်းသား အကြောင်းကို ဟောပြပြီးတဲ့အခါ အထက်ပါစကားတွေကို ဘုရားရှင် မိန့်ကြားတော်မူခဲ့ပါတယ်။ ကမ်းမမြင်ရတဲ့ သမုဒ္ဒရာကြီးကို ဖြတ်ကူးတဲ့ မဟာဇနကရဲ့ သတ္တိ၊ ဝီရိယဟာ တကယ့်ရဲရဲတောက် သတ္တိ၊ ဝီရိယပဲ ဖြစ်ပါတယ်။ ကမ်းမမြင်ရတဲ့ သမုဒ္ဒရာကြီးကို ဖြတ်ကူးဖို့ သတ္တိ၊ ဝီရိယ မရှိခဲ့ရင်၊ ရှိပေမယ့် လျှော့ခဲ့ရင်၊ သတ္တိ ကြောင်ခဲ့ရင်၊ ဝီရိယ ပျော့ခဲ့ရင် မဟာဇနကဟာ ရှင်ဘုရင် ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ မဟာဇနကရဲ့သတ္တိနဲ့ ဝီရိယက မဟာဇနက လိုချင်တဲ့ အောင်ပန်းကို ဆွတ်ချူပေးခဲ့ပါတယ်။ "ကြောက်ရင် လွဲ၊ ရဲ မင်း ဖြစ်လတ္တံ့" ဆိုတာလိုပါပဲ။ ရဲစွမ်းသတ္တိ၊ ဝီရိယအပြည့်ရှိလို့ မဟာဇနကဟာ ရှင်ဘုရင် ဖြစ်လာခဲ့ပါတယ်။ ရဲစွမ်းသတ္တိ ဝီရိယဟာ

http://www.dhammadownload.com



နိမ့်သူရဲ့ဘဝကို မြှင့်တင်ပေးနိုင်ပါတယ်။ မြင့်သူရဲ့ဘဝကိုလည်း ပိုပြီး မြင့်တက်လာစေနိုင်ပါတယ်။ ပိုမြင့်သူရဲ့ ဘဝကိုလည်း ပိုပိုပြီး မြင့်တင် လာစေနိုင်ပါတယ်။ ခေါင်ထိပ်ရောက်အောင်လည်း မြှင့်တင်ပေးနိုင်ပါ တယ်။ ဘဝအဆင့် မြှင့်လိုသူတွေအတွက် ဝီရိယဟာ တကယ့်အားကိုး စရာ ဖြစ်ပါတယ်။

ဘုရားရှင်ဟာ မဟာဇနကလိုစတဲ့ ဘဝမျိုးတွေမှာ ဝီရိယအားတွေ ကို များသည်ထက် များအောင်၊ ကြီးသည်ထက် ကြီးအောင် စုဆောင်း တော်မူခဲ့ပါတယ်။ သိဒ္ဓတ္ထဘဝရောက်သည်အထိလည်း ဝီရိယအားတွေ ကို ဆည်းပူးတော်မူခဲ့ပြန်ပါတယ်။ ဝီရိယအား အပါအဝင် တခြားအား တွေလည်း ပြည့်စုံလာခဲ့တဲ့အခါ ဘုရား ဖြစ်တော်မူခဲ့ပါတယ်။ ဘုရား ဖြစ်တော်မူပြီးတဲ့ နောက်ပိုင်းမှာလည်း ဝီရိယအားဟာ လျော့မသွား သလို ရပ်တဲ့လည်း နေတော်မမူပါ။ သတ္တဝါတွေကို ချေချွတ်ရေးအတွက် ပရိနိဗ္ဗာန် စံတော်မူခါနီးအထိ အစွမ်းကုန် ကြိုးစားသွားတော်မူပါတယ်။ အိပ်ချိန် ၂ နာရီလောက်မှတစ်ပါး ကျန်အချိန်တွေမှာ သတ္တဝါတွေ တရား ရရေးအတွက် မနေမနား ကြိုးစားတော်မူခဲ့ပါတယ်။ ဒါကြောင့် ဘုရား ရှင်ရဲ့ သာသနာတော်အရောင်ဟာ နေလို လလို ထွန်းပြောင်ခဲ့ပါတယ်။

ကိုယ် လုပ်ရမယ့်အလုပ်ကို လုပ်ဖို့ ပျင်းရိတဲ့အခါ ငြီးငွေ့တဲ့အခါ မျိုး လောကလူသားတွေမှာ အနည်းနဲ့အများ ရှိတတ်ကြပါတယ်။ စာရှု သူမှာ ရှိခဲ့ဖူးပါလိမ့်မယ်။ စာရေးသူမှာလည်း ရှိခဲ့ဖူးပါတယ်။ အဲဒီအခါ ပျင်းရိငြီးငွေ့မှုမထားဘဲ တစ်ကြိုးစားတည်း ကြိုးစားသူတွေအကြောင်း ကို ဆင်ခြင်အောက်မေ့ရပါတယ်။ သူတို့ရဲ့ ကြိုးစားပုံတွေကို အာရုံယူရ ပါတယ်။ သူတို့ရဲ့ ရဲရဲတောက် ဝီရိယအား မြှင့်ပေးတဲ့ စကားတွေကို စဉ်းစားရပါတယ်။ အမှတ်ရ ရပါတယ်။ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေ

http://www.dhammadownload.com



လောကကြီးထဲမှာ ရှိကြပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာလည်း ရှိခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေမှာလည်း ရှိခဲ့ကြပါတယ်။ အဲဒီရဲရဲတောက် ဝီရိယပိုင်ရှင်တွေထဲမှာ ဘုရားရှင်ကတော့ ထိပ်ဆုံးကပဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးထဲမှာ ရှိရှိသမျှ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေရဲ့ ဝီရိယတွေကို ဘုရားရှင်ရဲ့ ဝီရိယနဲ့ နှိုင်းယှဉ်ရင် မြင်းမိုရ်တောင်နဲ့ ဆီးစေ့ ပမာ ကွာခြားပါလိမ့်မယ်။ အနန္တဝီရိယရှင် မြတ်စွာဘုရားရဲ့ ဝီရိယ အပြုအမူ၊ ဝီရိယစကား၊ ဝီရိယစိတ်ထားတွေကို အာရုံပြု ကြည်ညိုနိုင်ရင် အကောင်းဆုံး ဝီရိယအားပေးတဲ့ ဆေးတစ်လက်ပါပဲ။

အခက်အခဲနဲ့ လူသား၊ လူသားနဲ့ အခက်အခဲဆိုတာ ဒွန်တွဲနေတတ်စမြဲပါပဲ။ အခက်အခဲကို မကြုံဖူးတဲ့ လူသားဆိုတာ ကမ္ဘာလောကကြီးမှာ တစ်ယောက်မှ မရှိပါ။ မြန်မာနိုင်ငံမှာလည်း အခက်အခဲ ရှိတယ်။ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ် စတဲ့လူတွေမှာလည်း အခက်အခဲ ရှိကြပါတယ်။ ဝီရိယကောင်းသူတွေ အခက်အခဲအဖုံဖုံ ကြုံကြရပေမယ့် ဝီရိယရဲ့တန်ခိုးကြောင့် အခက်အခဲတွေကို ကျော်လွှားနိုင်ကြပါတယ်။ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေဟာ အခက်အခဲတွေ့လေလေ သူတို့ရဲ့ ဝီရိယဟာ ရဲရဲတောက်လာလေလေပါပဲ။ ရွံ့မသွားဘူး၊ တွန့်မသွားဘူး၊ အရောင်မှိန်မသွားဘူး၊ တိုးတိုးလာတယ်။ ရဲရဲတောက် ဝီရိယပိုင်ရှင်ကို အခက်အခဲတွေက ကြောက်ကြပါတယ်၊ လန့်ကြပါတယ်၊ အရှုံးပေးကြပါတယ်။ ဝီရိယ မရှိသူတွေကိုသာ အခက်အခဲတွေက အနိုင်ယူနိုင်ကြပါတယ်။

အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားဖူးမှ လူဟာ အသိဉာဏ် ရင့်ကျက်လာပါတယ်။ အတွေးအခေါ်တွေ မြင့်မားလာပါတယ်။ ဆုံးဖြတ်ချက်တွေ မှန်ကန်လာပါတယ်။ သုံးသပ်ချက်တွေ ထက်မြက်

http://www.dhammadownload.com



လာပါတယ်။ အခက်အခဲကို ကြောက်ပြီး အခက်အခဲကို ရှောင်လွှဲသူ ဟာ ဘဝအောင်ပွဲအလီလီတွေနဲ့ လွဲသွားပါတယ်။ ဘဝမှာ အောင်ပွဲ အလီလီ ဆင်နွှဲလိုသူတိုင်း ရဲစွမ်းသတ္တိ ဝီရိယ ရှိရပါမယ်။ ရဲစွမ်းသတ္တိ ဝီရိယသာ တကယ်ရှိရင် ဘဝမှာ အောင်ပွဲတွေဟာ ရဲစွမ်းသတ္တိဝီရိယရှင် ထံမှာ အလျှိုအလျှို ရောက်လာကြပါလိမ့်မယ်။ မလိုချင်တော့လောက် အောင်ပဲ ရောက်လာကြပါလိမ့်မယ်။ ဝီရိယရဲ့တန်ခိုးဟာ တကယ်ကြီး ပါတယ်။ ဝီရိယရဲ့အစွမ်းဟာ တကယ်ထက်လှပါတယ်။

သမုဒ္ဒရာထဲမှာ ဒုက္ခရောက်နေတဲ့ မဟာဇနကဘဝကနေ ရှင် ဘုရင် မဟာဇနကဘဝသို့ ရောက်ခဲ့တဲ့ အဖြစ်အပျက်က အလွန်ပဲ ထင် ရှားလှတဲ့ အဖြစ်အပျက် ဖြစ်ပါတယ်။ အားလျော့နေသူတွေကို အား တက်စေနိုင်တဲ့ အဖြစ်အပျက် ဖြစ်ပါတယ်။ စာရှုသူ တွေ့ခဲ့ဖူးတဲ့ အခက်အခဲ၊ တွေ့နေရတဲ့ အခက်အခဲတွေဟာ မဟာဇနကရဲ့ အခက် အခဲလောက်တော့ မကြီးနိုင်ပါ။ ဘယ်လောက်ပဲ အခက်အခဲတွေ ကြီး ကြီး ဝီရိယကြီးရင်တော့ "လှိုင်းကြီး လှေအောက်" ပမာ ဖြစ်သွားရတာ ပါပဲ။

## လင်္ကာ

၁။ မဟာဇနက, ဇွဲလုံ့လ, အားကျစရာ ကောင်းသည်။
၂။ ကမ်း မမြင်လည်း, သူ၏ဇွဲ, နည်းနည်းမှ မလျှော့ပြီ။
၃။ ဇွဲနဲ့သတ္တိ, အပြည့်ရှိ, ရောက်၏ ပန်းတိုင်ဆီ။
၄။ ဇွဲသတ္တိရှင်, သူထံတွင်, ခိုဝင် အောင်ပွဲ အလီလီ။
၅။ သတ္တိနဲ့ဇွဲ, မလျှော့ဘဲ, အမြဲ ကြိုးစားရပါသည်။

http://www.dhammadownload.com

## သူ့ မပါ ဘယ်ဟာ မပြီး

"ရဟန်းတို့၊ ရှုမှတ်ကြလော့၊ မမေ့ကြလင့်၊ နောင်အခါမှ နောင်တ မရကြစေလင့်၊ 'ရှုမှတ်ကြ၊ မမေ့ကြပါနဲ့' လို့ ဆုံးမတဲ့ အဆုံးအမဟာ သင်တို့အတွက် ငါဘုရားတို့ရဲ့ အဆုံးအမပဲ။"

**(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ဓမ္မဝိဟာရီသုတ္တ စသည်)**

ဘုရားရှင်က အထက်ပါစကားတော်ကို မိန့်ကြားတော်မူခဲ့ပါတယ်။ လူတွေဟာ ငယ်ရွယ်စဉ်အခါ၊ ကျန်းမာစဉ်အခါ၊ အစစအရာရာ အဆင်ပြေနေတဲ့အခါတွေမှာ တရားရှုမှတ်ဖို့အရေး မတွေးမိတတ်ကြပါ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ အားထုတ်ဖို့ စိတ်မဝင်စားတတ်ကြပါ။ လူတွေဟာ ငယ်ရွယ်စဉ်အခါ၊ ကျန်းမာစဉ်အခါ အစစအရာရာ အဆင်ပြေနေတဲ့အခါတွေမှာ သမထ၊ ဝိပဿနာ ဘာဝနာ တရားတွေကို အားထုတ်မထားရင် အသက်ကြီးလာတဲ့အခါ၊ မကျန်းမမာတဲ့အခါ၊ သေခါနီးအခါတွေမှာ နောင်တရတတ်ကြပါတယ်။ နောင်အခါမှ နောင်တမရကြလေအောင် ဘုရားရှင်က ရဟန်းတွေအပါအဝင် သူတော်ကောင်း တပည့်တွေအားလုံးအား သတိပေး ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါတယ်။

ငယ်ရွယ်သူနဲ့ အသက်ကြီးသူ၊ ကျန်းမာသူနဲ့ မကျန်းမာသူ၊ သေခါနီးသူတွေ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်ရေး၌ သိသိ

http://www.dhammadownload.com



သာသာ ကွာခြားလှပါတယ်။ ငယ်ရွယ်သူ ကျန်းမာသူတွေဟာ ထက်မြက်တဲ့ဓားနဲ့ တူပါတယ်။ ထက်မြက်တဲ့ ဓားနဲ့ အရာတစ်ခုကို ဖြတ်ရာမှာ လွယ်လွယ်ကူကူနဲ့ ပြတ်ပါတယ်။ ကိုယ်အင်အား၊ ဉာဏ်အင်အား ထက်မြက်နေတဲ့ ငယ်ရွယ်ကျန်းမာသူတွေဟာ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်လွယ်ပါတယ်။ အသက်အရွယ်ကြီးသူ၊ မကျန်းမမာသူတွေကတော့ အသွားတုံးတဲ့ ဓားနဲ့ တူပါတယ်။ တုံးနေတဲ့ဓားနဲ့ ဖြတ်ရာမှာ လွယ်လွယ်ကူကူနဲ့ မပြတ်ပါ။ ကိုယ်အင်အား၊ စိတ်အင်အား၊ အသိဉာဏ်အင်အား ဆုတ်ယုတ်လာတဲ့ အသက်အရွယ်ကြီးသူ မကျန်းမာသူတွေဟာ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်ရေး နှေးကွေးနေကြပါတယ်။

ဘုရားရှင်က ဆွမ်းကိစ္စပြီးလို့ ဂန္ဓကုဋိကျောင်းတော်အတွင်း မဝင်ခင် ဂန္ဓကုဋိကျောင်းတော်အနီးမှာ ရပ်လျက် ခြေထောက်တို့ကို ခြေဆေးရင်း နေ့တိုင်း ရဟန်းတို့အား မိန့်ကြားတော်မူတဲ့စကား ရှိပါတယ်။

"ရဟန်းတို့၊ သတိနဲ့ သီလ၊ သမာဓိ၊ ပညာကိစ္စတွေကို ပြီးစီးပြည့်စုံအောင် အားထုတ်ကြ။ လောကမှာ ဘုရားပွင့်ဖို့ ခဲယဉ်းတယ်။ လူ့ဘဝရဖို့ ခဲယဉ်းတယ်။ သင့်တော်တဲ့နေရာ၊ ကိုယ်လက်အင်္ဂါ ပြည့်စုံမှု၊ သဒ္ဓါရှိမှု စတာတွေကို ရဖို့ ခဲယဉ်းတယ်။ ရဟန်းဘဝရဖို့ ခဲယဉ်းတယ်။ သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတယ်။"

နေ့စဉ် ပေးတော်မူတဲ့ ဘုရားရှင်ရဲ့ ဒီဩဝါဒစကားလေးတွေကို ဗုဒ္ဓသာသနာဝင် ရဟန်းတိုင်း၊ ရှင်တိုင်း၊ လူတိုင်း သိထားသင့်ကြပါတယ်။ မှတ်သားထားသင့်ကြပါတယ်။ လိုက်နာကြရပါမယ်။ ဗုဒ္ဓသာသနာဝင်တွေဟာ ကံကောင်းကြပါတယ်။ ဘုရားပွင့်ရာ အခါကောင်းနဲ့ ကြုံနေကြပါတယ်။ ရခဲတဲ့ လူ့ဘဝကိုလည်း ရနေကြပါတယ်။ သင့်တော်တဲ့

http://www.dhammadownload.com



နေရာ၊ ကိုယ်လက်အင်္ဂါ ပြည့်စုံမှု၊ သဒ္ဓါရှိမှု စတာတွေကိုလည်း ရနေကြပါတယ်။ သူတော်ကောင်းတရားတွေကိုလည်း နာကြားခွင့် ရနေကြပါတယ်။ တချို့ဆို ရှင်ရဟန်းအဖြစ်ကို ရနေကြပါတယ်။ ဒီလိုရခဲ့တဲ့ အခွင့်ကောင်းတွေကို ရနေကြတာ ကံကောင်းကြလို့ပဲ ဖြစ်ပါတယ်။

ကံကောင်းလို့ ရောက်ရှိနေတဲ့ ဒီလိုဘဝကောင်းမျိုးမှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အခွင့်အရေးကောင်းတွေကို လက်လွတ်ဆုံးရှုံးမသွားမိကြဖို့ အရေးကြီးလှပါတယ်။ လူရယ်လို့ဖြစ်လာရင် ကိုယ်မှု၊ နှုတ်မှု စင်ကြယ်ပြီး ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုရှိတဲ့လူ ဖြစ်ရပါမယ်။ ဒီမှတစ်ဆင့် စိတ်ယဉ်ကျေးမှု ရှိတဲ့လူလည်း ဖြစ်ရပါမယ်။ ဒီမှတစ်ဆင့် စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ်တိုးတက်တဲ့လူလည်း ဖြစ်ရပါမယ်။ ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုရှိတဲ့ လူ ဖြစ်ချင်ရင် သီလရှိရပါမယ်။ စိတ်ယဉ်ကျေးမှုရှိတဲ့ လူ ဖြစ်ချင်ရင် သမာဓိ ရှိရပါမယ်။ စိတ်ဓာတ် ဖွံ့ဖြိုး အသိဉာဏ်တိုးတဲ့လူ ဖြစ်ချင်ရင်တော့ ပညာရှိရပါမယ်။ ဝိပဿနာပညာ၊ မဂ်ပညာ ရှိရပါမယ်။ သီလ၊ သမာဓိ၊ ပညာတွေ ရှိလာအောင် သတိနဲ့ ပြည့်စုံကြရပါမယ်။ သတိရှင်ဟာ သီလရှင်၊ သမာဓိရှင်၊ ပညာရှင်လည်း ဖြစ်လာပါမယ်။

သတိဆိုတာ ပိုတယ်လို့ ဘယ်တော့မှ မရှိဘဲ အမြဲတမ်း လိုလျက်သာ ရှိနေပါတယ်။ ကိစ္စတိုင်းမှာ သတိလိုပါတယ်။ သီလကိစ္စမှာလည်း သတိလိုပါတယ်။ သမာဓိကိစ္စမှာလည်း သတိလိုပါတယ်။ ပညာကိစ္စမှာလည်း သတိလိုပါတယ်။ သတိဟာ ရှိနိုင်လေ ကောင်းလေ ဖြစ်ပါတယ်။ သတိလွန်လို့ အကျိုးမဲ့ဖြစ်တယ်ဆိုတာ မရှိပါ။ သတိလိုလို့သာ အကျိုးမဲ့တွေ ဖြစ်ရပါတယ်။ ဓမ္မရေးရာကိစ္စမှာသာ သတိဟာ လိုအပ်

http://www.dhammadownload.com



တာ မဟုတ်ပါ။ လောကရေးရာ ကိစ္စတွေမှာလည်း သတိဟာ လိုအပ်လျက် ရှိနေပါတယ်။

သတိ မပါရင် ဘုရားလောင်းလည်း ဘုရား မဖြစ်နိုင်ပါ။ ရဟန္တာလည်း မဖြစ်နိုင်ပါ။ အနာဂါမ်၊ သောတာပန်လည်း မဖြစ်နိုင်ပါ။ စိတ်စင်ကြယ်သူ မဖြစ်နိုင်ပါ။ သတိဟာ ဓမ္မရေးရာ၊ လောကရေးရာတွေမှာ သူမပါရင် မပြီး အရေးကြီးလှတဲ့ တရား ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်က သတိရှိကြဖို့ မမေ့ကြဖို့ မိန့်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## လင်္ကာ

၁။ ရှုမှတ်ကြရန်၊ မမေ့ရန်၊ တန်တန် ဗုဒ္ဓ ဆုံးမသည်။
၂။ အို နာ သေမှ၊ ပူနောင်တ၊ မရသင့်ပါပြီ။
၃။ မအိုသေးခင်၊ ကြိုး၍ပင်၊ အသင် ရှုရသည်။
၄။ မနာသေးခင်၊ ကြိုး၍ပင်၊ အသင် ရှုရသည်။
၅။ မသေသေးခင်၊ ကြိုး၍ပင်၊ အသင် ရှုရသည်။
၆။ အရာရာတွင်၊ ဆင်ပြေစဉ်၊ အသင် ရှုရသည်။
၇။ ကြိုတင် ရှုမှ၊ နောင်ကာလ၊ နောင်တ ကင်းရမည်။

http://www.dhammadownload.com

# ရှာမှ ရှားသူ

"လောကီလူအများဟာ ပညာမျက်စိကန်းနေတယ်။ အဲဒီလောကီလူအများထဲက လူအနည်းစုသာ ဝိပဿနာမျက်စိ ရှိကြတယ်။ ပိုက်ထဲမှာ မိနေတဲ့ ငုံးငှက်တွေထဲက တစ်ကောင်တလေသာ ပိုက်ထဲက လွတ်ထွက်နိုင်သလို သတ္တဝါတစ်ယောက်တလေသာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်ကို ရောက်တယ်။ အများစုဟာ အပါယ်သို့ သွားကြတယ်။

(ဓမ္မပဒ၊ လောကဝဂ်၊ ၇ ပေသကာရဓီတာဝတ္ထု)

မြန်မာနိုင်ငံဟာ ထေရဝါဒ ဗုဒ္ဓသာသနာ အထွန်းကားဆုံးနိုင်ငံဖြစ်ပါတယ်။ ဝိပဿနာ လိုက်စားသူဦးရေဟာ အခြားနိုင်ငံတွေမှာထက် ပိုမိုများပါလိမ့်မယ်။ သန်း ၅၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံ လူဦးရေထဲမှာ ဝိပဿနာတရား အားထုတ်သူဟာ တစ်သန်း၊ နှစ်သန်းလောက်ပဲ ရှိမယ်ထင်ပါတယ်။ ထေရဝါဒ ဗုဒ္ဓသာသနာဟာ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတွေမှာလည်း ထွန်းကားနေပါတယ်။ သူတို့နိုင်ငံတွေမှာ ဝိပဿနာမျက်စိရှိသူက အလွန်ပဲ နည်းပါလိမ့်မယ်။ ကိုယ့်မြန်မာနိုင်ငံအောက် ပိုနည်းပါလိမ့်မယ်။ တစ်ကမ္ဘာလုံးမှာ ကြည့်လိုက်ရင် ဝိပဿနာမျက်စိ ရှိသူဟာ အလွန်နည်းနေပါတယ်။ မြန်မာနိုင်ငံမှာရော အခြားနိုင်ငံတွေမှာပါ တစ်ကမ္ဘာလုံးနီးပါး ဝိပဿနာမျက်စိ ကန်းနေကြပါတယ်။

http://www.dhammadownload.com



ဘုရားရှင်နဲ့ ဘုရားရှင်ရဲ့တပည့်တွေက ဝိပဿနာမျက်စိကို ဖွင့်ပေးခဲ့ကြပါတယ်။ ဝိပဿနာ ပညာမျက်စိဖွင့်လို့ မဂ်ပညာမျက်စိ၊ ဖိုလ်ပညာမျက်စိ ပွင့်ခဲ့သူလည်း ရှိခဲ့ပါတယ်။ ကမ္ဘာရှိ လူဦးရေနဲ့စာရင် ဝိပဿနာမျက်စိပွင့်သူဦးရေဟာ အလွန်ပဲ နည်းနေပါသေးတယ်။ ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံကြိုက်ရပါလျက် ဝိပဿနာမျက်စိ အကန်းဘဝနဲ့ ဘဝနိဂုံးချုပ်ရမယ်ဆိုရင် လူဖြစ်ရကျိုးလည်း မနပ်နိုင်သေးပါ။ ဗုဒ္ဓသာသနာတော်နဲ့လည်း တွေ့ရကျိုး မနပ်နိုင်သေးပါ။ ကန်းနေတဲ့ ဝိပဿနာမျက်စိကို မြင်လာအောင် ကုသပေးနေတဲ့ ဆေးရုံတွေ၊ ဆရာဝန်တွေ မြန်မာနိုင်ငံမှာ ရှိနေပါတယ်။ ဘုရားရှင် ပေးတော်မူထားတဲ့ ကုသနည်းတွေနဲ့ ကုသပေးနေပါတယ်။ ဝိပဿနာပညာမျက်စိ အလင်းရလိုတဲ့ ပြည်ပသူ ပြည်ပသားတွေကလည်း မြန်မာနိုင်ငံက ဝိပဿနာဆရာဝန်တွေထံ လာရောက်ပြီး ဆေးကုသမှု ခံယူနေကြပါတယ်။

မြန်မာနိုင်ငံက ဝိပဿနာဆရာဝန် (ကမ္မဋ္ဌာန်းဆရာ) တွေကို သူတို့နိုင်ငံအသီးသီးကို ပင့်ဆောင်ပြီးတော့လည်း ဆေးကုသမှု ခံယူနေကြပါတယ်။ ကမ္ဘာအနှံ့အပြားမှာ ဝိပဿနာမျက်စိအလင်းဆေး (သတိပဋ္ဌာန်ဆေး) ဟာ ယခုအခါ ပျံ့နှံ့နေပါတယ်။ ဝိပဿနာမျက်စိကန်းသူရဲ့ ဘဝမှာ ဒုက္ခအဖုံဖုံနဲ့ ကြုံရတဲ့အခါ ခံနိုင်ရည်အင်အား နည်းကြပါတယ်။ ဒုက္ခတွေနဲ့ ကြုံရပေမယ့် မဖြုံတဲ့ဆေးကို သူတို့ လိုလားကြပါတယ်။ ဒုက္ခငြိမ်းဆေးကို လိုလားနေကြပါတယ်၊ ရှာဖွေနေကြပါတယ်။ ရှာဖွေကြတဲ့အခါ ဒီဝိပဿနာ မျက်စိအလင်းဆေးကို စားသုံးကြည့်ကြပါတယ်။ အဲဒီအခါ ဆေးရဲ့အာနိသင်၊ ဆေးရဲ့စွမ်းအားကို မြင်သိလာကြပါတယ်။ ဝိပဿနာမျက်စိ အပြည့်အဝ လင်းသွားတဲ့အခါ အငြိမ်းအေးဆုံးအရာ (နိဗ္ဗာန်) ကို တွေ့သွားပါတယ်။ ဘုရားရှင်ကလည်း ကမ္ဘာ့လူသားတိုင်း

http://www.dhammadownload.com



ကို အဲဒီအငြိမ်းအေးဆုံးအရာကို ရစေချင်ပါတယ်။ အဲဒီအငြိမ်းအေးဆုံးအရာကို ပေးချင်လို့လည်း ဘုရားရှင် ပေါ်ထွန်းလာရတာပါပဲ။ အငြိမ်းအေးဆုံးအရာကို ရရှိပြီးသူဟာ ဘဝမကုန်ဆုံးသေးရင် (ရဟန္တာ မဖြစ်သေးရင်) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေကို ရောက်ရတာပါပဲ။ အငြိမ်းဓာတ်နိဗ္ဗာန်ကို တစ်ခါ တွေ့ပြီးရင် အပါယ်လေးပါးမှ ထာဝရ လွတ်သွားပါပြီ။

အဖိုးတန် လက်ဝတ်တန်ဆာ ရတနာတွေကို လူတိုင်း မဝတ်ဆင်နိုင်ကြပါ။ ချမ်းသာကြွယ်ဝတဲ့ လူအနည်းစုသာ ဝတ်ဆင်နိုင်ကြပါတယ်။ ဝိပဿနာမျက်စိ အလင်းဆေးကိုလည်း လူတိုင်း မစားသုံးနိုင်ကြပါ။ ဘုန်းကံပါရမီရှိသူတွေသာ စားသုံးနိုင်ကြပါတယ်။ ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံကြိုက်ခိုက် လူဖြစ်လာကြတုန်း အပါယ်နဲ့ အိုးစားကွဲအောင် ကြိုးစားသင့်ကြပါတယ်။ လူ့ဘဝရောက်ပြီး အပါယ်လေးပါး သွားရရင် အရင်းရှုံးတဲ့ဈေးသည်လို ဖြစ်နေပါလိမ့်မယ်။ အရင်းအတိုင်း လူ့ဘဝ ပြန်ရကြရင် တော်သေးတာပေါ့။ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ အမြတ်ကို ရရင်တော့ ပိုကောင်းတာပေါ့။ နိဗ္ဗာန်ဆိုတဲ့ အမြတ်ရရင်တော့ အကောင်းဆုံးပေါ့။ နိဗ္ဗာန်ဆိုတဲ့ ဘဝအာမခံချက်ရှိတဲ့ အမြတ်ကို ရဖို့ လိုပါတယ်။ ဝိပဿနာမျက်စိ အပြည့်အဝ လင်းသွားရင် ဘဝ အာမခံချက်ရှိတဲ့ အမြတ်ကို ရရှိသွားတော့တယ်။

ဘုရားရှင်ဟာ ဒုက္ခခံစားနေရတဲ့ ဒုက္ခိတသတ္တဝါတွေရဲ့ ဒုက္ခ အဖုံဖုံကို ရှုစိမ့်တော်မမူပါ။ ဖယ်ရှားလိုတဲ့ဆန္ဒ ပြင်းပြတော်မူပါတယ်။ ငရဲမှာ ခံစားရတဲ့ ဆင်းရဲဟာ ကြီးကျယ်လွန်းတာမို့ အဲဒီငရဲ ဆင်းရဲမှ လွတ်စေလိုတော်မူပါတယ်။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် တို့ရဲ့ဘဝမှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေဟာ များလှပါတယ်။ အဲဒီဆင်းရဲတွေမှလည်း သတ္တဝါ

http://www.dhammadownload.com



တွေကို လွတ်စေတော်မူလိုပါတယ်။ ဒီဘဝဆိုးတွေမှ ထာဝရ လွတ်ဖို့ ဆိုတာလည်း ဝိပဿနာမျက်စိ အလင်းဆေးကို မစားရင် လုံးဝမဖြစ် နိုင်ပါ။ အထက်ပါ ဘုရားစကားတော်အတိုင်းပါပဲ။ ဝိပဿနာမျက်စိ ရှိသူတွေဟာ လောကကြီးမှာ နည်းလှပါတယ်။ ဘဝကောင်းနဲ့ နိဗ္ဗာန် ရောက်သူတွေဟာလည်း နည်းလှပါတယ်။ ဝိပဿနာမျက်စိရှိသူတွေ ဟာ လောကကြီးမှာ ရှာမှ ရှားပါလိမ့်မယ်။ အဲဒီရှာမှ ရှားတဲ့ ပုဂ္ဂိုလ်စာရင်း မှာ စာရှုသူ မပါဝင်သေးရင် ပါဝင်အောင် ကြိုးစားသင့်ပါတယ်။

## လင်္ကာ

၁။ ဝိပဿနာမျက်စိ, ပွင့်လေဘိ, ထိုသည့်သူဟာ ရှားပါသည်။
၂။ ဝိပဿနာမျက်စိ, ကန်းနေဘိ, ထိုသည့်သူသာ များပါသည်။
၃။ ဖိုးတန်ရတနာ, ဝတ်ရပါ, သူဟာ ရှားပါသည်။
၄။ ထိုနည်းတူစွာ, ဝိပဿနာ, ပညာရှိသူ ရှားပါသည်။
၅။ ရှားသူထဲတွင်, ရှုမှတ်လျှင်, အသင် ပါဝင်ပြီ။

http://www.dhammadownload.com

## အကောင်းဆုံး ဆေးတစ်ခွက်

"ရာဂ၊ ဒေါသ၊ မောဟတွေကြောင့် ကိုယ်ရော စိတ်ပါ ပူလောင်နေကြသူတွေဟာ ချမ်းချမ်းသာသာ မအိပ်ကြရ။ ငါဘုရားက ရာဂ၊ ဒေါသ၊ မောဟတွေကို အမြစ်ပြတ် ပယ်ဖြတ်ထားလို့ ချမ်းချမ်းသာသာ အိပ်ရတယ်။"

**(အင်္ဂုတ္တရ နိကာယ၊ တိက၊ ၃ တတိယ ပဏ်၊ ၃ ကုသိနာရဝဂ်၊ ၅ ဟတ္ထကသုတ်)**

ဘုရားရှင်က ဒီစကားတော်ကို အာဠဝီပြည်သား ဟတ္ထကမင်းသားအား ဟောတော်မူခဲ့ပါတယ်။ ဟတ္ထကမင်းသားဟာ အညောင်းပြေလမ်းလျှောက်သွားတဲ့အခါ ယင်းတိုက်တော်ထဲမှာ နွားတွေ သွားထားတဲ့ လမ်းရဲ့ဘေး၌ ကြွေကျနေတဲ့ သစ်ရွက်တွေကို စုပြီး ခင်းထားတဲ့ အခင်းပေါ်မှာ ဖြန့်ထားတဲ့ သင်္ကန်းကြီးပေါ်မှာ ဘုရားရှင် တင်ပျဉ်ခွေထိုင်နေတော်မူတာကို တွေ့သွားပါတယ်။ ဟတ္ထကမင်းသားဟာ နံနက်စောစော ထကာ မင်းသားပေါင်းငါးရာ ခြံရံပြီး ဘုရားရှင်အား ဆည်းကပ်ရာ အရပ်ကို သွားတဲ့အခါ လမ်းမကြီးက ဘေးဖဲ့ပြီး နွားသွားလမ်းကို ယူကာ "ဘုရားရှင်ကို ပူဇော်ဖို့ ပန်းမျိုးစုံကို ဆွတ်ခူးမယ်" လို့ တွေး၍ သွားနေပါတယ်။ အဲဒီအခါ ဘုရားရှင်ကို မြင်လို့ ဘုရားရှင်ထံ ချဉ်းကပ်ကာ သင့်တင့်တဲ့အရပ်မှာ ထိုင်နေတဲ့ ဟတ္ထကက "မြတ်စွာဘုရား ချမ်းချမ်းသာသာ အိပ်ရပါရဲ့လား" လို့ မေးလျှောက်ထားလိုက်ပါတယ်။

http://www.dhammadownload.com



"မင်းသား၊ ငါဟာ ချမ်းချမ်းသာသာ အိပ်ရတယ်။ လောကမှာ ချမ်းချမ်းသာသာ အိပ်ရသူတွေ ရှိတယ်။ အဲဒီသူတွေထဲမှာ ငါဟာ တစ်ယောက် အပါအဝင်ပဲ။"

ဘုရားရှင်က အထက်ပါစကားနဲ့ ပြောကြားလိုက်တယ်။ အဲဒီအခါ ဟတ္ထကမင်းသားက အောက်ပါအတိုင်း လျှောက်ထားပြန်ပါတယ်။

"မြတ်စွာဘုရား၊ ဆောင်းညဟာ အေးလှပါတယ်။ တပို့တွဲလ နောက်ဆုံးလေးရက်နဲ့ တပေါင်းလ အစဆုံးလေးရက်တွေမှာ ဆီးနှင်းကျလှပါတယ်။ နွားခြေတွေ နင်းထားရာ မြေနေရာဟာလည်း လွှအသွားပမာ ကြမ်းတမ်းလှပါတယ်။ သစ်ရွက်အခင်းက ပါးလျားလှပါတယ်။ သစ်ပင်က သစ်ရွက်တွေက ကျဲနေပါတယ်။ မြတ်စွာဘုရားရဲ့သင်္ကန်းတော်တွေက အေးစက်နေပါတယ်။ အရပ်လေးမျက်နှာက လေပြင်းတွေက တဟူးဟူး တိုက်ခတ်နေကြပါတယ်။ အဲဒီလို အခြေအနေတွေ ရှိနေပါလျက် ဘာကြောင့် ချမ်းချမ်းသာသာ အိပ်ရတယ်လို့ မိန့်တော်မူပါသလဲ။"

"မင်းသား၊ သင့်ကိုပဲ ပြန်မေးမယ်။ သင် ကြိုက်သလို ဖြေပါ။ သူကြွယ် သို့မဟုတ် သူကြွယ်သားဟာ အကောင်းစားအိမ်ကြီးမှာ နေတယ်။ အိပ်ရာနေရာတွေကိုလည်း အပုံစား ပြင်ဆင်ခင်းကျင်းထားတယ်။ ညအခါမို့ ဆီမီးထွန်းထားတယ်။ မယားလေးယောက်ကလည်း အစွမ်းကုန် ပြုစုကြတယ်။ မင်းသား သင် ဘယ်လိုထင်သလဲ။ အဲဒီ သူကြွယ်၊ သူကြွယ်သားဟာ ချမ်းချမ်းသာသာ အိပ်ရမယ် ထင်သလား"

"မြတ်စွာဘုရား၊ အဲဒီသူကြွယ်၊ သူကြွယ်သားဟာ ချမ်းချမ်းသာသာ အိပ်ရပါမယ် ဘုရား။ သူဟာ ချမ်းချမ်းသာသာ အိပ်ရသူတွေထဲမှာ တစ်ယောက်အပါအဝင်ပါပဲ ဘုရား။"

http://www.dhammadownload.com



အဲဒီအခါ ဘုရားရှင်က ဟတ္ထကမင်းသားအား အစမှာ ဖော်ပြခဲ့တဲ့ စကားကို မိန့်ကြားတော်မူပါတယ်။

ဘုရားရှင် မိန့်တော်မူတဲ့ စကားတွေကို စဉ်းစားလိုက်ရင် အကောင်းစား တိုက်ကြီးထဲမှာ နေပြီး အကောင်းစား အိပ်ရာနေရာတွေမှာ အိပ်ကာ အပျံစားပြုစုတဲ့ မယားချောလေးတွေနဲ့ နေရပေမယ့် ရင်တွင်းက ရာဂ အပူ၊ ဒေါသ အပူ၊ မောဟ အပူ မငြိမ်းသတ်နိုင်သေးက "ရွှေပုံမှာ နေရလည်း တရား မသိရင် ရင်လေးတယ်" လို့ ဆိုတဲ့အတိုင်း ရင်ပူနေရပါတယ်။ တိုက်အာရုံ၊ အိမ်အာရုံ၊ ဇနီးအာရုံ၊ သမီးအာရုံ၊ သားအာရုံစတဲ့ ကာမဂုဏ်အာရုံတွေက သတိကင်းမဲ့သူရဲ့ ရင်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို မွှေးပေးပါတယ်။ သတိကင်းမဲ့လို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး အလောင်မြိုက်ခံရတဲ့ သူ့ရဲ့ ရင်ဟာ ဘယ်မှာ အေးနိုင်ပါ့မလဲ။

မြန်မာနိုင်ငံမှာရော ပြည်ပနိုင်ငံတွေမှာပါ ကျိကျိတက်အောင် ချမ်းသာတဲ့သူတွေ ရှိကြပါတယ်။ ကျိကျိတက်အောင် ပစ္စည်းချမ်းသာသူတွေထဲမှာ ငြိမ်းအေးတဲ့ စိတ်ချမ်းသာမှုရှိသူတွေဟာ နည်းပါးပါလိမ့်မယ်။ ပစ္စည်းချမ်းသာပေမယ့် သတိမချမ်းသာသူ၊ သတိဆင်းရဲသူ၊ သတိမွဲတေသူတွေဟာ စိတ်ဆင်းရဲမှုတွေကို ခံစားကြပါတယ်။ ကျိကျိတက် ချမ်းသာနေပေမယ့် "ရလေ လိုလေ အိုတဏှာ" ဖြစ်နေကြပါတယ်။ အားမရ မတင်းတိမ်နိုင် ဖြစ်နေကြပါတယ်။ တိုး၍ တိုး၍ ပစ္စည်းတွေ ကြွယ်ဝချင်လေလေ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေက တိုး၍ တိုး၍ လောင်မြိုက်လာလေလေ ဖြစ်ပါတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တိုး၍တိုး၍ လောင်မြိုက်ခံရလေလေ စိတ်ဆင်းရဲမှုက တိုး၍တိုး၍ လာလေ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဘုရားရှင်လို သတိကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကတော့ လောကကြီးမှာ တစ်ယောက်မှ မရှိပါ။ သတိကြွယ်ဝလေလေ စိတ်ချမ်းသာရလေလေ ပါပဲ။ သတိအကြွယ်ဝဆုံး ဘုရားရှင်က အငြိမ်းဓာတ်နိဗ္ဗာန်ကို အလိုရှိတိုင်း အာရုံပြုနိုင်လို့ ပြုနေတဲ့အတွက် စိတ်ငြိမ်းချမ်းမှုကို ရချင်တိုင်း ရနေပါတယ်။ သတိရှိရင် မည်သူမဆို စိတ်ငြိမ်းချမ်းမှုကို ရယူနိုင်ပါတယ်။ သတိရှိရင် ရှိသလောက် စိတ်ငြိမ်းချမ်းမှု ရကြပါတယ်။ "ဆင်လည်း ဆင့်အထွာနဲ့ ကြွက်လည်း ကြွက်အထွာနဲ့" ဆိုတာလို ဘုရားစတဲ့ အရိယာပုဂ္ဂိုလ်တွေက သူတို့အတိုင်းအတာနဲ့သူတို့ စိတ်ငြိမ်းချမ်းမှုကို ရယူနေကြပါတယ်။ ပုထုဇဉ်တွေကလည်း ပုထုဇဉ်တွေရဲ့ အတိုင်းအတာနဲ့ စိတ်ငြိမ်းချမ်းမှုကို ရယူနိုင်ကြပါတယ်။ သတိရှိမှု၊ မရှိမှုအပေါ် မူတည်ပြီး စိတ်ငြိမ်းချမ်းမှု ရှိ မရှိ ကွာခြားသွားပါတယ်။

ချမ်းချမ်းသာသာ အိပ်ချင်ရင် သတိနဲ့ အိပ်ပါ။ ချမ်းချမ်းသာသာ သွားချင်ရင် သတိနဲ့ သွားပါ။ ချမ်းချမ်းသာသာ ထိုင်ချင်ရင် သတိနဲ့ ထိုင်ပါ။ ချမ်းချမ်းသာသာ ရပ်ချင်ရင် သတိနဲ့ရပ်ပါ။ နေရာမရွေး၊ အချိန်မရွေး ချမ်းသာချင်ရင် နေရာမရွေး အချိန်မရွေး သတိ ရှိပါ။ သတိဟာ စိတ်ချမ်းသာဖို့အတွက် အကောင်းဆုံး ဆေးတစ်ခွက် ဖြစ်ပါတယ်။

## လင်္ကာ

၁။ ချမ်းသာစွာပင်, အိပ်လိုလျှင်, အသင် သတိ ရှိရမည်။
၂။ သတိ မရှိမှု, ရာဂပူ, လှိုက်ဆူ ပူလောင်သည်။
၃။ သတိ မရှိမှု, ဒေါသပူ, လှိုက်ဆူ ပူလောင်သည်။
၄။ သတိ မရှိမှု, မောဟပူ, လှိုက်ဆူပူလောင်သည်။
၅။ သတိ ရှိလေ, ပူ ကင်းလေ, စိတ်နေ အေးချမ်းသည်။

http://www.dhammadownload.com

## သုစိမ်းလို သဘောထားရင်

"ဝက္ကလိ၊ ငါဘုရားရဲ့ ဒီအပုပ်ကောင် ခန္ဓာကိုယ်ကြီးကို ဖူးမြော်နေလို့ ဘာအကျိုးရှိမှာလဲ။ တရားကို မြင်သူဟာ ငါဘုရားကို မြင်တယ်။ ငါဘုရားကို မြင်သူဟာ တရားကို မြင်တယ်။"

(ဓမ္မပဒအဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ ဝက္ကလိတ္ထေရဝတ္ထု)

ဘုရားရှင်ရဲ့ တင့်တယ်သပ္ပါယ်လှတဲ့ ရုပ်ခန္ဓာကိုသာ ကြည့်ပြီး ပရိယတ်၊ ပဋိပတ်အလုပ် အားမထုတ်ဘဲ အချိန်ကုန်စေတဲ့ ဝက္ကလိကို ဘုရားရှင်က အထက်ပါစကား မိန့်ကြားတော်မူပါတယ်။ ယခုအခါ မြန်မာနိုင်ငံကို သက်တော်ထင်ရှား ဂေါတမဘုရားသာ ကြွရောက်တော်မူလာခဲ့ရင် ဘုရားရှိရာနေရာမှာ လူတွေဟာ ကြိတ်ကြိတ်တိုး စည်ကားနေမှာပါပဲ။ မြန်မာနိုင်ငံမှာ ဘုရားကို ကြည်ညိုတဲ့သူတွေက များတယ် မဟုတ်လား။ သက်တော်ထင်ရှား ဘုရားရဲ့ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော်တွေမှာတောင် သွားရောက်ဖူးမြော်သူတွေ များနေကြတာပဲ။ သက်တော်ထင်ရှား ဘုရားကို နေ့တိုင်း ဖူးမြော်ခွင့်ရရင် မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေဟာ နေ့တိုင်း ဖူးမြော်နေကြမှာပါပဲ။ ဝက္ကလိလို အချိန်ရှိသမျှ ဘုရားဖူးမြော်တာနဲ့သာ မြန်မာဗုဒ္ဓသာသနာဝင်တွေ အချိန်ကုန်နေခဲ့ရင် ဘုရားရှင် ဘယ်လို မိန့်တော်မူလေမလဲလို့ စဉ်းစားမိပါတယ်။ ဝက္ကလိကို မိန့်တော်မူသလိုပဲ မိန့်တော်မူလိမ့်မယ်လို့ ထင်မိပါတယ်။

http://www.dhammadownload.com



ဘုရားရှင် ဟောတော်မူထားတဲ့ တရားကို သိမြင်မှ ဘုရားရှင်ကို မြင်ပါတယ်တဲ့။ အငြိမ်းဓာတ် နိဗ္ဗာန်ကို သောတာပတ္တိမဂ်နဲ့ မြင်လိုက်ရင် ဘုရားရှင်ကို မြင်ပါပြီ။ အထက်မဂ်တွေနဲ့ မြင်လာရင်တော့ ပိုပြီး မြင်လာပါပြီ။ နိဗ္ဗာန်ရအောင် တရားရှုမှတ်နေကြသူတွေဟာ ရှုမှတ်ခိုက်၊ ရှုမှတ်ခိုက်မှာ တစ်ပွဲတိုး ကိလေသာတွေ ငြိမ်းနေပါတယ်။ တစ်ခါ ရှုမှတ်ရင် တစ်ခါ ငြိမ်းချမ်းမှု ရပါတယ်။ နှစ်ခါ ရှုမှတ်ရင် နှစ်ခါ ငြိမ်းချမ်းမှု ရပါတယ်။ အခါခါ ရှုမှတ်ရင် အခါခါ ရပါတယ်။ ရှုမှတ်နိုင်လေ ငြိမ်းချမ်းမှု ရလေလေပါပဲ။ "ငါ့မှာ ငြိမ်းချမ်းမှု ခံစားရသလို ဘုရားရှင်မှာလည်း ခံစားရတယ်။ ဘုရားရှင်မှာတော့ ငါရတဲ့ ငြိမ်းချမ်းမှုထက် အဆပေါင်းများစွာ သာလွန်တဲ့ ငြိမ်းချမ်းမှု ရပေတယ်" လို့ ဘုရားရှင်ကို မှန်းဆ ကြည်ညိုနိုင်ပါတယ်။

ရုပ်နာမ် သိ၊ ကြောင်းကျိုး သိ၊ မမြဲ ဆင်းရဲ သဘောပဲဆိုတဲ့ အသိတွေ ပွင့်လင်းလာရင် ပွင့်လာသလောက်၊ ရင့်ကျက်လာရင် ရင့်ကျက်လာသလောက် စိတ်ငြိမ်းချမ်းမှုတွေက ပိုပိုမြင့်လာပါတယ်။ စိတ်ငြိမ်းချမ်းမှုတွေ ပို၍ပို၍ ရှိလာလေလေ ဘုရားရှင်ကို ပို၍ပို၍ မြင်လာလေလေပါပဲ။ အသိဉာဏ်က မြင့်လာလေလေ သဒ္ဓါက မြင့်လာလေလေပါပဲ။ ဝိပဿနာဉာဏ် ရင့်ကျက်ပြည့်စုံလို့ အငြိမ်းဓာတ် နိဗ္ဗာန်ကို မြင်သွားရင် ဘုရားရှင်ကို ကောင်းကောင်း မြင်သွားပါပြီ။ ဘုရားရှင်ရဲ့ အစွမ်းအစကို ကောင်းကောင်း သိသွားပါပြီ။ ပုထုဇဉ်ထက် သောတာပန်က ဘုရားရှင်ကို ပိုမြင်ပါတယ်။ သောတာပန်ထက် သကဒါဂါမ်က ပိုမြင်ပါတယ်။ သကဒါဂါမ်ထက် အနာဂါမ်က ပိုမြင်ပါတယ်။ အနာဂါမ်ထက် ရဟန္တာက ပိုမြင်ပါတယ်။ ပကတိသာဝကထက် မဟာသာဝကက ပိုမြင်ပါတယ်။ မဟာသာဝကထက် အဂ္ဂသာဝကက ပိုမြင်ပါတယ်။ အဂ္ဂသာဝကထက်

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါက ပိုမြင်ပါတယ်။ ပစ္စေကဗုဒ္ဓါထက် အခြားဘုရား တစ်ဆူဆူက ပိုမြင်ပါတယ်။ အသိဉာဏ် ပို၍ ကြီးလာလေလေ ဘုရားရှင်ကို ပို၍ မြင်လာရလေလေပါပဲ။ ဘုရားရှင်ရဲ့ အစွမ်းအစကို ပို၍ သိလာရလေလေပါပဲ။

ဘုရားရှင် မိန့်တော်မူတဲ့နည်းနဲ့ ဘုရားရှင်ကို မြင်တဲ့သူတွေ များပြားလာပါမှ မြန်မာနိုင်ငံသာသနာဟာ တိုးတက်မှာ ဖြစ်ပါတယ်။ တရားကို မြင်တဲ့နည်းနဲ့ ဘုရားကို မြင်တွေ့သူတွေ ဖြစ်အောင် ကြိုးစားကြပါမယ်။ တရားကို မမြင်ရင် ဘုရားကို မမြင်တော့ပါ။ ဝက္ကလိဟာ ဘုရားရှင်ကို မျက်စိနဲ့ မြင်တွေ့နေရပေမယ့် ဘုရားရှင်ကို မြင်သည် မမည်ခဲ့ပါ။ တရားကို မြင်သိသွားမှ ဘုရားရှင်ကို မြင်သည် မည်သွားပါတယ်။ မြန်မာဗုဒ္ဓသာသနာဝင်တွေ ဝက္ကလိလို မျက်စိနဲ့ မြင်တွေ့ရမှုကိုသာ အားရတင်းတိမ်နေကြရင် ဘုရားရှင်ဟာ မြန်မာဗုဒ္ဓသာသနာဝင်တွေကို အားရတော်မူမှာ မဟုတ်ပါ။ သူ့တရားတွေကို ဉာဏ်နဲ့ မြင်တွေ့ကြမှသာ အားရတော်မူပါလိမ့်မယ်။

ဒါနလောက်နဲ့ အားရတင်းတိမ်နေကြရင်လည်း ဘုရားရှင် အားရဖွယ် မဖြစ်သေးပါဘူး။ သီလလောက်၊ သမာဓိလောက်နဲ့ အားရတင်းတိမ်နေကြရင်လည်း ဘုရားရှင် အားရဖွယ် မဖြစ်သေးပါဘူး။ မြန်မာနိုင်ငံမှာ တရားကို သိမြင်ကာ ဘုရားရှင်ကို မြင်တွေ့နိုင်ကြသူတွေ များလာရင် အားရကျေနပ်ဖွယ် ကောင်းလာပါမယ်။ တရားကို သိမြင်တဲ့နည်းနဲ့ ဘုရားကို မြင်သူတွေ မြန်မာနိုင်ငံမှာ နည်းလာရင် မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဟာ အသက်ထွက်ဖို့ နီးလာနေပါတယ်။ တရားကို သိမြင်တဲ့နည်းနဲ့ ဘုရားကို မြင်သူတွေ လုံးဝ မရှိတော့ရင်တော့ ဗုဒ္ဓသာသနာဟာ မြန်မာနိုင်ငံက ဝမ်းနည်းစွာ ထွက်ခွာသွားရပြီ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓသာသနာတော်ကြီး မြန်မာနိုင်ငံက ဝမ်းနည်းစွာ ထွက်ခွာသွားခဲ့ရင် မြန်မာနိုင်ငံရဲ့ အလှဟာ ဒီလိုလှချင်မှ လှလာပါတော့မယ်။ မြန်မာနိုင်ငံရဲ့ တစ်မူထူးခြားတဲ့အလှဟာ ပျောက်ကွယ်သွားမှာ သေချာပါတယ်။ အလှထူးဆိတ်သုဉ်းတဲ့ မြန်မာနိုင်ငံ ဖြစ်လာပါလိမ့်မယ်။ မြန်မာဗုဒ္ဓသာသနာဝင်တွေကသာ တရားကို မြင်အောင် မကြိုးစားရင်တော့ အလှထူး ဆိတ်သုဉ်းတဲ့ မြန်မာနိုင်ငံဆီသို့ မဝေးတော့တဲ့ ကာလမှာ ရောက်သွားပါလိမ့်မယ်။ ရောက်သွားခဲ့ရင် အလွန်ဝမ်းနည်းစရာကောင်းတဲ့ မြန်မာနိုင်ငံ ဖြစ်သွားပါလိမ့်မယ်။ အဲဒီလို ဝမ်းနည်းစရာ မြန်မာနိုင်ငံ ဖြစ်မသွားရအောင် ဗုဒ္ဓသာသနာဝင်တွေဟာ ယခုနှယ်က တရားကို သိမြင်အောင် ကြိုးစားထားကြရပါမယ်။

တရားကို သိမြင်အောင် မကြိုးစားကြလို့ ဗုဒ္ဓသာသနာအလှဆိတ်သုဉ်းသွားရတဲ့ နိုင်ငံတွေကို ဝေးဝေးမှာ ရှာကြည့်စရာ မလိုပါဘူး။ အနီးအနားမှာ ရှိနေတာပါပဲ။ အဲဒီနိုင်ငံတွေလို ဖြစ်မသွားဖို့ရာ မြန်မာဗုဒ္ဓသာသနာဝင်တိုင်း တရားကို သိမြင်တဲ့နည်းနဲ့ ဘုရားကို သိမြင်အောင် ကြိုးစားကြရပါမယ်။ ဗုဒ္ဓသာသနာတော်ကို သူစိမ်းလို သဘောမထားကြရပါ။ သူစိမ်းလို သဘောထားပြီး ကိုယ်နဲ့ မဆိုင်သလို နေကြရင်တော့ တကယ့်ဝမ်းနည်းစရာ အခြေအနေကို မလွဲမသွေ ဆိုက်ရောက်ရမှာပါပဲ။

## လင်္ကာ

၁။ တရား မြင်ရင်, ဘုရားရှင်, မှန်ပင် မြင်တော့သည်။
၂။ ဘုရား မြင်ရင်, တရားတွင်, မြင်သည် မည်ပါသည်။
၃။ တရား မြင်ရေး, ရှုမှတ်ပေး, ဖြည်းဖြည်း မြင်လာမည်။
၄။ များများ ရှုရင်, များများပင်, သိမြင် လာပါမည်။

http://www.dhammadownload.com

# တိုက်တွန်းပေးကြပါ

"ဘိက္ခုတို့၊ သင်တို့ဟာ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုး၊ သွေးသား တော်စပ်သူတွေကို သနားခဲ့ရင်၊ သူတို့ကလည်း နားထောင်လိုက်နာမယ် လို့ ထင်မှတ်ခဲ့ရင် သတိပဋ္ဌာန်တရား ၄ ပါး ပွားများဖို့ တိုက်တွန်းထိုက် တယ်။"

**(မဟာဝဂ္ဂသံယုတ်၊ ၃ သတိပဋ္ဌာနသံယုတ်၊ ၅ အမတဝဂ်၊ ၈ မိတ္တသုတ္တ)**

သတိပဋ္ဌာန်တရားကို ကိုယ်တိုင် ကျကျနန အားထုတ်ထားသူတို့ က သတိပဋ္ဌာန်တရားအကျိုးတို့ကို ကောင်းကောင်း သိရှိထားကြပါ တယ်။ ကောင်းတဲ့ အစားအစာကို စားရရင် ကိုယ်ချစ်သူ၊ ခင်သူ၊ ရင်းနှီး သူကွေကိုလည်း သတိရပြီး စားစေချင်ပါတယ်။ သတိပဋ္ဌာန်ကြောင့် ရရှိတဲ့ ချမ်းသာကို ကိုယ်တွေ့ ခံစားရသူတွေကလည်း ကိုယ်နဲ့နီးစပ်ရာ ပုဂ္ဂိုလ်တွေကို ခံစားခွင့် ရစေချင်ကြပါတယ်။ ရစေချင်တော့ ရအောင် ကြိုးစားကြပါတယ်။ လူတွေမှာ ဒုက္ခတွေက ဝိုင်းဝိုင်းလည်နေကြပါ တယ်။ နံနက်အိပ်ရာထကစပြီး ည အိပ်ပျော်ခါနီးအထိ စိတ်အပူတွေနဲ့ နပန်းလုံးနေကြပါတယ်။ ဒုက္ခကင်းပြီး ချမ်းသာခြင်းနဲ့ ပြည့်စုံနေသူက ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ သူတွေကို တွေ့ရင် သနားတတ်ကြပါတယ်။ သတိပဋ္ဌာန်ကို ရင်ဝယ်ပိုက်ထားသူတွေက ချမ်းမြေ့မှုကို ခံစားနေရလို့

http://www.dhammadownload.com



သတိပဋ္ဌာန်လက်မဲ့ဖြစ်လို့ ပူပန်ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ကြပါတယ်။ စိတ်ပူပန် ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ရင် ဒီသတိပဋ္ဌာန်နည်းဟာ အကောင်းဆုံးနည်းပါပဲ။

ဆင်းရဲဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံရတဲ့အခါ သတိပဋ္ဌာန်ကို အားကိုးသမှု မပြုကြသူတွေမှာ မခံချိ မခံသာ၊ နေမထိ ထိုင်မသာ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရပါတယ်။ ယောက်ယက်ခတ် ဗျာများနေကြရပါတယ်။ ပူလောင် ပင်ပန်းကြပါတယ်။ ဒုက္ခအဖုံဖုံနဲ့ ကြုံရပေမယ့် သတိပဋ္ဌာန်ကို အားကိုးသူတွေမှာတော့ နေသာထိုင်သာ ရှိကြပါတယ်။ ယောက်ယက်မခတ်ပါ။ ဗျာမများပါ။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိကြပါတယ်။

သတိပဋ္ဌာန်ကို အားကိုးလို့ အကောင်းဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားသွားရသူတွေဟာ မရေမတွက်နိုင်လောက်အောင်ဘဲ များလှပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရချင်သူတိုင်းဟာ ဒီသတိပဋ္ဌာန်ကိုပဲ အားကိုးကြရပါတယ်။ သတိပဋ္ဌာန်ကို ဖယ်ထားရင် လုံးဝ နိဗ္ဗာန်ချမ်းသာကို မခံစားနိုင်ပါ။ နိဗ္ဗာန်ချမ်းသာကို အလိုရှိတိုင်း ခံစားတော်မူနေတဲ့ မြတ်စွာဘုရားဟာ သတိပဋ္ဌာန် လက်လွတ်ဖြစ်နေလို့ ဆင်းရဲနေကြသူတွေကို အလွန်ပဲ သနားတော်မူလှပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်တရား အားထုတ်ကြဖို့ ဘုရားရှင်ကိုယ်တော်တိုင် အခါခါ တိုက်တွန်းတော်မူခဲ့ပါတယ်။ သူ့ရဲ့တပည့်တွေကိုလည်း သူ့လိုပဲ တိုက်တွန်းပေးကြဖို့ မိန့်တော်မူပါတယ်။

ကျေးဇူးရှင်တကာ့ ကျေးဇူးရှင်တွေထဲမှာ မိဘနှစ်ပါးဆိုတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးတွေဟာ သားသမီးတွေအပေါ်မှာ အများဆုံးပါပဲ။ ကြွေးအများဆုံး ကျေးဇူးရှင်နှစ်ပါးရဲ့ ကျေးဇူးကြွေးတွေ

http://www.dhammadownload.com



ကို ကျေအောင် ဆပ်လိုတဲ့ သားသမီးဟာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ မရှိသေးတဲ့ မိဘနှစ်ပါး ဖြစ်ခဲ့ရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနဲ့ ပြည့်စုံလာအောင် တိုက်တွန်းရမယ်လို့ မြတ်စွာဘုရား မိန့်တော်မူထားပါတယ်။ ဒီစကားတော်ရ မိဘရဲ့ ကျေးဇူးကြွေးကျေအောင် ဆပ်လိုသူဟာ မိဘနှစ်ပါး သတိပဋ္ဌာန်တရား အားထုတ်ဖြစ်အောင် တိုက်တွန်းပေးရမှာ ဖြစ်ပါတယ်။ သတိပဋ္ဌာန်တရားကို ထိထိရောက်ရောက် အားထုတ်လိုက်ရင် သဒ္ဓါနဲ့လည်း ပြည့်စုံလာပါတယ်။ သီလနဲ့လည်း ပြည့်စုံလာပါတယ်။ စာဂနဲ့လည်း ပြည့်စုံလာပါတယ်။ ပညာနဲ့လည်း ပြည့်စုံလာပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်နည်းနဲ့ မိဘကို ကျေးဇူးဆပ်တာဟာ အကောင်းဆုံးပါပဲ။

အခြားဆွေမျိုးတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေဟာလည်း မိမိအပေါ်မှာ အနည်းနဲ့အများ ကျေးဇူးရှိခဲ့ကြတာပါပဲ။ အဲဒီကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးကို ဆပ်ချင်ရင်လည်း သတိပဋ္ဌာန်နဲ့ ကျေးဇူးဆပ်တာဟာ အကောင်းဆုံး ကျေးဇူးဆပ်နည်းပါပဲ။ မြန်မာနိုင်ငံမှာလည်း ဒီအကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ကျေးဇူးကြွေး ပေးဆပ်နေသူတွေကို တွေ့ရပါတယ်။ ကြွေးရှင်တွေကလည်း အဲဒီကျေးဇူးကြွေးရဲ့ အကျိုးတွေကို ရရှိခံစားရတဲ့အခါ အကြွေးပေးလာသူကို အလွန်ပင် ကျေးဇူးတင်ကြပါတယ်။ ကျေနပ်ကြပါတယ်။ စာရှုသူဟာ မိဘနှစ်ပါးကို အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ မဆပ်ရသေးရင် ဆပ်ဖြစ်အောင် ကြိုးစားသင့်ပါတယ်။

စာရှုသူရဲ့ ဆွေမျိုး၊ မိတ်ဆွေတို့ကိုလည်း အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ဆပ်နိုင်အောင် ကြိုးစားသင့်ပါတယ်။ ဒီနည်းနဲ့ ပေးဆပ်တဲ့အခါမှာ အခက်အခဲ တွေ့ချင်တွေ့ပါလိမ့်မယ်။ ကျေးဇူးရှင်တွေက ခါး

http://www.dhammadownload.com



ခါးသီးသီး ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ လိမ်လိမ်မာမာ ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ ဘယ်လိုပင် ငြင်းပယ်သည် ဖြစ်စေ ကိုယ်က တကယ်ပဲ သူ့အကျိုးကို လိုလားတယ်ဆိုရင် အခါအခွင့် ကြည့်ပြီး အခါခါ မလျှော့တမ်း တိုက်တွန်းရင် မိမိရဲ့တိုက်တွန်းမှုဟာ အောင်မြင်လာပါလိမ့်မယ်။ အောင်မြင်သွားရင် တိုက်တွန်းသူရော အတိုက်တွန်းခံရသူရော အလွန်ပဲ ရွှင်လန်းဝမ်းမြောက်ရပါတယ်။

မိမိရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သတိပဋ္ဌာန်အရသာကို မခံစားဖူးတဲ့လူ မရှိအောင် ကြိုးစားသင့်ပါတယ်။ လူတိုင်းလူတိုင်းဟာ သတိပဋ္ဌာန်အရသာကို ခံစားခွင့်ရခဲ့ကြရင် သူတို့စိတ်အစဉ်ဟာ ဖြူစင် နေပါလိမ့်မယ်။ ကြည်လင်အေးမြ ချမ်းသာနေပါလိမ့်မယ်။ လူ့လောက ကြီးဟာ အင်မတန် အေးချမ်းသာယာတဲ့ လူ့လောကကြီး ဖြစ်လာပါ လိမ့်မယ်။ အေးချမ်းသာယာတဲ့ လူ့လောကဖြစ်စေလိုတော်မူတဲ့ ဘုရား ရှင်က ရဟန်းတွေကို သတိပဋ္ဌာန်တရား အားထုတ်ခိုင်းပေးကြဖို့ မိန့် တော်မူထားခြင်း ဖြစ်ပါတယ်။

## လင်္ကာ

၁။ သတိပဋ္ဌာန်တရား, ခင်သူအား, ပွားများ စေသင့်သည်။
၂။ ခင်သူ သနား, သူ နာငြား, သင်ကား တိုက်တွန်းရပါမည်။
၃။ ခင်သူအပေါင်း, ရသာကောင်း,
ကောင်းကောင်း ကျွေးသင့်သည်။
၄။ သတိပဋ္ဌာန်အရသာ, လွန်ကောင်းတာ, သူဟာ သိလာမည်။
၅။ သူ သိလာလျှင်, သင့်ပေါ်တွင်, လွန်ပင် ကျေးဇူးတင်လိမ့်မည်။

http://www.dhammadownload.com

## မြတ်တဲ့ အသက်ရှင်ခြင်း

"ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှင်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်ပါသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။"

(ဓမ္မပဒ၊ ၈ သဟဿဝဂ္ဂ၊ ၁၂ ပဋာစာရာထေရီဝတ္ထု)

ဒီဘုရားစကားတော်အရ မြတ်တဲ့ အသက်ရှင်ခြင်းနဲ့ မမြတ်တဲ့ အသက်ရှင်ခြင်းလို့ အသက်ရှင်ခြင်း နှစ်မျိုးရှိကြောင်း သိရှိရပါတယ်။ မိမိရဲ့တစ်သက်တာမှာ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ ဘယ်နှရက် အသက်ရှင်ခဲ့ဖူးပါသလဲလို့ စဉ်းစားသင့်ပါတယ်။ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ တစ်ရက်လေးတောင် အသက်မရှင်ဖူးသေးရင် အသက်ရှင်ဖူးအောင် ကြိုးစားသင့်ပါတယ်။ လူ့လောကကြီးမှာ အသက်ရှင်နေကြတဲ့ လူအားလုံးရဲ့ အသက်ရှင်ခြင်းကို သုံးသပ်လိုက်ရင် မမြတ်တဲ့ အသက်ရှင်ခြင်းနဲ့ ရှင်နေကြသူတွေပဲ များပါလိမ့်မယ်။ ရခဲလှတဲ့လူ့ဘဝကို ရနေလို့ အရတော်ပါပေတယ်လို့ ချီးမွမ်းချင်ရင် ချီးမွမ်းလို့ ရနိုင်ပါတယ်။ ရုပ်နာမ်နှစ်ပါးရဲ့ အဖြစ်အပျက်ကို မမြင်သေးရင် မြင့်မြတ်တဲ့ အရတော်ခြင်းလို့ မဆိုနိုင်သေးပါ။

http://www.dhammadownload.com



မြစ်ထဲမှာ စီးဆင်းနေတဲ့ ရေတွေဟာ အမြဲစီးဆင်းကာ အဟောင်း အသစ် အမြဲပြောင်းလဲနေပါတယ်။ ဆီမီးတောက်မှာ ရှေ့မီးတောက်က ငြိမ်းပျောက်သွားပြီး နောက်မီးတောက်က ဆက်လက်တောက်ပနေပါ တယ်။ မျက်စိအမြင်ကောင်းသူ ကြည့်ရင် အသစ်အဟောင်း ပြောင်းလဲ နေတာကို မြင်နိုင်ပါတယ်။ ရုပ်နာမ်တွေဟာလည်း မြစ်ရေအလျဉ်ပမာ မီးတောက်ပမာ အသစ်အဟောင်း အမြဲပြောင်းလဲနေပါတယ်။ သတိ ကပ်ပြီး ရှုမှတ်နေတဲ့သူမှာ သတိ သမာဓိ အားကောင်းလာရင် ရုပ်နာမ် တွေရဲ့ အသစ်အဟောင်း ပြောင်းလဲနေပုံကို မြင်သိလာပါတယ်။

ရုပ်နာမ်တရားတွေ ခပ်သွက်သွက် ဖြစ်ပေါ်လာပြီး ခပ်သွက်သွက် ကွယ်ပျောက်သွားတာကို မြင်သိလာရတဲ့အခါ အားသေးတဲ့ နှစ်သိမ့် အားရမှု၊ အားကြီးတဲ့ နှစ်သိမ့်အားရမှုတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီ အားရနှစ်သိမ့်မှုတွေ ဖြစ်ပေါ်လာရင် အဲဒီအားရနှစ်သိမ့်မှုတွေက အငြိမ်းဓာတ် နိဗ္ဗာန်ကို ရောက်သည်အထိ ပို့ပေးနိုင်ပါတယ်။ နိဗ္ဗာန် အထိ ပို့ပေးလို့ နိဗ္ဗာန်ကို ရောက်သွားရင် အကောင်းမြတ်ဆုံး ချမ်းသာ ကို ရရှိပိုင်ဆိုင်သွားပါပြီ။

အနည်းဆုံး အပါယ်လေးပါး တံခါးပိတ်တဲ့ အခြေအနေကို ရောက် သွားရင် အလွန်ကောင်းမြတ်တဲ့ အသက်ရှင်ခြင်း ဖြစ်သွားပါတယ်။ အလွန်ကောင်းမြတ်တဲ့ အဲဒီအသက်ရှင်ခြင်းနဲ့ ရှင်နိုင်အောင် ကြိုးစား သင့်ပါတယ်။ မကြိုးစားလို့ အပါယ်တံခါး မပိတ်သေးရင် ဘဝဆိုးတွေ ကို ရောက်ပြီး ဒုက္ခအမျိုးမျိုးတွေကို တွေ့ကြုံခံစားရပါလိမ့်မယ်။ ဘဝ ဆိုးတွေမှာ တွေ့ကြုံရတဲ့ ဆင်းရဲတွေဟာ အင်မတန်မှ ကြောက်စရာ ကောင်းလှပါတယ်။ ဘဝဆိုးတွေက ဆင်းရဲတွေကို ကြောက်တဲ့သူဟာ

http://www.dhammadownload.com



မြတ်တဲ့ အသက်ရှင်ခြင်းနဲ့ လူ့ဘဝကြီးမှာ အသက်ရှင်နိုင်အောင် ကြိုးစားကြရပါမယ်။

ပါမောက္ခကြီးတွေ၊ ဒေါက်တာကြီးတွေ၊ ပါရဂူကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ သမ္မတကြီးတွေ၊ ဝန်ကြီးချုပ်ကြီးတွေ၊ သူဌေးကြီးတွေစတဲ့ ပုဂ္ဂိုလ်ကြီးတွေကို လောကီလူသားတွေက "ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ" လို့ သတ်မှတ်ကြပါလိမ့်မယ်။ ဘုရားရှင်ကတော့ အဲဒီပုဂ္ဂိုလ်ကြီးတွေမှာ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို သိမြင်တဲ့ အသိပညာ မရှိသေးရင် အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ အသက်ရှင်ခြင်းကို မြင့်မြတ်တဲ့ အသက်ရှင်ခြင်းလို့ သတ်မှတ်တော်မမူပါ။

လူတစ်ဦးတစ်ယောက်ရဲ့ အသက်ရှင်မှု မြင့်မြတ် မမြင့်မြတ်ကို ရုပ်နာမ်အဖြစ်အပျက်ကို သိတဲ့ အသိပညာနဲ့ပဲ ဘုရားရှင်က ခွဲခြားသတ်မှတ်တော်မူပါတယ်။ ဒါကြောင့် ဘုရားရှင် အလိုတော်အရ ရုပ် နာမ် အဖြစ်အပျက်ကို သိတဲ့ အသိပညာဟာ ပါမောက္ခကြီးအဖြစ်၊ ဒေါက်တာကြီးအဖြစ်၊ ပါရဂူကြီးအဖြစ်၊ အင်ဂျင်နီယာကြီးအဖြစ်၊ သိပ္ပံပညာရှင်ကြီးအဖြစ်၊ သမ္မတကြီးအဖြစ်၊ ဝန်ကြီးချုပ်အဖြစ်၊ သူဌေးကြီးအဖြစ်ထက် သာလွန်မြင့်မြတ်လှပါတယ်။ လောကအမြင်အားဖြင့် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ မဖြစ်ရလို့လည်း အဖြစ်အပျက်မြင် ပညာရှင်အဖို့ အားငယ်စရာ မရှိပါ။

အဖြစ်အပျက်မြင် ပညာရှင်ရဲ့ဘဝဟာ အေးချမ်းပါတယ်။ အဖြစ်အပျက် မမြင်သေးတဲ့ ပါမောက္ခကြီး၊ ဒေါက်တာကြီး၊ ပါရဂူကြီး၊ အင်ဂျင်နီယာကြီး၊ သိပ္ပံပညာရှင်ကြီး၊ သမ္မတကြီး၊ ဝန်ကြီးချုပ်ကြီး၊ သူဌေးကြီးတွေရဲ့ ဘဝဟာ ပူလောင်ပါတယ်။ ပူလောင်ရတဲ့ ဘဝဟာ မကောင်းပါ။ အေးချမ်းရတဲ့ဘဝပဲ ကောင်းပါတယ်။ တဲကုပ်ထဲက အဖြစ်အပျက် မြင်

http://www.dhammadownload.com



ပညာရှင်ရဲ့ဘဝဟာ လောကအမြင်အားဖြင့် မကြီးကျယ်ပေမယ့် ဓမ္မအမြင်အားဖြင့်တော့ ကြီးကျယ်မြင့်မြတ် နေပါတယ်။ လောကအမြင်အားဖြင့် မကြီးကျယ်ချင် နေပါစေ။ ဓမ္မအမြင်အားဖြင့်တော့ ကြီးကျယ်ဖို့ မြင့်မြတ်ဖို့ လိုအပ်လှပါတယ်။ ရုပ်နာမ်အဖြစ်အပျက်လောက် မြင်ရင်ကိုပဲ မြင့်မြတ်နေပါပြီ။ ဗုဒ္ဓသာသနာဝင်တွေဟာ မြင့်မြတ်တဲ့ အသက်ရှင်ခြင်းနဲ့ အသက်ရှင်နိုင်အောင် ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ ကိုယ့်ရဲ့ရုပ်နာမ်, ဖြစ်ပျက်ဟန်, အမှန်မြင်အောင် ကြည့်ရသည်။
၂။ ထိုသို့ မြင်လျှင်, အသက်ရှင်, လွန်ပင် မြင့်မြတ်သည်။
၃။ မမြင်သေးသမျှ, သင့်ဘဝ, အရ မတော်ပြီ။

http://www.dhammadownload.com

## ချမ်းသာသူ

"ပညာရှိဟာ စိတ်ကို စောင့်ရှောက်ရာ၏၊ စောင့်ရှောက်အပ်တဲ့ စိတ်ဟာ ချမ်းသာကို ဆောင်ပေးတယ်။"

ပညာရှိဟာ ကိုယ့်စိတ်ကို နိုင်အောင် စောင့်ရှောက်နိုင်ရပါတယ်။ ကိုယ့်စိတ်ကို နိုင်အောင် စောင့်ရှောက်နိုင်မှလည်း ပညာရှိ ပီသရာ ရောက်ပါတယ်။ လူတစ်ယောက်မှာ သူတစ်ပါးကို သတ်ချင်စိတ် ပေါ် လာတယ်၊ သတ်လိုက်တယ်၊ ဒေါသစိတ်ကို မထိန်းနိုင် ဖြစ်သွားပါ တယ်။ သူတစ်ပါးဥစ္စာကို ခိုးယူချင်စိတ်ပေါ်လာတယ်။ ခိုးယူလိုက် တယ်၊ လောဘစိတ်ကို မထိန်းနိုင် ဖြစ်သွားပါတယ်။ သူတစ်ပါးမယား ကို စော်ကားချင်စိတ် ပေါ်လာတယ်။ စော်ကားလိုက်တယ်။ လောဘ စိတ်ကို မထိန်းနိုင် ဖြစ်သွားပါတယ်။ သူတစ်ပါးအကျိုး ပျက်ပြားအောင် လိမ်ညာသူ၊ မူးယစ်ဆေး သုံးစွဲသူတွေဟာလည်း ကိုယ့်စိတ်ကို မထိန်း နိုင်ကြသူတွေ ဖြစ်ပါတယ်။

ကိုယ့်စိတ်ကို စောင့်ရှောက်သူ၊ ထိန်းနိုင်သူတွေက ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းနိုင်ကြပါတယ်။ အင်္ဂုလိမာလဟာ သူတစ်ပါး အသက်တွေကို သတ်ခဲ့ပါတယ်။ သတိနဲ့ ရာနှုန်းပြည့် စောင့်ရှောက်မှုကို ခံရတဲ့စိတ်ကို ပိုင်ဆိုင်သူ ရဟန္တာဖြစ်သွားတဲ့အခါ မသတ်တော့ပါ။ တံငါ

http://www.dhammadownload.com



သည်ဖြစ်တဲ့ အရိယဆိုတဲ့လူဟာ သောတာပန်ဖြစ်သွားတဲ့အခါ ငါးတွေကို မသတ်တော့ပါ။ အရိယဆိုတဲ့ အဲဒီလူဟာ သောတာပန် ဖြစ်သွားတဲ့အခါ သူ့ရဲ့စိတ်မှာ သတိနဲ့ စောင့်ရှောက်မှုကို ၄ ပုံ ၁ ပုံ ရရှိသွားပါတယ်။ မုဆိုးဖြစ်တဲ့ ကုက္ကုဋမိတ္တ သောတာပန်ဖြစ်သွားရာမှာလည်း ဒီအတိုင်းပါပဲ။ သတိအစောင့်အရှောက် ခံရတဲ့စိတ်ဟာ အရိယတံငါသည်နဲ့ ကုက္ကုဋမိတ္တတို့ကို အပါယ်ဆင်းရဲတွေက လွတ်အောင်လုပ်ပေးလိုက်ပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရသွားစေပါတယ်။ သတိအစောင့်အရှောက်ခံရတဲ့ စိတ်ဟာ လူသတ်တဲ့ အင်္ဂုလိမာလကို သံသရာဆင်းရဲတွေမှ လွတ်မြောက်စေလိုက်ပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရသွားစေပါတယ်။

ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မဟာ သာမာဝတီမိဖုရားအတွက် ဥတေနမင်းက ပေးတဲ့ ပန်းဖိုး ၈ ကျပ်ထဲက ၄ ကျပ်ကို နေ့တိုင်း ခိုးယူခဲ့ပါတယ်။ ခုဇ္ဇုတ္တရာဟာ ဘုရားတရား နာရလို့ သောတာပန် ဖြစ်သွားတဲ့အတွက် မခိုးယူတော့ပါ။ ခုဇ္ဇုတ္တရာဟာ အသက်သာ အသေခံမယ် ခိုးယူမှုကိုတော့ လုံးဝ မပြုလုပ်တော့ပါ။ ခုဇ္ဇုတ္တရာသာ မဟုတ်ပါ။ နိဗ္ဗာန်ကို မြင်သိရလို့ သောတာပန် ဖြစ်သွားရင် မည်သူမဆို မခိုးတော့ပါ။ ခုဇ္ဇုတ္တရာမှာလည်း သတိရဲ့ ၄ ပုံ ၁ ပုံ အစောင့်အရှောက်ခံရတဲ့စိတ်ကို ပိုင်ဆိုင်သွားပါတယ်။ သတိဟာ မကောင်းတာတွေကို မလုပ်မိအောင် ဟန့်တားပေးရာမှာ အစွမ်းထက်လှပါတယ်။

အနာထပိဏ်သူဌေးမှာ တူတစ်ယောက် ရှိပါတယ်။ နာမည်ကတော့ ခေမက တဲ့။ ခေမကလည်း သူဌေးသားပါပဲ။ ရုပ်က အလွန်ချောတယ်။ များသောအားဖြင့် မိန်းမတွေဟာ သူ့ကို မြင်ရင် မနေနိုင် မထိုင်နိုင်အောင် ကြိုက်ကြသတဲ့။ သူကလည်း အလွန်ပွေဆိုပဲ။ မိန်းမပွေတဲ့

http://www.dhammadownload.com



နေရာမှာ အလွန်ပျော်တယ်တဲ့။ မိန်းမပွေတဲ့ ဝါသနာသန်တယ်လို့ ဆိုရမယ်ပေါ့။ ညအခါ မင်းချင်းယောကျ်ားတွေက သူ့ကို ဖမ်းပြီး ကောသလမင်းထံ ပြကြတယ်။ ကောသလမင်းက "အနာထပိဏ်သူဌေးကြီးအားငါ ရှက်ပါတယ်" လို့ တွေးကာ ခေမကကို ဘာမှ မပြောဘဲ လွှတ်ပေးလိုက်ပါတယ်။ ခေမက ကတော့ ဆက်ပွေမြဲ ပွေပါတယ်။ ခေမကကို နှစ်ကြိမ်သုံးကြိမ်မြောက်မှာလည်း မင်းချင်းယောကျ်ားတွေက ဖမ်းပြီး ကောသလမင်းထံ ပြကြပါတယ်။ ကောသလမင်းက လွှတ်မြဲပဲ လွှတ်ခိုင်းပါတယ်။ အနာထပိဏ်သူဌေး အဲဒီအကြောင်းကို ကြားရတဲ့အခါ ခေမကကို ဘုရားထံ ခေါ်သွားပါတယ်။ တရားဟောပေးဖို့ လျှောက်ထားပါတယ်။

"အကုသိုလ် ရရှိခြင်း၊ အိပ်ချင်တိုင်း မအိပ်ရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ငရဲကျခြင်းတွေကို သူတစ်ပါးမယား ပြစ်မှားသူမှာ ရရှိတယ်။ နှစ်ဦးနှစ်ဝ ကြောက်ကြောက်နဲ့ ပျော်ပါးရတာမို့ တခဏပျော်ရတဲ့ အဲဒီအပျော်ဟာ ကာလတိုတယ်၊ ကြီးလေးတဲ့ မင်းပြစ်မင်းဒဏ် သင့်ရောက်ရတယ်။ ဒါကြောင့် သူတစ်ပါးမယားကို မမှီဝဲရာ။"

ဘုရားရှင်ရဲ့ အထက်ပါတရားကို ကြားနာရတဲ့အခါ ခေမကဟာ သောတာပန် ဖြစ်သွားပါတယ်။ ခေမကဟာ သူ့ရဲ့စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ၄ ပုံ ၁ ပုံ ရရှိသွားပါတယ်။ အဲဒီအခါမှစပြီး ခေမကရဲ့ရန် ကင်းသွားလို့ ချမ်းချမ်းသာသာ နေနိုင်ကြတော့သတဲ့။

ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မဟာ သာမာဝတီမိဖုရားအား "သူမဟာ ပန်းဖိုးထဲက ငွေ ၄ ကျပ်ကို နေ့စဉ် ခိုးယူခဲ့ပါတယ်" လို့ အမှန်အတိုင်း ပြောပါတယ်။ မလိမ်ညာပါ။ သတိရဲ့ အစောင့်အရှောက်ကို ၄ ပုံ ၁ ပုံ ရတဲ့ စိတ်ကြောင့်ပဲ ဖြစ်ပါတယ်။ သတိရဲ့ စောင့်ရှောက်မှုကြောင့် သောတာပတ္တိမဂ်ပညာရှင်၊ သောတာပတ္တိဖိုလ်ပညာရှင် ဖြစ်သွားလို့

http://www.dhammadownload.com



ပါပဲ။ သောတာပတ္တိမဂ်ပညာရှင်၊ သောတာပတ္တိဖိုလ်ပညာရှင်တိုင်းဟာ ငါးပါးသီလကို အသက်ထက် ပိုပြီးမြတ်နိုးပါတယ်။ အသက်သာ အသေခံမယ်၊ ငါးပါးသီလကို လွန်ကျူးရိုးထုံးစံ မရှိပါ။

အရက်သမား သန္တတိအမတ်ကြီးဟာ ဘုရားတရားတော်ကို နာရလို့ ရဟန္တာဖြစ်သွားတဲ့အခါ အရက်ပြတ်သွားရုံတွင်မက ဒုက္ခခပ်သိမ်းပါ ချုပ်ပြတ်ငြိမ်းသွားပါတယ်။ သန္တတိအမတ်ကြီးရဲ့စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ရာနှုန်းပြည့် ရရှိသွားပါတယ်။

ချမ်းသာကို လိုလားတဲ့ အမျိုးသား၊ အမျိုးသမီးတွေဟာ သတိနဲ့ စိတ်ကို စောင့်ရှောက်ပေးဖို့ လိုပါတယ်။ သတိအစောင့်အရှောက် ကင်းမဲ့တဲ့ စိတ်ဟာ ဒုက္ခအမျိုးမျိုးတွေကို ပေးတတ်ပါတယ်။ စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ရရင် ရသလောက် ချမ်းသာမှုကို ခံစားကြရပါတယ်။ တစ်ခါ ရရင် တစ်ခါ ချမ်းသာပါတယ်။ နှစ်ခါ ရရင် နှစ်ခါ ချမ်းသာပါတယ်။ အခါခါ ရရင် အခါခါ ချမ်းသာပါတယ်။

## လင်္ကာ

၁။ ပညာရှိဟာ, ကိုယ့်စိတ်မှာ, ကောင်းစွာ စောင့်ရသည်။
၂။ စောင့်ရှောက်အပ်ပါ, ထိုစိတ်ဟာ, ချမ်းသာဆောင်ပေးသည်။
၃။ ချမ်းသာလိုလျှင်, သတိယှဉ်, စိတ်စဉ် စောင့်ရသည်။

http://www.dhammadownload.com

# ဘုရားရှင့် အကြိုက်

"အာနန္ဒာ၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေဟာ လောကုတ္တရာတရား ၉ ပါးရဲ့ ရှေ့ပြေးဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကျင့်ပြီး နေတယ်။ အဲဒီရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမဟာ မြတ်စွာဘုရားကို မြတ်တဲ့ပူဇော်ခြင်းနဲ့ အရိုအသေပြုတယ်၊ အလေးပြုတယ်၊ မြတ်နိုးတယ်၊ ပူဇော်တယ်။"

**(ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ္တ)**

မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် စံတော်မူခါနီးမှာ အရှင်အာနန္ဒာအား အထက်ပါစကားကို မိန့်ကြားတော်မူခဲ့ပါတယ်။ ပန်းတွေ၊ နံ့သာတွေ၊ တူရိယာသံ၊ ဂီတသံတွေနဲ့ ပူဇော်တာတွေဟာ ပူဇော်ရာ၊ အရိုအသေပြုရာ၊ အလေးပြုရာ၊ မြတ်နိုးရာ မရောက်ကြောင်းကိုလည်း မိန့်တော်မူခဲ့ပါသေးတယ်။

မြတ်စွာဘုရားဟာ အခြားနေရာတွေမှာ ပန်းတစ်ပွင့်လေးကို ယူကာ ဘုရားဂုဏ်တော်တွေကို ဆင်ခြင်ပြီး ပြုလုပ်အပ်တဲ့ ပူဇော်မှုရဲ့အကျိုးကို ဗုဒ္ဓဉာဏ်တော်နဲ့တောင် ပိုင်းခြားမရကြောင်း ချီးမွမ်းတော်မူထားပါလျက် ဒီနေရာမှာ ဒီလောက်ကြီးကျယ်တဲ့ ပူဇော်မှုကို ဘာကြောင့် ပယ်မြစ်ပါသလဲလို့ မေးစရာ ရှိလာပါတယ်။ အဖြေကတော့ ပရိသတ်ကို ချီးမြှောက်လိုတာရယ်၊ သာသနာတော် ကြာရှည်စွာ တည်ရှိစေလိုတာ

http://www.dhammadownload.com



ရယ်ကြောင့်ပါပဲ။ မြတ်စွာဘုရားဟာ ဒီလိုသာ မပယ်မြစ်ခဲ့ရင် နောင်သောအခါ သီလ ဖြည့်ကျင့်ရမယ့်နေရာမှာ သီလကို မဖြည့်ကျင့်ဘဲ နေကြပါလိမ့်မယ်။ သမာဓိ ဖြည့်ကျင့်ရမယ့်နေရာမှာ သမာဓိကို မဖြည့်ကျင့်ဘဲ နေကြပါလိမ့်မယ်။ ပညာဖြည့်ကျင့်ရမယ့်နေရာမှာ ပညာကို မဖြည့်ကျင့်ဘဲ နေကြပါလိမ့်မယ်။ ဒကာ ဒကာမတွေကို ပူဇော်မှုပြုဖို့ တိုက်တွန်းပြီး ပူဇော်မှုကိုသာ ပြုနေကြပါလိမ့်မယ်။

အဲဒီပစ္စည်းတွေနဲ့ ပူဇော်တယ်ဆိုတာကလည်း သာသနာတော်ကို တစ်ရက်ကလေးတောင်မှ ယာဂုတစ်ကျိုက်သောက် ကာလလေးတောင်မှ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါ။ မှန်ပါတယ်။ မဟာဝိဟာရကျောင်းတော်ကြီးလို ကျောင်းပေါင်းတစ်ထောင်၊ မဟာစေတီတော်ကြီးလို စေတီပေါင်းတစ်ထောင်မှ သာသနာတော်ကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်ကြပါ။ ပူဇော်မှုကို ပြုရင် ပြုတဲ့သူအတွက်သာ ဖြစ်ပါတယ်။ အကျင့်မြတ်ကတော့ မြတ်စွာဘုရားအား သင့်လျော်တဲ့ ပူဇော်မှု ဖြစ်ပါတယ်။ မှန်ပါတယ်။ အဲဒီဓမ္မပူဇာကို ဘုရားရှင်လည်း လိုလားတော်မူပါတယ်။ သာသနာတော်ကိုလည်း ကောင်းစွာ ဆောင်ထားနိုင်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်တွေကို ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့ ကျင့်ပြီး ပူဇော်နေသမျှ ကာလပတ်လုံး မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ ကောင်းကင်အလယ်က လပြည့်ဝန်းပမာ တင့်တယ်နေပါလိမ့်မယ်။

မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေဟာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကို ဆွမ်းတွေ လှူဒါန်းကြတယ်၊ သင်္ကန်းတွေ လှူဒါန်းကြတယ်၊ ကျောင်းတွေ ဆောက်ပြီး လှူဒါန်းကြတယ်၊ ဆေးပစ္စည်းတွေ လှူဒါန်းကြတယ်။ အခြားအခြား လိုအပ်ရာရာ ပစ္စည်းတွေကိုလည်း လှူ

http://www.dhammadownload.com



ဒါန်းကြတယ်။ စေတီတော်တွေကိုလည်း တည်ကြပါတယ်။ ဘုန်းကြီးကျောင်းတွေ၊ စေတီတော်တွေဟာ မြန်မာနိုင်ငံမှာ အလွန်ပဲ များလှပါတယ်။ ဘုန်းကြီးကျောင်းတွေ၊ စေတီဘုရားတွေ မြန်မာနိုင်ငံမှာ ဘယ်လောက်ပဲ များများ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကျင့်သူတွေ အားမကောင်းရင် သာသနာ ကြာရှည်စွာ မတည်နိုင်ပါ။ ဗုဒ္ဓသာသနာဝင် ဦးရေတွေ ဘယ်လောက်ပဲ များများ ဗုဒ္ဓသာသနာဝင်တွေမှာ သီလ၊ သမာဓိ၊ ပညာ အကျင့်တွေ အားနည်းနေရင် သာသနာ ရှည်ကြာစွာ မတည်နိုင်ပါ။ အရေအတွက်သာများပြီး အရည်အသွေး အားနည်းနေရင် သာသနာကြာရှည်စွာ မတည်နိုင်ပါ။

ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေမှာ သီလ အရည်အသွေး၊ သမာဓိအရည်အသွေး၊ ပညာအရည်အသွေး ကောင်းကြဖို့ လိုပါတယ်။ အဲဒီအရည်အသွေးတွေ တိုးတက်နေမှ သာသနာ တိုးတက်နေပါတယ်။ အဲဒီအရည်အသွေးတွေ ဆုတ်ယုတ်နေရင်တော့ သာသနာ ဆုတ်ယုတ်နေပါတယ်။ သီလအရည်အသွေးတွေ ထက်သည်ထက် ပိုထက်လာအောင်၊ သမာဓိ အရည်အသွေး၊ ပညာ အရည်အသွေးတွေ ထက်သည်ထက် ပိုထက်လာအောင် ကျင့်ဆောင်ကြမှသာ မြတ်စွာဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းနဲ့ ပူဇော်ရာ ရောက်ပါမယ်။

ငါ့ရဲ့တစ်နေ့တာမှာ သီလ၊ သမာဓိ၊ ပညာ အရည်အသွေးကောင်းတွေနဲ့ ဘုရားရှင်ကို ဘယ်လောက် ပူဇော်နိုင်သလဲလို့ ကိုယ့်ရဲ့အခြေအနေကို နေ့စဉ် စစ်ဆေးသင့်ပါတယ်။ ဒီနေ့ တစ်နေ့တာမှာ ငါ့သာသနာ တိုးတက်နေသလား၊ ဆုတ်ယုတ်နေသလားလို့လည်း စဉ်းစားသုံးသပ်သင့်ပါတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင် လူတွေဟာ နေ့စဉ် နေ့စဉ် ကိုယ့်သီလ အရည်အသွေး မြင့်လာအောင် ကြိုးစားကြရပါမယ်။ သမာဓိ၊

http://www.dhammadownload.com



ပညာအရည်အသွေးတွေကိုလည်း မြင့်လာအောင် ကြိုးစားကြရပါမယ်။ မြင့်နေတဲ့ သီလ၊ သမာဓိ၊ ပညာအရည်အသွေးတွေနဲ့ ဘုရားရှင်ကို ပူဇော်နိုင်အောင် ကြိုးစားကြရပါမယ်။

လောကလူသားတွေဟာ ဓနရှင်ဖြစ်အောင် ကြိုးစားကြသလို သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဖြစ်အောင်လည်း ကြိုးစားနိုင်ကြရင် သိပ်ကောင်းပါမယ်။ သီလမဲ့တဲ့ ဓနရှင်၊ သမာဓိမဲ့တဲ့ ဓနရှင်၊ ပညာမဲ့တဲ့ ဓနရှင်ဘဝကို ဘုရားရှင် နှစ်ခြိုက်တော်မမူပါ။ မြန်မာနိုင်ငံက ဓနရှင်တွေက သာသနာတော်ကို ဓနအား၊ ဒါနအားနဲ့ သာမက သီလအား၊ သမာဓိအား၊ ပညာအားတွေနဲ့ပါ ပူဇော်နိုင်ကြမှ ဘုရားအလိုတော်ကျ ဖြစ်ပါလိမ့်မယ်။ ဓနရှင်မဟုတ်လို့ ဒါနရှင် မဟုတ်နိုင်ပေမယ့် သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဘဝဖြစ်ရင် ဘုရားရှင် ကျေနပ်တော်မူပါတယ်။ ဓနရှင်ရဲ့ ဘဝထက် သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဘဝကို ဘုရားရှင်က ပိုမိုနှစ်ခြိုက်တော်မူပါတယ်။ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေဟာ ဘုရားလည်း နှစ်ခြိုက်ပြီး အမြတ်နိုးဆုံး ပူဇော်မှုလည်းဖြစ်တဲ့ ပူဇော်မှုနဲ့ ပူဇော်နိုင်အောင် ကိုယ်စီ ကိုယ်စီ ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ သီလ, သမာ, ဓိ ပညာ, သူဟာ ကျင့်နေသည်။
၂။ ထိုကျင့်သူဟာ, မြတ်ဗုဒ္ဓါ, ကောင်းစွာ ပူဇော်သည်။
၃။ တရားကျင့်ကာ, ပူဇော်တာ, မြတ်စွာ လွန်ကြိုက်သည်။
၄။ ဘုရားတပည့်, ဘုရား၏, ကြိုက်သည့်ဟာကို လုပ်သင့်သည်။

http://www.dhammadownload.com

# ကူညီပေးရပါတယ်

မျက်စိ ဟိုကြည့် ဒီကြည့်တဲ့ ယောဂီတွေကို ဟိုကြည့် ဒီကြည့် မကြည့်အောင် ပြုပြင်ပေးရပါတယ်။ အထိုင်အထ၊ အသွားအလာ စတဲ့ ကိုယ်အမူအရာတွေကို အမှတ်မပါဘဲ မြန်မြန် ပြုလုပ်ကြတဲ့ ယောဂီတွေကို ရှုမှတ်မှုနဲ့ ဖြည်းဖြည်း ပြုလုပ်ဖို့ ပြောရပါတယ်။ ဖောင်းတာ၊ ပိန်တာကို မမှတ်တတ်သေးတဲ့ ယောဂီတွေကို မှတ်တတ်လာအောင် သင်ပေးရပါတယ်။ ဖောင်းတာ၊ ပိန်တာ မမှတ်ချင်သူတွေကို မှတ်ချင်လာအောင် ပြောပေးရပါတယ်။ ဒုက္ခဝေဒနာမျိုးစုံကို ခံစားရလို့ ခဏခဏ ပြင်ထိုင်တဲ့ ယောဂီတွေကို သည်းခံပြီး မှတ်ဖို့ တိုက်တွန်းရပါတယ်။ ဒုက္ခဝေဒနာကို သည်းမခံနိုင်တော့လို့ တစ်နာရီပြည့်အောင် မထိုင်တဲ့ ယောဂီတွေကို တစ်နာရီပြည့်အောင် ထိုင်ဖို့ ပြောရပါတယ်။ ဆန္ဒတွေ လွန်ကဲပြီး ဝီရိယလွန်နေလို့ မှတ်မကောင်းဖြစ်နေတဲ့ ယောဂီတွေကို စိတ်အေးအေးထားပြီး မှတ်ဖို့ ပြောရပါတယ်။ အိပ်ငိုက်မှုများနေတဲ့ ယောဂီတွေကို အိပ်ငိုက်မှု မရှိရအောင် နည်းပေးရပါတယ်။ စိတ်ဆင်းရဲစရာ ပြဿနာများစွာကို တွေ့ကြုံခံစားလာရလို့ အဲဒီပြဿနာတွေကို သတိရကာ ဝမ်းနည်းစိတ်ဆင်းရဲနေကြတဲ့ ယောဂီတွေကို အားပေးရပါတယ်။ နှလုံးရောဂါ၊ ဒူးနာရောဂါ၊ ခါးနာရောဂါစတဲ့ ရောဂါတွေကို ခံစားနေရတဲ့ ယောဂီတွေကို အားပေးစကား ပြောကြားရပါတယ်။

တရားအတွေ့အကြုံတွေကို ပြောမပြတတ်သေးတဲ့ ယောဂီတွေကို "ပေါ်တာ ရှုတာ၊ သိမြင်တာ၊ သုံးဖြာ ရေးကြီးပေ"ဆိုတဲ့ ပဏ္ဍိတာ

http://www.dhammadownload.com



ရာမ ဆရာတော်ကြီးရဲ့ လင်္ကာလေးအတိုင်း သင်ပေးရပါတယ်။ တရားအတွေ့အကြုံ ပြောပြစဉ် လက်ဟန်အမူအရာနဲ့ ပြောတဲ့ ယောဂီတွေကို လက်အမူအရာ မပါဘဲ ပါးစပ်နဲ့ပဲ ပြောဖို့ သတိပေးရပါတယ်။ မှတ်နိုင်တာလေး၊ သိတာလေးတွေ ရှိလာရင် အသိအမှတ်ပြုကာ ပြောပေးပြီး မမှတ်နိုင်သေးတာ၊ မမှတ်တတ်သေးတာတွေကို ဖြည့်ပေးရပါတယ်။ မှတ်ပုံကိုသာ ပြောပြီး သိတာကိုမပြောတဲ့ ယောဂီ၊ သိတာကိုသာ ပြောပြီး မှတ်ပုံကို မပြောတဲ့ ယောဂီတွေကို မှတ်ပုံကိုရော သိတာကိုပါ ၂ မျိုး တွဲတွဲပြီး ပြောဖို့ သင်ပေးရပါတယ်။ အမှတ်ခံရတဲ့ အာရုံနောက် စိတ်ကလေး ကပ်, ကပ်ပါသွားအောင် မှတ်နိုင်ဖို့ အရေးကြီးကြောင်း ပြောပေးရပါတယ်။ ကပ်ပါသွားအောင် မှတ်နိုင်လာလေလေ သိတာလေးတွေက များလာလေလေ အသေးစိတ်လာလေလေပဲလို့ ပြောပေးရပါတယ်။ တစ်နာရီထက် အချိန်ပိုကြာပြီး စင်္ကြံလျှောက်ကာ မှတ်တဲ့ ယောဂီတွေကို တစ်နာရီပဲ စင်္ကြံလျှောက်မှတ်ဖို့ ပြောရပါတယ်။ ခန္ဓာကိုယ်က နောက်ကို လန်လန်ကျသွားလို့၊ ချောင်းခဏခဏဆိုးလို့ သူတစ်ပါး အနှောင့်အယှက် မဖြစ်ရအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ မေးလာတဲ့ ယောဂီတွေကို ပြေလည်အောင် ညွှန်ကြားပေးရပါတယ်။ အခန်းမှာ မှတ်ပါရစေလို့ တောင်းဆိုလာတဲ့ ယောဂီတွေကို မလိုက်လျော၊ ခွင့်မပြုဘဲ တင်းထားရပါတယ်။

## လင်္ကာ

၁။ ယောဂီတွေမှာ, လိုအပ်တာ, ကြည့်ကာ ကူညီသည်။
၂။ ကူညီပေးမှ, လိုတာက, ပြည့်ဝ လာပါသည်။

http://www.dhammadownload.com

# အလျှင်အမြန်

၇-၅-၂၀၀၆ တနင်္ဂနွေမှာ သာမဏေကျော်ဟာ ယောဂီတွေအား တရားဟောရမယ်တဲ့။ သံယုတ်ပါဠိမှ သတ္တိသုတ်ကို ဟောဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီသတ္တိသုတ်ကို မဟာစည်ဆရာတော်ကြီးက တက္ကသိုလ်ဝိပဿနာ တရားတော်စာအုပ်မှာ ဟောကြားထားတာပဲ။ အဲဒီတရားစာအုပ်ကို ကြည့်ပြီး ဟောရင် လွယ်ပါတယ်။ သာမဏေကျော် က မိနစ် ၃၀ လောက်ပဲ မြန်မာလို ပြောရမယ်။ ဘာသာပြန် မဝိသုတ ဉာဏီက ကိုရီးယားလို မိနစ် ၃၀ လောက် ပြောမယ်။ သတ္တိသုတ်မှာ ဗြဟ္မာတစ်ဦးက ဘုရားရှင်ကို ဒီလို လျှောက်ပါတယ်။

ရင်ဝမှာ လှံစူးနေသူဟာ အဲဒီလှံကို နုတ်ပြီး ကုသဖို့ အလျှင်အမြန် အားထုတ်သင့်ပါတယ်။ ခေါင်းမှာ မီးစွဲလောင်နေတဲ့သူဟာ အဲဒီမီးကို ငြိမ်းသတ်ဖို့ အလျှင်အမြန် အားထုတ်သင့်ပါတယ်။ အဲဒီလိုပါပဲ သံသရာဘေးကို ရှုမြင်တဲ့ ပုဂ္ဂိုလ်ဟာ ကာမရာဂကို သမထစျာန်နဲ့ ပယ်ရှားဖို့ သတိရှိကာ အလျှင်အမြန် အားထုတ်သင့်ပါတယ်။

ဘုရားရှင်ကတော့ ဒီလို ပြန်မိန့်တော်မူပါတယ်။

http://www.dhammadownload.com



ရင်ဝမှာ လှံစူးနေတဲ့သူဟာ လှံကို နုတ်ပြီး ကုသဖို့ အမြန် အားထုတ်သင့်သလို၊ ခေါင်းမီးလောင်နေတဲ့ သူဟာ အဲဒီမီးကို ငြိမ်းသတ်ဖို့ အမြန် အားထုတ်သင့်သလို၊ သက္ကာယဒိဋ္ဌိကို ပယ်ရှားဖို့ သတိရှိကာ အလျင်အမြန် အားထုတ်သင့်ပါတယ်။

ဗြဟ္မာက ဒီလို ထင်မြင်ထားပါတယ်။

“ကာမရာဂကင်းအောင် ကျင့်လို့ စျာန်ရရင် ဗြဟ္မာပြည်လောက ရောက်ပြီး ကမ္ဘာနဲ့ချီကာ အသက်ရှည်မယ်။ ခဏ ခဏ မသေရတော့ဘဲ အသေရ သက်သာသွားမယ်။”

ဘုရားရှင်ကတော့ ဒီလို မြင်ပါတယ်။

“သက္ကာယဒိဋ္ဌိ မကင်းသေးသူဟာ ဗြဟ္မာ့ပြည်ရောက်နေပေမယ့် အဲဒီဗြဟ္မာပြည်က စုတေပြီး လူ့ဘဝ၊ နတ်ဘဝ ပြန်ရောက်ကာ မကြာ မကြာ သေရဦးမှာပဲ။ အပါယ်လေးပါးလည်း ကျရောက်ပြီး ဆင်းရဲဒုက္ခ တွေ ခံစားသွားရဦးမှာပဲ။ သက္ကာယဒိဋ္ဌိ ကင်းရင်တော့ အပါယ်လေးပါး လည်း မကျတော့ဘူး။ လူ့ဘဝ၊ နတ်ဘဝမှာ ဖြစ်ရရင်လည်း ၇ ဘဝ ထက် ပိုလွန်ပြီး မဖြစ်ရတော့ဘူး။ အများဆုံး ၇ ဘဝမျှသာ ဖြစ်ရတော့ မယ်။ ၇ ခုမြောက်ဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရတော့မယ်။ ဗြဟ္မာ့ပြည်မှာ တက်ရောက်ပြီး ဖြစ်ရရင်လည်း အဲဒီဗြဟ္မာ့ပြည်မှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌိကို အရိယ မဂ်နဲ့ ပယ်သတ်ဖို့က အရေးအကြီးဆုံး ဖြစ်တယ်။

သက္ကာယဒိဋ္ဌိ ပယ်ရှားနိုင်ဖို့ သတိပဋ္ဌာန် ၄ ပါး အားထုတ်ရတာ ပါပဲ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ အာရုံတွေကို ပေါ်ခိုက် ပေါ်ခိုက် မှာ ဖြစ်ပေါ်တဲ့အတိုင်း လိုက်ပြီး ရှုမှတ်ရတာပါပဲ။ ဝိပဿနာဉာဏ်၊ မဂ် ဉာဏ်တွေနဲ့ သက္ကာယဒိဋ္ဌိကို ပယ်သွားရပါတယ်။ ရှုမှတ်ရင် ဝိပဿနာ ဉာဏ်ရော၊ မဂ်ဉာဏ်ပါ ဖြစ်ပေါ်လာတာပါပဲ။

http://www.dhammadownload.com



## လက်ာ

၁။ ရင်ဝဆီတွင်, လှံစူးရင်, လျှင်လျှင်မြန်မြန် နုတ်ရသည်။
၂။ ဦးခေါင်းတစ်ခွင်, မီးလောင်ရင်, လျှင်လျှင်မြန်မြန် ငြိမ်းရသည်။
၃။ ဒိဋ္ဌိပယ်ရန်, လျှင်မြန်မြန်, ရှုရန် လိုလှသည်။

http://www.dhammadownload.com

# ရှေ့သို့တက်လှမ်း

မမနာပိကာက သူ့အဘိုး အသည်းအသန် ဖြစ်နေလို့ အဘိုးထံ သွားပါတယ်။ နေ့ဝင်ချိန်ရောက်နေပုံ ရပါတယ်။ မမနာပိကာ မရှိလို့ မဝိသုတာညာနီဘာသာပြန်နဲ့ သာမဏေကျော် တရားဟောဖို့ အလှည့်ကျပါတယ်။ အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်လာ၊ ဒုတိယဓမ္မဝိဟာရီသုတ်ကို ဟောဖို့ ရည်ရွယ်ထားပါတယ်။ ရဟန်းတစ်ပါးက ဘုရားရှင်ထံ သွားပြီး ရှိခိုးကာ ထိုင်လျက် ဓမ္မဝိဟာရီစကားလုံးရဲ့ အဓိပ္ပာယ်ကို မေးလို့ ဘုရားရှင်က ဖြေပေးပါတယ်။ ပုဂ္ဂိုလ် ၅ မျိုး ခွဲခြားကာ ဟောပြပါတယ်။ ဘုရားစကားတော်တွေကို သင်ယူမှုများတဲ့ ပုဂ္ဂိုလ်၊ ဘုရားစကားတော်တွေကို ဟောပြောပို့ချမှုများတဲ့ ပုဂ္ဂိုလ်၊ ဘုရားစကားတော်တွေကို ရွတ်အံမှုများတဲ့ပုဂ္ဂိုလ်၊ ဘုရားစကားတော်တွေကို ကြံတွေးစဉ်းစားမှုများတဲ့ ပုဂ္ဂိုလ်နဲ့ တရားနဲ့နေတဲ့ ပုဂ္ဂိုလ်တို့ပဲ ဖြစ်ပါတယ်။ ရှေ့ပုဂ္ဂိုလ် ၄ ဦးဟာ ဝိပဿနာပညာ၊ မဂ်ပညာတွေကို ရအောင် တရားမရှုမှတ်သေးရင် တရားနဲ့နေတဲ့ ပုဂ္ဂိုလ် မဟုတ်ကြသေးပါ။ ဘုရားစကားတော်တွေကို သင်ယူပြီး ဝိပဿနာပညာ၊ မဂ်ပညာရအောင် တရားရှုမှတ်တဲ့ပုဂ္ဂိုလ်သာ တရားနဲ့နေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

http://www.dhammadownload.com



တပည့်တွေရဲ့ အကျိုးစီးပွားကို လိုလားပြီး သနားတတ်တဲ့ ဘုရားရှင်ဟာ သနားမှုကို အကြောင်းပြုပြီး ဟောပြောရမယ့်ကိစ္စကို ဘုရားရှင်က ပြုလုပ်ပြီးပြီလို့ မိန့်ပါတယ်။ ကျင့်ဖို့ကတော့ တပည့်တွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ သစ်ပင်အောက်အရပ်နဲ့ လူသူကင်းဆိတ်ရာအရပ်တွေဟာ တရားအားထုတ်ဖို့ သင့်လျော်တဲ့အတွက် အဲဒီနေရာတွေကို ဘုရားရှင်က တပည့်တွေအား အမွေအဖြစ်နဲ့ အပ်နှင်းခဲ့ပါတယ်။ "တရားရှုမှတ်ကြပါ။ အမှတ်မလွတ်ကြပါစေနဲ့"လို့ ဘုရားရှင်က တိုက်တွန်းခဲ့ပါတယ်။ နောင်အခါ မကျန်းမာရာအခါ၊ အိုတဲ့အခါ၊ သေခါနီးအခါ၊ တရားအားထုတ်ဖို့ အခွင့်မသာတဲ့အခါတွေမှာ နောင်တမရကြပါစေနဲ့လို့ သတိပေးခဲ့ပါတယ်။ ဘုရားရှင်တွေဟာ အဲဒီလိုပဲ တိုက်တွန်းသတိပေးကြမြဲ ဖြစ်ပါတယ်။

အထက်ပါအဓိပ္ပာယ်တွေဟာ ဒုတိယဓမ္မဝိဟာရီသုတ်ရဲ့ အဓိပ္ပာယ်တွေပဲ ဖြစ်ပါတယ်။ ဘုရားစကားတော်တွေကို သင်ယူမှု၊ ဟောပြောပို့ချမှု၊ ရွတ်အံမှု၊ ကြံတွေး စဉ်းစားမှုတွေလောက်ကိုသာ ပြုလုပ်ကြပြီး ကျေနပ်အားရနေကြတဲ့ ပုဂ္ဂိုလ်တွေ သတိပြုကာ ဆက်လက်ကျင့်သုံးဖို့ လိုအပ်နေတာကို လေးလေးနက်နက် သတိပြုကြရပါမယ်။ မဟာယာနဗုဒ္ဓဘာသာဝင်တွေရော ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပါ ဒီသုတ္တန်လာစကားတော်တွေကို သတိပြုကာ တရားရှုမှတ်ဖို့ ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဓမ္မဝိဟာရီ - တရားနဲ့နေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်လို့ရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်အောင် ဆက်လက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

သာမဏေကျော်က အောက်ပါ လင်္ကာလေးကို သီကုံးထားပါတယ်။

http://www.dhammadownload.com



* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ သင်ယူနေနေ
တရား မရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။
* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ဟောပြောနေနေ
တရား မရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။
* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ရွတ်အံနေနေ
တရား မရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။
* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ကြံတွေးနေနေ
တရား မရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။
* သစ်ပင်ရင်းမှာ ချဉ်းကပ် ဆိတ်ငြိမ်တဲ့ အရပ်မှာ နေ
ရှုစရာတွေကို ရှုပွား, သတိတရား မလွတ်စေနဲ့။
* အိုတဲ့ဘဝ, ရောက်ခါမှ, နောင်တမရသင့်။
နာတဲ့ဘဝ, ရောက်ခါမှ, နောင်တမရသင့်။
သေခါနီးကာလ, ရောက်ခါမှ, နောင်တမရသင့်။
* မအိုခင်က, မြတ်ဓမ္မ, ကြိုးစား ကိုယ်စီ ကျင့်။
မနာခင်က, မြတ်ဓမ္မ, ကြိုးစား ကိုယ်စီ ကျင့်။
မသေခင်က, မြတ်ဓမ္မ, ကြိုးစား ကိုယ်စီ ကျင့်။

၁၂-၅-၂၀၀၆ နေ့မှာ အထက်ပါတရားတော်တွေကို ယောဂီတွေအား ဟောပါမယ်။ မြန်မာတရားနာပရိသတ်တွေဆိုရင်တော့ အထက်ပါ လင်္ကာလေးတွေကို အဆိုခိုင်းလို့ ကောင်းပါမယ်။ တရားနာ ပရိသတ်တွေက ကိုရီးယားတွေ ဖြစ်နေတော့ ဆိုခိုင်းလို့ မရတော့ပါ။ ဘာသာပြန်ပေးမယ့် မဝိသုတညာနီကတော့ အဲဒီလင်္ကာလေးကို ကူးယူသွားပါတယ်။ ဘုန်အင်မဟာယာနဘုန်းတော်ကြီးကျောင်းက ထုတ်ဝေမယ့် စာစောင်လေးမှာ ထည့်ဖို့ ဒီတရားကို ကိုရီးယားဘာသာနဲ့ ရေးကာ ပေးပါမယ်လို့

http://www.dhammadownload.com



မဝိသုတည္ဆာနီက ပြောပါမယ်။ ဒီဒုတိယဓမ္မဝိဟာရီသုတ္တန်ဟာ မဟာယာနတွေနဲ့ အထူးပဲ သင့်လျော်လှပါပေတယ်။ ရှေ့သို့ တစ်လှမ်း ဆက်လှမ်းကြဖို့ လိုအပ်နေသေးကြောင်းကို မဟာယာနတွေအား ဒီသုတ္တန်က သတိပေးထားပါတယ်။

## လင်္ကာ

၁။ စာကိုလည်း သင်, ရှုမှတ်ရင်, ရှေ့တွင် တက်လှမ်းသည်။
၂။ တရားဟောပြင်, ရှုမှတ်ရင်, ရှေ့တွင် တက်လှမ်းသည်။
၃။ ရွတ်အံသည့်ပြင်, ရှုမှတ်ရင်, ရှေ့တွင် တက်လှမ်းသည်။
၄။ ကြံတွေးသည့်ပြင်, ရှုမှတ်ရင်, ရှေ့တွင် တက်လှမ်းသည်။
၅။ ရှုမှတ်ပါမှ, မြတ်ဗုဒ္ဓ, အားရ နှစ်ခြိုက်မည်။

http://www.dhammadownload.com

# (၅)မိနှစ်

မောင်လှဝင်း -

ပဏ္ဍိတာရာမဆရာတော်ကြီးက ယောဂီတွေ တရားအတွေ့အကြုံကို ကမ္မဋ္ဌာန်းဆရာအား လျှောက်ပြတဲ့အခါ ထိုင်မှတ်စဉ် ပင်တိုင်အာရုံဖြစ်တဲ့ ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှု မှတ်ပုံ၊ သိပုံတွေကို ကျကျနန စေ့စေ့စပ်စပ် ပြောတတ်စေချင်ပါတယ်။ ဖောင်းတာ၊ ပိန်တာကို သေချာစွာ စူးစူးစိုက်စိုက် ကပ်လိုက်ပြီး မှတ်နိုင်လာရင် ကျန်တဲ့စိတ် လွင့်တာ၊ နာကျင်တာ၊ ကြားတာစတဲ့ အာရုံတွေကိုလည်း ကောင်းကောင်း မှတ်နိုင်လာတာပါပဲ။ ဖောင်းတာ၊ ပိန်တာနဲ့ပတ်သက်ပြီး ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တယ်ဘုရားလို့သာ ပြောပြီး အခြားအာရုံတွေအကြောင်း ဆက်ပြောတယ်။ ဖောင်းတာ ပိန်တာနဲ့ ပတ်သက်ပြီး မှတ်တာကိုသာ ပြောပြီး သိတာကိုတော့ မပြောနိုင်။ ဖောင်းတာ ပိန်တာကို အသေးစိတ် သိနိုင်လာရင် အခြားအာရုံတွေကိုလည်း အသေးစိတ် သိနိုင်လာတာပါပဲ။ ဒါကြောင့် ဆရာတော်ကြီးက ဖောင်းတာ ပိန်တာမှတ်ပုံ၊ သိပုံတွေကို အသေးစိတ် စေ့စေ့စပ်စပ် ပြောတတ်စေချင်တာဂါပဲ။ စေ့စေ့စပ်စပ် ပြောတတ်စေချင်လို့ အောက်ပါလက်ာတွေနဲ့ ယောဂီတွေအား မိန့်ကြားထားပါတယ်။

http://www.dhammadownload.com



"ပေါ်တာ ရှုတာ၊ သိမြင်တာ၊ သုံးဖြာ ရေးကြီးပေ။
အချက်သုံးဖြာ၊ ထင်ရှားစွာ၊ သေချာစေ၄ ပြောနိုင်စေ။"

တချို့ယောဂီတွေကို ဆရာတော်ကြီးက "ဖောင်းတာ၊ ပိန်တာကို ဆက်တိုက် ဘယ်လောက်ကြာအောင် မှတ်လို့ရလဲ၊ မှတ်နိုင်လဲ" လို့ မေးတဲ့အခါ တချို့ယောဂီတွေက "၅ မိနစ်ဆက်တိုက် စိတ်မလွင့်ဘဲ မှတ်နိုင်ပါတယ်ဘုရား" လို့ လျှောက်တတ်ကြပါတယ်။ အဲဒီအခါ ဆရာတော်ကြီးက ဒီလို မိန့်တတ်ပါတယ်။

"၅ မိနစ် ဆက်တိုက် မှတ်နိုင်ရင် ကောင်းပါတယ်။ ဒါပေမဲ့ စိတ်က ထိန်းရခက်တယ်။ ၅ မိနစ် ဆက်တိုက် မှတ်နိုင်တယ်ဆိုရင် တစ်စက္ကန့်မှာ တစ်မှတ်နှုန်းနဲ့ တွက်က တစ်မိနစ်မှာ ရှုမှတ်မှုအကြိမ်ပေါင်း ၆၀ ရှိမယ်။ ၅ မိနစ်ဆိုရင် ၃၀၀ ရှိမယ်။ အဲဒီ ရှုမှတ်မှုပေါင်း ၃၀၀ မှာ ပထမ ရှုမှတ်မှုမှာ သိတာနဲ့ ဒုတိယရှုမှတ်မှုမှာ သိတာ ဘယ်လိုခြားနားလဲ။ ဒုတိယနဲ့ တတိယ၊ တတိယနဲ့ စတုတ္ထစသည်တွေမှာ သိတာ ဘယ်လို ခြားနားလဲ၊ ဒုတိယနဲ့ တတိယ၊ တတိယနဲ့ စတုတ္ထ စသည်တွေမှာ သိတာ ဘယ်လိုခြားနားလဲ။"

အဲဒီလို အမေးခံရတဲ့အခါ ယောဂီမှာ မဖြေတတ်ဘဲ ရှိနေပါတယ်။ သေသေချာချာ စူးစူးစိုက်စိုက် မမှတ်သူတွေက အဲဒီလိုပဲ ပြောတတ်ကြပါတယ်။ တချို့ ၁၅ မိနစ်၊ နာရီဝက်ကြာအောင် စိတ်လုံးဝ မလွင့်ဘဲ မှတ်နိုင်တယ်လို့တောင် ပြောတတ်ကြပါသေးတယ်။ ဆရာတော်ကြီးက ယောဂီတွေမှာ လိုအပ်နေတဲ့ အကွက်လေးတွေကို ထောက်ပြကာ ပြုပြင်ပေးတတ်ပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်တဲ့အခါ မသေမချာ မတိမကျ ပြောလို့မရပါ။ အမြင်မဟုတ်ဘဲ အထင်တွေကိုလည်း အမြင်လိုလုပ်ကာ ပြောလို့မရပါ။ ဆရာတော်ကြီးထံ တရား

http://www.dhammadownload.com



လျှောက်တဲ့ ယောဂီတွေဟာ ပေါ့ပေါ့လျှံ့လျှံ့ ပြောလို့မရသလို ပေါ့တော့တော့ လုပ်လို့လည်း မရပါ။ ဆရာတော်ကြီးရဲ့ အပြုအပြင် ခံနိုင်တဲ့ ယောဂီဟာ တရားအသိဉာဏ် သိသိသာသာ တိုးတက်လာပါတယ်။

## လင်္ကာ

၁။ တစ်စက္ကန့်မှာ, ရှုမှတ်တာ, ဖြစ်ပါ တစ်ကြိမ်စီ။
၂။ တစ်မိနစ်တွင်, (၆၀) ပင်, အသင် မှတ်နိုင်သည်။
၃။ (၅) မိနစ်တွင်, သုံးရာပင်, အသင် မှတ်နိုင်ပြီ။
၄။ ရှေးရှေးအသိ, နောက်နောက်သိ, အသိ ထူးလိမ့်မည်။

http://www.dhammadownload.com

# စာမေးပွဲ ဖြေရမယ်

မောင်လှဝင်း -

သာမဏေကျော်ထံ တရားသျှောက်ဖို့ အလှည့်ကျတဲ့ ယောဂီ ၉ ယောက်ထဲက အပေါ်ဆုံး ၄ ယောက်ဟာ နောက်နေ့မှာ ဆရာတော်ကြီး ထံ တရားသျှောက်ဖို့ အလှည့်ကျပါတယ်။ အဲဒီ ၄ ယောက်ကို "နောက် နေ့မှာ ဘယ်ဆရာတော်ထံ တရားသျှောက်ရမှာလဲ သိလား" လို့ မေး လိုက်တဲ့အခါ ပဏ္ဍိတာရာမဆရာတော်ကြီးထံ သျှောက်ရမယ့်အကြောင်း အများစုက သိကြပါတယ်။ ယောဂီတစ်ယောက်ကတော့ "နက်ဖြန် ဆရာတော်ကြီးထံ စာမေးပွဲ သွားဖြေရပါမယ်" လို့ ပြောသွားပါတယ်။ ယောဂီတွေကို အဲဒီယောဂီပြောသွားတဲ့ စကားလေးနဲ့ပဲ သတိပေးရပါ တယ်။ ဆရာတော်ကြီးထံ တရားသျှောက်ဖို့ အလှည့်ကျမယ့် ယောဂီ တွေကို "ယောဂီ၊ မနက်ဖြန် ဆရာတော်ကြီးထံ သွားပြီး စာမေးပွဲ ဖြေရ မယ်နော်။ အဲဒီစာမေးပွဲမှာ ကောင်းကောင်း ဖြေနိုင်အောင် Home Work သင်ခန်းစာကို ကောင်းကောင်း လုပ်သွားပါ" လို့ သတိပေး မှာ ကြားရပါတယ်။ ယောဂီအများစုဟာ ဆရာတော်ကြီးထံ တရားအတွေ့ အကြုံ သျှောက်ထားဖို့ ဝန်လေးသွားကြပါတယ်။ တချို့မှာတော့ ဝန်လေး ပုံမပေါ်ပါ။ ဆရာတော်ကြီးက ယောဂီတွေ တရားသျှောက်တဲ့အခါ ထောက်စရာ အကွက်လေးတွေကို ထောက်ထောက်ပြီး မေးတတ်ပါ တယ်။ အထင်နဲ့ ပြောတာမျိုးကို မလိုလားပါ။ အမြင်နဲ့ ပြောတာကိုပဲ လက်ခံပါတယ်။ ပေါ့ပေါ့ဆဆနဲ့ အမှတ်လွတ်နေတာ၊ အမှတ်ကျဲနေ တာကို မလိုလားပါ။ ပင်တိုင်အာရုံအပေါ် မှတ်ပုံ၊ သိပုံကို ရှေးဦးစွာ

http://www.dhammadownload.com



အသေးစိတ် ပြောစေချင်ပါတယ်။ ပြီးမှ အခြားအာရုံတွေ ပေါ်လာပုံ၊ ရှုမှတ်ပုံ သိပုံတွေကိုလည်း ပြောစေချင်ပါတယ်။

ဆရာတော်ကြီးက ယောဂီတွေမှာ ပြုပြင်စရာ တွေ့ရင် အားမနာတမ်း ပြုပြင်ပေးပါတယ်။ ချိန်သားကိုက်၊ စိတ်အားစိုက်ပြီး ရှုရာအာရုံအပေါ်မှာ စိတ်ကလေး ကပ်ကပ်ပါသွားအောင် ရှုမှတ်ဖို့ မိန့်ကြားပါတယ်။ စေ့စေ့စပ်စပ်၊ ခိုင်ခိုင်မြဲမြဲ၊ ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင် မှတ်နိုင်သလား၊ မမှတ်နိုင်ဘူးလားလို့ မေးပါတယ်။ မှတ်နိုင်ရင် ဘာတွေကို သိလဲ၊ သိတာမှန်သမျှကို ပြောစေပါတယ်။ မမှတ်နိုင်ရင် စိတ်က လွင့်နေသလား၊ ဘာဖြစ်နေသလဲဆိုတာကို ပြောစေပါတယ်။ အာရုံပေါ်လာပုံ၊ ရှုမှတ်ပုံ၊ သိပုံ ဒီ ၃ မျိုးကို ပိုင်ပိုင်နိုင်နိုင် ပြောပြတတ်ဖို့ အရေးကြီးပါတယ်။ ရှုမှတ်ပုံကိုသာ ပြောပြီး သိပုံကို မပြောရင်လည်း မပြည့်စုံသေးပါ။ သိပုံကိုသာ ပြောပြီး ရှုမှတ်ပုံ မပြောရင်လည်း မပြည့်စုံသေးပါ။ ဂဏန်းပုစ္ဆာကို တွက်ပုံကိုရော၊ အဖြေကိုပါ ပြောနိုင်မှ ပြည့်စုံပါတယ်။ အဲဒီလိုပါပဲ ယောဂီဟာလည်း မှတ်ပုံကိုရော သိပုံကိုပါ ပြောနိုင်မှ ပြည့်စုံပါတယ်။ သိပုံကိုသာ ပြောပြီး မှတ်ပုံကို မပြောရင် ဂဏန်းအဖြေကိုသာ ပြောပြီး ဂဏန်းတွက်ပုံကို မပြောတာနဲ့ တူနေပါတယ်။ သိပုံကိုသာ ပြောပြရာမှာလည်း အပေါ်ယံလေးတင် မဟုတ်ဘဲ အသေးစိတ် ပြောပြနိုင်ဖို့ လိုပါတယ်။ စူးစိုက်ကပ်လိုက်ကာ မှတ်နိုင်ရင် အသေးစိတ် ပြောနိုင်တာပါပဲ။

## လင်္ကာ

၁။ ဂဏန်းပုစ္ဆာ, တွက်ပုံပါ, ဖြေပါ ပြောရသည်။
၂။ ယောဂီမှတ်ရာ, မှတ်ပုံပါ, သိပါ ပြောရသည်။
၃။ မှတ်ပုံသာ ပြော, သိ မပြော, အပြော လိုသေးသည်။
၄။ မှတ်ပုံ မပြော, သိသာ ပြော, အပြော လိုသေးသည်။

http://www.dhammadownload.com

# အနှေး အမြန်

မောင်လှဝင်း -

သူ့ခန္ဓာကိုယ် အမူအရာက မြန်နေပါသေးတယ်။ အားမရှိတဲ့ လူမမာလို ပြုမူဖို့ သတိပေးရပါတယ်။ မြန်နေသေးတာမို့ ထပ်သတိပေးရပါတယ်။

"ဝိပဿနာ အားထုတ်ရာမှာ နှေးသောသူသည် မြန်၏။ မြန်သောသူသည် နှေး၏" အဲဒီစကားရဲ့ အဓိပ္ပာယ်ကို နားလည်သလားလို့ ဂျမရီ အမည်ရှိ ၃၈ နှစ်အရွယ် အမေရိကန် အမျိုးသားယောဂီကို မေးကြည့်ပါတယ်။ နားလည်တယ်လို့ ပြောပါတယ်။ ရှုမှတ်မှုနဲ့ ခန္ဓာကိုယ်အမူအရာကို ဖြည်းဖြည်း ပြုလုပ်သူဟာ ဝိပဿနာတိုးတက်မှု မြန်တယ်။ အပေါ် ယံ သာမန်ကာ၊ လျှံကာ ရှုမှတ်ကာ ခန္ဓာကိုယ် အမူအရာ မြန်မြန် ပြုလုပ်သူဟာ ဝိပဿနာဉာဏ် တိုးတက်မှု နှေးတယ်လို့ ဆိုလိုပါတယ်။ အဲဒီ ယောဂီက ကာတွန်းရေးတဲ့ဆရာ ဖြစ်ပါတယ်။

သူ့ကို ထပ်မေးပါတယ်။

"လူတစ်ယောက်က ပန်းသီးကို ကိုယ့်သူငယ်ချင်းနဲ့ စကားပြောရင်း စားတယ်။ ပန်းသီးအရသာကို ဂရုမပြု၊ နောက်လူတစ်ယောက်က ပန်းသီးအရသာကို သေချာဂရုစိုက်ပြီး စားတယ်။ ဘယ်သူက အရသာ ပိုသိမလဲ။"

http://www.dhammadownload.com



"နောက်လူက ပိုသိပါမယ်။"

"ပုရွက်ဆိတ်တန်းကြီးကို အဝေးက ကြည့်သူနဲ့ အနီးကပ်ကြည့်သူ၊ အဲဒီလူ ၂ ဦးမှာ အမြင်ချင်း တူနိုင်ပါသလား။"

"မတူနိုင်ပါ။"

"ဟုတ်တယ်။ အဝေးက ကြည့်ရင် ပုရွက်ဆိတ်တွေကို အတန်းလိုက်ပဲ မြင်ရတယ်။ အစုလိုက်ပဲ မြင်ရတယ်။ ခွဲခြားပြီး မမြင်ရ။ အနီးကပ်ကြည့်ရင်တော့ တစ်ကောင်နဲ့တစ်ကောင် ခွဲခြားပြီး မြင်ရတယ်။ တွဲမမြင်ရ၊ ခွဲမြင်ရတယ်။ အပေါင်းလိုက် မမြင်ရ၊ အစိတ်အစိတ် မြင်ရတယ်။ ဒီလိုပါပဲ၊ ဖောင်းတာ ပိန်တာစတဲ့ အာရုံကို အဝေးက ကြည့်ပုံနဲ့ အနီးကပ် ကြည့်ပုံဟာ ကွဲပြားခြားနားပါတယ်။ ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာကို သိချင်ရင် အနီးကပ် ရှုမှတ်ကြည့်ပါ။"

"များများ ကြည့်ရင် များများ မြင်တယ်။ စူးစိုက်ကြည့်ရင် အသေးစိတ် မြင်တယ်။ များများ မြင်ချင်ရင် များများ ကြည့်ပါ။ အသေးစိတ် မြင်ချင်ရင် စူးစိုက်ကြည့်ပါ။ သိသိသာသာ ဖြစ်ပေါ်လာပါတယ်။ အဲဒီအခါ တရားအပေါ် သဒ္ဓါဖြစ်ပေါ်လာပါတယ်။ သဒ္ဓါမှ ဆန္ဒ၊ ဆန္ဒမှ ဝီရိယ ဖြစ်ပေါ်လာပါတယ်။ အဲဒီယောဂီဟာ ရှုမှတ်မှုနဲ့ ဖြည်းဖြည်းပဲ ခန္ဓာကိုယ်အမူအရာကို ပြုလုပ်သွားတာကို မြင်တွေ့လိုက်ရပါတယ်"

## လင်္ကာ

၁။ မူရာ ဖြည်းစွာ, သတိပါ, ဉာဏ်ဟာ မြန်ပါသည်။
၂။ ဝေးက ကြည့်သူ, နီးကြည့်သူ, မြင်မှု မတူပြီ။
၃။ နီးကပ် ကြည့်လျှင်, အသေးစိတ်ပင်, သိမြင် လာပါသည်။

http://www.dhammadownload.com

# ဝိပဿနာ

မောင်လှဝင်း -

ကမ္မဋ္ဌာန်းဆရာမကြီး ကမလာ ဟာ သာမဏေကျော်ထံ တရားလျှောက်ဖို့ အလှည့်ကျလို့ ရောက်လာပြန်ပါတယ်။ သူ့တရားအတွေ့အကြုံကို မှတ်စုစာအုပ်လေးမှာ ရေးထားပါတယ်။ အဲဒီမှတ်စုတွေကို မျက်မှန်တပ်ကာ ဖတ်ပြပါတယ်။ ဖတ်ပြပြီးသွားတဲ့အခါ သာမဏေကျော်က ကမလာကို မေးပါတယ်။

"ကမလာ၊ မျက်မှန်တပ်ပြီး ဖတ်တာနဲ့ မတပ်ဘဲ ဖတ်တာ ဘယ်လိုခြားနားပါလဲ။"

"မျက်မှန်တပ်ပြီး ဖတ်တာက ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မြင်ရပါတယ်။"

"ကမလာ၊ တရားရှုမှတ်တဲ့အခါမှာလည်း သမာဓိမျက်မှန် တပ်ပြီး ရုပ်နာမ်အာရုံစာတွေကို ဖတ်ရင် ထင်ထင်ရှားရှား မြင်ရတာပဲပေါ့။"

ဝိပဿနာကမ္မဋ္ဌာန်းကိုရော၊ မေတ္တာကမ္မဋ္ဌာန်းကိုပါ သူမက ပဏ္ဍိတာရာမ ဆရာတော်ကြီးထံ အားထုတ်ထားတာမို့ အမေရိကမှာ ယောဂီတွေအား ဝိပဿနာကိုရော မေတ္တာကမ္မဋ္ဌာန်းကိုပါ ပြသပေးနေပါတယ်။ "ဝိပဿနာရဲ့ အဓိပ္ပာယ်ကို ယောဂီတွေအား ဘယ်လိုရှင်းပြပါသလဲ" လို့ ကမလာကို မေးလိုက်လို့ ကမလာက ဖြေပါတယ်။

"ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ဖြစ်ပေါ်နေတဲ့အတိုင်း ရှင်းလင်းစွာ သိတဲ့ ဉာဏ်ပါ။"

http://www.dhammadownload.com



ကမလာ ပြောတာဟာ မှန်တော့ မှန်ပါတယ်။ ဒါပေမဲ့ ပိဋကစာပေမှာ ပါရှိတဲ့ ဝိပဿနာအဓိပ္ပာယ် ၃ မျိုးကို ပြောပြလိုက်ပါတယ်။

၁။ ဝိပဿနာဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အခြင်းအရာ ၃ မျိုးနဲ့ သိမြင်တဲ့ဉာဏ်ပါပဲ။ ရုပ်နာမ်ကွဲမြင်တဲ့ဉာဏ်နဲ့ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ပုံ သိတဲ့ဉာဏ်တွေကိုလည်း အကျိုးဝိပဿနာရဲ့ အမည်ကို အကြောင်းဖြစ်စေတဲ့ အဲဒီဉာဏ် ၂ ပါးအပေါ် တင်စားခေါ်တဲ့ ဖလူပစာနည်းနဲ့ ဝိပဿနာလို့ ခေါ်နိုင်ပါတယ်။

၂။ ဝိပဿနာဆိုတာ သိမြင်တဲ့ ဉာဏ်ပါပဲ။ ရုပ်နာမ်ကွဲမြင်တဲ့ ဉာဏ်၊ ကြောင်းကျိုးသိတဲ့ ဉာဏ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိတဲ့ဉာဏ်ပါပဲ။ ဒီနည်းမှာ ဝိသဒ္ဒါက အနက်အထူး မရှိပါ။

၃။ ဝိပဿနာဆိုတာ အထူးအားဖြင့် သိမြင်တဲ့ ဉာဏ်ပါပဲ။ လောကီသားတွေက ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ မြင်တယ်။ ဖန်ဆင်းရှင်လို့ သက်ရှိ သက်မဲ့တွေ ဖြစ်ပေါ်နေတယ်။ အကြောင်းမရှိဘဲ ဖြစ်ပေါ်နေတယ်လို့ မြင်တယ်။ ငါတို့ဟာ နိစ္စပဲ၊ သုခပဲ၊ အတ္တပဲ” လို့ မြင်နေကြတယ်။ အဲဒါတွေက ရိုးရာအမြင်တွေပေါ့။ ရုပ်နာမ်လို့ မြင်တယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ မြင်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မြင်တယ်။ အဲဒီအမြင်တွေက ထူးခြားတဲ့ အမြင်တွေပေါ့။ အဲဒီထူးခြားတဲ့ အသိအမြင်ဟာ ဝိပဿနာပါပဲ။

## လင်္ကာ

၁။ မျက်စိမှန်လျှင်, မျက်မှန်ဆင်, အမြင် ရှင်းလင်းသည်။

၂။ မျက်မှန်သမာဓိ, တပ်ရှုကြည့်, အသိ ရှင်းလင်းသည်။

http://www.dhammadownload.com

# ၉၉၉၉

မောင်လှဝင်း -

"အားငယ်သူကို အားပေးပါ"။ အဲဒီစာသားလေးကို ကလေး ဘဝ ငယ်စဉ်က ဖတ်ခဲ့ဖူးတယ် မဟုတ်လား။ ယောဂီတွေထဲမှာလည်း အားငယ်နေတဲ့ အမေရိကန် အမျိုးသမီးတစ်ဦး ပါလာပါတယ်။ အား ငယ်မှု မခံစားရခင်က သူ့မျက်နှာမှာ ကြည်လင်နေတယ်၊ ရွှင်ပျနေတယ်၊ တောက်ပနေတယ်။ အခုတော့ မကြည်လင်တော့၊ မရွှင်ပျတော့၊ ညှိုး နွမ်းနေတယ်။ အားငယ်နေသူမို့ အားပေးစကား ပြောကြားရပါတယ်။ မေးခွန်းလေးတွေ မေးပြီး အားပေးရပါတယ်။

"ယောဂီ၊ ဒီကိုလာတာ ကိုယ့်အခန်းကလား၊ ဓမ္မာရုံကလား။"

"ကိုယ့်အခန်းကပါ။"

"ကိုယ့်အခန်းက ဒီကို လာတဲ့အခါ လာချင်လို့ပဲလား၊ မလာချင်ဘဲ နဲ့ပဲ လာလာ၊ ပုံမှန် လှမ်းလာရင် ဒီကို မရောက်ဖူးလား။"

"ရောက်ပါတယ်။"

"ဒီလိုပါပဲ။ တရားရှုမှတ်တဲ့အခါ မှတ်ချင်လို့ပဲ မှတ်မှတ်၊ မမှတ်ချင် ဘဲ မှတ်မှတ်၊ ပုံမှန် မှတ်သွားရင် ပန်းတိုင်ကို မရောက်ပေဘူးလား။"

"ရောက်ပါတယ်။"

http://www.dhammadownload.com



ယောဂီရဲ့မျက်နှာဟာ ရွှင်ပျလာပါတယ်။ အားတက်လာပါတယ်။ အသံထွက်ပြီး ရယ်သွားပါတယ်။ သူ့လက်နဲ့ သူ့မရဲ့ရင်ဘတ်ကို ပုတ်လိုက်ပါသေးတယ်။ သူ့ရင်ကို ထိမှန်သွားတယ်လို့ အဓိပ္ပာယ် ဖော်ပြကြောင်း ဦးသုမနသိရီက ပြောပြပါတယ်။

"ယောဂီက ဒီနေရာကို ပုံမှန်သာ လှမ်းလာ။ ဒီနေရာကို ရောက်ကို ရောက်တယ်။ ဒီနေရာက ဘယ်ကိုမှ ထွက်မပြေးပါဘူး။"

ယောဂီက ခန္ဓာကိုယ်ကို လှုပ်ရမ်းသွားအောင် အားရပါးရ ရယ်လိုက်ပြန်ပါတယ်။ ရင်ဘတ်ကိုလည်း သူ့လက်နဲ့ ပုတ်လိုက်ပြန်ပါတယ်။ ယောဂီမှာ တင်းကျပ်မှုတွေ ပြေလျော့သွားပြီး သွက်လက်တက်ကြွရွှင်ပျလာတာကို တွေ့ရလို့ ဝမ်းသာရပါတယ်။

"ယောဂီက တရားကို ပုံမှန်သာ ရှုမှတ်သွားပါ။ ပန်းတိုင်ကို ရောက်ကို ရောက်သွားပါမယ်။ ပန်းတိုင်က ဘယ်ကိုမှ ထွက်မပြေးပါဘူး။ နေရာတစ်ခုကို ခြေလှမ်းပေါင်း ၁၀၀၀၀ လှမ်းမှ ရောက်မယ်ဆိုရင် ခြေလှမ်းပေါင်း ၁၀၀၀ လှမ်းပြီးရင် ၉၀၀၀ ပဲ ကျန်ပါမယ်။ ၉၀၀၀ လှမ်းပြီးရင် ၁၀၀၀ ပဲ ကျန်ပါတယ်။ ၉၉၉၉ လှမ်း လှမ်းပြီးရင် တစ်လှမ်းပဲ ကျန်ပါတော့တယ်။ ယောဂီကလည်း ပန်းတိုင်ကို ရှုမှတ်မှုပေါင်း ၁၀၀၀၀ ရှုမှတ်မှ ရောက်နိုင်မယ်ဆိုခဲ့ရင် ၁၀၀၀ မှတ်ပြီးက ၉၀၀၀ ပဲ ကျန်မယ်။ ၉၀၀၀ မှတ်ပြီးက ၁၀၀၀ ပဲ ကျန်မယ်။ ၉၉၉၉ ကြိမ်မှတ်ပြီးက တစ်ကြိမ်ပဲ ကျန်ပါတော့တယ်။ မှတ်ရင် မှတ်သလောက် ပန်းတိုင်နဲ့ ပိုမိုနီးလာပါတယ်။"

အနာနဲ့ဆေး သင့်အောင်ပေးလို့ ထင်ပါရဲ့ ယောဂီမှာ ရွှင်လန်းတက်ကြွစွာ ရယ်မောနေပြန်ပါတယ်။ ဒီယောဂီကို အားပေးစကား ပြောပေးဖို့ သာမဏေကျော်ကို တိုက်တွန်းလို့ တတ်နိုင်သမျှ ပြောပေးရတာ

http://www.dhammadownload.com



ဖြစ်ပါတယ်။ ရှုမှတ်မှု အားကောင်းနေရာက ရှုမှတ်မှု သိသိသာသာ အားပျော့ အားလျော့သွားတာကို တွေ့ကြရလို့ အားပေးစကား ပြော ပေးဖို့ တိုက်တွန်းကြခြင်း ဖြစ်ပါတယ်။ စိတ်ပျက် အားငယ်မှုကိုလည်း မလွတ်အောင် ရှုမှတ်ပေးရပါတယ်။ ရှုမှတ်ပေးနိုင်ရင် စိတ်ပျက်အား ငယ်မှုဟာ တရားတိုးတက်ရေးအတွက် အနှောင့်အယှက် မပေးနိုင် တော့ပါ။ မီးဟာ အသုံးပြုတတ်သူအတွက် မိတ်ဆွေ ဖြစ်ပါတယ်။ အသုံး မပြုတတ်သူအတွက်တော့ ရန်သူ ဖြစ်သွားပါတယ်။ စိတ်ပျက်အားငယ် မှုဟာ ရှုမှတ်နိုင်သူအတွက် မိတ်ဆွေ ဖြစ်ပါတယ်။ တရားတိုးတက်ရေး အတွက် အနှောင့်အယှက် မပေးတော့ပါ။ မရှုမှတ်နိုင်သူအတွက်တော့ အနှောင့်အယှက်ပေးလို့ ရန်သူ ဖြစ်သွားပါတယ်။

နောက်နေ့ ၁၆-၆-၂၀၀၅ နေ့မှာလည်း အဲဒီယောဂီက သာမဏေ ကျော်ထံ တရားလျှောက်ဖို့ အလှည့်ကျနေပြန်ပါတယ်။ အဲဒီနေ့မှာ နှင်း တွေ ဝေနေပါတယ်။ မှုန်မှိုင်းနေပါတယ်။ ဒါကြောင့် ယောဂီကို တရား မလျှောက်သေးခင် မေးလိုက်ပါတယ်။

"ယောဂီ၊ အပြင်မှာတော့ ရာသီဥတုက နှင်းတွေ ဝေနေလို့ မှုန်မှိုင်း နေတယ်။ ယောဂီရဲ့ စိတ်ထဲမှာတော့ နှင်းတွေဝေလို့ မှုန်မှိုင်းနေသလား၊ နေသာလို့ ကြည်လင် တောက်ပနေသလား။"

ယောဂီက ရယ်လိုက်ကာ အဖြေပေးပါတယ်။

"နေသာတဲ့ဘက်ကို ရောက်အောင် ကြိုးစားနေပါတယ်။"

"ဘယ်လို ကြိုးစားလာတုံး၊ ပြောစမ်းပါဦး။"

ယောဂီက ဖောင်းမှု ပိန်မှုနဲ့ ပတ်သက်ပြီး ရှုမှတ်ပုံ၊ သိပုံတွေကို အသေးစိတ် ပြောပြပါတယ်။ မနေ့က ကရုဏာနဲ့ သူ့ကို အားပေးစကား တွေ ပြောပြလို့ ကျေးဇူးတင် ဝမ်းသာကြောင်း ပြောသွားပါတယ်။ ဆရာဝန်

http://www.dhammadownload.com



က လူနာအား သင့်တင့်တဲ့ ညွှန်ကြားမှု ပေးရသလိုပဲ ကမ္မဋ္ဌာန်းဆရာက လည်း ယောဂီမှာ အခက်အခဲရှိရင် ဖြေရှင်းပေးရပါတယ်။ ကမ္မဋ္ဌာန်းဆရာတိုင်းဟာ ယောဂီတိုင်းကို တရားအသိဉာဏ် တိုးတက်သွားစေချင်တတ်တဲ့ မေတ္တာအပြည့်အဝ ရှိကြပါတယ်။ ယောဂီမှာ စိတ်အားငယ်နေရင် အားပေးစကား ပြောကြားရတာဟာ ကမ္မဋ္ဌာန်းဆရာတွေရဲ့ တာဝန်ပါပဲ။ ခန္ဓာကိုယ်မှာ အားနည်းရင် အားရှိတဲ့ အစားအစာ၊ အားဆေးတွေကို စားသုံးရပါတယ်။ အဲဒီလိုပါပဲ စိတ်မှာလည်း အားနည်းနေရင် စိတ်အား တိုးပွားလာစေမယ့် ဆေးတွေကို စားသုံးရပါတယ်။ သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဆိုတဲ့ အားဆေးတွေပါပဲ။ ရှုမှတ်ရင် အဲဒီအားဆေးတွေကို စားသုံးနေတာပါပဲ။ ရှုမှတ်တာဟာ ဗိုတာစုံအားဆေးနဲ့ တူပါတယ်။

## လင်္ကာ

၁။ ဆန္ဒပါပါ, မပါပါ, သူဟာ လှမ်းလာသည်။
၂။ တစ်လှမ်း လှမ်းပြီး, တစ်လှမ်း နီး, ခရီး တွင်ပါသည်။
၃။ တရားမှတ်ရာ, ထို့တူသာ, မှတ်ကာ သွားရသည်။
၄။ အမှတ် ဆုံးလျှင်, ပန်းတိုင်ဝင်, ပျော်ရွှင် ချမ်းမြေ့မည်။

http://www.dhammadownload.com

# ရွှေ၊ ကျောက်၊ စိန်

မောင်လှဝင်း -

ရောဘတ်အမည်ရှိ အမေရိကန်အမျိုးသားယောဂီကြီးက သာမဏေကျော်ထံ တရားအတွေ့အကြုံ လျှောက်ပြဖို့ လာတဲ့အခါ အနည်းငယ်မြန်နေတာကို တွေ့ရပါတယ်။ ထိုင်တဲ့အခါမှာလည်း ရှုမှတ်မှုက ကျဲနေပါတယ်။ သူ့အတွေ့အကြုံကို ပြောပြတဲ့အခါ အသေးစိတ် ပြောပါတယ်။ တရားတိုးတက်မှု ပိုမိုမြန်ဆန်လာအောင် ပြောပြချင်ပါတယ်။ သူ့မျက်စိရှေ့မှာ ရောက်နေတဲ့ သစ်သားကြမ်းအခင်းတွေကို ညွှန်ပြကာ "ဒီကြမ်းအခင်းတွေမှာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေရင် ဖုန်တွေ မဝင်နိုင်ပါ။ မဆက်စပ်ဘဲ အကြားအလပ် ရှိနေရင်တော့ ဖုန်တွေ ဝင်တယ်။ ဒီလိုပါပဲ ရှုမှတ်မှုသတိဟာ ရှေ့သတိနဲ့ နောက်သတိ ဆက်စပ်နေရင် ကိလေသာဖုန်တွေ စိတ်ထဲမှာ မဝင်နိုင်ကြပါ။ မဆက်စပ်ရင်တော့ ကိလေသာဖုန်တွေ ဝင်လာကြပါတော့တယ်။ ဘယ်နေရာ၊ ဘယ်အချိန်မှာ အမှတ်လွတ်နေတယ်ဆိုတာ ကမ္မဋ္ဌာန်းဆရာထက် ယောဂီကိုယ်တိုင်က ပိုသိပါတယ်။ လွတ်နေတဲ့နေရာမှာ မလွတ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီး ကြိုးစားရပါတယ်။ အဲဒီလို ကြိုးစားရင် တရားအသိဉာဏ်တွေ တစ်မျိုးပြီးတစ်မျိုး တိုးတက်လာပါလိမ့်မယ်" လို့ ပြောပြလိုက်ပါတယ်။

သူတွေ့ကြုံနေတဲ့ တရားအရသာလေးအပေါ် သာယာကျေနပ်ပြီး ရှေ့ဆက်ကာ အမှတ်မလွတ်အောင် မကြိုးစားရင် ဒီတရားအရသာ

http://www.dhammadownload.com



ထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို လက်လွတ်မသွားစေချင်ပါ။ ဒါကြောင့် ဒီလိုလည်း ပြောပြလိုက်ပါသေးတယ်။

"လူတစ်ယောက်က ခရီးတစ်ခုကို သွားတယ်။ အဲဒီလမ်းခရီးမှာ ပိုပိုပြီး တန်ဖိုးရှိတဲ့ ရတနာတွေ ရှိနေတယ်။ ခရီးအစပိုင်းမှာ ရွှေ၊ အလယ်ပိုင်းမှာ ကျောက်စိမ်း၊ အဆုံးပိုင်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ စိန် ရှိနေတယ်။ ခရီးသွားက ရွှေကို တွေ့တဲ့အခါ ကျေနပ်ကာ ရွှေကို ယူပြီး အိမ်ပြန်သွားတယ်။ ကျောက်စိမ်းနဲ့ စိန် လက်လွတ်ဆုံးရှုံးသွားတယ်။ အခြားလူတစ်ယောက် ရွှေလောက်နဲ့ မကျေနပ်ဘဲ ဆက်သွားတော့ ကျောက်စိမ်းကို ရသွားတယ်။ အဲဒီကျောက်စိမ်းလောက်နဲ့ မကျေနပ်သေးဘဲ ခရီးအဆုံးထိ ဆက်သွားရင်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ စိန်ရတနာကို ရရှိသွားတယ်။ ဒီလိုပါပဲ ယောဂီကလည်း ရရှိထားတဲ့ တရားအရသာလေးနဲ့ပဲ ကျေနပ်နေရင် ရရှိထားတဲ့ တရားအရသာထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို မရရှိတော့ လက်လွတ်သွားရပါလိမ့်မယ်။ ရရှိထားတဲ့ တရားအရသာထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို ရရှိခံစားနိုင်အောင် ပေါ်လာသမျှ အာရုံတွေကို မလွတ်တမ်း မှတ်နိုင်အောင် ကြိုးစားပေးရပါတယ်။"

"ကြိုးစားပါမယ်၊ ကျေးဇူးတင်လှပါတယ်။"

ဒကာကြီး ရောဘတ် လမ်းခုလတ်တွင် မရပ်ဘဲ စွဲမြဲတဲ့သတိ၊ ထက်သန်တဲ့ ဝီရိယ၊ ခိုင်မာတဲ့ သမာဓိနဲ့ ရှေ့ကို ခရီးဆက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## လက်ဘ

၁။ ဒကာ ရောဘတ်, လမ်းခုလတ်, မရပ် ရှုမှတ်သည်။

၂။ ရွှေ - ကျောက် - စိန်သွင်, ဆင့်ဆင့်မြင်, ရလျှင် လွန်ပျော်သည်။

http://www.dhammadownload.com

## ဝိပဿနာအတွက် ဆေးပြား

(၂၄) နှစ်အရွယ်ရှိ အမေရိကန်ကျောင်းသားတစ်ဦးက သူ့သတိပဋ္ဌာန်တရား အတွေ့အကြုံကို စာရေးသူအား လျှောက်ထားပြပါတယ်။ သူ့တရား ရှုမှတ်ပုံ၊ တွေ့မြင်ပုံ၊ ပြောပြပုံတွေက မှန်ကန်နေတာမို့ "ဘာမှအထူးပြောစရာ မလိုပါဘူး။ ဆက်ကြိုးစားပါ" လို့ ပြောလိုက်ပါတယ်။ "ထမင်းစားရင် ကိုယ်တိုင် စားမှပဲ ဝတယ်၊ အိပ်ရင်လည်း ကိုယ်တိုင်ပဲ အိပ်ရတယ်။ တရားဟာလည်း ကိုယ်တိုင် အားထုတ်မှပဲ ရပါတယ်။ သူတစ်ပါးက ကိုယ်စား စားပေလို့ မရနိုင်ပါ။ အိပ်ပေးလို့ မရနိုင်ပါ။ တရားကိုလည်း သူတစ်ပါးက လာအားထုတ်ပေးလို့ မရနိုင်ပါ။ ဒါကြောင့် ကိုယ်တိုင်ပဲ အားထုတ်ရတယ်။ မကြိုးစားဘဲ တရားအသိဉာဏ် တိုးတက်နိုင်တယ်ဆိုရင်တော့ ကြိုးစားဖို့ မတိုက်တွန်းပါ၊ ကြိုးစားမှသာ တိုးတက်နိုင်တာမို့ ကြိုးစားဖို့ တိုက်တွန်းတာပါ" လို့လည်း ပြောလိုက်ပါတယ်။

အဲဒီအခါ ကျောင်းသားယောဂီဟာ ဒီလို ပြောလာပါတယ်။

"ဝိပဿနာဉာဏ် ဖြစ်ပေါ် တိုးတက်လာစေနိုင်တဲ့ ဆေးပြား ရှိရင် ကောင်းမှာ။ ရှိရင် အဲဒီဆေးပြား သောက်လိုက်ရုံပဲ။ အခုလို မကြိုးစားရတော့ဘူးပေါ့။"

သူ့စကားကို ကြားရတော့ အံ့လည်း အံ့သြသွားမိပါတယ်။ ရယ်လည်း ရယ်မိပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီး မိန့်လေ့ရှိတဲ့ စကားလေးကိုလည်း သတိရလာမိပါတယ်။ "သိပ္ပံပညာက တိုးတက်လွန်း

http://www.dhammadownload.com



တော့ အဲဒီနိုင်ငံတွေက လူတွေက ကိုယ့်စွမ်းအားကို သိပ်မထုတ်ကြတော့ဘဲ စက်ပစ္စည်းစတဲ့ အရာတွေကိုပဲ အားကိုးလာကြတော့တယ်။ ကိုယ့်စွမ်းအားတွေ လျော့ကုန်တယ်" လို့ ဆရာတော်ကြီးက မိန့်ပါတယ်။ ဆရာတော်ကြီး မိန့်သလိုပဲ ဒီယောဂီကလည်း ကိုယ့်စွမ်းအားကို အားမကိုးလိုဘဲ ဆေးပြားကိုပဲ မှီခိုနေချင်ပါတယ်။

စာရေးသူက ဒီလို ဆက်ပြောလိုက်ပါတယ်။

"ဘုရားရှင်က ဝိပဿနာဉာဏ် တိုးတက်စေတဲ့ ဆေးကို ဖော်ပေးခဲ့ပါတယ်။ အဲဒီဆေးကတော့ သတိပဋ္ဌာန်ဆေးပါပဲ။ အဲဒီသတိပဋ္ဌာန်ဆေးမှတစ်ပါး ဘယ်ဆေးကမှ ဝိပဿနာပညာကို မဖြစ်ပေါ်၊ မတိုးတက်စေနိုင်ပါ။ ဝိပဿနာဉာဏ် တိုးတက်ချင်ရင် သတိပဋ္ဌာန်ဆေးကိုပဲ ဆက်စားပါ။"

ဝိပဿနာဉာဏ် ဖြစ်ပေါ်တိုးတက်ရေးအတွက် ဘယ်သိပ္ပံပညာရှင်မှလည်း ဆေးမဖော်ပေးနိုင်ပါ။ ဘုရားရှင်က ဖော်စပ်ပေးခဲ့ပြီပဲ။ ဘယ်သိပ္ပံပညာရှင်မှ ဘုရားရှင်ထက် မသာလွန်နိုင်ပါ။

## လင်္ကာ

၁။ ဝိပဿနာဉာဏ်, တိုးတက်ရန်, သောက်ရန် ဆေးပြား ရှိပါသည်။
၂။ သတိပဋ္ဌာန် (၄) ပါး, မြတ်တရား, ဆေးပြားပင် ဖြစ်သည်။
၃။ ထိုဆေး သောက်လျှင်, ထိုဉာဏ်စဉ်, မှန်ပင် တိုးတက်သည်။

http://www.dhammadownload.com

# အကြွေး မရပါ

The Forest Refuge တစ်လ တရားစခန်းမှာ အားထုတ်တဲ့ ယောဂီတွေထဲမှာ ကမ္မဋ္ဌာန်းဆရာတွေလည်း ပါတယ်။ သိပ္ပံပညာရှင်တွေလည်း ပါတယ်။ စာရေးဆရာတွေလည်း ပါတယ်။ အဆိုတော်တွေလည်း ပါတယ်။ ဆရာဝန်လည်း ပါတယ်။ သူနာပြုလည်း ပါတယ်။ အင်ဂျင်နီယာလည်း ပါတယ်။ စိတ်ပညာရှင် စီးပွားရေးပညာရှင်တွေလည်း ပါတယ်။ ဆေးကျောင်းသား၊ တက္ကသိုလ်ကျောင်းသားတွေလည်း ပါတယ်။ သီချင်းရေးတဲ့သူလည်း ပါတယ်။ ရဟန်း (၂) ပါးလည်း ပါတယ်။ သီလရှင် (၂) ပါးလည်း ပါတယ်။ ကွန်ပျူတာပညာရှင်လည်း ပါတယ်။ စုံလို့ပါပဲ။

Myoshin Kelly ဆိုတဲ့ အသက် (၄၇) နှစ်ရှိ ဒကာမကြီးက ကမ္မဋ္ဌာန်းဆရာတစ်ဦး ဖြစ်ပါတယ်။ သူကလည်း ဒီတစ်လတရားစခန်းမှာ ဝင်ရောက်အားထုတ်ပါတယ်။ သူက သူ့တရားအတွေ့အကြုံကို စာရေးသူအား ပြောပြတဲ့အခါ သူ့မှာ အတွေးပါဝင်နေတာကို သတိထားမိပါတယ်။ ဒါကြောင့် စာရေးသူက ဒီလို ပြောလိုက်ပါတယ်။

"အာရုံပေါ်လာရင် ရှုမှတ်မှုက အရင်ဦးမိပါစေ။ အတွေးက လက်မဦးမိပါစေနဲ့။ ပေါ်လာတဲ့အာရုံကို ပေါ်ခိုက်မှာ မလွတ်ရအောင် ရှုမှတ်

http://www.dhammadownload.com



ပါ။ အဝတ်စဖြူဖြူသန့်သန့်လေးမှာ မင်စသည် မစွန်းပေမီ သန့်နေပါတယ်။ ပေါ်ခိုက်ပစ္စုပ္ပန်အာရုံဟာ အဲဒီအဝတ်သန့်သန့်လေးနဲ့ တူပါတယ်။ လောဘ၊ ဒေါသစတဲ့ အညစ်အကြေး မစွန်းပေရအောင် ရှုမှတ်မှုက အရင်ရောက်ပါစေ။ အခု ပေါ်လာရင် အခုပဲ ရှုမှတ်လိုက်ပါ။ အတွေး မဝင်မိပါစေနဲ့။"

"အမေရိကမှာ ဈေးဝယ်ရင် Credit ကဒ်နဲ့ အကြွေးဝယ်လို့ ရပေမယ့် ဝိပဿနာမှာတော့ အကြွေးထားလို့ မရပါ။ အခု ပေါ်ရင် အခုပဲ ရှုမှတ်ရပါတယ်။ နောင်မှ ရှုမှတ်လို့ မရနိုင်ပါ။"

အဲဒီကမ္မဋ္ဌာန်းဆရာဖြစ်တဲ့ ယောဂီက "ဝိပဿနာမှာ အကြွေးမရပါ" ဆိုတဲ့ စကားလေးကို အထူးပဲ သဘောကျ ကျေနပ်သွားပါတယ်။ မဟာစည်ဆရာတော်ကြီး မိန့်ခဲ့တဲ့ စကားလေးပါ။

Jake Davis က အင်္ဂလိပ်လို ပြောတဲ့အခါ ဒီလိုပြောလိုက်ပါတယ်။

You can't get it on credit in Vipassana practice.

## လင်္ကာ

၁။ ဈေးဝယ်ရာသာ, အကြွေးဟာ, ထားကာ ဝယ်နိုင်သည်။
၂။ ဝိပဿနာ, ရှုရာမှာ, ကြွေးဟာ ထားလို့ မရပြီ။
၃။ အခု ပေါ်လာ, ခု ရှုပါ, နောင်ခါ ရှုလို့ မရပြီ။

http://www.dhammadownload.com

# ခေါင်းဆောင်

အမျိုးသမီးယောဂီတစ်ဦးဟာ အရင်ကလည်း အတွေးများတဲ့ ကျင့်စဉ်တစ်ခုကို ကျင့်ဖူးပါသတဲ့။ အတွေးများလို့ ညအခါ ကောင်းကောင်း အိပ်မရဖြစ်နေပါတယ်။ အတွေးအကျင့်ပါနေတာမို့ သူ့တရားဟာလည်း တိုးတက်သင့်သလောက် တိုးတက်မလာပါ။ ဒါပေမဲ့ သူက တရားပြသပေးနေတဲ့ ဆရာတောင် လုပ်နေပါတယ်။ မတွေးဘဲ ပေါ်လာသမျှအာရုံကို မလွတ်အောင် ရှုမှတ်ဖို့ သူ့ကို တိုက်တွန်းရပါတယ်။ အတွေးဟာ လက်တွေ့ရှုမှတ်ရတဲ့ လုပ်ငန်းမှာ အကြီးအကျယ် အဟန့်အတား ပြုလုပ်ပါတယ်။ ပေါ်လာသမျှကို မလွတ်အောင် မရှုမှတ်ဘဲ တွေးသာ တွေးနေရင်တော့ ဘာဝိပဿနာဉာဏ်မှ ဖြစ်မလာနိုင်ပါ။ အချိန်ဖြုန်းနေရုံ သက်သက်ပါပဲ။ ဒါကြောင့် သူ့ကို ဒီလိုစာရေးသူက ပြောလိုက်ပါတယ်။

"အတွေးက ဆရာတော်ကြီးလို ရှေ့က မသွားပါစေနဲ့။ ရှုမှတ်မှုက ဆရာတော်ကြီးရဲ့ ကပ္ပိယလို နောက်က မနေပါစေနဲ့။ ရှုမှတ်မှုက ဆရာတော် ကြီးလို ရှေ့က သွားပါစေ။"

အမေရိကန်သူ ဖြစ်လေတော့ ဆရာတော်ကြီးနဲ့ ကပ္ပိယကို ဥပမာပေးပြီး သဘောအပေါက်နည်းမှာ စိုးရိမ်မိပါတယ်။ ဒါပေမဲ့ သူက သဘောပေါက်ပုံတော့ ရပါတယ်။ ရယ်နေပါတယ်။ စာရေးသူက ဒီလိုလည်း ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com



"လူဆိုး၊ လူညံ့ကို နိုင်ငံ့ခေါင်းဆောင် တင်မြှောက်လိုက်ရင် အဲဒီနိုင်ငံ မတိုးတက်၊ ဆင်းရဲသွားမယ်။ လူတော် လူကောင်းကို နိုင်ငံ့ခေါင်းဆောင် တင်မြှောက်လိုက်ရင် အဲဒီနိုင်ငံ တိုးတက်မယ်၊ ချမ်းသာမယ်"

"အခုလည်း အတွေးကို သတိပဋ္ဌာန်နိုင်ငံခေါင်းဆောင် တင်မြှောက်လိုက်ရင် အဲဒီသတိပဋ္ဌာန်နိုင်ငံဟာ မတိုးတက်၊ ဆုတ်ယုတ်မယ်၊ ပျက်စီးမယ်။ ရှုမှတ်မှုကို ခေါင်းဆောင်တင်မြှောက်ရင်တော့ သတိပဋ္ဌာန်နိုင်ငံ တိုးတက်မယ်၊ ကြီးပွားမယ်။ ဒါကြောင့် ဝိပဿနာဉာဏ် တိုးတက်ကြီးပွားချင်ရင် အတွေးကို ခေါင်းဆောင်မတင်ပါနဲ့။ ရှုမှတ်မှုကို ခေါင်းဆောင်တင်ပါ။"

အဲဒီယောဂီဟာ ပိုမိုသဘောကျကာ ရယ်သွားပါတယ်။ အာရုံတစ်ခု ပေါ်လာရင် အတွေးက လက်မဦးမိစေဘဲ ရှုမှတ်မှုက လက်ဦးမိအောင် တတ်သမျှ မှတ်သမျှနဲ့ သတိပေးတိုက်တွန်းရပါတယ်။ အတွေးက ငယ်ငယ်တည်းက အကျင့်ပါလာကြတဲ့ အနောက်တိုင်းသားယောဂီတို့အဖို့ အဲဒီအတွေးဟာ သတိပဋ္ဌာန်ခရီးမှာ အလွန်ပဲ ဖင့်နွှေးစေပါတယ်။ မြန်မာနိုင်ငံက ယောဂီတွေကတော့ သူတို့လောက် အတွေးမများတာမို့ ကြိုးစားရင် ကြိုးစားသလောက် အချိန်တိုအတောအတွင်းမှာ ခရီးရောက်၊ ခရီးပေါက်ကြပါတယ်။ လမ်းမှန်ပေါ် လျှောက်ရင် စခန်းမှန်ကို ရောက်တာဟာ သဘာဝပါပဲ။ လမ်းမှန်ပေါ် မလျှောက်ရင်တော့ စခန်းမှန်နဲ့ လွဲသွားကြပါမယ်။

## လင်္ကာ

၁။ အတွေးကိုပင်, ရှေ့တန်းတင်, ဉာဏ်စဉ် မတက်ပြီ။
၂။ ရှုတာကိုပင်, ရှေ့တန်းတင်, ဉာဏ်စဉ် တက်ပါသည်။
၃။ အတွေး မပါ, ရှုတာသာ, မြန်စွာ ဉာဏ်စဉ် တက်စေသည်။

http://www.dhammadownload.com

# ခပ်ဆတ်ဆတ်လေး

"ယောဂီတွေကို အမြဲချိုချိုသာသာနဲ့ချည်း ပြောလို့မရဘူး။ တစ်ခါတလေ တင်းတင်းပြောရတာလည်း ရှိတယ်။ ခပ်ဆတ်ဆတ်လေး ပြောရတာလည်း ရှိတယ်။ တချို့က ခပ်ဆတ်ဆတ်လေးပြောမှ တရားရှုမှတ်မှုမှာ ရှိရှိသေသေ ပြုလုပ်သွားတာ ရှိတယ်။"

အမေရိကန်အမျိုးသားယောဂီတစ်ဦးဟာ အရင်က တရားစခန်းတွေ ဝင်ခဲ့ဖူးပေမယ့် မဟာစည်ရှုမှတ်နည်းနဲ့ တစ်ခါလောက်ပဲ အနည်းငယ် ရှုမှတ်ဖူးပါတယ်။ သူဟာ သွားရာ၊ လာရာ၊ ကြည့်ရာ၊ ရှုရာမှာ ရှုမှတ်မှုမပါဘဲ ဖြစ်နေပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးထံ တရားလျှောက်ဖို့ သူ့အလှည့်ရောက်တဲ့အခါ ဆရာတော်ကြီးရှေ့မှောက်မှာ ဘာအမှတ်မှ မပါဘဲ မြန်မြန် လာတယ်၊ ထိုင်တယ်၊ ဒေးတယ်။ ဒါကြောင့် ဆရာတော်ကြီးက ယောဂီကို မေးပါတယ်။

"ယောဂီ၊ အခု ဒီလာပြီး ထိုင်တဲ့အခါ ဘာကို မှတ်သလဲ။"

ယောဂီက မမှတ်ခဲ့တော့ မပြောနိုင်ပါ။ "ယောဂီဆိုတာ အမြဲတမ်းနေရာတကာ ရှုမှတ်မှုပါအောင် ပြုလုပ်ရတယ်" လို့ ပြောလိုက်ပါတယ်။ ယောဂီမှာတော့ အကြီးအကျယ် တုန်လှုပ်သွားပါတယ်။ သူ့အားနည်းချက်ကို သူ သိသွားပါတယ်။ ဒေါသ၊ မာနအစွမ်းကြောင့် မခံချင်စိတ်

http://www.dhammadownload.com



သူ့မှာ ဖြစ်ပေါ်သွားပါတယ်။ ဆရာတော်ကြီးက ခပ်တင်းတင်းနဲ့ မိန့်လိုက်တာမို့ သူဟာ နောက်တစ်ကြိမ် ဆရာတော်ကြီးထံ တရားလျှောက်ဖို့ အလှည့်မရောက်ခင် အများကြီး ပြုပြင်သွားပါတယ်။ သွားလာတာ၊ ကြည့်ရှုတာတွေပါ ပြောင်းလဲသွားပါတယ်။ နောက်တစ်ခါ ဆရာတော်ကြီးထံ တရားသွားလျှောက်တဲ့အခါ ဖြည်းဖြည်း ညင်ညင်သာသာ ရှုမှတ်မှုနဲ့ သွားပါတယ်။ ဆရာတော်ကြီးက အဲဒီယောဂီကို ဒီလို အမိန့်ရှိလိုက်ပါတယ်။

"အခုမှပဲ ယောဂီနဲ့ တူတော့တယ်။"

ဒါကြောင့် ဆရာတော်ကြီးက အထက်အစမှာ ဖော်ပြခဲ့တဲ့ စကားလေးကို မိန့်ကြားတာ ဖြစ်ပါတယ်။ စာရေးသူတို့ထံ လာရောက် တရားလျှောက်တဲ့အခါမှာလည်း အဲဒီယောဂီကို ကြောင့်ကြထားပြီး ပြုပြင်ပေးပါတယ်။ ဒေါသ၊ မာနကင်းပြီး ညွှန်ကြားတာကို လိုက်နာလာတာကို တွေ့ရပါတယ်။ သူ့ကို စာရေးသူက ဒီလို ပြောလိုက်ပါတယ်။

"ယောဂီဆိုတာ မျက်စိ မြင်ပေမယ့် မမြင်ရတဲ့ အကန်းလို ပြုကျင့်ရမယ်။ နား ကြားပေမယ့် နားမကြားရတဲ့ နားကန်းလို ကျင့်ရမယ်။ မြင်တာ၊ ကြားတာကို ဂရုမစိုက်ဘဲ ကိုယ့်ရှုမှတ်မှုကိုသာ ဂရုစိုက်ရမယ်။ စကားပြောတတ်ပေမယ့် ဒံ့, အလို ကျင့်ရမယ်။ တရားနဲ့မစပ်တဲ့ အရေးမကြီးတဲ့ စကားကို မပြောရဘူး။ အားရှိပေမယ့် အားမရှိတဲ့ လူမမာလို ကျင့်ရမယ်။ ကိုယ်အမူအရာကို အားမရှိသူလို ဖြည်းဖြည်းပဲ ပြုလုပ်ရတယ်။ ဒုက္ခဝေဒနာနဲ့ ရင်ဆိုင်ရတဲ့အခါ သူသေကောင်လို သဘောထားကာ ကျင့်ရတယ်၊ သည်းခံရတယ်။"

http://www.dhammadownload.com



## လင်္ကာ

၁။ ယောဂီဆိုတာ, ကိုယ်မူရာ, ညင်သာရပါသည်။
၂။ အားမရှိပါ, လူမမာ, ပမာ တူရသည်။
၃။ မျက်ကန်းပမာ, ယောဂီဟာ, မှန်စွာ ကျင့်ရသည်။
၄။ မြင်ရဆင်းထဲ, ဂရုမစိုက်ဘဲ, ရှုမြဲ ရှုရသည်။
၅။ ထိုသို့ ရှုလျှင်, မျက်ကန်းသွင်, မှန်ပင် ဖြစ်သွားသည်။
၆။ နားကန်းပမာ, ယောဂီဟာ, မှန်စွာ ကျင့်ရသည်။
၇။ ကြားရသံထဲ, ဂရုမစိုက်ဘဲ, ရှုမြဲ ရှုရသည်။
၈။ ထိုသို့ ရှုလျှင်, နားကန်းသွင်, မှန်ပင် ဖြစ်သွားသည်။
၉။ အ, အပမာ, ယောဂီဟာ, မှန်စွာ ကျင့်ရသည်။
၁၀။ အရေးမကြီးပြား, စကားများ, ပြောကြား ရှောင်ရသည်။
၁၁။ ဒုက္ခဝေဒနာ, တွေ့တဲ့ခါ, သူသေပမာ ကျင့်ရသည်။

http://www.dhammadownload.com

## ဂိုးများများ သွင်းနိုင်အောင်

"ပွဲပြီးခါနီးမှ နေရာကောင်းရ"

အဲဒီ မြန်မာစကားပုံလေးကို Jake Davis က ကြားဖူးပုံ မပေါ်သေးပါ။ ရှင်းပြတော့ နားလည်သွားပါတယ်။ တစ်လ တရားစခန်းပြီးဖို့ တစ်ပတ်လောက်ပဲ လိုပါတော့တယ်။ ပဏ္ဍိတာရာမဆရာတော်ထံ တရားလျှောက်သွားရာ တရားအမှတ်မပါဘဲ သွားမိတဲ့ ယောဂီ ဒကာကြီးဟာ အခုတော့ ရှုမှတ်မှု စိပ်လာပါတယ်။ လိုလိုချင်ချင် လေးလေးစားစား ရိုရိုသေသေ ရှုမှတ်လာပါတယ်။ ရှုမှတ်ကောင်းလို့ သူ့မှာ ပီတိတွေ ဖြစ်လာပါတယ်။ အဲဒီယောဂီကို ရည်ရွယ်ပြီး "ပွဲပြီးခါနီးမှ နေရာကောင်းရ" ဆိုတဲ့ စကားပုံလေးကို ပြောပြလိုက်ပါတယ်။ Jake Davis က သဘောကျပြီး ရယ်နေပါတယ်။ စောစောကတည်းက ရှုမှတ်မှုမှာ ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ခဲ့ရင် ဒီယောဂီဟာ ပွဲအစမှာပဲ နေရာကောင်းရပါလိမ့်မယ်။ တရားလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ အခြားလုပ်ငန်းမှာပဲဖြစ်ဖြစ် ပေါ့ဆရင် အခွင့်အရေးကောင်းတွေကို လွတ်သွားတတ်စမြဲပါပဲ။

အဲဒီယောဂီကို စာရေးသူက ဒီလိုမေးလို့ သူက ဖြေပါတယ်။

"တင်းနစ်၊ လက်ဝှေ့၊ ဘောလုံး ကစားနည်း (၃) မျိုးထဲက ဘယ်အားကစားကို စိတ်ဝင်စားပါသလဲ။"

http://www.dhammadownload.com



"ဘောလုံး အားကစားကိုပါ။"

"ဘောလုံးကစားရင် တစ်ဖက်ကို ဂိုးသွင်းနိုင်ဖို့ရာ ဘောလုံးကို မျက်ခြည်အပြတ်ခံလို့ ရသလား။"

"မရပါ။"

"ဘောလုံးကစားသူဟာ ဘောလုံးကို မျက်ခြည်မပြတ် ကြည့်နေရသလို ယောဂီဟာလည်း ဖောင်းမှု၊ ပိန်မှုစတဲ့ မှတ်စရာအာရုံတွေကို မျက်ခြည်မပြတ် ကြည့်နေရတယ်။ ဂိုးသွင်းချင်ရင် ဘောလုံးကို မျက်ခြည်ပြတ် မခံရသလို ယောဂီဟာလည်း ဝိပဿနာဉာဏ်ဂိုးတွေ သွင်းချင်ရင် ရှုမှတ်စရာ အာရုံကို မျက်ခြည်ပြတ် မခံရဘူး။ ယောဂီဟာ ဂိုးတွေ အများကြီးရအောင် သတိပဋ္ဌာန် ဘောလုံးအားကစားကို ဆက်ပြီး ကစားပါ။"

အဲဒီယောဂီဒကာကြီးဟာ အဲဒီတိုက်တွန်းစကားလေးကို ပြောလိုက်တဲ့အခါ အကြီးအကျယ်သဘောကျကာ ရယ်သွားလေရဲ့။ ပဏ္ဍိတာရာမဆရာတော် ပေးထားတဲ့ အဲဒီဥပမာလေးကို အသုံးပြုလိုက်တာပါ။ ဆရာတော်ကြီးက အဲဒီဥပမာလေးတွေကို သတိရဲ့ရသ (ကိစ္စ) ကို ရှင်းပြတဲ့အခါ သုံးနှုန်း ရှင်းပြထားပါတယ်။ ဆရာတော်ကြီးရဲ့ အဲဒီ ဥပမာလေးဟာ အင်မတန် ထိရောက်လှပါတယ်။ အဲဒီ ယောဂီဒကာကြီးရဲ့ နှလုံးသားကို အဲဒီ ဥပမာလေးက အတော် ထိမှန်သွားပုံ ရပါတယ်။ ယောဂီတွေအား ပြုပြင်ရာ၊ အားပေးတိုက်တွန်းရာ အခါတွေမှာ အဲဒီ ဥပမာလေးတွေဟာ အလွန်ပဲ ကျေးဇူးများလှပါတယ်။ ထိရောက်တဲ့ ဥပမာလေးတစ်ခု၊ စကားလေးတစ်ခွန်းဟာ ယောဂီတွေအဖို့ အများကြီး တွန်းအားတွေ ရသွားပါတယ်။

http://www.dhammadownload.com



## လက်ာ

၁။ ဘောလုံးသမားသည်, ဘောလုံးဆီ,
မျက်ခြည်မပြတ် ကြည့်ရသည်။
၂။ သို့ပါမှသာ, ဂိုးများစွာ, သူဟာ သွင်းနိုင်မည်။
၃။ ဘောသမားပမာ, ယောဂီဟာ, ရှုရာ မပြတ် ကြည့်ရသည်။
၄။ မပြတ် ကြည့်မှ, ဉာဏ်စဉ်က, မြန်စွ တိုးတက်သည်။

http://www.dhammadownload.com

## ဓမ္မရတနာ

အသားအရောင်မည်းတဲ့ ယောဂီမလေးကို အောက်ပါမေးခွန်းလေး စာရေးသူက မေးလိုက်ရာ မမျှော်လင့်မိတဲ့ အဖြေကို ကြားမိလိုက်ရပါတယ်။

"သင့်ရဲ့ဘေးမှာ စိန်တွေ အပုံကြီးလိုက် လာပုံပေးမယ်။ သင် ဘာလုပ်မလဲ။"

"အဲဒီစိန်တွေ မလိုချင်တော့ပါ။"

အများကြီး ယူသွားပါမယ်လို့ ပြောမယ်လို့ ထင်ထားမိပါတယ်။ ယူသွားပါမယ်လို့ ပြောရင် "အဲဒီစိန်တွေကို ဘယ်နေရာမှာ သိမ်းထားမလဲ။ တွေ့ကရာနေရာမှာ သိမ်းထားမလား" လို့ ထပ်မေးဖို့ စိတ်ကူးထားပါတယ်။ အခု မလိုချင်တော့ပါဆိုတဲ့ အဖြေကို ကြားရတော့ ဆက်ပြောဖို့ နည်းနည်း ခက်သွားပါတယ်။ ခဏနေပြီး ဒီလို ဆက်ပြောလိုက်ပါတယ်။

"အဲဒီစိန်တွေကို မလိုချင်တော့ပေမယ့် အဲဒီစိန်တွေထက် အဆပေါင်းများစွာ တန်ဖိုးကြီးလှတဲ့ သတိပဋ္ဌာန်စိန်တွေကို အများကြီး ယူသွားရမယ်။ ယူသွားမယ် မဟုတ်လား။"

"ယူသွားပါမယ် ဘုရား။"

"အဲဒီ သတိပဋ္ဌာန်စိန်ကို သင့်ရဲ့ နှလုံးသားထဲမှာ အမြဲလုံခြုံစွာ သိမ်းဆည်းထားပါ။"

"ကြိုးစားပါမယ် ဘုရား။"

http://www.dhammadownload.com



"လောကကြီးမှာ တန်ဖိုးကြီးလှတဲ့ စိန်၊ ရွှေ၊ ပတ္တမြားစတဲ့ ရတနာတွေကို လူတိုင်း မဝတ်ဆင်နိုင်ကြပါ။ ရှေးကံကောင်းလို့ ပစ္စည်းဥစ္စာကြွယ်ဝသူတွေသာ ဝတ်ဆင်နိုင်ကြတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ သတိပဋ္ဌာန်ရတနာကိုလည်း လူတိုင်း မဝတ်ဆင်နိုင်ကြပါ။ ကံကောင်းသူတွေသာ ဝတ်ဆင်နိုင်ပါတယ်။ မိမိဘဝမှာ ထာဝရလှနေချင်ရင် အဲဒီသတိပဋ္ဌာန် စိန်ရတနာကို အမြဲဝတ်ဆင်ထားပါ။"

"ကြိုးစားပါမယ် ဘုရား။"

အဲဒီယောဂီမကလေးဟာ အသက် (၃၇) နှစ် ရှိပါပြီ။ အိမ်ထောင်သည် ဖြစ်ပါတယ်။ အသက်အရွယ်နဲ့စာရင် မျက်နှာက ငယ်တယ်လို့ထင်ရပါတယ်။ သူ့နာမည်ရဲ့ အဓိပ္ပာယ်ကို မေးကြည့်တော့ "အမည်းရောင်" လို့ အဓိပ္ပာယ်ရပါသတဲ့။ အသားအရောင်နဲ့ နာမည်ဟာ လိုက်ဖက်နေပါတော့တယ်။ သူမရဲ့နှလုံးသားမှာ စိန်၊ ရွှေ၊ ပတ္တမြား စတဲ့ လောကရတနာတွေထက် တန်ဖိုးအဆပေါင်းများစွာ သာကြီးတဲ့ သတိပဋ္ဌာန် ဓမ္မရတနာက ကိန်းဝပ်သွားလို့ ဖြစ်ပါလိမ့်မယ်။ စာရေးသူ မမျှော်လင့်မိတဲ့အဖြေကို ဖြေလိုက်တာဟာ သူ့ရင်တွင်းက သတိပဋ္ဌာန် ဓမ္မရတနာရဲ့ အစွမ်းကြောင့်ပါပဲ။ အသားရောင်မည်းကြတဲ့ လူသားတွေရဲ့ နှလုံးသားတွေထဲမှာ သတိပဋ္ဌာန် ဓမ္မရတနာ ကိန်းဝပ်သွားရင် သူတို့ရဲ့ နှလုံးသားဟာ ဖြူဝင်းနေပါလိမ့်မယ်။ သတိပဋ္ဌာန် ဓမ္မရတနာဟာ အသည်းနှလုံးကို ဖြူဝင်းတောက်ပလာစေနိုင်ပါတယ်။

## လင်္ကာ

၁။ အသားရောင်ကား မည်း၊ သူ့အသည်း၊ မမည်း ဖြူဝင်းသည်။
၂။ အသည်းနှလုံးမှာ၊ သတိဟာ၊ ကိန်းကာ တည်နေပြီ။
၃။ သတိစွမ်းအား၊ နှလုံးသား၊ ဖြူသွားစေနိုင်သည်။

http://www.dhammadownload.com

# ဆရာဝန်(၂)ယောက်

တရားစခန်းက တစ်လပြည့်ပါတော့မယ်။ (၇-၆-၂၀၀၃) နေ့ဆို တော့(၃) ရက်ပဲ လိုပါတော့တယ်။ ယောဂီ (၃၁) ယောက်ထဲမှာ ဆရာဝန် (၂) ဦး ပါတယ်။ တစ်ယောက်က အမျိုးသမီးယောဂီ၊ ဆွစ်ဇာလန်နိုင်ငံ က အသက် (၄၀)၊ တစ်ယောက်ကတော့ အမျိုးသားယောဂီ၊ အသက် (၅၀) အမေရိက, ကပါ။ သူတို့နှစ်ယောက်က စာရေးသူထံ နောက်ဆုံး တရား လျှောက်ချိန်မှာ ရှေ့နောက်ဆက်နေပါတယ်။ ဒါကြောင့် သူတို့ အား ဒီလို ဓမ္မဒါန ပြုလိုက်ပါတယ်။

"ဆရာဝန်တွေဟာ သူများတွေရဲ့ရောဂါတွေကို ကုသပေးနေခဲ့ ကြပါတယ်။ ကိုယ့်သန္တာန်က လောဘရောဂါ၊ ဒေါသရောဂါ၊ မာနရောဂါ စတဲ့ ကိလေသာရောဂါတွေကိုလည်း ကုသနိုင်အောင် ကြိုးစားကြပါ။ ပဏ္ဍိတာရာမဆရာတော်ကြီးကလည်း ကိုယ်မှာ ဖြစ်တဲ့ ရောဂါနဲ့ စိတ်မှာ ဖြစ်တဲ့ ရောဂါဆိုပြီး ရောဂါ (၂) မျိုးရှိကြောင်း၊ ကိုယ်ရောဂါထက် စိတ် ရောဂါက ပိုမိုကြောက်စရာကောင်းကြောင်း မိန့်သွားတယ် မဟုတ် လား။"

"မိန့်သွားပါတယ် ဘုရား။"

"ဆရာဝန်တွေဟာ ကင်ဆာအတွက် ကင်ဆာဆေး၊ ငှက်ဖျား အတွက် ငှက်ဖျားဆေးစသည်ဖြင့် ရောဂါအလိုက် ဆေးတွေကိုလည်း မျိုးစုံအောင် ပေးကြပါတယ်။ စိတ်ရောဂါတွေထဲက လောဘရောဂါ အတွက်လည်း ဒီသတိပဋ္ဌာန်ဆေးပါပဲ။ ဒေါသရောဂါအတွက်လည်း ဒီသတိပဋ္ဌာန်ဆေးပါပဲ။ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစတဲ့ ရောဂါ

http://www.dhammadownload.com



တွေအတွက်လည်း ဒီသတိပဋ္ဌာန်ဆေးပါပဲ။ စိတ်မှာ ဖြစ်တဲ့ ရောဂါအားလုံးကို သတိပဋ္ဌာန်ဆေးတစ်လုံးနဲ့ပဲ ပျောက်ကင်းအောင် လုပ်ပေးနိုင်ပါတယ်။"

သတိတစ်လုံး၊ လက်ကိုင်သုံး၊ အားလုံးကိလေ အောင်နိုင်ပေ။

"ဆရာဝန်တွေဟာ သူများရောဂါတွေကိုသာမက ကိုယ့်ရောဂါကိုလည်း ကုသပေးကြပါ။ ကိုယ့်ကိလေသာရောဂါကို ကုသပေးဖို့ မမေ့ကြနဲ့။ ကိုယ့်ရောဂါအတွက်လည်း နေ့စဉ် ဆေးမှန်မှန် စားသုံးကြပါ"

သတ္တဝါတွေထဲက ဘယ်သတ္တဝါကိုမဆို ကိလေသာတွေက ပူပန်စေကြပါတယ်။ ပင်ပန်းစေကြပါတယ်။ လူ့အဆင့်အတန်း နိမ့်ကျသွားစေကြပါတယ်။ ဂုဏ်ရောင်မှေးမှိန်သွားစေကြပါတယ်။ သူတို့ကို လက်ခံထားရင် လက်ခံထားသလောက် လက်ခံထားသူကို ဒုက္ခပေးတတ်ကြပါတယ်။ ပြဿနာ တက်စေတတ်ကြပါတယ်။ အခက် တွေ့စေတတ်ကြပါတယ်။ သူတို့ကို လက်ခံထားခိုက်မှာရော လက်ခံပြီး နောက်ပိုင်းမှာပါ ဆိုးကျိုးတွေကို လက်ဆောင်ပေးသွားတတ်ကြပါတယ်။

ဆရာဝန်တွေဟာလည်း ကိလေသာရောဂါသည်တွေ ဖြစ်တာမို့ Forest Refuge ဆိုတဲ့ တရားဆေးရုံကြီးမှာ သတိပဋ္ဌာန်ဆေးကို လာရောက် စားသုံးကြရပါတယ်။ သတိပဋ္ဌာန်ဆေးကို ကိလေသာရောဂါသည်တိုင်း မဖြစ်မနေ စားကို စားကြရပါတယ်။ ဒါမှ ရောဂါက သက်သာပျောက်ကင်းမှာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ ဆရာဝန်မှာ, ကိလေသာ, ရောဂါ ရှိနေသည်။
၂။ သတိပဋ္ဌာန်ဆေးဟာ, ထိုရောဂါ, ကောင်းစွာ ပျောက်စေသည်။
၃။ ရောဂါပျောက်ရေး, သတိဆေး, စားပေးနေကြသည်။

http://www.dhammadownload.com

# မိတ်ဆွေတစ်ဝက် ရန်သူတစ်ဝက်

ဆွစ်ဇာလန်နိုင်ငံက လာပြီး အားထုတ်ကြတဲ့ အမေနဲ့သမီးဟာ ဗီယက်နမ်လူမျိုးတွေ ဖြစ်ကြပါတယ်။ သမီးက ဆရာဝန်မပါ။ ပါမောက္ခ ဖြစ်ပါတော့မယ်။ အမေရော သမီးပါ ပဏ္ဍိတာရာမ (၁၀) မိုင်ကုန်း တောစခန်းရိပ်သာမှာ လာရောက်အားထုတ်ကြဖူးပါတယ်။ အမေရော သမီးပါ ကြိုးစားကြပါတယ်။ အမေက သမီးလောက် အင်္ဂလိပ်အသံထွက် မကောင်းလှပေမယ့် နားလည်လို့ရပါတယ်။ အမေက သူ့တရားအတွေ့အကြုံကို ကျကျနန ပြောပြပါတယ်။ စိတ်ဝင်စားဖွယ်လည်း ကောင်းပါတယ်။ သမီးက မြန်မာနိုင်ငံမှာ ဖွားမြင်ခဲ့ပါသတဲ့။ တရားစခန်းပြီးခါနီးမှာ နောက်ဆုံးအကြိမ်အဖြစ် စာရေးသူထံ တရားလျှောက်တဲ့အခါ အမေက နာကျင်တဲ့ ဒုက္ခဝေဒနာကို မှတ်ရကြောင်း ပြောလာပါတယ်။ "အဲဒီ ဒုက္ခဝေဒနာက ယောဂီမှာ မိတ်ဆွေဖြစ်နေသလား၊ ရန်သူဖြစ်နေသလား" လို့ မေးလိုက်ပါတယ်။ ဒီယောဂီထံကလည်း မမျှော်လင့်မိတဲ့ အဖြေကို ကြားရပြန်ပါတယ်။

"မိတ်ဆွေတစ်ဝက် ရန်သူတစ်ဝက်ပါ ဘုရား။"

"ဘယ်အခါမှာ မိတ်ဆွေဖြစ်ပြီး ဘယ်အခါမှာ ရန်သူဖြစ်တာလဲ"

"နာတာ ပေါ်လာတဲ့အခါ မှတ်ပါတယ်။ စူးစိုက် မှတ်ပါတယ်။ စူးစိုက်မှတ်လေ ပိုနာလေ ဖြစ်လာပါတယ်။ မမှတ်ချင် ဖြစ်လာပါတယ်။ ကြောက်လည်း ကြောက်လာတယ်။ ဇွဲမလျှော့ဘဲ သည်းခံမှတ်ပါတယ်။ သည်းခံမှတ်ပေမယ့် ဒုက္ခဝေဒနာနဲ့ မရင်းနှီးသေးပါဘူး။ သူ့ကို တတ်နိုင်ရင် ရှောင်ချင်ပါတယ်။ မရှောင်ဘဲ သည်းခံကာ စူးစူးစိုက်စိုက် မှတ်

http://www.dhammadownload.com



ပါတယ်။ တစ်နေရာမှာ လျော့ပြီး ပျောက်သွားလိုက်၊ အခြားတစ်နေရာမှာ ပေါ်လာလိုက်နဲ့ ဒုက္ခဝေဒနာနဲ့ နပန်းလုံး နေရပါတယ်။ နောက်ဆုံးမှာ ရင်းရင်းနှီးနှီး သက်သောင့်သက်သာနဲ့ မှတ်လို့ ရပါတယ်။ ပျောက်ကင်းသွားပါတယ်။ ဒါကြောင့် အဲဒီနာမှုဟာ မိတ်ဆွေတစ်ဝက်၊ ရန်သူတစ်ဝက်ပါပဲ ဘုရား။"

"ရှေ့တန်းစစ်မျက်နှာမှာ ရန်သူကို တစ်ခါလောက် နိုင်အောင် တိုက်လိုက်ရင် အားရှိလာတယ်။ သတ္တိတွေ ဝင်လာတယ်။ အဲဒီလိုပါပဲ ဒုက္ခဝေဒနာတွေကို သည်းခံပြီး မှတ်ကြည့်လို့ တစ်ခါလောက် အောင်နိုင်သွားရင် လာခဲ့စမ်း ဒုက္ခဝေဒနာတွေ၊ သင်တို့ကို နိုင်အောင် မှတ်ပစ်လိုက်မယ်လို့ စိတ်အားတွေ တက်လာပါတယ်။ ရဲရင့်လာပါတယ်။"

"တပည့်တော်ကို ဘာဩဝါဒများ ပေးပါဦးမလဲ ဘုရား။"

"ဒုက္ခဝေဒနာတွေနဲ့ အခက်အခဲတွေကို တွေ့ခဲ့ရင် P ၃ လုံးကို ပိုင်အောင် ကြိုးစားပါ။ Patience သည်းခံမှု၊ Persistence ဇွဲရှိမှု၊ Penetrative mindfulness စူးစူးစိုက်စိုက် ရှုမှတ်မှု။ အဲဒီ P ၃ လုံးကို ပိုင်ရင် ဒုက္ခဝေဒနာတွေနဲ့ အခက်အခဲတွေကို အောင်နိုင်ပါလိမ့်မယ်"

ဒကာမကြီးက အဲဒီ P ၃ လုံး နားထောင်ပြီး မျက်နှာပြုံးကာ "ကျေးဇူးတင်လှပါတယ်ဘုရား" လို့ လျှောက်ကာ ထသွားပါတော့တယ်။

## လင်္ကာ

၁။ ဒုက္ခတွေ့ရာ, P သုံးဖြာ, သင်ဟာ ပိုင်သင့်သည်။
၂။ P သုံး ပိုင်ရင်, အောင်ဖို့ပင်, အသင် သေချာသည်။
၃။ ခံရခက်စွာ, ဝေဒနာ, ရန်သူပမာ ဖြစ်သည်။
၄။ သည်းခံမှတ်လျှင်, ရန်သူပင်, မိတ်ဆွေသွင် ဖြစ်သည်။
၅။ ရန်သူတစ်ဝက်, မိတ်တစ်ဝက်, ဖြစ်လျက် ရှိတတ်သည်။

http://www.dhammadownload.com

# သူတို့စကားကို နာခံရတယ်

'ဘာဗ်' က ဓာတ်ပုံဆရာတစ်ဦး ဖြစ်ပါတယ်။ ပြန်ခါနီးလို့ ဆရာတော်ကြီးကိုရော စာရေးသူတို့ကိုပါ ဓာတ်ပုံတွေ အကြိမ်ကြိမ် ရိုက်ယူပါတယ်။ အရောင်နဲ့ရော အဖြူ အမည်းနဲ့ပါ ရိုက်ပါတယ်။ ဆရာတော်ကြီးနဲ့ ဂျိုးဆက်၊ ကမ္မဋ္ဌာန်းဆရာတော်တွေနဲ့ ဂျိုးဆက်၊ ဘာသာပြန်၊ ဝေယျာဝစ္စတွေနဲ့လည်း ရိုက်ပါတယ်။ ဒီဓာတ်ပုံတွေက နောင်အနာဂတ်မှာ အတိတ်အကြောင်းကို ကောင်းကောင်းကြီး ပြောပြနေကြပါလိမ့်မယ်။

ညနေ (၇) နာရီ တရားဟောကြွတဲ့အခါ (၇-၆-၂၀၀၃) နေ့က နေကလည်း ပူနေတာမို့ အဆောင်အတွင်းလမ်းက မသွားဘဲ အပြင်မြက်ခင်းပေါ်ကပဲ သွားကြပါတယ်။ Forest Refuge ရိပ်သာ (တောစခန်းရိပ်သာ) ဆိုတဲ့အတိုင်း တောသဘာဝလေးနဲ့ ရိုက်လိုကြပါတယ်ဘုရားလို့ Jake က လျှောက်ထားနေပါသေးတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက ဒီလို မိန့်လိုက်ပါတယ်။

"ဓာတ်ပုံအရိုက်ခံတဲ့အခါ ဓာတ်ပုံဆရာရဲ့စကားကို လိုက်နာရတယ်။ လိုင်းကားပေါ် စီးရင် စပယ်ယာရဲ့စကားကို လိုက်နာရတယ်"

တောလမ်းမြက်ခင်းပေါ်ကနေ သွားကြပါတယ်။ သွားရင်း IMS မှာ ဆရာတော်ကြီး ကြွတဲ့ အခေါက်တစ်ခေါက်မှာ အနိုပ်ခံခဲ့စဉ်က

http://www.dhammadownload.com



အတွေ့အကြုံ ပြောပြတာလေးကို ပြန်လည်ကြားယောင် လာမိပါသေး တယ်။

"ဘုန်းကြီးကို အကြောပြင်ဆရာတစ်ယောက်က အကြောလာပြင် ပေးတယ်။ အဲဒီအကြောပြင်ဆရာက "စိတ်လျှော့ပြီး အကြောတွေ လျှော့ထားပါ" လို့ ဘုန်းကြီးကို ပြောတယ်။ ဘုန်းကြီးက လျှော့မထားဘဲ တင်းနေတယ်။ အကြောပြင်လို့ အဆင်မပြေ ဖြစ်နေတယ်။ ထပ်ပြီး "လျှော့ထားပါ" လို့ ပြောတော့မှ လျှော့လိုက်တဲ့အခါ အဆင်ပြေသွား တယ်။"

"ဆရာဝန်ထံ လူနာဟာ သွားပြီး ဆေးကုသမှု ခံယူရင် ဆရာဝန် စကားကို လူနာက လိုက်နာရတယ်။ အဲဒီဥပမာတွေလိုပါပဲ ယောဂီဟာ လည်း တရားအားထုတ်တဲ့အခါ ကမ္မဋ္ဌာန်းဆရာရဲ့စကားကို လိုက်နာရ တယ်။ ဆရာဝန်စကားကို လိုက်နာမှ လူနာမှာ ရောဂါပျောက်မယ်။ ကမ္မဋ္ဌာန်းဆရာရဲ့စကားကို လိုက်နာမှ ယောဂီဟာလည်း တရား အသိ ဉာဏ်တွေ ဖြစ်ပွားတိုးတက်လာမယ်။"

လောကကြီးမှာ နာခံရမယ့် ပုဂ္ဂိုလ်တွေရဲ့ စကားဆိုရင် နာခံလွယ် ရပါတယ်။ လိုက်နာလွယ်ရပါတယ်။ နာခံလွယ်၊ လိုက်နာလွယ်ရမယ့် နေရာမှာ နာခံဖို့ လိုက်နာဖို့ ခက်နေရင် မတိုးတက်၊ မအောင်မြင်နိုင်ပါ။

## လင်္ကာ

၁။ ဆရာဝန်စကား, လူနာကား, လေးစားလိုက်နာရပါသည်။
၂။ သို့ပါမှသာ, လူနာမှာ, ရောဂါ ပျောက်ပါမည်။
၃။ ကမ္မဋ္ဌာန်းဆရာစကား, ယောဂီကား, လေးစား လိုက်နာရပါသည်။
၄။ သို့ပါမှသာ, ယောဂီမှာ, ဉာဏ်ဟာ တိုးတက်သည်။

http://www.dhammadownload.com

## သူတော်ကောင်းတို့သဘော

အမေရိကမှာလည်း သူတစ်ပါးစိတ်ကို သိတဲ့ အဘိညာဉ်ရတယ်လို့ နာမည်ကြီးလို့ သူမအကြောင်း စာအုပ်ထုတ်ထားခံရတဲ့ ဒကာမကြီးတစ်ဦးကို ပြည်ပက ယောဂီတချို့က စိတ်ဝင်စားနေကြပါတယ်။ Forest Refuge မှာ လာရောက် အားထုတ်တဲ့ ဆွစ်ဇာလန်က ဒကာမကြီးတွေက အဲဒီစာအုပ်ကို မြန်မာလိုလည်း ဘာသာပြန် ထုတ်ဝေဖို့ ရည်ရွယ်ကာ ပဏ္ဍိတာရာမ ဆရာတော်ကြီးထံက အကြံဉာဏ်ကို ခံယူလိုကြပါတယ်။ ဆရာတော်ကြီးက ကွယ်ဝှက်ထားတဲ့ တရားအသိထူးကို လူတွေသိအောင် ဖော်ထုတ်ကြေညာနေတာမျိုးကို မထောက်ခံလိုပါ။ ဘုရားရှင်ကလည်း “ကိုယ်ရထားတဲ့ ဈာန်၊ မဂ်၊ ဖိုလ် တရားထူးကို လူဝတ်ကြောင်တွေနဲ့ ရှင်သာမဏေတွေအား ပြောမပြရ” လို့ ရဟန်းတွေအား ဥပဒေထုတ်ထားပါတယ်။ ဆရာတော်ကြီးက ဘုရားလက်ထက်က သူတစ်ပါးစိတ်ကို သိတဲ့ အဘိညာဉ်ရ မာတိကာမာတာဒကာမကြီးအကြောင်းကို ပြောပြပါတယ်။

ရဟန်းငယ်လေးတစ်ပါးနဲ့ မာတိကာမာတာ ဒကာမကြီးတို့ရဲ့ အမေးအဖြေ စကားလေးတွေဟာ စိတ်ဝင်စားဖွယ် အတုယူဖွယ်ကောင်းလှပါတယ်။

http://www.dhammadownload.com



"ဒကာမကြီး၊ သင်က သူတစ်ပါးစိတ်ကို သိပါသလား။"

"ဘာကြောင့် တပည့်တော်ကို မေးတာပါလဲ ဘုရား။"

"ငါ ကြွစည်သမျှ အားလုံးကို သင်က လုပ်ပေးတယ်။ ဒါကြောင့် သင့်ကို မေးတာပါ။"

"သူတစ်ပါးစိတ်ကို သိတဲ့ ရဟန်းတွေ အများကြီး ရှိပါတယ်။"

"ငါက အခြားသူတွေကို မေးတာ မဟုတ်ပါ။ သင့်ကို မေးတာ ဖြစ်ပါတယ်။"

အဲဒီလိုမေးပေမယ့်လည်း မာတိကာမာတာ ဒကာမကြီးက "တပည့်တော်ဟာ သူတစ်ပါးစိတ်ကို သိပါတယ်" လို့ မပြောဘဲ "သူတစ်ပါးစိတ်ကို သိသူတွေဆိုတာ ဒီလို လုပ်တတ်ကြပါတယ်" လို့ လျှောက်လိုက်ပါတယ်။ လောကီအဘိညာဉ်တွေကို ရထားတဲ့ အနာဂါမ်ဖြစ်တဲ့ မာတိကာမာတာ ဒကာမကြီးရဲ့ပြောပုံလေးဟာ အတုယူစရာ ကောင်းလှပါတယ်။ သတိထားဖွယ်တွေပါပဲ။ ဆရာတော်ကြီးက စေတိယတောင်က ညီနောင် (၂) ပါးအကြောင်းကိုလည်း ပြောပြပါသေးတယ်။

"စေတိယတောင်မှာ ညီနောင် (၂) ပါး နေကြတယ်။ အငယ်ရဟန်းက ဒကာတစ်ဦး ပို့လှူလိုက်တဲ့ ကြံပိုင်းလေးတွေကို ယူပြီး အကြီးရဟန်းထံ သွားပါတယ်။ "ဘုဉ်းပေးသုံးဆောင်ပါ" လို့ လျှောက်တယ်။ အကြီးရဟန်းမှာလည်း ဆွမ်းဘုဉ်းပေးပြီးလို့ ပါးစပ်ဆေးနေချိန် ဖြစ်ပါတယ်။ ဒါကြောင့် "ညီငယ် တော်ပြီ" လို့ ပြောလိုက်ပါတယ်။ "နောင်တော် တစ်နေရာတည်းမှာ စားတဲ့ ဧကာသနိက်ဓုတင်ကို ဆောင်ပါသလားဘုရား" လို့ မေးတဲ့အခါ "ညီငယ် အဲဒီကြံပိုင်းတွေကို ယူခဲ့ပါ" လို့ပြောပြီး နှစ်ပေါင်း (၅၀) ကြာ အဲဒီဓုတင်ကို ဆောင်ခဲ့ပေမယ့် ဓုတင်ဆောက်တည်

http://www.dhammadownload.com



နေတာကို ကွယ်ဝှက်လိုလို့ (မသိစေလိုလို့) သုံးဆောင်ပြီး ပါးစပ်ဆေးကာ နောက်ထပ်ဓုတင်ဆောက်တည်ပြီး သွားပါတယ်။”

ဆရာတော်ကြီးက မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် (၄-၆) မှာ ပါတဲ့ အဲဒီအကြောင်းကို ပြောပြလို့ သူတော်ကောင်းတွေရဲ့ သဘောတွေကို ကြည်ညိုလေးစားမိပါတယ်။ အတုယူ ကျင့်သုံးဖွယ် ဖြစ်ပါတယ်။

## လင်္ကာ

၁။ သူတော်ကောင်းကား, သူ့တရား, သူများ ရစေချင်ပါသည်။
၂။ သူ ရပြီးငြား, တရားထူးကား, သူများပြောဖို့ ဝန်လေးသည်။
၃။ သူတော်ကောင်းကား, သူ့တရား, ဖုံးထားလိုပါသည်။
၄။ ဂုဏ်ဖော်လိုငြား, ထိုစိတ်ထား, သူကား ဖယ်ရှားသည်။

http://www.dhammadownload.com

# ကြားတယ် ကြားတယ်

ကိတ်ဗိုးလားအမည်ရှိ နာမည်ကြီး အမေရိကန်စာရေးဆရာမက ဓမ္မာရုံထဲမှာ တရားထိုင်မှတ်စဉ် သူမအနီးအနားရှိ ယောဂီတစ်ဦးရဲ့ ဝမ်းဗိုက်ထဲက လေတွေ "ကွိ ကွိ" နဲ့ မြည်သံကို ကြားနေရလို့ အနှောင့်အယှက် ဖြစ်နေပါသတဲ့။ မိမိရဲ့ပင်တိုင်အာရုံဖြစ်တဲ့ ဖောင်းတာ၊ ပိန်တာကို စူးစိုက်မှတ်ပေါ့။ မှတ်လို့မရလောက်အောင် အဲဒီအသံက ကျယ်လောင်လို့ အနှောင့်အယှက်ဖြစ်နေရင် အဲဒီအသံကို စူးစိုက်မှတ်ပါ လို့ ပြောလိုက်ပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ အတွေ့အကြုံနဲ့ မြန်မာယောဂီတစ်ဦးရဲ့ အတွေ့အကြုံကို ပြောပြလိုက်ပါတယ်။

"ပဏ္ဍိတာရာမဆရာတော်ကြီး မဟာစည်သာသနာ့ရိပ်သာမှာ ယောဂီအဖြစ်နဲ့ တရားရှုမှတ်ခဲ့စဉ်က ယောဂီဒုလ္လဘရဟန်းဝဝကြီးနဲ့ တစ်ခန်းတည်းမှာ အတူနေခဲ့ရတယ်။ အဲဒီဦးပဉ္စင်းက အိပ်တဲ့အခါ အလွန်ကျယ်လောင်စွာ ဟောက်တယ်။ ဆရာတော်က အခန်းမှာ တရားရှုမှတ်တဲ့အခါ သူ့အသံက အနှောင့်အယှက်ပေးနေတယ်။ အခက်တွေ့ခဲ့ရတယ်။ "နင်ကပဲ ဟောက်နိုင်မလား၊ ငါကပဲ မှတ်နိုင်မလား" လို့ စိတ်ဆုံးဖြတ်ပြီး အဲဒီအသံကို စူးစိုက်ပြီး ဆက်တိုက်မှတ်လိုက်တယ်။ မှတ်လို့ အရှိန်ရလာတဲ့အခါ အသံက အဝေးကို ရောက်သွားသလို ဖြစ်သွားတယ်။ အနှောင့်အယှက် မပေးတော့ဘူး။"

မဟာစည်သာသနာ့ရိပ်သာမှာ တရားရှုမှတ်သွားတဲ့ ဒကာတစ်ဦးက အိမ်ကို ပြန်သွားတဲ့အခါ တစ်နေ့မှာ ယောက္ခမအထီးကြီးက သူ့ကို ကြမ်းတမ်းတဲ့ စကားတွေနဲ့ ဆဲဆိုနေတယ်။ ယောဂီထွက် ဒကာက သူ့

http://www.dhammadownload.com



ယောဂီမ ဆဲဆိုသံကို ကြားရတဲ့အခါ "ကြားတယ် ကြားတယ်" လို့ ဆက်တိုက် မှတ်နေတယ်။ ယောဂီဒကာက ကြားရုံသာ ကြားနေရတယ်။ သူ့ကို ဘာတွေ ပြောနေမှန်းလည်း မသိ။ ဆဲဆိုနေမှန်းလည်း မသိဘူး။

နောက်တစ်ရက် တရားလျှောက်တဲ့အခါ ကိတ်ဗိုးလားက ဒီလို ပြောလာပါတယ်။

"တပည့်တော် မနေ့ညနေ (၇) နာရီမှာ ပဏ္ဍိတာရာမဆရာတော်ကြီး ဟောတဲ့ တရားကို နာကြားတဲ့အခါ "ကြားတယ် ကြားတယ်" လို့ ရှုမှတ်ပါတယ်။ ဆရာတော်ကြီး ဘာပြောနေမှန်းကို မသိရပါ။"

သူမက ပဏ္ဍိတာရာမဆရာတော်ကြီးနဲ့ မြန်မာယောဂီဒကာကို အားကျပြီး ရှုမှတ်ကြည့်လို့ ဘာပြောမှန်း မသိတာပဲလို့ ထင်ရပါတယ်။ သူမက ဒီလို ပြောပါသေးတယ်။

"တပည့်တော်က ရယ်စရာအနေနဲ့ လျှောက်ထားလိုက်တာပါ။ တပည့်တော်ကလည်း မြန်မာစကားကို နားမလည်ပါ။ ဆရာတော်ကြီးကလည်း မြန်မာလို ဟောနေတာဆိုတော့ ဆရာတော်ကြီးအသံကို ကြားတယ်လို့ မှတ်နေတဲ့အခါ ဆရာတော်ကြီး ဘာပြောနေမှန်း တပည့်တော် မသိနိုင်တာ ဖြစ်ပါတယ်။"

"အင်း ဒါကတော့ ကြားတယ်လို့ မရှုမှတ်လည်း ဆရာတော်ကြီး ဘာပြောနေမှန်း သိမှာ မဟုတ်ပါဘူး။"

စာရေးသူက အဲဒီလို ပြန်ပြောမိလိုက်ပါသေးတယ်။

## လင်္ကာ

၁။ မနာခံဖွယ်, ကြားရာဝယ်, ကြားတယ် ကြားတယ်လို့ မှတ်သည်။

၂။ အမှတ်နိုင်ရာ, ထိုသံဟာ, ဘာသံမှန်း မသိပြီ။

၃။ ကြားတယ် မှတ်ရာ, ကြားရုံသာ, ရပ်ကာ တည်နေသည်။

http://www.dhammadownload.com

# မှန်(၄)ချပ်

"ဘယ်တရားပြဆရာတော်က သူ့ကို သောတာပန် ဖြစ်နေပြီလို့ ပြောသွားပါသတဲ့။"

အဲဒီစကားလေးကို အမေရိကစတဲ့ အနောက်နိုင်ငံတွေနဲ့ အရှေ့နိုင်ငံတွေမှာ ကြားကြားနေရပါတယ်။ "ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောရတာလဲ။ ခက်တော့တာပါပဲ" လို့ စိတ်ထဲမှာလည်း ညည်းတွားမိပါတယ်။ နှုတ်က ထွက်ပြီးတော့လည်း ညည်းတွားမိပါတယ်။ အဲဒီစကားလေးနဲ့ ပတ်သက်ပြီး မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ အရိယာဝါသ တရားတော်စာအုပ်ထဲက စကားလေးတွေကို ပြန်လည်ကြားယောင်လာမိပါတယ်။

"တစ်ခါက ဒကာတစ်ယောက်ဟာ ဘုန်းကြီးထံ လျှောက်ထားဖူးပါတယ်။ အဲဒီဒကာဟာ အောက်တန်းစား သာမန်ဒကာ မဟုတ်ပါဘူး။ ခေတ်ပညာလည်း တတ်၊ ဗဟုသုတလည်း အတော်အတန် ပြည့်စုံတဲ့ အထက်တန်းစား ဒကာတစ်ယောက်ပါပဲ။ သူက သူ့ကမ္မဋ္ဌာန်းဆရာ တစ်ပါးထံမှ တရားအားထုတ်ပါသတဲ့။ အားထုတ်ပြီးတဲ့အခါ သူ့ဆရာက သူ့ကို သောတာပန်ဖြစ်ပြီလို့ ဆုံးဖြတ်ပါသတဲ့။ အရိယာတရားနဲ့စပ်ပြီး ဒီလိုအဆုံးအဖြတ်မျိုးကို ဘုရားမှတစ်ပါး ဘယ်ရဟန္တာ၊ ဘယ်မထေရ်ကမှ ပေးဖူးတယ်ဆိုတာ ပိဋကစာပေမှာ မရှိပါဘူး။ ဘုန်းကြီးကတော့ ဒီလို မဆုံးဖြတ်ကောင်းဘူးလို့လည်း အမြဲတမ်း ပြောပြနေပါတယ်။ ဉာဏ်စဉ်တရားကိုသာ ဟောပါတယ်။ အဲဒီဉာဏ်စဉ်တရားနဲ့ တိုက်ဆိုင်ပြီး သူဟာ သူပဲ ဆုံးဖြတ်ဖို့ တာဝန်ပေးထားပါတယ်။"

http://www.dhammadownload.com



မဟာစည်ဆရာတော်ကြီး မိန့်ကြား ရေးသားခဲ့တဲ့ အဲဒီစကား လေးတွေကို အထက်ပါ တရားပြဆရာတော်ဟာ မကြားဖူးလေရော့ သလား။ ကြားဖူးရင်လည်း မေ့နေလေရော့သလား (သို့မဟုတ်) ဂရု မစိုက်လေရော့သလား။

မဟာစည်ဆရာတော်ကြီးက အရိယာဝါသတရားတော်မှာ ဒီလို လည်း မိန့်ထားပါသေးတယ်။

"တချို့ကမ္မဋ္ဌာန်းဂိုဏ်းဆရာကြီးတွေက တပည့်တွေကို မြှောက် ပင့်ပြီးတော့ ဟောတတ်ကြပါတယ်။ သူ့တရားကို နာလိုက်လို့ရှိရင် တစ် ကြိမ် နာရုံနဲ့ သောတာပန် ဖြစ်တယ်။ နှစ်ကြိမ် နာရုံနဲ့ သကဒါဂါမ် ဖြစ် တယ် စသည်ဖြင့်ပေါ့လေ။ ဝါဒဖြန့်တဲ့ သိမ်းသွင်းတဲ့သဘောပါပဲ။"

ဓမ္မာဒါသခေါ် တရားမှန် (၄) ပါးနဲ့ တိုက်ဆိုင်ကြည့်ပြီး ကြည့်ဖို့ လည်း တိုက်တွန်းပါတယ်။

၁။ ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၂။ ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၃။ သံဃာ့စွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၄။ အရိယကန္တ၊ ငါးသီလ၊ လုံးဝ ပြည့်စုံရာ။
၅။ မြတ်သောတာပန်၊ တရားမှန်၊ လေးတန် စုံလင်ရာ။

## လင်္ကာ

၁။ ဘုရားတစ်ပါးသာ, အရိယာ, ဖြစ်တာ မဖြစ်တာ မိန့်ပါသည်။
၂။ ဘုရားမှတစ်ပါး, ကျန်သူကား, တစ်ပါးမှ မမိန့်ပြီ။
၃။ ဉာဏ်စဉ်ကိုသာ, ပြောပြရာ, ဆုံးဖြတ်ပေးတာ ကင်းရသည်။

http://www.dhammadownload.com

# ရှက်ဖွယ်

အမေရိကမှာ နာမည်ကြီး လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာတစ်ဦး က ဒီလို ပြောပါသတဲ့။

"အရက်ကို အနည်းငယ်လောက်ပဲ သောက်ရင် သီလမကျိုးပျက် ပါဘူး။ ပါတီပွဲ၊ ညစာစားပွဲစသည်တွေမှာ ဝိုင်၊ ဝီစကီလောက်သောက်ရုံ နဲ့ သီလမကျိုးပျက်ပါဘူး။"

အဲဒီကမ္မဋ္ဌာန်းဆရာက သူ့ကိုယ်သူ သောတာပန်လို့ ထင်မှတ်ယူဆ ထားခဲ့ရင်တော့ "သောတာပန်လည်း အရက်သောက်နိုင်သေးတယ်။ ဝိုင်၊ ဝီစကီလောက်တော့ ရပါတယ်။ ကိစ္စမရှိပါဘူး။ သီလ မကျိုးပျက်ပါ ဘူး" လို့ ပြောဆိုကောင်း ပြောဆိုပါလိမ့်မယ်။ အဲဒီကမ္မဋ္ဌာန်း ဆရာတစ်ဦး အကြောင်းကို ကြားရတော့ မဟာစည်ဆရာတော်ကြီး အရိယာဝါသတရား တော်ထဲမှာ ပြောပြထားတဲ့ စာရေးဆရာကြီး တစ်ယောက်အကြောင်း ကို သွားသတိရမိပါတယ်။

"နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ကတော့ သောတာပန် ဂုဏ်တွေ ပျက်အောင် အရမ်းကာရော လျှောက်ရေးထားတာကို တွေ့ရ ဖူးပါတယ်။ သောတာပန်ဟာ လူတစ်ယောက်အသက်ကို သတ်နိုင်သေး တယ်ဆိုတာအထိ သူက ရေးတယ်။ တကယ်ဆိုတော့ သတ်လည်း မသတ် နိုင်ပါဘူး။ သတ်နိုင်သေးတယ်ဆိုရင်လည်း အဲဒီလူဟာ သောတာပန် မဟုတ်သေးလို့ပေါ့။ ဒါတင်မကသေးပါဘူး။ သောတာပန်အစစ်ဆိုရင် သူတစ်ပါးဥစ္စာကိုလည်း မခိုးနိုင်တော့ဘူး။ သူတစ်ပါးရဲ့ သားမယားလည်း မပြစ်မှားနိုင်တော့ဘူး။ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင်လည်း လိမ်လည်

http://www.dhammadownload.com



မပြောတော့ဘူး။ မူးယစ်စေတတ်တဲ့ သေရည်အရက် စသည်ကိုလည်း မသောက်စားတော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားက သောတာပန်ပုဂ္ဂိုလ်ကို သီလေသု ပရိပူရကာရီ၊ သီလတို့၌ အကြွင်းမဲ့ အပြည့်အစုံကျင့်တဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီတော့ ခိုးနိုင်တယ်။ သူတစ်ပါး သားမယားကို ပြစ်မှားနိုင်တယ်။ လိမ်နိုင်တယ်။ သေရည်အရက်ကို သောက်စားနိုင်တယ်ဆိုရင်တော့ အဲဒီလူဟာ သောတာပန် မဟုတ်ဘူးဆိုတာ တစ်ထစ်ချ မှတ်ထားကြပေတော့။"

အခြေခံအုတ်မြစ် မပါဘဲ အဆောက်အအုံကို ဆောက်လို့ မရနိုင်ပါ။ အုတ်မြစ်ဟာ အဆောက်အအုံရဲ့ အရေးအပါဆုံးအရာ ဖြစ်ပါတယ်။ ပါးစပ်ပေါက် မပါရင်၊ မကောင်းရင် အစာ မဝင်နိုင်ပါ။ သီလဟာ သမာဓိ၊ ပညာတွေရဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ သီလ ပါးစပ်ပေါက် မပါရင် သမာဓိ၊ ပညာ အစာတွေ မဝင်နိုင်ပါ။ သီလအခြေခံ မခိုင်မာတဲ့ သမာဓိ၊ ပညာလုပ်ငန်းတွေဟာ အုတ်မြစ် မခိုင်မာတဲ့ အဆောက်အအုံပမာ ပြိုကျပျက်စီး လွယ်ပါလိမ့်မယ်။ ကမ္မဋ္ဌာန်းနယ်ပယ်က ဆရာတွေမှာရော တပည့်တွေမှာပါ သီလဟာ ပိုလို့ အရေးကြီးလှပါတယ်။ ကျက်သရေ ခေါင်းပေါင်း ပေါင်းထားပြီး အဝတ်ဗလာ ဖြစ်နေရင် မတင့်တယ်ပါ။ ရှက်ဖွယ်သာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ အဆောက်အအုံမှာ, အုတ်မြစ်ဟာ, ရေးပါ လှပါသည်။

၂။ အစာဝင်ဖို့ရာ, ပါးစပ်ဟာ, ရေးပါ လှပါသည်။

၃။ သမာဓိ - ပညာ, ဖြစ်ဖို့ရာ, သီလာ ရေးပါသည်။

၄။ ခေါင်းပေါင်းသာ ပါ, ဝတ်ဗလာ, မှန်စွာ ရှက်ဖွယ် ဖြစ်ပါသည်။

http://www.dhammadownload.com

# ပျားရည်နဲ့ ပုရွက်ဆိတ်

စိတ်ကို သတိပဋ္ဌာန်နဲ့ မပြုပြင်ဘဲ လွှတ်ထားမယ်ဆိုရင် စိတ်ဟာ မကောင်းမှုမှာပဲ မွေ့လျော် ပျော်ပိုက်နေပါလိမ့်မယ်။ သတိပဋ္ဌာန်နဲ့ အပြုပြင်မခံရတဲ့ စိတ်ဟာ ချစ်လွယ်၊ မုန်းလွယ်တတ်တယ်။ ချစ်စရာနဲ့ တွေ့က ချစ်တယ်။ မုန်းစရာနဲ့ တွေ့တော့ မုန်းတယ်။ မက်စရာနဲ့ တွေ့တော့ မက်တယ်။ မျက်စရာနဲ့ တွေ့တော့ မျက်တယ်။ အဲဒီစိတ်ဟာ တုံ့ပြန်လွယ်တတ်တယ်။ ကြွပ်ဆတ်တယ်။ ခံနိုင်ရည်အား မရှိဘူး။ မက်စရာအာရုံရဲ့ အတိုက်အခိုက်၊ မျက်စရာအာရုံရဲ့ အတိုက်အခိုက်တွေကို ခံနိုင်ရည်အား မရှိဘူး။

စက်မှုသိပ်ထွန်းကားတဲ့ နိုင်ငံတွေက လူတွေဟာ စက်ပစ္စည်းတွေအပေါ် သိပ်ပြီး အားကိုးမှီခိုကြပါတယ်။ ကိုယ့်ရဲ့ ပင်ကိုစွမ်းအားကို မထုတ်လိုကြတော့။ မထုတ်ကြတော့ပါ။ ပြီးတော့ ကာမဂုဏ်ချမ်းသာနောက်ကိုလည်း အငမ်းမရ လိုက်နေကြပါတယ်။ ကာမဂုဏ်ချမ်းသာတွေဟာ သေလောက်အောင်၊ ဘေးသင့်အောင် ကောင်းကြပါတယ်။ အဲဒီကာမဂုဏ်ချမ်းသာတွေကို အငမ်းမရ ခံစားနေကြလို့ ပျားရည်ထဲ နစ်မွန်းသွားတဲ့ ပုရွက်ဆိတ်လေးတွေပမာ ဒုက္ခတွေ တွေ့ကြုံကြရပါတော့တယ်။ ပြဿနာမျိုးစုံတွေနဲ့ ရင်ဆိုင်ကြရပါတော့တယ်။

http://www.dhammadownload.com



စက်ပစ္စည်းတွေအပေါ် မှီခိုလွန်းတဲ့ အကျင့်ကြောင့် စိတ်ကို သတိပဋ္ဌာန်နဲ့ ပြုပြင်ပေးရမယ့်ကိစ္စမှာလည်း စွမ်းအားမထုတ်လိုဘဲ၊ မထုတ်ဘဲ ရှိနေကြပါတယ်။ သစ်သီးလေးဟာ သေးငယ်နုငယ်နေသေးရင် နေဒဏ်၊ လေဒဏ်စသည်တွေကို ခံနိုင်ရည်အား နည်းပါတယ်။ ထိခိုက်လိုက်မိရင် ပျက်စီးလွယ်ပါတယ်။ သေးတဲ့အရာဟာ အလွှမ်းမိုး ခံရတတ်ပါတယ်။ နုနယ်တဲ့အရာဟာ ခံနိုင်ရည် မရှိပါ။ စိတ်ဟာ သေးငယ်ရင် ချစ်ဖွယ်၊ မုန်းဖွယ်အာရုံတွေရဲ့ လွှမ်းမိုးမှုကို ခံကြရပါတယ်။ စိတ်နုနယ်ရင် လောကဓံကို ခံနိုင်ရည်အား မရှိပါ။

သေးငယ်တဲ့ စိတ်ကို ကြီးထွားလာအောင် နုနယ်တဲ့စိတ်ကို ရင့်ကျက်လာအောင် လုပ်ပေးဖို့ လိုပါတယ်။ ခန္ဓာကိုယ် ကြီးထွားသန်မာလာအောင် ဗီတာမင်အစုံ လိုအပ်ပါတယ်။ စိတ်မှာလည်း အင်အားလိုအပ်ပါတယ်။ စိတ်တည်ငြိမ်အောင် လုပ်တဲ့ အင်အား၊ အမှန်တရားတွေကို သိအောင် လုပ်တဲ့ အင်အား၊ သမထအားနဲ့ ဝိပဿနာအား၊ ဒီအင်အား (၂) ခုကို ပွားများရင် စိတ်ဟာ ကြီးထွားလာတယ်။ ရင့်ကျက်လာတယ်။ အဲဒီအင်အား (၂) ခုကို ပွားများလို့ စိတ်ဟာ ကြီးထွား ရင့်ကျက်လာရင် လောကဓံတွေကို ခံနိုင်ရည် ရှိလာတယ်။

စိတ်ကို သတိပဋ္ဌာန်နဲ့ ပြုပြင်ပေးရင် စိတ်မှာ တည်ငြိမ်တဲ့ အင်အားတွေ ရှိလာတယ်။ အမှန်တရားတွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတိုးပြီး သိတဲ့ အင်အားတွေလည်း ရှိလာတယ်။ ကာမဂုဏ်ချမ်းသာတွေနောက် အငမ်းမရ လိုက်ကြလို့ ဆင်းရဲမျိုးစုံ တွေ့ကြုံခံစားနေကြသူတွေရဲ့ စိတ်မှာ ဒီအင်အား (၂) မျိုး တိုးပွားလာအောင် ကြိုးစားကြဖို့ လိုပါတယ်။ ကာမအပျော်တွေနဲ့ ပျော်ချင်တိုင်း ပျော်ချင်ကြသူတွေမှာ ဆင်းရဲတွေ တသီတတန်းကြီး ကပ်ပါလာတာမို့ ဓမ္မအပျော်နဲ့ ပျော်နိုင်လာအောင်

http://www.dhammadownload.com



နည်းလမ်း ရှာဖွေလာကြပါတယ်။ ရှာဖွေလာတဲ့အခါ သတိပဋ္ဌာန်အပေါ် ကျေနပ်အားရ အားကိုးသွားကြပါတော့တယ်။

## လင်္ကာ

၁။ ခန္ဓာကိုယ်မှာ, သန့်ဖို့ရာ, ဗီတာစုံ လိုသည်။
၂။ စိတ်အစဉ်မှာ, သန့်ဖို့ရာ, နှစ်ဖြာ အား လိုသည်။
၃။ ဝိပဿနာ, သမထာ, နှစ်ဖြာအား ဖြစ်သည်။
၄။ သတိပဋ္ဌာန်ပွား, ထိုသူကား, နှစ်အား ပြည့်စုံသည်။
၅။ ပုရွက်ဆိတ်ဟာ, ပျားရည်မှာ, စားကာ နစ်သေသည်။
၆။ ကာမပျော်မှာ, လွန်ပျော်ရာ, သေရွာ ရောက်ရသည်။
၇။ တရားပျော်ဟာ, ဘေးကင်းကွာ, လွန်စွာ ချမ်းသာသည်။

http://www.dhammadownload.com

## အမှိုက်နဲ့ ရွှေ

"မြတ်စွာဘုရား၊ အမေရိကန်စတဲ့ အနောက်တိုင်းသားတွေမှာ ဘာလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲလို့ မေးခွန်းတွေ အလွန်ထူထပ်နေပြီး အတွေး များလွန်းလှပါတယ်ဘုရား။ အတွေးများလှတဲ့ အဲဒီအနောက်တိုင်းသားတွေနဲ့ အထူးသင့်လျော်မယ့် သတိပဋ္ဌာန်ရှုနည်း၊ ဝိပဿနာရှုနည်း ရှိခဲ့ရင် ဟောပေးတော်မူပါဘုရား။ အဲဒီလိုရှုနည်းသာ ရှိခဲ့ရင် အမေရိကစတဲ့ အနောက်နိုင်ငံတွေမှာ သတိပဋ္ဌာန်၊ ဝိပဿနာ အလွန်အကဲ ကျယ်ပြန့်လာမှာပါဘုရား။ အတွေးသမား အနောက်တိုင်းသားတွေအတွက် စပါယ်ရှယ်သတိပဋ္ဌာန်၊ စပါယ်ရှယ်ဝိပဿနာ ဟောကြားပေးတော်မူပါဘုရား။"

မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိဆဲဖြစ်ခဲ့မယ်ဆိုရင် မြတ်စွာဘုရားထံ သွားပြီး လျှောက်ထားလိုက်ချင်ပါတယ်။ မြတ်စွာဘုရားက ဘယ်လို မိန့်ကြားတော်မူမယ်လို့ ထင်လဲ။

အမေရိကန် ယောဂီလူငယ်တစ်ဦးက စာရေးသူထံ Forest Refuge ဌာနမှာ တရားအတွေ့အကြုံ လာရောက် လျှောက်ထားတဲ့အခါ အထက်ပါအတိုင်း ပြောပြလိုက်ကာ သူ့ကို မေးလိုက်ပါတယ်။ အတွေး

http://www.dhammadownload.com



အလွန်များတဲ့ အနောက်တိုင်းသားတွေရဲ့ တွေးခေါ်ဆင်ခြင်မှုနဲ့ ဝိပဿနာဉာဏ်တွေ မဖြစ်နိုင်ကြောင်းကို ပေါ်လွင်ထင်ရှားစွာ၊ ပြတ်သားစွာ သိသွားအောင် အဲဒီလိုပြောကာ မေးလိုက်တာ ဖြစ်ပါတယ်။ သတိပဋ္ဌာန်၊ ဝိပဿနာရှုနည်းဟာ တွေးခေါ်ဆင်ခြင်ရတဲ့နည်း မဟုတ်ပါ။ ပေါ်ခိုက်အာရုံကို ပေါ်ဆဲမှာ ပေါ်တဲ့အတိုင်း မလွတ်ရအောင် ရှုမှတ်ရတဲ့နည်း ဖြစ်ပါတယ်။ အတွေးများတဲ့ အနောက်တိုင်းသားတွေအတွက် စပါယ်ရှယ်သတိပဋ္ဌာန်နဲ့ စပါယ်ရှယ်ဝိပဿနာဆိုတာ မရှိပါ။

အတွေးနဲ့လက်တွေ့ ရှုမှတ်မှုဟာ ကျောချင်းကပ်ပြေးတဲ့ လူ (၂) ယောက်နဲ့ တူပါတယ်။ တွေးလို့သာ ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရနိုင်မယ်ဆိုရင် အတွေးများတဲ့ အနောက်တိုင်းသားတွေ အများကြီးပဲ နိဗ္ဗာန်ရနေကြပါလိမ့်မယ်။ အနောက်တိုင်းက စာသင်ကျောင်းမှာ ကျောင်းသားတွေဟာ မေးခွန်းများများ မေးပါမှ လူတော်လို့ သတ်မှတ်ကြပါသတဲ့။ သူတို့ငယ်ရွယ်စဉ်ကပဲ တွေးခေါ်ဆင်ခြင်မှုကို ပြုစုပျိုးထောင်ခဲ့ကြရပါတယ်။ အမေရိကန် အမျိုးသား ယောဂီတစ်ဦးက ပဏ္ဍိတာရာမဆရာတော်ကြီးကို "တပည့်တော် တရားစမှတ်ခါစမှာ မေးစရာမေးခွန်းတွေ များနေခဲ့ပါတယ်။ အခုတော့ မေးစရာ မရှိတော့ပါ။ အဲဒါ ဘာဖြစ်လို့ပါလဲ" လို့ မေးလျှောက်ဖူးပါတယ်။

မတွေးဘဲ၊ မမေးဘဲ ပေါ်ခိုက်အာရုံကို မလွတ်တမ်း ရှုမှတ်နိုင်လာတဲ့အခါမှာ မေးစရာ မလိုတော့ဘဲ ကိုယ်တွေ့ သိသိလာပါတော့တယ်။ သူ့ ရှုမှတ်မှုကပဲ သူလိုချင်တဲ့ အဖြေတွေကို ပေးပေးသွားပါတယ်။ ဝိပဿန ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရချင်ရင် တွေးခေါ်ဆင်ခြင်နေလို့တော့ ဘယ်သောအခါမှ မရနိုင်ပါ။ မရှုမှတ်ဘဲ တွေးနေလို့ကတော့ နိဗ္ဗာန်နဲ့ ဝေးသည်ထက် ဝေးလျက်သာ ရှိပါလိမ့်မယ်။ သတိ

http://www.dhammadownload.com



ပဋ္ဌာန်နယ်ပယ်မှာ အတွေးဟာ အမှိုက်ပါပဲ။ လက်တွေ့ရှုမှတ်မှုကသာ ရွှေ ဖြစ်ပါတယ်။

## လင်္ကာ

၁။ ရှုမှတ်ရာမှာ, အတွေးဟာ, အမှိုက်ပမာ ဖြစ်သည်။
၂။ ရှုမှတ်တာဟာ, ရွှေပမာ, လွန်စွာ ဖိုးတန်သည်။
၃။ အတွေး - ရှုမှတ်, ကျောချင်းကပ်, ပြေးလတ် လူတူသည်။
၄။ မတွေးဘဲသာ, ရှုမှတ်တာ, မြန်စွာ နိဗ္ဗာန်ရောက်စေသည်။

သာမဏေကျော်
သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
သီတင်းကျွတ် လကွယ် (၁၄) ရက်၊ ၁၃၆၉ ခု။
(၉-၁၁-၂၀၀၇)

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

❊ ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။

❊ စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။

❊ ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။

❊ ဤသို့ ရည်မှန်း, ငါလှူဒါန်း, ရွှင်လန်းသာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ ပညာဒါန အလှူရှင်များ

| | |
|---|---|
| ၁။ ကိုမျိုးခိုင်ကိုရည်စူး၍ ကျန်ရစ်သည့်မောင်နှမတစ်စု၊ အမှတ်(၃၄/A)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း။ | ၁,၅၀၀,၀၀၀ိ |
| ၂။ Sukhavati (Korea, Seaoul) | ၆၈၇,၅၀၀ိ |
| ၃။ ကိုစိန်ကျော်နှင့်မောင်နှမတစ်စု၊ ဘုရင့်နောင်ပွဲရုံ | ၃၅၀,၀၀၀ိ |
| ၄။ ဦးခင်ဇော်-ဒေါ်စန်းစန်းအေးမိသားစု။ | ၃၀၀,၀၀၀ိ |
| ၅။ မခင်ညွန့်လွင်(ခ)မဖြူ၊ မန္တလေးမြို့။ | ၃,၀၀၀,၀၀၀ိ |
| ၆။ အရှင်သီဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊ သဃ်န်းကျွန်း | ၃,၀၀၀,၀၀၀ိ |
| ၇။ သင်တန်းမှူးဆရာမဒေါ်ခင်လှတင်နှင့်ပဲခူးမြို့ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ သင်တန်းသူ/သားများ | ၃,၀၀၀,၀၀၀ိ |
| ၈။ ဦးလှမြင့်+ဒေါ်တင်တင်အေး၊ သားဟိန်းစည်၊ သမီး ဇေကရီ မိသားစု၊ပြင်ဦးလွင် | ၂၃၀,၀၀၀ိ |
| ၉။ ဦးအောင်ကျော်ဆင့်+ဒေါ်နှင်းဝေရည် သမီးသော်တာငွေစင် မြကြာငုံစာပေ၊ ၅၄၊အုန်ရှင်လမ်း၊ဗဟန်း ရန်ကုန် | ၂၀၀,၀၀၀ိ |

http://www.dhammadownload.com

၁၀။ ဦးအောင်ကျော်မောင်+မယမင်းလှိုင်
သားကောင်းထက်သူ မိသားစု ၂၀၀,၀၀၀

၁၁။ ကိုတိုးတိုး(ခ)ကိုသန်းထွဋ်-မခင်ဝင်းရီ၊သမီးယွမ်ယွမ်း၊ဝမ်ဝမ်း။ ၂၀၀,၀၀၀

၁၂။ ကိုရဲ၊ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊ အမှတ်(၈၇)၊
ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ၂၀၀,၀၀၀

၁၃။ ကိုကျော်ကျော်+မသီတာထွန်း သမီးကြည်ဖြူခင်မိသားစု
အမှတ်(ဃ/၂)၊ အောင်သပြေလမ်းဘုရင့်နောင်ပွဲရုံ ၂၀,၀၀၀

၁၄။ ဦးခင်မောင်လွင်+ဒေါ်ခင်သူဇာ သားသမီးမြေးတစ်စု ၁၈၀,၀၀၀

၁၅။ ကိုကြည်လင်မိသားစု။ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၁၆။ ကိုမောင်မောင်+မစန်းနု ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၁၇။ ဦးကက်စိန်+ဒေါ်သန်းသန်းညွန့် သမီး မဝါဝါဝင်းလှိုင်၊ မဇာဇာစိမ့်၊
မပြုံးအေးကြည်၊ မခင်ချောနွယ်၊ ၃၁၅-လှော်၊ ၁၁လမ်း၊ လမ်းမတော် ၁၂၀,၀၀၀

၁၈။ မသုဘဒ္ဒါ။ မဝိဇယာ၊ ကိုရိုးယား။ ၁၁၅,၅၀၀

၁၉။ ဦးတင်ထူး+ဒေါ်နွဲ့နွဲ့ဝင်း
သားထူးအောင်ဝင်း၊ သမီးခင်စုစုဝင်း (ထူးရေခဲမုန့်) ၁၀၀,၀၀၀

၂၀။ ကိုမောင်မောင်+မစန်းနု
အမှတ်(၁၆၁)၊ ထီးတန်းဈေးလမ်း၊ ၁၀၀,၀၀၀

၂၁။ ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ။
အမှတ်(၅)။ ငွေပြည်သာ၊ သင်္ဃန်းကျွန်း။ ၁၁၁,၀၀၀

၂၂။ အရှင်နန္ဒသိရီ ပဏ္ဍိတာရာမရွှေတောင်ကုန်း
သာသနာ့ရိပ်သာ၊ မော်လမြိုင်။ ၁၀၀,၀၀၀

၂၃။ ကိုမျိုးအောင်-မစန်းစန်းဝင်း မိသားစု၊
(၅၃)ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀

http://www.dhammadownload.com

| | |
|---|---|
| ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး<br>သားကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊<br>သမီး-မသဇင်အောင်၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀ |
| ဦးအောင်သန်း+ဒေါ်ဝေ၊ ဒေါ်နုနုဝေ<br>ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀ |
| ဦးစိမ်း မိသားစု | ၁၀၀,၀၀၀ |
| ဦးကုလားဖြူ မိသားစု | ၁၀၀,၀၀၀ |
| ကိုထင်ကျော်+မအေးအေးခိုင်၊ သား အောင်အောင်ဦး၊ဟိန်းထက်ဇော် | ၁၀၀,၀၀၀ |
| ကိုဇင်မျိုးနိုင်+မဝင်းမာဦး မိသားစု | ၁၀၀,၀၀၀ |
| ကောင်းဆက်ပွဲရုံ မိသားစု | ၁၀၀,၀၀၀ |
| ဒေါ်နန်းနွယ်၊ သမီး မခင်ခင်ဦး<br>သမီး မနန်းမိုးသီတာ၊ ကြပ်ပြင်၊ မိုးကုတ်မြို့။ | ၁၀၀,၀၀၀ |
| ဦးအောင်မြင့်သန်း၊ ကားဝပ်ရှော့၊ ၄၇၂၊ သစ္စာလမ်း၊ တ/ဥက္ကလာ | ၁၀၀,၀၀၀ |
| ဒေါ်ခင်စောတင့် မိသားစု၊ H-1, သံလွင်လမ်း၊ ရန်ကုန် | ၁၀၀,၀၀၀ |
| ဒသန်းသန်းရီ (ဓမ္မဇျူဟာ) ပဲခူးမြို့။ | ၅၀,၀၀၀ |
| ဒကမလညာနီနှင့် မပရမညာနီ၊ ပဏ္ဍိတာရာမ၊<br>ရွှေတောင်ကုန်း၊ သာသနာ့ရိပ်သာ | ၅၀,၀၀၀ |
| အရှင်သောပါက၊ ဗိုလ်ရုံကျောင်းဆရာတော်<br>ဝက်လက်မြို့နယ်၊ လှတွေရွာ။ | ၅၀,၁၀၀ |
| ဦးစောမောင်၊ ဦးဗိုလ်တင့်၊ ခင်မမ၊ တင်မိုးခိုင်၊ ဝက်လက်မြို့၊ လှတွေရွာ | ၅၀,၀၀၀ |
| ဒေါ်ခင်မြင့်ကြည် မိသားစု | ၅၀,၀၀၀ |
| ဦးစိန်ကြည်+ဒေါ်ခင်ရီ မိသားစု ၁၉/င၊ ပဏ္ဍိလမ်း၊လှိုင်၊ရန်ကုန် | ၅၀,၀၀၀ |
| ကိုထွန်းထွန်း မိသားစု | ၅၀,၀၀၀ |
| မောင်သိန်းဦး ကိုရည်စိုး၍ အောင်ပန်းဖိနပ်ဆိုင်မိသားစု ပုဇွန်တောင် | ၄၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၄၂။ | ဦးတင်ဝင်း-ဒေါ်ဝမ်းဝမ်း မိသားစု။ | ၃၀,၀၀၀ိ |
| ၄၃။ | ဦးအောင်သူဆန်း-ဒေါ်ငွေးငွေးရီ မိသားစု | ၃၀,၀၀၀ိ |
| ၄၄။ | ဦးတင်အောင်၊ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊ (၅၃)၊ဝါးတန်းလမ်း၊ရန်ကုန်မြို့။ | ၃၀,၀၀၀ိ |
| ၄၅။ | ဒေါ်ကြူကြူ (ဓမ္မဗျူဟာ၊ ပဲခူးမြို့) ရွှေရတုမွေ့နေ | ၃၀,၀၀၀ိ |
| ၄၆။ | ဦးနီပွန်+ဒေါ်ခင်လေးရီ၊ သင်္ဂဟမျက်မှန် မိသားစု၊ပဲခူးမြို့။ | ၃၀,၀၀၀ိ |
| ၄၇။ | ဝင်းနုနုဝင်း+စုသွယ်သွယ်ဝင်း ဉာဏ်ပေါ်ထွန်း စင်ကာပူ | ၃၀,၀၀၀ိ |
| ၄၈။ | ဦးမျိုးသန့်+ဒေါ်ခင်စန္ဒာထွန်း၊ ဦးတင်မျိုးဦး+ဒေါ်မိုးမိုးဝင်းလှိုင် မိသားစု | ၃၀,၀၀၀ိ |
| ၄၉။ | မစုစုနိုင် ပဲခူးမြို့။ | ၂၀,၀၀၀ိ |
| ၅၀။ | ဦးသက်နိုင်ဦး+ဒေါ်သက်သက်ခိုင် အမှတ်(၈)၊ မင်းလမ်း၊ ဟသ်ာတတိုး၊ ခိုင်း/တောင်၊ ပဲခူးမြို့ | ၁၅,၀၀၀ိ |
| ၅၁။ | သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊ မဟာစည်သာသနာ့ရိပ်သာ၊ သဃ်န်းကျွန်း၊ | ၁၅,၀၀၀ိ |
| ၅၂။ | ဒေါ်ညွန့်ညွန့်၊ သား ကိုထွန်းနိုင်၊ မိသားစု။ | ၁၀,၀၀၀ိ |
| ၅၃။ | ဦးကြင်စန်-ဒေါ်တင်ကြည်၊ ၆၈၊ ၁၁လမ်း၊ ရန်ကုန်။ | ၁၀,၀၀၀ိ |

http://www.dhammadownload.com

# သာမဏေကျော်စာပေက ထုတ်ဝေခဲ့သည့် ဆရာတော် သာမဏေကျော်၏ စာအုပ်များ


၁။ ကြီးပွားချမ်းသာမယ်

၂။ ဆွမ်းအလှူ

၃။ ကျောင်းအလှူ

၄။ ဗုဒ္ဓသမီးထံသို့

၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)

၆။ ကိုရင်ဝတ်ပြီးရင်

၇။ ဗုဒ္ဓ၏တစ်နေ့တာလုပ်ငန်းစဉ်

၈။ တောင်ကိုရီးယားသို့ ဓိပသာနာခရီး

၉။ ကိုရင်လေးတို့ဖတ်ဖို့

၁၀။ ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်)

၁၁။ တရားဘယ်လိုရှုမှတ်ရမလဲ (ဒုတိယအကြိမ်)

၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်

၁၃။ ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)

၁၄။ အတုယူဖွယ်ရာစိတ်ထားများ (ဒုတိယအကြိမ်)

http://www.dhammadownload.com

၁၅။ ပန်းလေးတစ်ပွင့်

၁၆။ ကျောင်းသစ်၏အရှက်ဦး

၁၇။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့လိုသည့် (ဒုတိယအကြိမ်)

၁၈။ ရဟန်းနှင့်စည်းကမ်း

၁၉။ အိတ်ဆောင်ဝိပဿနာ

၂၀။ လက်စွဲဝိပဿနာ

၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး

၂၂။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်

၂၃။ သောကမီးအတွက်ရေ (ဒုတိယအကြိမ်)

၂၄။ ရွှေလားအမှိုက်လား

၂၅။ လူ့လက်ဆွဲ

ယခု

**ယောဂီအားလျှော့နေသလား**

■ ဆက်လက်ထုတ်ဝေမည့် ■

**ဆရာတော်သာမဏေကျော် ၏ စာအုပ်များ**

၁။ ဗုဒ္ဓသော်မှ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၆၁၀၈၀၉

၂။ ဥပုသ်သည်

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၄၇၁၀၀၈

၃။ ယောဂီ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၁၈၀၉၀၈